www.burmeseclassic.com

# မောင်ညီမှိုင်း(သန့်လျှင်)

## မြန်မာပြောချင်ဘူးဟဲ့ သံယောဇဉ်ဆိုတဲ့မိုး



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


စီစဉ်သူ ။ ကိုတင်ထွန်း

## ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၄၊ မတ်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw*
အတွင်းဖလင် ။ *Zin Oo & Brothers*

## ပုံနှိပ်သူ

ဒေါ်ယဉ်ယဉ်မွန် (မြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၈၀၀ ကျပ်

၈၉၅ . ၈၃
ကလောင်စုံ
ပြန်မပြောချင်ဘူးဟဲ့သံယောဇဉ်ဆိုတဲ့မီးအပါအဝင် ဂမ္ဘီရဝတ္ထုတိုများ/
ကလောင်စုံ–ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၄။
၂၉၄–စာ ၊ ၁၃ စင်တီ × ၂၀. ၅ စင်တီ။
(၁) ပြန်မပြောချင်ဘူးဟဲ့သံယောဇဉ်ဆိုတဲ့မီးအပါအဝင်ဂမ္ဘီရဝတ္ထုတိုများ



## မာတိကာ


| စဉ် | ဝတ္ထုအမည် | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ပြန်မပြောချင်ဘူးဟဲ့ ... သံယောဇဉ်ဆိုတဲ့မီး | မောင်ညိုမှိုင်း(သန်လျင်) | ၁ |
| ၂။ | ဗိသုကာနီးမြို့ဟောင်းက ပဌာန်းဆက်များ | ထောင်မှူးကြီးသိန်းဝင်း | ၂၇ |
| ၃။ | ထောင်မှူးကြီးနှင့် ထောင်ကြီးတစ္ဆေ | မြောင်းမြမောင်ကို | ၄၇ |
| ၄။ | နတ်နဲ့နဂါး မလှည့်စားနဲ့ | မကွေးညိုစိမ့် | ၇၅ |
| ၅။ | အန္တရာယ်တစ်ကွေ့ လက်တွေ့သစ္စာ | ကျော်မင်းနိုင် | ၈၁ |
| ၆။ | ဟိုဒင်း ဟိုဟာ အဲ့ဒါ အဲလေ ဟုတ်ပေါင် ယောင်လို့ | ဘုံဇေကိုယ် | ၉၇ |
| ၇။ | ကမ်းကုန်အောင် မိုက်ခဲ့သူ | ဝင်းနိုင်(ရွှေပြည်သာ) | ၁၄၁ |
| ၈။ | ရင်ခုန်ရသော မုဆိုးဘဝ | လေးမောင် | ၁၆၄ |
| ၉။ | ကျုတ်ဇာတ် | ဩဝိသ | ၂၁၁ |
| ၁၀။ | အတိတ်နိမိတ် အရိပ်ကံဆန်းကြယ် | မြဘုန်းထက် | ၂၂၀ |
| ၁၁။ | လှေကလေးနှင့်အမေ | စိုးယဉ်ထွန်း | ၂၃[illegible] |
| ၁၂။ | နတ်ဆိုးကုန်းမှ မနှင်းဆီ | မောင်မောင်ကြီး(လှိုင်နယ်မြေ) | [illegible] |
| ၁၃။ | သံသရာဝင့်ကြွေး ဆုံးပါစေ | မင်းအောင်ကျော် | [illegible] |


www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# [ ၁ ]

BURMESE CLASSIC

ကိုငနီသည် ဆေးလုံးကြီးကျေးရွာမှ ကြွက်ထိုးသမားဖြစ်၏။ ကြွက်ထိုးသည်ဆိုသော်လည်း မူလက ကြွက်ကို စူးတပ်ဝါးနှင့်ထိုးသည်သာ မဟုတ်။

ကိုငနီတို့ ဆေးလုံးကြီးကျေးရွာဝန်းကျင်သည် မြေကြွက်၊ လယ်ကြွက်ကြီးများ အလွန်ပေါများ၏။ စပါးပေါ်ချိန်ရောက်လျှင် လယ်ကြွက်ကြီးများသည် စပါးဦး၊ စပါးညွန့်ကိုစား၍ ဝဖိုးနေ၏။

ကနဦးက ကိုငနီတို့ ကြွက်ဖမ်းပုံက နည်းတစ်မျိုးဖြစ်သည်။ ဝါးဖျားကိုင်းညွတ်ညွတ်သေးသေးကို ညအခါ လေထဲမှာ ဝှေ့ယမ်းလိုက်လျှင် ကြွက်အော်သကဲ့သို့မျိုး မြည်လေ၏။

ကြွက်အော်သံမျိုးမြည်သော် လယ်ကျင်းထဲရှိ ကြွက်အပေါင်းတို့သည် ခွေးမျိုးဉာတကာများ အသံမှတ်၍ ကြွက်တွင်းများမှ အသီးသီး ဝမ်းသာအားရ ပြေးထွက်ကြသည်။ အဲဒီကျမှ မီးထိုး၍ တုတ်နှင့်ရိုက်ရသည်။

တစ်ညကို အကောင် နှစ်ဆယ်သုံးဆယ်ခန့်ရ၏။

ရသမျှ ကြွက်များကို သမီးလုပ်သူ မိမွှေးက အရေဆုတ်ပြီး ဆီပူထိုး၍ ဝါးညှပ်နှင့်ညှပ်ရ၏။ အချို့ကို အရေတင်းရုံကင်ရ၏။ ပြီး ... ဘောလုံးကွင်းဈေး(ယခုမြို့မဈေးကြီး)မှာ သွားရောင်းရသည်။

အဲဒီတုန်းက အစိတ်သားခန့်ရှိသော ကြွက်ကင်၊ ကြွက်ဆီပူထိုးတစ်ကောင်ကို တစ်ကျပ်ရ၏။ ရောင်း၍ကုန်လျှင် နှစ်ဆယ်အစိတ်ရလေ၏။





ကိုငနီမှာ ဇနီးမယားမရှိတော့။

သူ့မိန်းမ မသြဇာသည် ဒုတိယမြောက်ကလေးကို မီးမဖွားနိုင်ဘဲ ဆောင်းမှာပင် ကွယ်လွန်သွားခဲ့သည်လေ ...။

ခု ... အပျိုဖားဖားဖြစ်နေသည့် သမီးမိမွှေးနှင့် ကိုငနီ အတူနေ၏။ နေ့အခါ လယ်သူရင်းငှားလုပ်ပြီး ဖားရှာ၊ ငါးရှာလုပ်ရ၏။ မိမွှေးက ရသမျှကို မြို့ဈေးမှာ ရောင်း၏။

ဆောင်းပေါက်နွေကူးလျှင် ကြွက်ရှာသည့်အလုပ်ကို လုပ်ရသည်။ အားလူနည်း၍ ငွေပိုငွေလျှံစုမိ၏။

မိမွှေးလည်း သူရင်းငှား၊ ကြွက်ရှာသမားသမီးဖြစ်ပေမင့် ဝတ်ကောင်းစားလှလေးများဝတ်နိုင်၍ နုဂိုခံ မအေ့ရုပ်မျိုးအလှနှင့် တစ်သွေးတစ်မွေးလှနေ၏။ သမီးအလှလေးကိုကြည့်၍ ကိုငနီ ဝမ်းသာရသည်။

သူမရဲ့အမေ မသြဇာများရှိလိုက်လျှင် သူ့သမီးအလှကိုကြည့်ပြီး ကြွားလိုက်မည့်ဖြစ်ခြင်း။

အရွယ်ရောက်တော့ သမီးလုပ်သူကို ပိုးကြပန်းကြသူများ ရှိလာကြ၏။ ဖအေလုပ်သူ သူ့ကိုလည်း အလေးတယူ မျက်နှာသာပေး ဆက်ဆံသူများ ရှိလာ၏။

အရွယ်ရောက်သမီး လှရုပ်လှရည်ရှိလှသောသမီးကို လင်ကောင်းသားကောင်း ရစေချင်သည်မို့ ဖအေဖြစ်သော်လည်း မအေသဘောနှင့် ပြောပြီး ဆုံးမ သတိပေးရသည်။

ဖြစ်နိုင်လျှင် ...

ဆေးလုံးကြီးရွာသားထဲက အချို့သော ကာလသားများနှင့် မငြိစွန်းစေချင်၊ ခက်တာက ရှိသမျှကာလသားများကလည်း ပြည်တော်သာကန်မှာ မိမွှေးတို့အမျိုးအုပ်စု ရေခပ်ဆင်းလျှင် ကန်ဘောင်ရိုးကနေ လူလုံးစွယ်လုံးပြ၍ ကြုံး အဲဒါ ပြန်ပြန်ကြားနေရသည်။

သိန်းဝင်းလို လူစားမျိုးနှင့် ငြိသွားမှာကို အထူးစိုးရိမ်ရ၏။ သိန်းဝင်းဆိုသား ... အရက်သမား၊ ထန်းရေသမားတည်း။ ဘာအလုပ်မှ လက်ကြောတင်းအောင်မလုပ်။ အပေါင်ခံစားသူ သူ့အမေရဲ့ အပေါင်ဆုံး အကျို့ ပုဆိုးများဝတ်ဆင်ပြီး အချိန်ပြည့် မူးရူးနေသူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီး ... ဟိုကောင် တင်ထွန်း။

ကုန်စုံဆိုင်ဖွင့်ထားသည့် တရုတ်မြန်မာကပြား ဦးကျင်ဗိုက်ရဲ့သား။ သင်းက ကြက်သမား၊ ကြက်မှန်လျှင် အကုန်တိုက်သည်။

မြန်မာကြက်၊ စစ်တကောင်းကြက်၊ ကြက်တည င ... ရှာစဉ်လှည့်တိုက်သည်။ အဲဒီလိုကောင်စားမျိုးနှင့်ညားလျှင် ကြက်သမားမယားဘဝရောက်ပြီး ကြက်ဥပဲ ကောက်နေရမည်။ ကြက်လို ကတော်နေရမည်။

ငလေးမောင် ...

သင်းကား ရွာကျော်လူမိုက်တည်း။ သူ့အဖေသည် သူကြီးဟောင်းဖြစ်၏။ ပိုက်ဆံလည်းရှိ၏။ ဩဇာလည်းရှိ၏။ ထိုအရှိန်နှင့် ငလေးမောင်က မိုက်၏။ ရန်ဖြစ်၏။ လူကြည့်တော့ ခါးကုန်းကုန်း လက်ပြင်ကိုင်းကိုင်းနှင့် တွေ့သမျှလူ စိန်ခေါ်နေ၏။

သူလိုလူမျိုးနှင့်ညားလျှင် တရားရုံးလိုက်နေရ၍ ရင်အေးရမည်မဟုတ်။

ရှိသေးသည်။

သူရိန်မင်းတဲ့ နာမည်က အပျံစား။ လူက မျက်ခွက်တင် ဆန်ကောဝိုင်းလောက်ရှိသည်။ ဒီကြားထဲ နှုတ်ခမ်းမွေးက တင်ထားသေး၊ စကားပြောလျှင် ထစ်ငေါ့ထစ်ငေါ့နှင့် ဆေးလိပ်အလွန်သောက်သည်။ ဇာတ်မင်းသားလိုလို၊ စာရေးဆရာလိုလိုနှင့် အူကြောင်ကျား ...။

ရွာထဲမှာ ကိစ္စရှိလျှင် စပ်စပ်စပ်စပ် ပါသည်။ လုပ်ကြဟေ့ ကိုင်ကြဟေ့ ဆို ဒီကောင်မရှိတော့ ...။

စားကာနီးသောက်ကာနီးရောက်လျှင် ဘိုကေပြောင်အောင်သပြီးရှေ့ဆုံးက ... အဝတီး၊ အပီတီး နံကားအောင် စား၏။

ပြောရလျှင် ဒီလို လူပေါကြော့၊ လူမိုက်၊ အရက်သမား၊ ဖဲသမားများနှင့် မတော်ငြိသွားမှာကို ကိုငနီ အလွန်စိုးရိမ်သည်။

ညအိပ်ရာဝင်တိုင်း ဒီသမီးရဲ့ အိပ်ထောင်ရေးစဉ်းစားပြီး ရင်လေးလို့မဆုံး ...။

✿ ✿ ✿

[၂]

❑

တစ်နေ့ ...

မိမွေးမြို့ဈေးမှ ပြန်လာရင်း ခွေးကလေးတစ်ကောင် ခေါ်လာ၏။ ခွေးကား ... ဘယ်လက်ကျိုးနေသော ခွေးနက်ကလေးဖြစ်၏။ အမွေးကျစ်ကျစ်၊ နားရွက်တိုတိုထောင်ထောင်လေး။

"ဟဲ့ ... မိမွေး ဘယ်က ယူလာတုံးသမီး"

"ဈေးနားက ခေါ်လာတာအဖေ။ သနားလို့"

"ဘယ်လက်က ကျိုးလို့ပါလားဟဲ့"

"ဟုတ်တယ် ... အဖေ။ ခွေးကြီးတွေကိုက်လို့ ကျိုးသွားပုံပဲ။ တစ်ကောင်တည်းသနားတာနဲ့ခေါ်လာခဲ့တာ။ ရုပ်ကချစ်စရာလေး အဖေရဲ့"

ဟုတ်လေ၏။ ခွေးရုပ်ကလေးက ချစ်စရာလေး။ အမွေးနက်ပြောင်သေးနှင့် မွေးထားရင် အဖော်တော့ ရပေလိမ့်မည်။

သို့နှင့် ကိုငနီက ခွေးနက်ကလေးကို ဆေးထည့်၊ ကျပ်စည်း၍ကုသပေးလိုက်ရာ မကြာခင် ခြေထောက်လေး ပြန်ကောင်းသွား၏။

သို့သော် ... သွားလျှင် ထော့နင်းထော့နင်း၊ ပြေးလျှင် ခြေလက်သုံးချောင်းကို အားပြုပြီး ပြေးရကား ခြေလက်လေးဘက်ကျ ခွေးများထက်မြန်သေး၏။ အစာရေစာ ဝဝလင်လင် စားရသောအခါ မကြာခင် ဝဖြိုး၍လာခဲ့သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဝပြီးလွှန်းသောကြောင့် သူ့အမည်ကို ဖေါ်ဖးဟု ခေါ်ကြလေသည်။ ဖေါ်ဖးကား လွှန်စွာအားကိုးရသော ခွေးတစ်ကောင်ဖြစ်လာခဲ့သည်။ ဖေါ်ဖးသည် ကိုငနီကြွက်ရှာရာသို့ နေ့စဉ် လိုက်ပါလေ့ရှိ၏။ မကြာခင် အလုပ်နှင့်ယဉ်ပါးလာပြီး ကြွက်ရှာသောအလုပ်ကို ဖေါ်ဖး ပိုင်းကူလုပ်တတ်သွားခဲ့လေသည်။

ဖေါ်ဖးက အနံ့ခံကောင်း၏။

မျက်စိလည်းလျှင်၏။

ကြွက်တွင်းရဲ့အထာကို လူထက် ပိုသိ၏။

ဖေါ်ဖးသည် ကြွက်တွင်းဝကို နှုတ်သီးနှင့်အနံ့ခံပြီးလျှင် ကြွက်တွင်းဝကို လက်နှင့်ကုတ်ဖြဲလေ့ရှိ၏။ ပြီး . . . သခင်လုပ်သူ ငနီကို ဟောင်သံပေးပြီး ခေါ်လေ့ရှိ၏။

ဒါကိုမှ ကိုငနီက သဘောမပေါက်လျှင် ကိုငနီပုဆိုးကို သူ့ပါးစပ်နှုတ်သီးနှင့်ကိုက်ဆွဲခေါ်ပြီး သူရှာလို့တွေ့သည့် ကြွက်တွင်းကို ပြလေ့ရှိ၏။

ပြပုံကား . . .

ကြွက်တွင်းဝကို နှုတ်သီးနှင့်ထိုး၏၊ လက်နှင့်ကုပ်၏။ ပြီး . . . ဟောင်လေ၏။ ထိုအခါကျမှ ကိုငနီ သဘောပေါက်တော့သည်။

အဲဒီနောက် ဖေါ်ဖးပြသည့် ကြွက်တွင်းကို ပေါက်တူးနှင့် ပေါက်၍ ဖူးထိုးလိုက်လျှင် ကြွက်ကြီးတစ်ကောင်၊ နှစ်ကောင် ရစမြဲ။

အကာလ၌မူ ကြွက်သည် ထွက်မပြေးလိုက်နှင့် ပြေးလျှင် ဖေါ်ဖးက လေဖမ်းလျှပ်မြန်ခြင်းမျိုးနှင့် အပြေးလိုက်ပြီး အသေကိုက်ခါပစ်လိုက်လေ၏။

ဒီလို လိမ္မာသော ကြွက်အနံ့ခံကောင်းသော ဖေါ်ဖးကြောင့် ကိုငနီ အခြား ကြွက်ရှာသူများထက် ပို၍ ကြွက်ကောင်ရေများများ ရလေ၏။ အခု ညဘက်မှာ ကြွက်မလိုက်တော့။

ညဘက်ကြွက်ရှာရသည်က မြွေဟောက်၊ မြွေပွေးကြောက်ရသည်။ သရဲလည်း ကြောက်ရသေးသည်။

ဖေါ်ဖးကား မြွေဆို လုံးဝမကြောက်။

မကြောက်ရခြင်းအကြောင်းကား . . . ဖေါ်ဖးရဲ့ လျှာပေါ်မှာ အမည်းစက်သုံးခု ပါသောကြောင့်တည်း။ အမည်းစက်သုံးစက်သည် ဖေါ်ဖးရဲ့လျှာပေါ်မှာ တြိဂံပုံစံ အထင်အရှားရှိနေ၏။





၎င်းအစက်သုံးစက်ကား . . . အာစက်လျှာစက်ဟု ခေါ်၏။

အဆိပ်ပြီး၏။

တစ်ခါသော် ဖေါ်ဖးသည် ကြွက်တွင်းတစ်တွင်းကို နှုတ်သီးနှင့်ထိုး၍ အနံ့ခံလိုက်ရာ 'ရှီး' ဟူသော အသံမြည်ပြီး နောက်ပြန်ဖင်ထိုင်၍ ကျသွားခဲ့သည်။

ဖေါ်ဖး နှာချေဆတ်သည်။ ကန်သင်းရိုးနှင့် သူ့နှုတ်သီးကို ကမူးရှူးထိုး ပွတ်သည်။ ချာချာလည်း လည်နေသည်။ သူ့နှုတ်သီးမှ သွေးများကျလာသည်ကို ကိုငနီမြင်ပြီး စိုးရိမ်သွားခဲ့ရသည်။

''ဖေါ်ဖး . . . ဘာဖြစ်လို့လဲ သား''

''ရှီး . . . ဖွီး . . . ဖွီး''

''ဖေါ်ဖး''

''အိန် . . . အိန် . . . ဖွီး . . . ရှီး''

ဖေါ်ဖးသည် အတန်ကြာမျှ ချာချာလည်နေပြီးနောက် ဆောင့်ကြောင့်ထိုင်၍ ရှီးရှီးလုပ်နေစဉ် ဖေါ်ဖးရဲ့ မျက်နှာကြီးရောင်ကိုင်း၍ လာခဲ့သည်ကို မြင်လိုက်ရသည်။ သွေးများက နှုတ်သီးမှာ ပေကျံနေဆဲ . . .

ကိုငနီသဘောပေါက်လိုက်ပြီး မဟုတ်မှလွဲရော ကြွက်တွင်းထဲက နေ ဖေါ်ဖးကို အဆိပ်ရှိသော သတ္တဝါတစ်ကောင်ကောင် ကိုက်လိုက်ပြီ။

ကိုငနီချက်ချင်းပဲ ၎င်းတွင်းပေါက်ကို အဝပိတ်လိုက်ပြီး တွင်းကြောင်းရှည်ကိုမှန်း၍ ပေါက်တူးနှင့် လိုက်ပေါက်ချလိုက်သည်။ လေးပေခန့် အလိုက်သင့် ပေါက်တူးနှင့် အားစိုက်ပေါက်ချလိုက်သောအခါ . . .

ပြင်းတွဲတွဲအရာတစ်ခုကို ပေါက်တူးသွားက ထိမိသွားပြီး လွန့်လိုက်သည့်သဘောကို ခံစားသိရှိလိုက်သည်။

၎င်းနေရာကို လေးငါးချက်ခန့် အားစိုက်ပေါက်ချလိုက်ပြီးနောက် မြွေကြီးများကို ပေါက်ချဖော်လိုက်သောအခါ . . .

''ဟာ . . . မြွေကြီးပါလား''

ပေါက်တူးသွားကြောင့် သေနေသည့် မြွေကို မြင်လိုက်ရသည်။ မြွေဟောက် . . .။ အားပါးပါး . . . လက်ကောက်ဝတ်ခန့် တုတ်သော။

လက်စသတ်တော့ မြွေဟောက်က ဖေါ်ဖးကိုကိုက်လိုက်သည်ကိုး။



www.burmeseclassic.com

www.burmeseclassic.com



ကိုငနီ ချစ်သားကြီးငဖီးအတွက် အလွန် စိုးရိမ်သွားခဲ့ပြီ။

သို့သော် ငဖီးတား မျက်နှာကြီး ရောင်ရမ်းရုံမှလွဲ၍ အသက်မသေခဲ့။ အဲဒီအချိန်ကစ၍ ငဖီးမြွေဆိပ်ပြီးမှန်းကို သိခဲ့ရပြီး သူ့ကောင်ကြီးငဖီး အဖိုးတန်ခွေးဖြစ်မှန်းကို အရှင်းသိခဲ့ရလေသည်။

✿ ✿ ✿

[၃]

❏

ပြောရလျှင် ...

ငဖီးသည် အိမ်လုံ၏။ ခြံလုံ၏။ အလျင်က မိမိတို့အိမ်သို့ ကာလသားများ အချိုးချိုးရမယ်ရှာ၍ ဝင်လာပြီး မိမွေးကို အလုပ်မရှိ အလုပ်ရှာ ဟိုဟာဒီဟာ ဒီအကြောင်းပြောနှင့် လာလာရစ်ကြ၏။

ငဖီးရောက်လာသည့်အချိန်မှစ၍ ဘယ်သူမှ အရင်လို ဝင်မလာရဲကြတော့။ ငဖီးက မျက်နှာကြောမတည့်လျှင် လိုက်ဆွဲလေ့ရှိရကား အားလုံးက ငဖီးကို ရွံ့မုန်းကြောက်ရွံ့ကြလေသည်။

ငဖီးရောက်လာသည့်အချိန်မှစ၍ စီးပွားရေးပိုအဆင်ပြေလာ၏။ လူလည်း အချိန်မကုန်တော့။ ငဖီးပြသည့်တွင်းကိုသာ ပေါက်လိုက် ကြွက်အကောင်ကြီးကြီး ကျိန်းသေ၏။

ငဖီးမပြသည့်တွင်းကို သွားမပေါက်လေနှင့် ပေါက်လိုက်ရင် သေဖို့ရာခိုင်နှုန်း ငါးဆယ်ကျိန်းသေ၏။





ထိုတွင်းထဲမှာ ငန်းစောင်း၊ သို့မဟုတ် မြွေဟောက်ဝင်နေပြီ၊ မြွေသားစားချင်သူများကတော့ ငဖီး အနံ့ခံ လက်ရှောင်သည့်တွင်းကိုပေါက်ပြီး မြွေကို အရယူကြလေ၏။

သို့နှင့် ငဖီးကို ကျေးဇူးတင်သူများ၊ ချစ်သူများလည်း ရှိလာကြလေ၏။

တစ်ခါသော် ... ညဘက်ရွာကို ဓားပြများဝင်လေ၏။

ညဘက် အအိပ်အနေနှည်းသော ငဖီးက ဓားပြလူစိမ်းများကို မြင်သော် ဟောင်လေ၏။ အချို့ခွေးများက မဟောင်ရဲ။ ငဖီးက မကြောက်မရွံ့ဟောင်မှ အကုန်လိုက်၍ ဟောင်ကြ၏။ သို့နှင့်ဓားပြများ အခြေအနေတောင်ဘဲ လူများနိုး၍ ဝိုင်းလိုက်သောကြောင့် ပြေးကြရ၏။

အလွမ်းများ ရင့်ချင်တော့ကြည့်။

မြို့ဈေးမှာ ကြွက်ကင်သွားရောင်းသည့် သမီးမိမွေး အချိန်တန်သည့်တိုင် ပြန်မရောက်၍ ကိုငနီရွာပြင်သို့ထွက်ကာ သမီးပြန်အလာကို ကြိုနေမိသည်။ ငဖီးလည်း လိုက်ပါလာခဲ့သည်။

ခါတိုင်း နေမွန်းတည့်လျှင် မိမွေးပြန်ရောက်နေကြ ...

ခု ... မွန်းလွဲစပြုနေသည့်တိုင် သမီးမိမွေး ပြန်မရောက်သေး၍ ရူးချင်နေ၏။ ငဖီးကလည်း လာရာလမ်းကိုကြည့်ပြီး အူနေ၏။

"ဖွ ... ဖွ ..."

မဆိုစကောင်း၊ ဆိုစကောင်း ပို၍စိုးရိမ်သွားပြီး ရင်ခုန်စပြုလာ၏။ ရွာရှေ့လမ်းမှ ဈေးခရီးပြန်အချို့ မြင်ရသည်၊ မိမွေးများ ပါလေမလား။

"အစ်ကိုငနီ ..."

"ဟဲ့ ... မိဖား ... ငါ့သမီးများ မတွေ့ခဲ့ဘူးလားဟဲ့"

"အဲဒါ ပြောမလို့တော့"

"ဘာများလဲဟာ ... ဘာလဲဟင်"

"အစ်ကို ငနီ"

"မြန်မြန်ပြောပါ မိဖားရာ အရေးထဲ ..."

"ပြောမလို့ပါတော်။ ဘယ်က အစချီရမှန်း မသိလို့ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



''ပြောပါ မြန်မြန်ပြော''

''ဒီမှာ . . . ဒီနေ့ ရှင့်သမီး ရှင့်ဆီကို ပြန်မလာဘူး''

''ဟေ . . . ဘာ . . . ဘာဖြစ်လို့''

''သူ . . . သူ . . . လင်နောက်လိုက်သွားပြီတော့''

''ဟေ . . .''

''ရှင် . . . သားသမက်ရပြီတော်ရေ့။ ဝမ်းသာပေရော့''

လင်နောက်လိုက်သွားပြီဟူသော စကားကို ကြားလိုက်ရသောအခါ ခေါင်းထဲမိုးကြိုးပစ်သလို ခံစားလိုက်ရပြီး ရွာသူများရှေ့မို့ ရှက်လည်းရှက်သွားခဲ့၏။

''ဘယ် . . . ဘယ်သူနဲ့လဲ ဟင် . . . ဟင်''

''မြို့နီစပယ်က ဈေးကောက်ကောင်လေးနဲ့''

''ဟင်း . . .''

ရွာသူတို့က အားရဝမ်းသာ စကားများပြောကြသည်။ ကောင်လေးက ရုပ်ရည်သင့်တင့်ကြောင်း၊ မိဘများကလည်း ပိုက်ဆံရှိကြောင်း၊ ဆွေကြီးမျိုးကြီးဖြစ်ကြောင်း . . . အဲဒီ ပြောစကားများကို ကိုငနီ မကြားတော့။

သူရဲ့ အချစ်ဆုံးသမီး အဖော်ကောင်းသမီး သူ့ဝန်းကျင်မှ ဖယ်ခွာသွားပြီကို စဉ်းစားရင်း ပါးပြင်ပေါ်သို့ မျက်ရည်များစီးလိမ့်၍ ကျလာသည်။ အဖေလုပ်သူကို ဒီအကြောင်းကိစ္စ ဖွင့်မပြောဘဲ လျှို့လျှို့ဝှက်ဝှက် လုပ်ရက်သည့်အတွက် ရင်ထဲမှာ နာကျင်စူးရှစွာခံစားရင်း မိမွေးအပေါ် ကရုဏာဒေါသလည်း ဖြစ်မိသည်။

ရှက်လည်း ရှက်မိသည်။

သူ့ရွာထဲမှာ မျက်နှာပြရမှာ ခက်လှသည်။

သို့နှင့် အိမ်သို့ တန်းမပြန်ဘဲ စစ်ပင်ကွင်းရွာဘက်သို့ ခြေဦးလှည့်ကာ ထန်းရည်ဆိုင်သို့ဝင်လိုက်ပြီး မသောက်ဖူးသည့် ထန်းရည်ကို အမူးသောက်ပစ်လိုက်သည်။

သူ့ရွာသို့ ပြန်ရောက်သည့် အချိန်ကား . . .

မှောင်ရီသန်းနေသည့် အချိန် . . .။

သူ့နံဘေးမှာ ငဖီးက လိုက်ပါစောင့်ရှောက်လျက်။





မှုးနေ၍ ခြေလှမ်းက မမှန်။ အိမ်ဘယ်မှာမှန်းမသိ၊ ငဖီးက သူ့[illegible]ဆိုးကိုကိုက်၍ လမ်းပြသဖြင့် ငဖီးလမ်းပြရာအတိုင်း အိမ်သို့ရောက်ခဲ့ပြီး [illegible]ခြံခင်းပေါ်သို့ ထိုးလှဲအိပ်ချလိုက်လေသည်။

✿ ✿ ✿

## [၄]

❑

အလုပ်သာ လုပ်နေရပေမယ့် သမီးလွမ်းစိတ်က မဖြောင့်။ သမီး[illegible]သည် ရွာကိုတစ်ခေါက်ပဲ လာခဲ့သည်။ အဲဒါက သူ့ယောက်ျားနှင့်ကန်တော့[illegible]တုန်းက တစ်ခါပဲဖြစ်သည်။ မင်္ဂလာဆောင်တော့ သူ့ကိုဖိတ်သည်။ [illegible] မင်္ဂလာဆောင်သို့ သွားခဲ့ပါသည်။

ခမည်းခမက်များက အသားအရည်ခပ်မွဲမွဲ လယ်သူရင်းငှား ကြွက်ထိုး[illegible]သူ့ကို အရေးလုပ်၍ စကားမပြောကြ။ သမီးနှင့်သားမက်က တစ်[illegible] နှစ်ခွန်းစ စကားလာပြောသည်။ ရွာကလူများလည်း မဖိတ်ကြ[illegible] သူနှင့်သိသူ ဒီမင်္ဂလာပွဲမှာ တစ်ယောက်မှမရှိ။

ငှားဝတ်လာသည့် တိုက်ပုံအနွမ်းနှင့်သူ့ကို ဘယ်သူကမှ သတို့[illegible]သာကွမဟု မထင်ကြ။ သတို့သမီးအဖေဟု မထင်ကြ။

အနေရခက်လှ၏။ ဘယ်မှာ ထိုင်ရမှန်းမသိ။ ဘယ်သူ့ကို နှုတ်ဆက်[illegible]ရမှန်းမသိ။ ရွှေရောင်ငွေရောင်ကြားမှာ သူမနေတတ်။

နောက်ဆုံး ထမင်းချက်သည့်နေရာမှာ သွားထိုင်ပြီး ထမင်းငွေ့[illegible] သွားရောက်ရေနွေးကြမ်းသောက်၍ နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောရလျှင် ...

မင်္ဂလာပွဲမပြီးခင်မှာပဲ ဝမ်းနည်းကြီးစွာဖြင့် သူထွက်၍ လာခဲ့လိုက်သည်။

ဘယ်သူ့ကိုမှ နှုတ်မဆက် ...။

ယုတ်စွအဆုံး ... သူ့ အချစ်ဆုံးသမီးကိုပင် အဖေပြန်တော့မယ် သမီးဟု တစ်ခွန်းမပြောခဲ့။

ဒါကို ... သင်ပုန်းကြီးအောင်မျှ စာသင်ခဲ့ရသည့် သမီးကြီး မမွှေးနားလည်သဘောပေါက်လိမ့်မည်ဟု ထင်ပါသည်လေ။

✿ ✿ ✿

[၅]

❑

ခုတော့ ... မိုးလင်းကာနီး စောစောထ၍ သူနှင့် သူ့ခွေး ဖေါ်အတွက် ထမင်းဟင်းကို ကိုယ်တိုင်ချက်သည်။

ပြီး ... သူရင်းငှား အလုပ်ကိစ္စများကို လုပ်သည်။

အချိန်အားလျှင် သူ့ခွေးဖေါ်နှင့် လယ်ကြွက်ရှာသည်။ ရလာသည့် ကြွက်များကို အရေဆုတ်၍ ညှပ်နှင့်ကင်သည်။

သူကိုယ်တိုင် မြို့ဈေးမှာ တက်၍မရောင်း ...

မဲတော် ... သမီးနှင့်သားမက်များ တွေ့သွားလျှင် သူတို့ မျက်နှာပျက်ကြရမည်ကို စိုးရိမ်၏။





'ဈေးကောက်ကြီးရဲ့ ယောက္ခမက မြို့ဈေးမှာ လယ်ကြွက်ကင်ရောင်းသတော့' ဟု သိရ၍ ပြောကုန်ကြလျှင် သမီးသားမက်တို့ ဂုဏ်သရေထိခိုက်လိမ့်မည်လေ။

သို့ဖြစ်၍ ရသမျှဈေးနှင့် မြို့ဈေးတက်ရောက်သူများကို ဖောက်သည်ချလိုက်သည်။ ရသမျှငွေစလေးများသည် သူနှင့်ဖေါ်အတွက် လုံလောက်ပါပေသည်။

ပြောရလျှင် ...

သူ့သမီး မိမွှေးသည် ကြွက်ကင်သားကို အလွန်ကြိုက်၏။ ကြွက်ကင်ကို အကြွပ်လေးကြော်၍လည်း စား၏။ အတုံးအတုံးချက်ပြီး ငရုပ်သီးလေးစိပ်ကွဲနှင့် ဆီပြန်ချက်သည်ကိုလည်း ကြိုက်၏။

ခုနေ သမီးလေး လယ်ကြွက်သားကို မျှော်လင့်နေရှာမလား။

သို့နှင့် ...

သူနှင့်ဖေါ်တို့ နေပူပူမှာ ကြွက်လိုက်ရှာကြသည်။ ကံကောင်းချင်တော့ ကြွက်အကောင်ကြီးကြီး အတော်များများရလိုက်၏။ အဲဒီအထဲမှ ထကစ်ကစ် လယ်ကြွက်အကောင်ကြီး ငါးကောင်ကို အရေခွံဆုတ်ပြီး ညှပ်နှင့်ကင်ကာ မြို့ဈေးလူကြုံ မိဖားနှင့်သမီးအိမ်သို့ လက်ဆောင်ပါးလိုက်သည်။

ဒီလို လယ်ကြွက်ကင် ဝဝကြီးများကို မြင်လိုက်ရလျှင် သူ့သမီး မိမွေးမချောကြီး ဝမ်းသာလိုက်မည့်ဖြစ်ခြင်း၊ လယ်ကြွက်ကင်များကို ကြည့်ပြီး သူ့အဖေကို သတိရလိုက်မည့်ဖြစ်ခြင်း။

ကိုငနီ ရေနွေးအိုးတည်ရင်း တစိမ့်စိမ့်တွေး၍ ရင်ထဲမှာ တလှပ်လှပ်ကြည်နူးနေမိ၏။

သည့်နောက် မြို့ဈေးပြန် မိဖားတို့အလာကို မျှော်နေလေ၏။

မွန်းတည့်ချိန်ရောက်သောအခါ မြို့ဈေးပြန် မိဖားတို့အသံ စီစီစာစာကို ကြား၍ နောက်ဖေးမှ ပြေးထွက်လာလိုက်၏။

"မိဖား ... ပြန်လာပြီလားဟေ့"

"အေးတော့်"

"ငါ့သမီးနဲ့ရော တွေ့ခဲ့လားဟ။ ကြွက်ကင်တွေ ပေးလိုက်တော့ ငါ့သမီး ဘာပြောလိုက်သေးလည်းဟင် ... မိဖား။ မြန်မြန်ပြောစမ်းပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



"မိမွေးက ပြောလိုက်တယ် ... အစ်ကိုငနီရဲ့"

"ပြောစမ်း ... ငါ့သမီးက ဘာပြောတုံး"

"နောင်ကို အဲဒီလို လယ်ကြွက်ကင်တွေကို ပို့မပေးပါနဲ့တဲ့"

"ဟေ ... ဘာ ... ဘာ ... ဖြစ်လို့ ... ဘာဖြစ်လို့ ...ဟ ဟင် ... ဟင်"

"သူ့ယောက်ျားက အဲဒါမျိုးတွေ မစားဘူး။ ရွံလို့တဲ့"

"ဟ ... ငါက ငါ့သမီးစားဖို့ ပေးလိုက်တာလေဟာ။ အဲဒါ နင်က ပြောမပြဘူးလား ... မိဖားရ"

"ပြောတာပေါ့တော်။ ဟဲ့ ... မိမွေး အဲဒါ ညည်းကြိုက်မှန်းသိလို့ ညည်းအဖေက တကူးတက အကောင်ကြီးကြီးတွေရှာဖွေပြီး ပေးလိုက်တာလို့ ပြောတာပေါ့"

"အဲဒီတော့ ..."

"ဒီမှာ အစ်ကို့သမီးက ဘယ်လိုပြောမှတ်လို့တုံး .... ကျွန်မ ယောက်ျားရွံတဲ့ အစားအစာကို ကျွန်မလည်း တစ်သက်လုံး ရှောင်လိုက်ပြီ အဖေ့ကို နောင်လုံးဝ အဲဒါမျိုးတွေ မပို့ပါနဲ့လို့ ပြောလိုက်ပါတဲ့တော်"

"ဟော ..."

"ရော့ ... ဒါ တော့်သမီး ပြန်ပေးလိုက်တဲ့ ကြွက်ကင်တွေ"

ကိုငနီ မိဖားပေးနေသည့် လယ်ကြွက်ကင် အထုပ်ကြီးကို လက်နှစ်ဖက်နှင့်ကိုင်ရင်း ငိုင်ကျန်ရစ်ခဲ့သည်။

ထည့်မှုကြာအောင် ငိုင်နေမိသည်မသိ။

မျက်လုံးအိမ်မှ မျက်ရည်ပူများ ပါးစပ်ထဲစီးဝင်တော့မှ သူ့ကိုသူ ငိုနေ မျက်ရည်ကျနေမှန်း သိပြီး အံ့ကို ဖျစ်ဖျစ်မြည်အောင် ကြိတ်မိလိုက်လေသည်။

✿ ✿ ✿

[၆]

❏

ခု ... အချစ်ဆုံးသမီးလည်း ရွာကို မလာခဲ့တော့ပါ။ သီတင်းကျွတ် ... ဆောင်မှန်း လာရောက်ကန်တော့ခြင်းလည်း အလျင်းမရှိခဲ့ပါ။ သမီးရှိရာ ... သူသွားရောက်တွေ့ချင်ပေမင့် ကြိုက်ရင်တော်ပါရဲ့။ မကြိုက်လို့ အော် ... ထုတ်ရင် သူ ရင်ကွဲရချိမ့်မည်။

အို ... ဒီတစ်ဦးတည်းသော သမီးက သူ့ကို အမှန်တကယ်ချစ် ... သမီးကြီးပါ။ သမီးအလိမ္မာပါ။

ဖအေရှိရာကို လာတော့ လာချင်ရှာမှာပေါ့။

အကြောင်းကြောင်းကြောင့် မလာနိုင်တာ နေမှာပါလေဟု တွေးရင်း ... အလွမ်းရောဂါနှင့် သူအလုပ်ပျက်၊ အကိုင်ပျက် ဖြစ်ကာ ပိန်ချုံး၍ပင် ... ခဲ့၏။

နောက်ဆုံး ...

သံယောဇဉ်မီးတို့ ပူလောင်မှန်းကို ရိပ်စားမိလာပြီးနောက် သူ ... နှီးဝတ်လိုက်တော့သည်။

ခုတော့ ...

လယ်သူရင်းငှား ကိုငနီ မဟုတ်တော့။

ကြွက်ထိုးငနီ မဟုတ်တော့။

ဦးဇင်းကြီး ငနီဟု ရွာကလူများက ခေါ်နေကြပါပြီ။ ဒီမှာ ဦးဇင်း ... ကို မခွဲမခွာနိုင်သည့်သူတစ်ဦး ရှိခဲ့လေ၏။

အခြားသူမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဇင်းနေ့ရဲ့လက်တွဲဖော် သစ္စာရှိ ခွေးကြီး . . . ဖေးဖြစ်လေ၏။

ဖေးသည် သူ့သခင်ကိုနေ သင်္ကန်းဝတ်သွားသောအခါ အိမ်မှာ အထီးကျန်တစ်ကောင်တည်းဖြစ်၍ အိမ်စောင့်လို ကျန်ရစ်ခဲ့၏။ သူ့ သူ့သခင်နှင့် လယ်တကော့လယ်များမှာ အတူ ကြွက်ရှာခွင့်မရတော့။

ကျေးဇူးရှင် သခင်မရှိတော့ မနေတတ်။

နေ့စဉ်၊ ညစဉ် သခင့်ကိုလွမ်း၍ အူနေ၏။ အိမ်နီးနားချင်းများက ဖေးကိုသနားကြ၍ အစားအစာကျွေးကြပါသော်လည်း ဖေးသည် သူ့သခင်လက်ရာ အစာမဟုတ်၍မစား။

လွမ်းဆွေးစွာ ညစဉ်နေ့စဉ် အူ၍နေလေ၏။ မျက်လုံးဝန်းကျင်မှာ မျက်ရည်စီးကြောင်းနှင့် ဖြစ်နေ၏။ ကြာတော့ ဖေး မနေတတ်တော့။ သူ့သခင်ရှိရာ ဘုန်းကြီးကျောင်းသို့ အရဲစွန့်၍ လိုက်သွားခဲ့သည်။

အဲဒီမှာ ကျောင်းခွေးငါးကောင်က ဖေးကို ဝိုင်း၍ ကိုက်ကြတော့သည်။ ခွေးကိုက်သံ၊ နာကျင်စွာအော်သည့်အသံများကြား၍ ဦးဇင်းနေ ကျောင်းပေါ်မှ ဆင်းကြည့်လိုက်တော့ ဖေးကို ကျောင်းခွေးများ တရကြမ်း ဝိုင်းကိုက်နေသည်ကို မြင်လိုက်ရသောအခါ . . .

"ဟဲ့ ခွေး . . . ဟဲ့ . . . ခွေးတွေ . . . ဟဲ့ . . . ဟဲ့"

"ကျည်တို့၊ ဆိုးလေးတို့ မောင်းကြဖျင်ကြပါဟဲ့ . . . ဟဲ့ခွေး"

"ဟဲ့ . . . ဟဲ့"

ဘုန်းကြီးကျောင်းသားများ ရေနှင့်ဝိုင်းပက်မှ ဝိုင်းဆွဲ ကိုက်ခဲနေသည့် ခွေးရန်ပွဲကြီး မာန်တဖီဖီနှင့် ပြီးစီးသွားခဲ့သည်။ ဖေးသည် ပေါက်ပြဲ စုတ်ပြဲ ဒဏ်ရာများရပြီး နာကျင်စွာ ညည်းနေရှာ၏။ ညည်းရင်းမှ သခင်လုပ်သူ ဦးဇင်းနေရဲ့ ခြေဖမိုးကို လျှာနှင့်လျက်ပြီး နှုတ်သီးနှင့် ပွတ်သပ်နေ၏။

"ဩော် . . . ဖေး . . . ဖေး . . . မင်းငါ့ကို သတိရနေတုန်းပဲကိုး"

ဦးဇင်းနေ ဖေးရဲ့ဒဏ်ရာများကို ဆေးထည့်ပေးပြီးနောက် ဆွမ်းကျန် ဟင်းကျန်များကို ချကျွေးလိုက်သောအခါ ဖေးသည် အားရပါးရမြိန်ယှက်စွာ စားပြီး အမြီးတနံ့နံ့နှင့် သူ့ကို ကျေးဇူးတင်သလို ကြည့်နေ၏။





အဲဒီအချိန်ကစ၍ ဖေး ဦးဇင်းနေရှိရာ ကျောင်းသို့ လာလေ့ရှိ၏။ ဖေးလာလျှင် ကျောင်းခွေးများက ထွက်၍ ကိုက်ကြလိုက်ကြ၏။

ဖေးက ပြန်၍မကိုက်။ သည်းညည်းခံလေ့ရှိ၏။ ကျောင်းခွေးများကို အလိုက်သင့်ပေါင်း၏။ သို့နှင့်များမကြာခင် ကျောင်းခွေးများနှင့် ဖေးတို့သည် အလွန်ချစ်ခင်သော ခွေးမိတ်ဆွေသင်္ဂဟများ ဖြစ်၍သွားကြလေ၏။

အခု . . . ဖေးရွာထဲက အိမ်မှာမနေတော့။

ဦးဇင်းနေရှိရာ မြောက်ဘုန်းကြီးကျောင်းသို့ ရောက်ခဲ့လေပြီ။

အံ့တော့ အံ့ဩစရာကောင်းသည်။

ဖေးသည် ဦးဇင်းနေသွားရာနောက်သို့ ဖဝါးခြေကပ်လိုက်ပါ စောင့်ရှောက်လေ့ရှိ၏။ ဆွမ်းကျွေးရှိရာသို့လည်း လိုက်၏။ ကုဋီတက်လည်း လိုက်၏။

ကြည့် . . .

ဦးဇင်းနေတို့ သံဃာတော်များ ဆွမ်းခံကြလျှင် ဘုန်းကြီးကျောင်းသားများက ကြေးစည်ရိုက်၍ ရှေ့မှကြိုသွားကြ၏။

အဲဒီ ဘုန်းကြီးကျောင်းသားများရှေ့မှာ ဖေးက ကြိုရှိနေ၏။ နောင်အခါ ဖေးကိုမြင်လျှင် ဖေးအသံကိုကြားလျှင် . . .

"ဘုန်းကြီးတွေ ဆွမ်းခံကြွလာပြီဟေ့"

အဲဒီလို သိမှတ်ကုန်ကြ၏။ ဖေးသည် ရွာမှာနေစဉ်က ကိုနေရဲ့ ဟင်းအစာကိုစားရ၍ ကိုနေအိမ်ကို လုံခြုံအောင် စောင့်ရှောက်၏။ ရွာကို သူခိုးဓားပြရန်မှ ကာကွယ်စောင့်ရှောက်၏။

ယခု . . . ဘုန်းကြီးကျောင်းမှ ဆွမ်းကျန်၊ ဟင်းကျန်များကို စားရသောအခါ ဘုန်းကြီးကျောင်းကို နေ့ရောညပါ စောင့်ရှောက်လေ၏။

ဘုန်းကြီးကျောင်းမှ ရွာသူ ရွာသားများ ဘေးမဲ့လာလှူထားသည့် ကြက်များနှင့် နွားများရှိ၏။ ၎င်းတိရစ္ဆာန်များ သူတစ်ပါး မခိုးရအောင် နေ့ရောညပါ ဖေးက စောင့်ရှောက်၏။

သို့ဖြစ်၍ . . .

ကျောင်းထိုင်ဘုန်းတော်ကြီးနှင့် ဦးဇင်းများ၊ ကိုရင်များက ဖေးကို [illegible]လိုက်တာ၊ ကျေးဇူးသိလိုက်တာဟု ချီးမွမ်းကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မည်မျှအထိ လိမ္မာပါသလဲဟုဆိုလျှင် ...

တစ်ခါတော့ ရွာကျောင်းရေကန်ထဲရှိ ကြာပန်းများကို ကလေးအချို့ ဆင်း၍ ခူးကြ၏။ အဲဒီမှာ ကလေးတစ်ယောက် ရေနစ်၍ ကျန်ကလေး တစ်ဦးက အော်ဟစ်အကူအညီတောင်းလေ၏။

ကြားသည့် ဘုန်းကြီးကျောင်းသားအချို့ ပြေးလာကြသည်။ ဒီမှာ ငဖီးက ကန်ထဲသို့ခုန်ဆင်းလိုက်ပြီး မြုပ်လိုက်ပေါ်လိုက်ဖြစ်နေသည့် ကလေး ရဲ့အင်္ကျီကို ပါးစပ်နှင့်ကိုက်ချီကာ ရေကူး၍ကမ်းစပ်သို့ ဆွဲလာခဲ့သည်ကို အားလုံး မြင်ကြရသောအခါ ...

ငဖီးကို ခွေးတိရစ္ဆာန်အစစ်မှ ဟုတ်ရဲ့လား ...

လူ့ဝင်စားများလား ...

သို့လော ... သို့လော တွေးကုန်ကြရ၏။ ဒီလိုနှင့် ငဖီးသည် တစ်ရွာလုံး တစ်ကျောင်းလုံးရဲ့ အချစ်တော်ဖြစ်ခဲ့ရ၏။

ဦးဇင်းငနီကား ... ကျေးဇူးတရားနားလည်သော၊ သခင်နှင့် ... နေနိုင်သော၊ အရေးကြုံလျှင် လူလိုအားကိုး အားထားရသော သူ့ခွေး... ကိုကြည့်ပြီး အားရကျေနပ် ဝမ်းသာလျက်ရှိ၏။ မွေးရကြိုးနပ်လိုက်တာ။

တစ်နှစ် မိမိနှင့်ငဖီးသည် အကုသိုလ်အလုပ်နှင့် နှစ်ဦးတွဲဖက်... အသက်ရှင် ရပ်တည်ခဲ့ကြ၏။

ယခု အကုသိုလ် အသမွာအာဇီဝအလုပ် သူတို့ စွန့်လွှတ်လိုက်... ငဖီးသည်း နှစ်ရှိုက်အကုသိုလ်အမှုမှ ဖဲခွာ၍ ကုသိုလ်အမှုကို သူ့နှယ် လုပ်... ပြီး အစားတစ်လုပ်ရဲ့ကျေးဇူးကို ဆပ်နေရှာ၏။

တစ်ခါတစ်ခါ ... ဦးဇင်းငနီ စဉ်းစားတွေးခေါ်ကြည့်မိသည်။

ငဖီးနှင့်သူ့သမီး ဘယ်သူက ပို၍ လိမ္မာသနည်း။

ဘယ်သူက ပို၍ ကျေးဇူးသိတတ်ပါသနည်း။

''ဟူး ...''

သူ့သမီးကြီး မိမွေးနေလို့မှ ကောင်းရဲ့လား၊ သားသမီးများ ရ... ရှာသလား၊ စီးပွားရေးသင့်တင့်ရဲ့လား တွေးနေမိသည်။ ထိုအခါ ရင်ထဲ... နင့်၍သွားခဲ့ရသည်။ အဝေးရောက် သမီး နှလုံးစိတ်ဝမ်းအေးချမ်းပါစေ။

ငါသည် သာမန်လူမဟုတ်တော့။





ဘာလို့ သံယောဇဉ် နွယ်ချင်နေသတုံး။ အသေမဖြောင့်ချင်လို့ လား။ သေရင် ပြိတ္တာဘဝ ရောက်ချင်သေးလို့လား။ အဲဒီဘဝ မရောက်ချင် ရင် သံယောဇဉ်မှန်သမျှ ဖြတ်၊ မီးမှန်သမျှ ရေနဲ့ ငြိမ်းပစ် ...။

အဲဒီလို အားတင်းရင်း ...

နေ့ပေါင်း ညပေါင်းများစွာကို ကျော်လွှားရင်ဆိုင်နေချိန် ...

✿ ✿ ✿

## [၇]

❑

''ဦးဇင်းကြီး ... ဦးဇင်းကြီး ...''

ဘုန်းကြီးကျောင်းသားများ ရေးကြီးသုတ်ပြာနှင့် ကျောင်းပေါ် ...တက်လာကြ၏။

''ဦးဇင်းကြီးဘုရား ... ဦးဇင်းကြီးဘုရား ...''

''ဟဲ့ ... ဘာဖြစ်လို့တုံး''

''ငဖီး ... ငဖီး ...''

''ငဖီး ... ဘာဖြစ်လို့တုံး''

''ငဖီး ... ဘာဖြစ်မှန်းမသိဘူး ဘုရား။ အိမ်သာနားမှာ...နေပြီး ...လှုပ်နိုင်တော့ဘူး ဘုရား''



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ..."

ဦးဇင်းငနီ ကျောင်းအောက်သို့ ပြေးဆင်းလာလိုက်သည်။ သည့်နောက် ဘုန်းကြီးကျောင်းသားများပြသည့် ကျောင်းကုဋီနားသို့ ရောက်လာခဲ့သည်။

"အင် ... အင် ... အင် ..."

"ဟယ် ... ငဖီး ... ငဖီး ... မင်း ... မင်း ... ဘာဖြစ်လို့တုံး"

သူ့ခွေးကြီး ငဖီးသည် တအင်အင်နှင့်ဖြစ်နေ၏။ ဦးဇင်းငနီ ငဖီးကို ထိုးပွေ့လိုက်သည်။

"ငဖီး ... ငဖီး ..."

ဒီမှာပဲ ခွေးအိုကြီးငဖီးသည် သူ့သခင် ဦးဇင်းငနီကို မှုန်ဝါးဝါးမျက်လုံးနှင့် ငိုက်ကြည့်ပြီး ဇက်ကျိုး၍ ကျသွားလေ၏။

"ငဖီး ..."

"ငဖီးရေ ..."

"ငဖီး ..."

သူ သက်နှင်းကို သတိမရမိတော့။ ငဖီးရဲ့ လည်ပင်းကို လှုပ်ကိုင်ပြီး တကြော်ကြော် အော်နေမိသည်။ အော်ခေါ်ရင်း မျက်ရည်ပူများ စီးကျလာမိသည်။ ငဖီး ... ငဖီး ... သူ့ကို သံယောဇဉ်ကြီးလှသည့်ငဖီး။ ခုတော့ သေကွဲ ကွဲ၍ သူ့ကိုထားရစ်ခဲ့ပြီ။

ဟောဒီလောကမှာ သူ့ဘယ်ဘ၀ရောက်ရောက် သူ့အပေါ်သစ္စာရှိခဲ့သည့် ငဖီး၊ သူ့ကို သံယောဇဉ်တွယ်ခဲ့သည့် ငဖီး၊ ထမင်းရှင်ကို စောင့်ရှောက်ကျေးဇူးသိခဲ့သည့် ငဖီးသည် ခုတော့ ... သက်ကြီးရောဂါနှင့် သူ့ကို ခွဲသွားခဲ့ပြီ။

လိမ်မာရေးခြားရှိလွန်းသည့် ငဖီးသေသွားပြီဆို၍ ကျောင်းရှိ ဦးဇင်းများ၊ ကိုရင်များ၊ ဘုန်းကြီးများ၊ ကျောင်းသားများ ဝိုင်းအုံရောက်ရှိလာပြီး စိတ်မကောင်းကြ ... စုတ်သပ်ကြ ... ဝမ်းနည်းကြ။





ဒီမှာ ကျောင်းထိုင်ဆရာတော်ဘုန်းကြီးက ဝမ်းနည်းကြေကွဲနေကြသော ဦးဇင်းငနီနှင့် အားလုံးကို ကြည့်ပြီး တရားပြလေ၏။

"ဦးဇင်းကြီးတို့ လူပဲဖြစ်စေ၊ သတ္တဝါပဲဖြစ်စေ ... အမြဲမရှိဘူး။ သခါရကို မလွန်ဆန်နိုင်ကြပါဘူး။ ဒါကြောင့် သံယောဇဉ်မဖြစ်ကြပါနဲ့။ ငိုဒဲ၀ မဖြစ်ကြပါနဲ့။ လူဖြစ်ဖြစ်၊ သတ္တဝါဖြစ်ဖြစ် ...

"ဇာတိပိ ဒုက္ခာ

ဇရာပိ ဒုက္ခာ

ဗျာဓိပိ ဒုက္ခာ

မရဏံပိ ဒုက္ခံ

အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော

ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခာတဲ့ ...။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာ ဆယ်သူမှ မရှောင်နိုင်ဘူး။ ဖြစ်လာရင် အိုမယ်၊ နာမယ်၊ သေမယ်။ အဲဒါ ဒုက္ခဆင်းရဲပဲ။ ဒုက္ခဆင်းရဲဆိုတာ မချစ်မနှစ်သက်သူနဲ့ ပေါင်းဖော်ရခြင်းလည်း ဒုက္ခဆင်းရဲပဲ။ ချစ်သူနှင့် ကွေကွင်းရခြင်းသည်လည်း ဒုက္ခဆင်းရဲပဲ။ ဒုက္ခအပေါင်းကို ဖြစ်ပေါ်စေတတ်တဲ့ သမုဒယ တဏှာအရင်းခံသည့် သားစွဲ၊ အမိစွဲ၊ လင်စွဲ၊ မယားစွဲ၊ ကျောင်းစွဲ၊ ဥစ္စာစွဲ၊ သံယောဇဉ်အစွဲအလမ်း အကြောင်းတရားမီးတွေကို ဖြတ်မှပြတ်မှ မလိုချင်မှ စိတ်ရဲ့ ချမ်းသာသုခကို ရမယ်။ အပူမီးလည်း ငြိမ်းမယ်။ မရဏာနုဿတိနဲ့ တရားသိကြလော့ ဦးဇင်းတို့ ..."

သွားပေဦးတော့ ငဖီးရေ ...

မင်းကစောတော့ အလျင်သွားဦးပေါ့ ...

ငါတို့ကလည်း သည်မရဏာလမ်းကို တစ်နေ့လျှောက်ရမှာပဲ ... သိရဲ့လား။ နေးတာနဲ့ မြန်တာပဲ ကွာခြားကြမှာပါ။

ငါ့မျက်လုံးထဲမှာ ...

ဆွမ်းခံကြရင် ရွှင်မြူးအားရရှေ့က ကြိုသွားနေတဲ့ မင်းရဲ့လှုပ်ရှားမှု ...

သချိုင်းမှာ အသုဘချရင်တောင် ငါ့နောက်ကနေ တကောက်ကောက်စောင့်နေတဲ့ မင်းရဲ့သံယောဇဉ် ...



www.burmeseclassic.com

www.burmeseclassic.com



ငါစကြဲန်လျှောက်ရင်း မေတ္တာသုတ်ရွတ်ဆိုနေချိန်မှာ နားရွက်ထောင်ပြီး နားစွင့်ကြည့်နေတဲ့ မင်းရဲ့မျက်နှာ၊ ငါ့မျက်လုံးမှာ ပုံရိပ်ထင်နေဆဲပါပဲ။

"ငဖီးရေ . . ."

မင်း ငါ့ကို မခွဲလမ်းပါနဲ့။ ငါလည်း မင်းကို မခွဲလမ်းတော့ဘူး . . ငဖီးရယ်။ မင်းရဲ့သခင်မ၊ ငါ့ရဲ့ အချစ်ဆုံးသမီး မိမွေးကိုလည်း ငါ မခွဲလမ်းတော့ဘူး။

ရွှံ(၂)မ်းမိသမျှတွေဟာ ငါ့ရင်ထဲမှာ ပူလောင်ခဲ့ဖူးတယ်။ ပူလောင်လို့ မီးခေါ်တာပဲ။ ငါ ဒီနေ့ကစပြီး မီးတွေ ငြိမ်းလိုက်တော့မယ် . . . ငဖီးရေ။

မပြောရင်ပေမင့် ပြောခဲ့ချင်တဲ့ စကားရှိတယ် . . . ငဖီး။

မင်းဟာ တိရစ္ဆာန်တစ်ကောင် ဖြစ်ခဲ့ပေမင့် . . .

ငါ့သမီးထက် လိမ္မာတယ်ဆိုတာတော့ . . .

ငါ့ရင်ထဲမှာ မှတ်တမ်းတင်ခဲ့ပါ့မယ် . . . ငဖီး . . .

မင်းရဲ့ ကုသိုလ်အကျိုးကို သဘာဝရပြီး ကောင်းရာသုဂတိဘုံကို သွားပေရော့ . . . ငဖီး . . .။

မင်းရဲ့ အချစ် . . .

မင်းရဲ့ သစ္စာ . . .

မင်းရဲ့ ကျေးဇူးသိမှုကို ငါသာဓုခေါ်လိုက်ပါတယ် . . . ငဖီးရယ် သာဓု . . . သာဓု . . . သာဓု . . .။

မောင်ညိုမှိုင်း(သန်လျင်)

ကျေးဇူးစကား ။ ။ 'ပြန်မပြောချင်ဘူးဟဲ့...' ဆိုပြီး ပြန်ပြောပြတဲ့ စာရေးဆရာ မောင်စိန်လှိုင်(ဥဿာ)သို့ ကျေးဇူးတင်လျက်။



www.burmeseclassic.com

www.burmeseclassic.com

# [၁]

ကျွန်တော် အောက်တိုဘာလကတည်းက 'ပန်ထွာဘုရင်မ' ဟူသော လုံးချင်းဝတ္ထုရှည်တစ်အုပ်ကို ရေး၍ ထုတ်ဖြစ်သည်။ စာဖတ်ပရိသတ်က အလွန်စိတ်ဝင်စားကြကြောင်း သိရသည်။ ထိုဝတ္ထုမှာ ဗိုလ်ကြီးဟောင်း လူဝင်စားတစ်ယောက်၏ ပြောကြားချက်များနှင့် ကျွန်တော် ရှာဖွေလေ့လာသော စာအုပ်စာတမ်းများ၏ အထောက်အထား အကြောင်းအရာများကို အခြေခံ၍ ဇာတ်လမ်းဆင် ရေးခြင်းဖြစ်ပါသည်။

ထိုဝတ္ထုကို ထုတ်ဝေပြီးတော့ ကျွန်တော် အိပ်မက် ခဏခဏမက်သည်။ ကျွန်တော် ဗိဿနိုးမြို့ဟောင်းထဲ ရောက်နေသည်။ စာအုပ်အတွင်း ရေးဖွဲ့ခဲ့သော နေရာအနှံ့သို့ ရောက်နေသည်။ ရွှေရောင်တော်ဘုရားကို ဖူးရသည်။ တစ်ဖက်ကမ်းက အိုးထိန်းတောင်ဆီ အလည်ရောက်သည်။ ရန်ပယ်ချောင်းထဲ ရေချိုးဆင်းရသည်။ ထိထိမိမိ မက်ခြင်းဖြစ်သဖြင့် အိပ်မက်ဆိုသော်လည်း တစ်ရေးနိုးတော့ ပြတ်သားထင်ရှားစွာ မှတ်မိနေပါသည်။

ထို့ကြောင့် ကျွန်တော် တောင်တွင်းကြီးနှင့် ဗိဿနိုးဒေသကို အလွန်သွား၍ လေ့လာချင်မိသည်။ ပဋ္ဌာန်းဆက်ကြောင့်လားမသိ။ ထိုချင်ခြင်းကသာ ကျွန်တော့်တစ်ကိုယ်လုံး သွေးသားထဲအထိ နက်ရှိုင်းစွာ စီးဝင်နေပါတော့သည်။





ထို့ကြောင့် ကျွန်တော် စိတ်ကူးသစ်စာပေတိုက်သို့ သွားနေကျ နေနေ့တစ်ရက်တွင် စာအုပ်တိုက်၌ လူစုမိကြသည်နှင့် ကျွန်တော်က ထင်၍ အဆိုပြုလိုက်သည်။

'ကဲ ... ကိုညိုမှိုင်းနဲ့ ကိုတင်ထွန်း၊ ကျွန်တော်တို့ ဗိဿနိုးမြို့ဟောင်း လေ့လာရေးခရီးထွက်ရအောင် ပြည်မြို့၊ ပြည်သာယာရပ်ကွက်က ကျွန်တော့်စာဖတ်ပရိသတ် ဦးမြင့်အောင်ကလည်း အလည်လာဖို့ ဖိတ်နေတယ်။ နောက်ပြီး ကျွန်တော့်ဇာတ်လိုက် ဗိုလ်ကြီးဟောင်းလည်း သွားဆော့လာဖို့ တိုက်တွန်းပြီး တောင်တွင်းကြီးနဲ့ ဗိဿနိုး၊ ကုက္ကိုခွရွာက သူ့မိတ်ဆွေတွေဆီကိုလည်း မိတ်ဆက်စာရေးပေးထားတယ်။ ဆရာတော်ကလည်း သူ့ဆရာအရင်းဖြစ်တော့ သူ့နာမည်ပြောတာနဲ့ အတွေ့ခံပါလိမ့်မယ်တဲ့၊ အဲဒါ ကျွန်တော်သွားချင်တယ်။ လိုက်ကြမလား''

စာအုပ်တိုက်ပိုင်ရှင် ကိုတင်ထွန်းက ...

''ဆရာတို့ သွားချင်ရင် စီစဉ်ပါ။ ကျွန်တော် လိုက်ပို့မယ်လေ။ အဝေးပြေးကားနဲ့ သွားကြတာပေါ့။ ဆရာမှိုင်းကရော ဘယ်လိုလဲ''

''ပြောစရာ မလိုဘူး၊ လိုက်ပြီးသားပဲ။ ဘယ်တော့ သွားကြမလဲ ခေါင်းမှူးကြီး စီစဉ်ပါ''

''အခုခရီးက လိုင်းကားနဲ့သွားရင် ပြည်အထိပဲ ရောက်မယ်။ ပြည် ကမှတစ်ဆင့် တောင်တွင်းကြီးမြို့၊ တောင်တွင်းကြီးကနေ ဗိဿနိုးမြို့ဟောင်းခရီးက အလွန် ထောက်တယ်။ အဲဒါကြောင့် ကျွန်တော် စီစဉ်ထားတာကတော့ ဆလွန်းကားတစ်စီး ငှားသွားမယ်။ (၃) သိန်းပေးရမယ်။ ကျွန်တော်တို့ (၁) သိန်း စိုက်မယ်။ ကျန်တာတော့ ထုံးစံအတိုင်း စာအုပ်တိုက်ပိုင်ရှင် ကိုတင်ထွန်းက တာဝန်ယူပေါ့''

ကိုတင်ထွန်းက 'ရပါတယ်' ပြောသော်လည်း သူ့ဝတ္ထုများအား ... (၁၄) ကားရိုက်ပြီး၊ လုံးချင်းစာအုပ် (၁၀၀) ကျော် ထွက်ပြီးမြို့ ... သော စာရေးဆရာ မောင်ညိုမှိုင်း (သန်လျင်) က ...

''ကျွန်တော်ကတော့ (၅) သောင်းပဲ ထည့်နိုင်မယ်။ ဒီလ အသုံး ... သည့်''

www.burmeseclassic.com



"ဒီမှာ . . . ကိုမှိုင်း။ ခင်ဗျားပဲ အညာဘက်သွားချင်တယ်၊ ထနောင်းပင် မြင်ဖူးချင်တယ်ဆို။ အခုဟာက ပြည်မြို့က ဦးမြင့်အောင်က ဖိတ်ထားတော့ သူ့အိမ်မှာ တစ်ညအိပ်မယ်။ ပြည်မြို့ ရွှေဆံတော်ဘုရားနဲ့ ဧရာဝတီတစ်ဖက်ကမ်းက ရွှေဘုံသာမုနိဘုရားကို ဖူးမယ်။ နောက်တစ်နေ့ တောင်တွင်းကြီးမြို့ဘက်တက်ပြီး ဗိသနိုးမြို့ဟောင်းက ဆရာတော်ကျောင်းမှာ ညအိပ်မယ်၊ အချိန်ရရင် မြို့ဟောင်းက ရှေးဟောင်းသုတေသနလုပ်ကွက်တွေကို လေ့လာမယ်။ ဓာတ်ပုံရိုက်မယ်။ နောက်တစ်နေ့မနက်မှာ ထပ်လေ့လာပြီး ဆရာတော်က ဝါတွင်း ပုပ္ပားကျောင်းမှာ ဝါဆိုနေတာမို့ အဲဒီကို သွားပြီး ဆရာတော်ကို ဖူးမယ်။ ပြီးတာနဲ့ ပုဂံလောကနတ်ဟိုတယ်က ကျွန်တော့်စာဖတ်ပရိသတ်က ဖိတ်ထားတာမို့လို့ ပုဂံမှာ ညအိပ်ပြီး ဘုရားစုံဖူးမယ်။ ခင်ဗျား တစ်သိန်းမထည့်ချင်ရင် မလိုက်နဲ့။ လိုက်ချင်တဲ့ စာရေးဆရာတွေ တစ်ပုံကြီး"

ကျွန်တော်က ငွေကြေးကိစ္စတွင် အလွန် ကပ်သီးကပ်သပ်ကျလှသော ကိုမှိုင်းအထာကို သိသဖြင့် ဆွပေးလိုက်တော့ ကိုမှိုင်းက . . .

"ထောင်မှူးကြီး . . . အဲလိုတော့ မလုပ်နဲ့ဗျာ။ ကျွန်တော့်မှာ (၅) သောင်းပဲရှိလို့ ပြောတာပါ"

ကိုတင်ထွန်းက . . .

"ကျွန်တော့်ဆီက (၁) သိန်း ကြိုထုတ်ပေါ့ . . . ဆရာမှိုင်းရယ်။ စာရေးပြီး ပြန်ဆပ်ပေါ့။ ဆရာမှိုင်းဆီက (၅)သောင်းကတော့ လမ်းခရီးမှာ ဆရာမှိုင်း လက်ဆောင်ပစ္စည်း ဝယ်ရခြမ်းရအောင် ချန်ထားပါ"

"အင်း . . . အဲဒါလည်း ကောင်းပါတယ်"

ထို့ကြောင့် ကျွန်တော်တို့ခရီးစဉ် သေချာဖြစ်သွားသည်။ ကားငှားစီစဉ်ရန်ကိစ္စက ကျွန်တော့်အပိုင်း။ ကျွန်တော်က စိတ်ချရသော ကားကောင်းရွေး၍ ယာဉ်မောင်းကျွမ်းကျင်ပြီး မြန်မာပြည်နေရာအနှံ့ ရောက်ဖူးသော ကျွန်တော့်ငယ်ပေါင်းသူငယ်ချင်း ကိုသောင်းလှိုင်အား ရွေးထားသည်။ သူ့ကားက TOYOTA COROLLA 90 MODEL အကွရာဏ (က/၄၀၀၀) ဖြစ်သော်လည်း သူက သူ့ကားကို အမြဲတမ်း သ,ထားသည်။ ဘီးလေးဘီးစလုံး အသစ်လဲထားသည်။





သို့နှင့် ကျွန်တော်တို့ (၁၂-၁၀-၂၀၁၃) ရက်နေ့တွင် စတင်ခရီးထွက်ရန် ကိုတင်ထွန်းအိမ် အမှတ် (၂၅)၊ ပုသိမ်လမ်း၊ စမ်းချောင်းသို့သွားကြရာ ကိုမှိုင်းက သန်လျင်မှ ကိုတင်ထွန်းအိမ်တွင် ညလာအိပ်သဖြင့် အလွန် အဆင်ပြေသည်။ ကိုတင်ထွန်းသား သူရိန်ထွန်းပါ ပါသဖြင့် ကျွန်တော်တို့အဖွဲ့က ကားဆရာပါမှ စုစုပေါင်း (၅) ယောက် အတော်ပင်ဖြစ်သည်။

ကားဆရာ ကိုသောင်းလှိုင်က ကားမထွက်မီ စမ်းချောင်းဝပ်ရှော့ရှိ [ရှိ] သူ့ကားကို အလိုင်းမင့်ချိန်သည်။ အောက်ပိုင်းစစ်ဆေးသည်။ ကားဘီးများ လေပေါင် ညီ,မညီ ညှိသည်။ စိတ်ချရတော့မှ ပြည်လမ်းအတိုင်း ဆက်ခရီးထွက်ခဲ့ပါတော့သည်။ အမြန်လမ်းမကြီးက မဟုတ်၍ မြို့ရွာများကို ဖြတ်ကျော်ရသည်။ TOLL GATE ကြေးနှင့် မြို့ဝင်ကြေးပေးရသည်မှာ [illegible] ပြည်မြို့အထိ ကျွန်တော် ပေးလာရာ (၃၀၀၀) ကျပ် ကျော်သည်။ [illegible]ကြီးမြို့တွင် ခေတ္တနား၍ နွားနို့သောက်ကြသည်။ ခေတ္တ ကားနား၊ [illegible]ခြင်း ဖြစ်သည်။ မိုင် (၆၀). ခရီးသာ ရှိပါသေးသည်။

အဝေးပြေးကားဖြင့်ဆိုလျှင် လက်ပံတန်းတွင် ထမင်းစားစမြဲ ယခု [illegible] ကိုယ့်ကားဖြင့်ကိုယ်ဖြစ်၍ ပြည်မြို့အဝင် ရွှေတောင်ကျမှ နေ့လယ် [illegible] စားကြပါသည်။ ထမင်းစားပြီး ပြည်မြို့၊ ပြည်သာယာရပ်ကွက်၊ ဦးမြင့်[အောင်]အိမ်ရောက်တော့ မွန်းလွဲ (၁) နာရီကျော်ခန့်သာ ရှိပါသေးသည်။ [ဦးမြင့်]အောင်နှင့်ဇနီး ဒေါ်ချိုက လှိုက်လှဲစွာ ကြိုဆိုကြသည်။ ကော်ဖီဖြင့် [illegible]ဖြင့် စကားပြောကြရင်း ကျွန်တော်နှင့် ကိုမှိုင်းက စာအုပ်များအား [illegible] လက်မှတ်ထိုး၍ ပေးရသည်။

ညနေပိုင်း မြို့ထဲထွက်၍ ရွှေဆံတော်ဘုရားဖူးပြီး 'နေစေးစာပေ' [illegible]သည်၊ ထိုစာအုပ်တိုက်က ကိုတင်ထွန်းတို့၏ စိတ်ကူးသစ်စာပေ [illegible]ထွန်းစာပေအတွက် ဖောက်သည်ဆိုင်ဖြစ်ပါသည်။ ကိုနေစေး [illegible]ရန် BOOKING လုပ်သော်လည်း ဦးမြင့်အောင်က ကြို[illegible]ထားသဖြင့် တောင်းပန်ရသည်။

ကျွန်တော်တို့အဖွဲ့ ဦးမြင့်အောင်၏အိမ်အနီးရှိ တည်းခိုခန်းအသစ် [illegible]ကြသည်။ ညစာကို ဦးမြင့်အောင်တို့ ဖွင့်ထားသော 'အသစ်ပြည်



www.burmeseclassic.com

www.burmeseclassic.com



သူ့ စားသောက်ဆိုင်တွင် စားသောက်ကြအပြီး ညချမ်းတွင် ပြည်မြို့ နဝဒေးတံတားကြီးတစ်ဖက်ကမ်းရှိ ရွှေဘုံသာမုနိဘုရားကြီးအား သွားရောက်ဖူးမြော်ပြီး မပြစိမ်းနတ်နန်းတွင် အလှူငွေထည့်ရင်း ဓာတ်ပုံရိုက်ကြသည်။ စုန်း။ နတ်၊ ကဝေ၊ သရဲ၊ တစ္ဆေ အလွန်ယုံကြည်ပြီး အလွန်ကြောက်သော မောင်ညိုမှိုင်းက ပူဇော်သမှု ပြုသည်မှာ အကြိမ်ကြိမ်၊ ဓာတ်ပုံဆရာကတော့ 'စိတ်ကူးသစ်စာပေ' က ကိုတင်ထွန်းဖြစ်သည်။ ရွှေဘုံသာမုနိဘုရားကြီးမှာ ယခင်က ရှေးဟောင်းဘုရားပျက်ကြီး။ ဦးခင်ညွန့်လက်ထက်ကမှ ပြန်လည်ပြုပြင်ထားခြင်းဖြစ်သဖြင့် သစ်လွင်သပ္ပာယ်ခန့်ညားပြီး ဧရာဝတီမြစ်တစ်ဖက်ကမ်း တောတောင်ထဲ၌ လျှပ်စစ်မီးများဖြင့် ရွှေရောင်တဝင်းဝင်း တောက်ပြောင်ထိန်လင်းနေသည်။ ကောင်းမှုကုသိုလ်ဖြစ်၍ သာဓုခေါ်မိပါသည်။ ပြည်မြို့၏ ကျက်သရေဆောင်တစ်ခုပင် မဟုတ်ပါလော။

✿ ✿ ✿

[၂]

❑

နောက်တစ်နေ့တွင် BREAKFAST စားပြီး ပြည်မြို့က ထွက်ခဲ့ပါသည်။ တောင်တွင်းကြီးလမ်းအတိုင်း လိုက်ခဲ့ပြီး ရှည်လျားစွာ ကားစီးရသည်။ လမ်းတွင် ခေတ္တနားပြီး မောင်ညိုမှိုင်းအား အခေါက်ဖြူဖြူ ထနောင်းပင်နှင့် ရှားပင်၊ မြစိမ်းဆူးချုံ၊ မိုးနံ့ချုံတို့အား တစ်ပင်ချင်း ခွဲခြား၍ ရှင်းလင်းပြရသည်။ သန်လျင်ပတ်ဝန်းကျင်တစ်ဝိုက်၌သာ ကျင်လည်ပြီး စက်ကန်ကြီး၏ သရဲတစ္ဆေပုံပြင်များဖြင့် လုပ်စားနေသော မောင်ညိုမှိုင်း (သန်လျင်) မှာ လွန်စွာ ဒေသန္တရဗဟုသုတ ခေါင်းပါးလှပါသည်။





အညာလမ်းများက မိုးနည်းသဖြင့် ပျက်စီးမှုနည်းသည်ဟု ထင်ရသော်လည်း ယခုအခါ အဝေးပြေးကားကြီးများ သွားထားသဖြင့် ပေါက်ပြဲပျက်စီးနေသည်။ မိုးအခါ အနိမ့်ပိုင်း ရေကျော်လမ်းများလည်း ရှိသေးသည်။ ထို့ကြောင့် လမ်းက ကြမ်းသည်။ မြန်မာပြည်တွင် မြေလွတ်မြေရိုင်းများ များစွာ ကျန်နေသေးသည်၊ ပြည်၊ တောင်တွင်းကြီးလမ်းဘေး၌ ကိုးပင်တွေကျော်သည်နှင့် ရွာဆက်က ဝေးလှသည်။ တောင်တွင်းကြီးမြို့မှာလည်း သာမြို့ကလေး။ မြို့လယ်လောက်သာ စည်ကားသည်။

နေ့လယ် ထမင်းစားချိန် ရောက်ပြီဖြစ်သဖြင့် နီးစပ်ရာ စားသောက်ဆိုင် ရှာကြရာ ဆိုက်ကားသမားများက တောင်တွင်းကြီး ဗိသနိုး၊ လမ်းအနီးရှိ 'ဗိသနိုးစားတော်ဆက်' ဆိုင်ကို ညွှန်းကြသဖြင့် ကားရပ်ပြီး ဝင်ကြသည်၊ တရုတ်စာရသဖြင့် အမည်စုံမှာရာ မောင်ညိုမှိုင်းက အညာအရပ်မှာ ပုစွန်တုပ်ဟင်းမှာသတဲ့။ ကံကောင်းထောက်မ,စွာ ရပါသည်။ ဆိုင်လေးမှာ မကြီးကျယ်လှသော်လည်း လက်ရာ အတော်ကောင်းသည်။

ဘီယာလည်း ရသဖြင့် ဟင်းပွဲများမလာမီ၊ ဘီယာသောက်ရင်း စောင့်ကြသည်။ ယောက္ခထီးက ကွယ်လွန်သွားသည်မှာ (၁၀)နှစ်၊ (၁၀) သောက်နေပြီဖြစ်သော်လည်း အရက်၊ ဘီယာ ရှောင်ထားသည်ဟုဆိုသူ မောင်ညိုမှိုင်း၊ ကျွန်တော်တို့သောက်တော့ မနေနိုင်၊ ဝင်တွယ်ပော့သည်။ သောက်ပြီး ဗိသနိုးမြို့ဟောင်းသို့ ခရီးဆက်ကြရာ မိုင် (၂၀) ကျော်ခန့် မောင်းရသေးသည်။ မြို့ဟောင်းနယ်မြေ၊ မှဲဦးရှေ့ရောက်တော့ ကျွန်တော် ဆက်မောင်းခိုင်းသည်။ (၇) မိုင်ခန့်ဝေးသည့် ကုက္ကိုခွရွာရောက်မှ အင်းစိန်ဗိုလ်ကြီးမောင်မောင် စာရေးပေးလိုက်သော ဦးစစ်စိန်အိမ်ကို ရှာရသည်။

တော်ပါသေးသည်။ လမ်းဘေးရွာအလယ်တွင် ဦးစစ်စိန်တို့အိမ် လွယ်တကူ ရှာတွေ့သည်။ ဗိုလ်ကြီးမောင်မောင်စာကို ပေးလိုက်တော့ စိန်နှင့် သူ့မိသားစုက လှိုက်လှဲစွာ ကြိုဆို၍ အညာအကြော်မျိုးစုံနှင့် ဆီတိုက်ရင်း ညှော်ခံသည်။ ဆရာတော်၏ တပည့်ရင်း ဗိုလ်ကြီးမောင်မောင်ကို သူတို့ အလွန်ခင်မင်ကြဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီးသည်နှင့် အိမ်ရှင်ဦးစစ်စိန်က ကျွန်တော်တို့လေ့လာလိုသော ရန်ပယ်ချောင်းနှင့် တံတားကို လိုက်ပြသည်။ ရန်ပယ်ချောင်းမှာ ဆောင်ဦးပေါက်ရာသီဖြစ်၍ ရေစပ်စပ်သာရှိတော့ပြီး သဲသောင်များ ထွန်းနေသည်။ အကျယ်က ပေ (၂၀၀) ကျော်ခန့်တော့ ရှိပါလိမ့်မည်။ ဗိဿနိုးမြို့ဟောင်းအား ကွေ့ပိုက်၍ ရစ်ခွေ စီးဆင်းနေခြင်းဖြစ်သည်။ ယခင် ပန်ထွာဘုရင်မခေတ်ကတော့ ယခုလို ဟုတ်ဟန်မတူပါ။ ရေအလျှင် တသွင်သွင် စီးဆင်းနေပြီး မဟာအတုလစည်တော်ကြီးကို အရေးပေါ် တီးခတ်ပါက လှိုင်းတံပိုးနှင့် ရေအလုံးအရင်း စီးပေလိမ့်မည်။

ကုက္ကိုခွရွာမှ နန်းတွင်းဆရာတော်ကျောင်းသို့ ပြန်ဝင်ရင်း ဦးစစ်စိန် လမ်းညွှန်သဖြင့် ပန်ထွာဘုရင်တည်ထားကိုးကွယ်သော ရွှေရောင်တော်ဘုရားသို့ အရင် ဝင်ရောက်၍ ဦးခိုက်ဖူးမြော်ပြီး ပန်ထွာဘုရင်မအား မေတ္တာပို့၍ အမျှဝေသည်။ အမှတ်တရဓာတ်ပုံများလည်း ရိုက်ကြသည်။ ဘုရားကုန်းအနောက်ဘက်၌ ရန်ပယ်ချောင်း၊ ကျန်သည့်ဘက်တွင်တော့ အနိမ့်ပိုင်းဖြစ်၍လားမသိ ချောင်းရေက ရှိနေသည်။ လှေဆိပ်၊ ငှက်သမ္ဘန်လေးများလည်း ရှိသည်။

တစ်ဖက်ကမ်း အိုးထိန်းတောင်ပေါ်၌ ဘုရားစေတီကလေးများ တည်ထားသည်။ ပန်ထွာဘုရင်မ၏ အတိတ်အကြောင်းအရာများကို စဉ်းစားလိုက်တော့ လွမ်းမောကြေကွဲစရာ မြင်ကွင်းပင်ဖြစ်သည်။ ကျွန်တော်တို့ ဘုရားအား လှည့်ပတ်ဖူးပြီး ပြန်ခဲ့ကြရာ အပြန်လမ်း၌ ရှေးဟောင်းသုတေသနဌာနက တူးဖော်နေသော ရှေးခေတ်က အဆောက်အအုံဟောင်းများ နေရာသို့ ဝင်သည်။ ဘုန်းတော်ကြီးကျောင်းဟောင်းနှင့် ဘုရင်မနန်းတော်ရာသို့ ဝင်ရာ စည်တော်ကြီးနေရာအနီးရှိ ကျောက်ပလ္လင်ကြီးမှာ ဗိုလ်ကြီးမောင်မောင်ပြောခဲ့သလို ပလ္လင်ဖြစ်၍ ကျောက်သားမျက်နှာပြင် အစွန်း၌ ဓားဒဏ်ရာများအပြည့် ဖြစ်နေသည်။

နန်းတော်နေရာ အနောက်ဘက်တွင် အခန်းများဖွဲ့စည်းထားသော်လည်း အလွန်ကျဉ်းသည်။ ပန်ထွာဘုရင်မ၏ အရိုးစုဟု ယူဆရသော (၄) ပေ (၂) လက်မရှိ အရပ်အမောင်းနှင့် ယခုတွေ့မြင်ရသော တိုက်ခန်းကလေး





များမှာ ကျဉ်းမြောင်းလှပါသည်။ နန်းတော်ကုန်းနှင့် ဘုန်းကြီးကျောင်းအနီးတွင် တွေ့မြင်ရသော တစောင်းပင် (တန်ဆောင်းပြာသာဒ်)ကြီးမှာ အလွန်နှစ်ရှည်ကြာပြီဖြစ်သဖြင့် ပင်စည်ရိုးတံကြီးမှာလူ နှစ်ရပ်ခန့်မြင့်၍ ထွားဆိုင်ကျောက်လုံးပတ်ရှိသည်။ အပေါ်၌ ဓာဒ်ပင်လို အရိုးအရွက်များက ပြန့်ကားနေပြီး ထီးမိုးသကဲ့သို့ ဖြစ်တည်နေသည်။

ကျွန်တော် အညာဒေသအနှံ့ ရောက်ဖူးသော်လည်း ပင်စည်ထွက်သော တန်ဆောင်းပြာသာဒ်ပင်ကို မမြင်ခဲ့ဘူးပါ။ ထို့ကြောင့် ဓာတ်ပုံလည်း ရိုက်ခဲ့ပါသည်။ နန်းတော်ကုန်းအနီးမှာ အချက်အချာကျသော နေရာဖြစ်သဖြင့် ရှေးဟောင်းသုတေသနဝန်ထမ်းများ နှစ်ရှည်လျားစွာ သုတေသနပြု၍ စနစ်တကျ တူးဖော်နေကြသဖြင့် ယနေ့ထက်တိုင် ပြီးဆုံးခြင်း မရှိသေးပါ။

ကျွန်တော်တို့ ပြန်ခဲ့ကြပြီး နန်းကွင်းကျောင်းသို့ ဝင်သည်။ နန်းကွင်းကျောင်းဝန်းအတွင်း၌ စိန်တော်ရောင်ဘုရားကို သပ္ပာယ်စွာ ဖူးတွေ့ရပြီး ကျောင်းဝန်းကြီးမှာ ကျယ်ဝန်းလှသည်။ အရိပ်ရ ကန္တာရပင်ကြီးများနှင့် သရက်ပင်ကြီးများက အတော်ကြီးထွားနေပြီဖြစ်သဖြင့် ကျောင်းဝင်းအတွင်းမှာ အလွန်အရိပ်ကောင်းပြီး အေးချမ်းလှသည်။ နန်းတွင်းကျောင်းဆရာတော် [illegible] ဦးပဥ္စင်းတစ်ပါးက ကျောင်းထိုင်လုပ်နေသဖြင့် ဦးစစ်စိန်က ကျွန်တော်တို့အဖွဲ့နှင့် မိတ်ဆက်ပေးသည်။

ဗိုလ်ကြီးမောင်မောင်၏ အပေါင်းအသင်း၊ စာရေးဆရာအဖွဲ့ဟု သိသည်နှင့် ကျောင်းဆောင်သစ်ကြီးတစ်ဆောင်၏ အပေါ်ထပ်တွင် နေရာပေး [illegible] အချက်အပြုတ်တာဝန်ခံ ဒကာ၊ ဒကာမများကိုလည်း ကျွန်တော်တို့အတွက် ညနေစာ စီစဉ်ချက်ပြုတ်ရန် ချက်ချင်းနိုင်းတော့သည်။ ရွာဆက် [illegible]ည်းဝေ၊ ညနေစောင်းပြီဖြစ်သဖြင့် ကျွန်တော်တို့ ဘုန်းကြီးကျောင်း [illegible] အိပ်ဝက်အနားယူရန် စီစဉ်ကြသည်။

ဦးစစ်စိန်အား ကုက္ကိုခွရွာသို့ ပြန်လိုက်ပို့ရန်ရှိသဖြင့် ကျွန်တော်တို့ [illegible]ကားကလေးဖြင့် ပြန်လည်ထွက်ခွာလာကြရင်း ဘုန်းတော်ကြီးများ [illegible]အား ပြောကြရင်း ဦးစစ်စိန်က . . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီကျောင်းမှာ ဆွမ်းကွမ်းတော့ ပေါပါတယ်။ အသားစိုတော့ ရှားတယ်။ အခြောက်အခြမ်းနဲ့ ဟင်းသီးဟင်းရွက်ဟင်းပေါ့"

ထိုစဉ် ကျွန်တော်က ...

"ကြက်၊ ဝက် ဝယ်မရနိုင်ဘူးလား ... ဦးလေး"

"ရှားတယ်။ ပေါ်တဲ့နေ့ကျမှ ရနိုင်ပါတယ်"

"ကြက်၊ ဘဲ ကော မရနိုင်ဘူးလား ... ဦးလေး"

"ဘာဖြစ်လို့မေးတာလဲ ... ဆရာလေး"

"သြော် ... အသားစို ရှားပါးတယ်ဆိုတော့ ဘုန်းတော်ကြီးတွေကို မနက်ဖြန်မနက် အရုဏ်ဆွမ်း ကပ်ချင်လို့ပါ"

"အင်း ... ကျွန်တော့်သမီးကို ရွာထဲမှာ ရှာခိုင်းရင်တော့ ကြက်တစ်ကောင်လောက် ရနိုင်မယ်ထင်တယ်။ ဘဲတော့ မရှိဘူးဗျာ"

"လုပ်စမ်းပါ ... ဦးလေးရယ်၊ ရရာပေါ့"

"ဟုတ်ကဲ့ ခင်ဗျာ"

ကျွန်တော်တို့ ဗိဿနိုးမြို့ဟောင်းပြတိုက်သို့ ဝင်၍ လေ့လာရင်း မှတ်တမ်းမှတ်ရာ စာအုပ်များ ဝယ်ကြသည်။ ထိုမှ (၁၀) မိုင်ခန့်ဝေးသော ကုက္ကိုခွရွာသို့ သွားကြသည်။ ဦးစစ်စိန်က သူ့သမီးအား ကြက်တစ်ကောင် ရှာခိုင်းရာ ရတော့ တစ်ပိဿာ ခြောက်ဆယ်သားခန့်ရှိသော ကြက်ဖကြီး တစ်သောင်းကျပ်ကျော် ပေးရသည်။ ကျွန်တော်တို့ ဦးစစ်စိန်မိသားစုအား ကျေးဇူးတင်စကားဆိုပြီး နန်းတွင်းကျောင်းသို့ ပြန်ခဲ့ကြသည်။

နှစ်ထပ်ကျောင်းဆောင်ပေါ်တွင် နေရာယူပြီး ဗိုလ်ကြီးမောင်မောင်တူး၍လှူခဲ့သော အဝီစိတွင်းနှင့် ရေချိုးကန်တွင် ရေသွားချိုးကြသည်။ ရေမှာ ညအချိန်ဖြစ်၍လားမသိ အလွန်အေးသည်။ ရေချိုးပြီးတော့ ဆွမ်းစားကျောင်းဆောင်တွင် ညစာ သွားစားကြသည်။ ငါးခြောက်ငါးခြမ်းဟင်း အသီးအရွက်ကြော် အတော်စုံပါသည်။ ကျောင်းထိုင်ဆရာတော်ကိုယ်တိုင် ညွှန်ခံသည်။ လျှပ်စစ်မီးတော့ မရှိ။ မီးတိုင်ကလေးဖြင့် ဖြစ်သည်။

ညစာစား၍ အလွန်မြိန်ကြသည်။ စားအပြီး အချိုပွဲလည်း ပါသေးသည်။ ကျောင်းထိုင်ဆရာတော်က နန်းတွင်းဆရာတော် ပုပ္ပါးကျောင်းသို့





ကြွနေကြောင်းနှင့် ယခု ဤကျောင်း (ဓမ္မရွှေမိတ်ဆက်) အကြောင်း ပြောသည်။ ကျွန်တော်တို့ သိလိုရာမေးပြီး မနက်ဖြန်မနက် ကျွန်တော်တို့အဖွဲ့က အရုဏ်ဆွမ်းကပ်ရန် လျှောက်ပါသည်။

အပြန်တွင် ကျောင်းထိုင်ဆရာတော်ကိုယ်တိုင် ကျွန်တော်တို့ ညအိပ်တည်းခိုမည့် နှစ်ထပ်ကျောင်းဆောင်သစ်ကြီးသို့ လိုက်ပို့သည်။ လမ်းတွင် SOLAR ပြားနှင့် မီးချောင်းထွန်းထားသော မီးတိုင်တစ်ခုကို တွေ့ရသည်။ သုံးသိန်းခွဲခန့်ကုန်ကြောင်း သိရသည်။ လမ်းက အတော်မှောင်နေသည်။ မီးတိုင်အနီး၌ နန်းတွင်းဆရာတော်ကိုယ်တိုင် စိုက်ပျိုးထားသော ပေါက်ပန်းဖြူ (အနီရောင်) ပင်ကို ဖူးပင့်စေလျက် တွေ့ရသည်။ ကျွန်တော်တို့ မြင်တွေ့ဖူးသည်မှာ ပေါက်ပန်းဖြူ။ အဖြူရောင်ပွင့်သည့် အပင်သာ မြင်ဖူးသည်။

နှစ်ထပ်ကျောင်းဆောင်သစ်ကြီးမှာ အလွန် ကျယ်ဝန်းသည်။ ဘုရားကျောင်းဆောင်ရှေ့တွင် ဖယောင်းတိုင်ထွန်းပြီး တန်းစီအိပ်ကြရသည်။ အခွာရတော ဝိုင်းနေသော်လည်း ခြင်တစ်ကောင်မှမရှိ။ ခြင်တစ်ကောင်မှ မရှိသည်မှာ အလွန်ထူးဆန်းသည်။ ဘုရားဝတ်ပြု မေတ္တာပို့ပြီး အိပ်ကြသော်လည်း နေရာသစ်ဖြစ်၍ ကျွန်တော် အိပ်မပျော်ပါ။ မီးအလင်းရောင်ရအောင် ဖယောင်းတိုင် တစ်တိုင်ပြီးတစ်တိုင် ထွန်း၍သာ အများအတွက် အိပ်ခန်းစောင့်ရတော့သည်။

ဒုက္ခပေးသည်ကတော့ မောင်ညိုမှိုင်း။ (၂)နာရီခန့် တစ်ခါထ၍ အပေါ့သွားသဖြင့် လက်နှိပ်ဓာတ်မီးဖြင့် အိမ်သာသို့ လိုက်ပို့ရသည်။ အစောင့်အကြပ်ကြီးသောနယ်မြေ၊ ဘုန်းကြီးကျောင်းဝင်းအတွင်းလည်း ဖြစ်သောကြောင့် နီးစပ်ရာတွင် အပေါ့မစွန့်ရဲ။ မြွေ၊ ကင်း အန္တရာယ်လည်း ကြောက်သေးသည်။ ထို့ကြောင့် တစ်ဖာလုံခန့်ဝေးသော အိမ်သာသို့ လိုက်ပို့ရသည်။ အခေါက်ပေါင်းများစွာ၍ အိပ်မပျော်တော့။

ထို့ကြောင့် အရုဏ်ဦးတွင် စောစောထ၍ ဘုရားဝတ်ပြုသည်။ ပုတီးစိပ်၊ တရားထိုင်၍ မေတ္တာပို့ အမျှဝေသည်။ ဆန်းကြယ်သည်ကတော့ ကျောင်းတွင် ညက အိပ်ရေးပျက်သော်လည်း လူမှာ လန်းဆန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ပြန်ခါနီး မနက်စာစားတော့ ကြက်သားဟင်းပါလာသည်။ ကြက်ဖကြီးဖြစ်သော်လည်း နူးနပ်စွာ ချက်ပြုတ်ထားသည်။ ကျွန်တော်တို့ ကျောင်းထိုင်ဆရာတော်အား ဝတ်ပြုကန်တော့ပြီး နှုတ်ဆက်၍ ထွက်ခဲ့ပါတော့သည်။

✿ ✿ ✿

[၃]

❏

အပြန်၌ မကွေးမြို့ဘက်မှ လှည့်ပြန်မည်ဖြစ်သဖြင့် ကုက္ကိုခွဲရွာ ဦးစစ်စိန်တို့အိမ်သို့ ဝင်၍ နှုတ်ဆက်သည်။ ပုပ္ပားသွား၍ နန်းတွင်ဆရာတော်အား ဝင်ဖူးမည်ဟုဆိုသဖြင့် ဦးစစ်စိန်က ပုပ္ပားကျောင်းသို့ ကြိုတင်ဖုန်းဆက်ပေးသည်။ ဗိဿနိုး၊ မကွေး ကတ္တရာကားလမ်းမှာ အလွန်ကောင်းသည်။ လမ်းပြင်ဆင်ထားသဖြင့် အပေါက်အပြဲမရှိ။ ကားအသွားအလာလည်း နည်းသည်။ အညာဒေသဖြစ်၍ပင် မတူ။ ပတ်ဝန်းကျင်က လွန်စွာ စိမ်းလန်းစိုပြေနေသည်။ အချို့နေရာများ၌ ရေကန်များက ရေမခမ်းသေး။ ထန်းပင်များက ရေကန်ကျယ်ကြီးထဲ ပေါက်နေသည်မှာ အမြင်ထူးနေပြန်သည်။

မကွေးမြသလွန်ဘုရား ဖူးကြသည်။ အလှူငွေ ထည့်သည်။ ဓာတ်ပုံများ ရိုက်ကြသည်။ ပြီးသည်နှင့် မကွေးမြို့ထွက် သံအလွန်ကောင်းသော ဓားများ ဝယ်ကြသည်။ ပြီးနောက် ပုပ္ပားသို့ ဆက်ထွက်ခဲ့ရာ ပုပ္ပားတောင်မကြီးပေါ်သို့ နေ့လယ်(၁၂)နာရီခန့် ရောက်ကြရာ ဓမ္မရွှေမိတ်ဆက်ကျောင်းသို့ဝင်တော့ ကုက္ကိုခွဲရွာမှ ဦးစစ်စိန် ဖုန်းဆက်ထားသောကြောင့် ဦးစစ်စိန်၏ဇနီး ဒေါ်ကြည်စိန်က နေ့လယ်စာထမင်းပွဲကြီးဖြင့် အသင့်ကြိုနေပါသည်။





ပုပ္ပားက ဗိဿနိုးလို မရှားပါ။ အသားဟင်း၊ အသီးအရွက်ဟင်း အတော်စုံသည်။ ခရီးသွားရ၍ ထမင်းစားလို့လည်း အလွန်ကောင်းသည်။ ဆရာတော်ကို မတွေ့ရ။ ကျိန်းနေဟန်တူပါသည်။ ကျွန်တော်တို့လည်း ခရီးပန်းသဖြင့် ကျောင်းကြီးပေါ်၌ တုံးလုံးပက်လက် အနားယူကြသည်။ ကျောင်းကြီးမှာ ဆွမ်းစားကျောင်းဆောင် ဖြစ်ဟန်တူသော်လည်း ပေါလစ် ပြောင်ပြောင်လက်ပြီး လွန်စွာ သန့်ရှင်းသပ်ရပ်ပါသည်။ ဆွမ်းချက်ရုံက အနီးတွင် ကပ်လျက် အိမ်သာများက တောင်စောင်းမှာ။ လျှပ်စစ်မီးလည်း ရှိသည်။

ဒေါ်ကြည်စိန်မှာ ဆရာတော် ကုသပေးထားသဖြင့် ရောဂါပျောက်ကင်းသွားသောကြောင့် ဆရာတော်၏ ဝေယျာဝစ္စနှင့် ထမင်းချက်ဆောင်၏ တာဝန်ခံဖြစ်ပေးသည်။ ကျွန်တော်တို့ ဆရာတော်အား ဖူးမြော်ရန်လာမှန်း သိသော်လည်း ဆရာတော်က ခွင့်ပြုသေးဟန်မတူပါ။ ခေတ္တနားပြီးမှ ကျွန်တော်တို့ မေးမြန်းပြီး ဆရာတော်တည်းနေသော ဘုရားကြီးဘက်သို့ လမ်းလျှောက်ထွက်ခဲ့ပါသည်။ ပုပ္ပားတောင်ပေါ်မြေလမ်းမှာ စိုစွတ်နေသည်။ ရေမြေကောင်းသဖြင့် သစ်ပင်၊ ပန်းပင်၊ အလှဆင်ပင်များဖြင့် စိုပြည်၊ ဝေဆာနေသည်။ မိုးကလည်း မကြာခဏ ရွာတတ်ကြောင်း သိရသည်။ ပုပ္ပားကျောင်းဝရဝုဏ်မှာ တောင်တက်ကတ္တရာလမ်းဘေး၊ အတော်ကျယ်ဝန်းပါသည်။

တည်ဆောက်ဆဲ ဘုရားကြီးအောက်ခြေ၊ ဇီနပ်တော်ထုမှာ ထုထည်ကြီး အတော်ကြီးမားကျယ်ပြန့်သည်။ ကျောက်တုံးကြီးများဖြင့် အခိုင်အမာ တည်ဆောက်နေခြင်းဖြစ်သည်။ ထိုနေရာတွင်လည်း ဆရာတော်အား မဖူးတွေ့ရပါ။ ကျွန်တော်တို့ လှည့်ပတ်ဖူးမြော်အပြီး အပြန်လမ်းတွင် လက်ယာဘက်ကျောင်းကလေးတစ်ခုအတွင်းမှ လှမ်းခေါ်သံကို ကြားလိုက်ရသည်။

''ဒကာတို့ . . . ဒီကိုလာကြ''

ပန်းအလှပင်များ ဝိုင်းရံနေသော ကျောင်းကလေးအတွင်းမှ လှမ်းခေါ်ခြင်းဖြစ်သည်။ ကျွန်တော်တို့ ကြည့်လိုက်တော့ ကျောင်းရှေ့ဝရံတာတွင် ထိုင်ခုံတစ်လုံးနှင့် ထိုင်နေသော ဘုန်းတော်ကြီးတစ်ပါးကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခြေထောက်ဆေးပြီး ကျောင်းပေါ်တက်ခဲ့ကြ"

"တင်ပါ့ဘုရား"

ကိုညိုမှိုင်းနှင့် ကိုတင်ထွန်းက အင်္ဂတေစကြံလမ်းဘေးတွင် တွေ့ရသော အုတ်ရေကန်ကလေးမှ ရေကို ခပ်၍ ခြေဆေးရန်အလုပ် ...

"အဲဒါ ငါးရေချိုးတဲ့ကန် ခြေမဆေးနဲ့။ ဒကာတို့ ငရဲကြီးလိမ့်မယ်။ တခြားက ခပ်ဆေး"

"တင်ပါ့ဘုရား"

ကားဆရာ ကိုသောင်းလှိုင်က ခြေမြန်လက်မြန်လည်း တစ်ဖက်ကျောင်းဘေး၊ အုတ်ရေကန်မှရေကို ရေပုံးဖြင့် ပြေးခပ်သည်။ ကျွန်တော်က ကျောင်းပေါ်တက်ရန် တန်းစီနေသည်မှာ နောက်ဆုံးကဖြစ်သော်လည်း ခြေအရင်ဆေးရသဖြင့် ကျောင်းပေါ်တက်တော့ ရှေ့ဆုံးကဖြစ်နေသည်။ အတက်အဆင်းအတက်အပေါက်ဝတွင် ခြေသုတ်ရန် သက်န်းစကလေး ခင်းထားသည်။ ကျွန်တော်လည်း အမှတ်တမဲ့ နင်းလိုက်မိစဉ် ...

"ဒကာ ... အဲဒီသင်္ကန်းစကို ခြေမသုတ်နဲ့၊ ငရဲကြီးလိမ့်မယ်။ ဟိုးက စကြံန်ထောင့်မှာ ခြေသုတ်ခုံရှိတယ်။ ယူချေ။ အဲဒါနဲ့ သုတ်"

ကျွန်တော် အပြေးအလွှားယူပြီး ချခင်းပေးရသည်။ လူစုံတက်ပြီး ဆရာတော်ရှေ့တွေ ထိုင်မိတော့မှ ...

"ဒကာတို့ ... ဘယ်ကလာကြတာလဲ"

"တပည့်တော်တို့ ရန်ကုန်ကပါဘုရား။ ရန်ကုန် အင်းစိန်က ဗိုလ်ကြီးမောင်မောင်ရဲ့ အပေါင်းအသင်းတွေပါ။ သူ ညွှန်လိုက်လို့ လာတာပါ။ ညကတော့ အရှင်ဘုရားရဲ့ ဗိဿနိုးနန်းတွင်းကျောင်းထဲမှာ ညအိပ်ခဲ့ပါတယ်ဘုရား"

"ဒကာကြီးနာမည်က ဘယ်သူလဲ"

"ဦးသိန်းဝင်းပါဘုရား"

"နာမည်ရှေ့မှာ 'ဦး' မတပ်နဲ့၊ သိန်းဝင်းလို့ပဲပြော"

"တင်ပါ့ဘုရား"

"ပြန်ပြောလေ"

"သိန်းဝင်းပါဘုရား"





"ဟုတ်ပြီ ... နောက်တစ်ယောက်"

"တင်ထွန်းပါဘုရား"

"နောက်တစ်ယောက်ကရော ..."

"စာရေးဆရာ မောင်ညိုမှိုင်းပါဘုရား"

"ပြန်ပြောစမ်း"

"ညိုမှိုင်းပါဘုရား"

"အေး ... အဲလိုမှပေါ့။ ဒါနဲ့ မင်းနဖူးက ပြောင်လှချည်လား။ ဆံဝင် တစ်မွေးနှစ်မွေးနဲ့ ဖုံးထားတာတောင် မလုံဘူး။ ပြောင်ကြီးလို့ ခေါ်မယ်နဲ့တူတယ်"

"နောက်တစ်ယောက်က ခေါင်းတုံး။ မင်းနာမည်ကရော ဘယ်သူလဲ"

"ကျွန်တော့်နာမည် သောင်းလှိုင်ပါခင်ဗျား"

"ဟုတ်ပြီ။ နေဦး ... ဟိုတစ်ကောင်က နွားထိုင် ထိုင်မနေနဲ့။ ကြီး ... ပြင်ထိုင်"

ကိုတင်ထွန်းသား သူရိန်ထွန်းဖြစ်သည်။ သူက ဘောင်းဘီရှည်ဝတ်သားတော့ ပုဆစ်တုပ် ထိုင်မရသဖြင့် အဆင်ပြေသလို ထိုင်ခြင်းဖြစ်သည်။ သူရိန်ထွန်းက ပြန်ထိုင်ရင်း ...

"သူရိန်ထွန်းပါ ဘုရား"

"အေး ... ဘုန်းကြီးနဲ့တွေ့ရင် ရှိရှိသေသေ ကြို့ကြို့ရို့ရို့ထိုင်ရမယ် ... ကြားလား။ မင်းမိဘတွေက သင်မထားဘူးလား"

"တင်ပါ့ ဘုရား"

"အေး ... သားသမီးကို ငယ်စဉ်ကတည်းက အလိုလိုက်ပြီး မဆုံးမတတ်ရင် မိဘလုပ်သူမှာ အပြစ်ရှိတယ်။ မင်းက ဘယ်သူ့သားလဲ"

"ဦးတင်ထွန်းသားပါ ဘုရား"

သူရိန်ထွန်းက သူ့ရှေ့တွင်ထိုင်နေသော သူ့အဖေ ဦးတင်ထွန်းအား ညွှန်ပြရင်း ပြောတော့ ...

ဆရာတော်က ...

"အေး ... အဲဒါ မိဘလုပ်ပြီး တုံးတဲ့ ငတုံးတွေပဲ။ မိဘဆိုတာ ဘုံဦးဆရာမည်တယ်။ ပုပ္ပစရိယ မိနဲ့ဖလို့ ဆိုတယ်မဟုတ်လား။ အနန္တော



www.burmeseclassic.com

www.burmeseclassic.com



အနန္တဂိုဏ်းဝင်ဖြစ်အောင်လည်း မိဘဆိုတာ ရှေ့ဆောင်လမ်းပြ သွန်သင်ဆုံးမရတယ်''

ထိုစဉ် ကိုတင်ထွန်းက ...

''တင်ပါ့ဘုရား ... တပည့်တော်သားက မနာခံဘူးဘုရား။ မိုက်ပါတယ်။ ဆုံးမပဲ့ပြင်ပေးတော်မူပါဘုရား''

ထိုစဉ် မောင်ညိုမှိုင်းက သူ့ဘက်လှည့်လာတော့မည်ဖြစ်သဖြင့်–

''မှန်ပါ့ဘုရား ... ဟုတ်ပါ့ဘုရား''

ဟု အကြိမ်ကြိမ်ဆိုကာ ဦးကုန်းချနေသည်။

ဆရာတော်က မောင်ညိုမှိုင်းကို သနား၍လားမသိ၊ စကားဦးကြောင်းတော်ဘက် လှည့်လာပြန်သည်။

''အကာကြီး ... တရားရှာ ဘယ်မှာတွေ့မလဲ''

''မှန်ပါ့ ... တရားရှာ ကိုယ်မှာတွေ့ပါတယ်လို့ စာဆိုရှိပါတယ်ဘုရား''

''ဇော်း ... တရားရှာတယ်ဆိုတာ နှာသီးဖျားမှာ ထွက်လေဝင်လေနဲ့ ရှာရတာ ... မှတ်ထား''

ဆရာတော်ဘုန်းကြီးဆိုတော့ ပြန်မပြောရဲပါ။ ဆရာတော်မိန့်သည်မှာ တရားထိုင်ခြင်းဖြစ်သည်။ နှာသီးဖျားဆိုတာကလည်း ခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ခုပင် မဟုတ်ပါလား''

ထိုစဉ် ကိုတင်ထွန်းက ...

''ဆရာတော်ဘုရား ... တပည့်တော်သား မလိမ္မာ၍ ဆုံးမ,ပေးတော်မူပါဦး ဘုရား''

''အေး ... အေး ... ဟိုနွား ... လာခဲ့''

ကိုတင်ထွန်းက နှစ်ကြိမ်မြောက်လျှောက်ထားမှ ဆရာတော်က သူရိန်ထွန်းအား အနီးသို့ ခေါ်သည်။

''မျက်မှန်ချွတ်စမ်း''

သူရိန်ထွန်းက ခေါင်းသပ်၊ ကျောသပ်၍ ဆရာတော်က မန်းမှုတ်ပေးမည်ဟု ထင်ထားသော်လည်း ဆံပင်ဆွဲ၍ နားအုံအား ဘယ်ပြန်ညာပြန် ရိုက်တော့သည်။





''ဖြောင်း ... ဖြောင်း ...''

''ကဲ ... မှတ်ပြီလား၊ အခုအချိန်ကစပြီး လိမ္မာတော့ ... ကြားသား''

သူရိန်ထွန်းမှာ ရှုံ့မဲ့၍ ...

''တင်ပါ့ဘုရား''

ဟု ပြောဆိုကာ နေရာတွင် ပြန်ထိုင်သည်။

ကျွန်တော်က ဆရာတော် စိတ်ပြေစေရန် ဝင်ရောက်ကာ ...

''ဆရာတော်ဘုရား ... ဗိုလ်ကြီးမောင်မောင်က ဆရာတော်ဘုရားပေးထားတဲ့ ဓာတ်တော်တွေကို စိတ်ချရတဲ့ ကားကြုံရှိမှ လာပို့မယ်လို့ မှာလိုက်ပါတယ် ဘုရား''

''အိမ်း ... မင်းတို့နဲ့ ကြုံနေတာ။ ပေးလိုက်ရင် ရရဲ့သားနဲ့''

''မှန်ပါ့ ... သူကိုယ်တိုင် ဆရာတော်ဘုရားကိုလည်း ဖူးရင်းလာပို့ချင်ဟန်တူပါတယ်ဘုရား။ အခုတော့ သူ အလုပ်များနေလို့ တပည့်တော်တို့ခေါ်ပေမဲ့ လိုက်မလာနိုင်တာပါဘုရား''

''အိမ်း ... အိမ်း ... မောင်မောင်က အလွန် ဖြူစင်ရိုးသားပါတယ်။ စေတနာ သဒ္ဒါတရားလည်း အားကြီးတယ်။ အဲဒီကောင်က ဗိုလ်ချုပ်အောင်ဆန်းဝင်စားတာ''

''မှန်ပါ့ဘုရား''

ကျွန်တော်တို့အုပ်စု စုဆောင်းကောက်ယူထားသော အလှူငွေတစ်သိန်းနှင့် ကိုတင်ထွန်းက သူ့မိခင်အတွက်ရည်စူး၍ အလှူငွေငါးသောင်း၊ ဆရာတော် ဘုရားတည်ရန်အတွက် လှူဒါန်းရာ ဆရာတော်က ...

''အိမ်း ... ငါ ဘုရားတည်တာ အလှူမခံဘူး။ အခုလို ကြုံတဲ့အကာတွေနဲ့ ဒကာရင်း၊ ဒါယိကာရင်းတွေက လှူဒါန်းကြတာပါပဲ။ ဒါနဲ့ ဖြစ်သွားတာပဲ။ ပဋ္ဌာန်းဆက် ဆွေတော်မျိုးတော်တွေ၊ သူ့ဘာသာ လာလှူကြလိမ့်မယ်။ ဒါနဲ့ ဒကာတို့ ဒီည ဒီကျောင်းမှာ ညအိပ်မှာလား၊ အစားအသောက်ကတော့ သင့်သလို စားရမှာပေါ့။ မဆင်းရဲပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ့ဘုရား ... တပည့်တော်တို့က ပုဂံကို ဆက်သွားရမှာပါ ဘုရား။ ညမအိပ်နိုင်တော့ပါဘူးဘုရား။ ပုဂံက လောကနတ်ဟိုတယ်မှာ ကြို တင်မှာထားလို့ပါဘုရား"

"အင်း ... သူ့ဧွ်း စာရေးဆရာတွေပဲ။ ဒီမှာအိပ်တော့ အစား အသောက်ရော၊ တည်းခိုခန်းခပါ မကုန်တော့ဘူးပေါ့"

"တင်ပါ့ဘုရား ... ပုဂံမှာ ဘုရားဖူးရဦးမှာပါ ဘုရား"

"အိမ်း ... အိမ်း ..."

ဆရာတော်က လှူဒါန်းသောကြောင့် ဆုမပေးပါ။ ငွေလည်း တောင်းပါ။ တပည့်မ ဒေါ်ကြည်စိန်ကို ခေါ်၍ အပ်သည်။ ကျွန်တော်တို့ ဆရာတော်အား ဝတ်ပြည့်ပြီး ဆွမ်းစားဆောင်သို့ ပြန်ခဲ့ရာ ဒေါ်ကြည်စိန်နှင့် ဥပါသကာများက ...

"ဆရာတို့ အလွန်ကံထူးတယ်။ ဆရာတော်က ဘယ်သူနဲ့မှ အခု လို ကြာကြာ စကားမပြောတတ်ဘူး။ ဆရာတို့နဲ့မှ လိုက်လိုက်လှဲလှဲပဲ ညတောင် အိပ်ခိုင်းသေးတယ်နော်"

"ဟုတ်ပါ့ဗျာ ... ကျွန်တော်တို့က ဆရာတော်နဲ့ ပဋ္ဌာန်းဆက်တွေ ထင်ပါရဲ့ ပွင့်ပွင့်လင်းလင်း စကားပြောခဲ့ရတာ အလွန်ဝမ်းသာပါတယ်"

ကျွန်တော်တို့ ပုပ္ပားတောင်မကြီးပေါ်က ဆင်း၍ ဈာတ္တပန်းဆက် လမ်းအတိုင်း ပုဂံသို့ ယွန်းခဲ့ကြပါသည်။ ပုဂံရှေ့ဟောင်းနယ်မြေကို ဖြတ်ပြီး မြို့သစ်ဆီသို့ ဦးတည်ခဲ့ကြသည်။ မြို့ဟောင်းနှင့် မြို့သစ်မှာ အလွန် ဝေးသည်။ ပုဂံလမ်းက ထနောင်းပင်စိမ်းစိမ်းများကြား လမ်းဘေးတွင် ပုဂံ ရှေးဟောင်းအမွေအနှစ် အုတ်နီရောင်ဘုရားများက လက်ညှိုးထိုး မလွဲပါ။ ယခင် (၂၀၀၀) ခုနှစ်ခန့်က ရောက်ဖူးစဉ်ကနှင့် မတူတော့။

ဒေသတစ်ခုလုံး စိမ်းလန်းစိုပြေ၍ အဆောက်အအုံ၊ ဟိုတယ်များ။ ဆိုင်ခန်းများဖြင့် လွန်စွာ ထည်ဝါခန့်ညားနေသည်။ ကတ္တရာလမ်းကလည်း ချောမွေ့ပြီး မည်းနက်နေသည်။ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများ။ အလာများ၍ ခေတ်မီအောင် ပြင်ဆင်ထားခြင်းဖြစ်ပါလိမ့်မည်။

✿ ✿ ✿

[၄]

❑

ပုဂံမြို့သစ်ရောက်တော့ မှောင်ချေပြီ။ လမ်းဆုံတွင် လောကနတ် ဟိုတယ်ကို မေးပြီး သွားကြသည်။ လောကနတ်ဟိုတယ်ပိုင်ရှင် ဦးမျိုးနှင့် ဒေါ်စန်းစန်းထွန်းက ကျွန်တော်၏ စာဖတ်ပရိသတ်။ သူတို့က ဖိတ်ထား သဖြင့် ကျွန်တော်တို့ ပုဂံဘုရားများဖူးရင်း တကူးတက လာရောက်ကြခြင်း ဖြစ်ပါသည်။ ဟိုတယ်တွင် ဦးမျိုးတို့ ဇနီးမောင်နှံ မရှိသော်လည်း မန်နေဂျာ အား မှာထားသဖြင့် အလွန်အဆင်ပြေစွာ စီစဉ်ပေးသည်။

ကိုတင်ထွန်းနှင့် သူ့သား သူရိန်ထွန်းက (၂) ယောက်အိပ်ခန်း တစ်ခန်းယူ၍ ကျွန်တော်၊ ကိုညိုမှိုင်းနှင့် ကားဆရာ ကိုသောင်းလှိုင်တို့က နှစ်ယောက်အိပ်ခန်းတွင် ခုတင်တစ်လုံးတိုး၍ (၃) ယောက် တည်းခိုကြ သည်။ အအေးခန်းဖြစ်သည်။ အိပ်ရာများ အလွန်သန့်သည်။ ရေချိုးခန်း၊ အိမ်သာခန်းလည်း အလွန်ကောင်းပါသည်။ TV လည်း လိုင်းစုံပေးထား သည်။ ရေခဲသေတ္တာထဲ၌ ရေသန့်နှင့် အချိုရည်ပုလင်းများက အရန်သင့်။ ဈေးနှုန်းက တစ်ခန်း (၄၀၀၀ဝိ/-) ကျပ်။ သတ်မှတ်ထားသော်လည်း ကျွန် တော်တို့ စာရေးဆရာများအတွက် တစ်ဝက်ဈေး (၂၀၀၀ဝိ/-) ကျပ်သာ ယူပါသည်။ မနက်စာလည်း ကျွေးမည်ဖြစ်သည်။

www.burmeseclassic.com



ကျွန်တော်တို့ ရေမိုးချိုးပြီး ညစာစားရန် အပြင်သို့ ပြန်ထွက်ခဲ့သည်။ ပုဂံမြို့သစ်လမ်းဆုံအနီးရှိ ပွင့်မာလာ မြန်မာ့ဘူဖေးထမင်းဆိုင်ကြီးသို့ ဝင်ကြသည်။ ပိုင်ရှင်ဦးကျော်ကလည်း အလွန်ဖော်ရွေသည်။ သမီးများကလည်း ဆက်ဆံရေး အလွန်ကောင်းသည်။

မြန်မာ့ဘူဖေးဆိုင်ဆိုသော်လည်း ချက်ပြီးသား ဟင်းခွက် (၂၀) ခန့်အပြင် မှာကြားသည့် ဟင်းများအပြင် လက်ဆောင်ဟင်းလျာများများအား ပူပူနွေးနွေး လာချပေးသည်။ ပဲကြီးနှပ်နှင့် ကြက်ဥ၊ ခွေးတောက်ရွက်ကြော်မှာ အလွန်အရသာရှိသည်။ မောင်ညိုမှိုင်းကတော့ အညာပုဂံတွင် ပုစွန်တုပ်ဟင်း မှာပြန်သည်။ အညာရောက်မှ ပုစွန်တုပ်ဟင်း သွေးတောင်းနေပုံရတူပါသည်။

ဟင်းများ ပြင်ဆင်နေစဉ် ကားဆရာ ကိုသောင်းလှိုင်(ခေါင်းတုံး)က သွေးတောင်းပြန်သဖြင့် ဦးကျော်ဆိုင်တွင် မရောင်းသော အရက်နှင့် ဘီယာကို အပြင်ထွက်၍ တိုက်ရသေးသည်။ ကိုသောင်းလှိုင်မှာ ကားသမားပီပီ အစားစားခါနီး အချိန်မှန် ယမကာကလေး မှီဝဲတတ်ပါသည်။ ထိုညက ဟင်းလက်ရာကောင်းပြီး ဟင်းစုံသဖြင့် ကျွန်တော်တို့ ညစာထမင်း အလွန်စားမြိန်ကြသည်။ ဆိုင်ပိုင်ရှင်ဦးကျော်၏ သမီးများကလည်း စေတနာအလွန်ကောင်းသည်။ ပွင့်ဆိုသည့် အကြီးမက ရုပ်ချောပြီး ခပ်ဝဝ။ စာရေးဆရာနှင့် အနုပညာသည်များကို အလွန်ခင်မင်တတ်သူဖြစ်၍ ဓာတ်ပုံများလည်း တွဲရိုက်ခဲ့ရသေးသည်။ ပွင့်လင်းပြီး ရိုးသားသူများ ဖြစ်ကြပါသည်။

စားသောက်ပြီးတော့ ကျွန်တော်တို့ လောကနတ်ဟိုတယ်သို့ ပြန်ကြသည်။ မန်နေဂျာအပြင် ကျွန်တော်နှင့် မြတ်သန္တာရေပေါ်ဟိုတယ်သတော်ပေါ်တွင် မန်နေဂျာအတူလုပ်ခဲ့သော ကိုဦးနှင့်လည်း တွေ့သဖြင့် ကျွန်တော်တို့က စိတ်ကူးသစ်စာအုပ်တိုက်ထုတ်စာအုပ်များအား အမှတ်တရ လက်မှတ်ရေးထိုး၍ လက်ဆောင်ပေးခဲ့ပါသေးသည်။ မနက်ဖြန် ပုဂံဘုရားစုံဖူးရန်အတွက် ဟိုတယ်မှ ညေ့လမ်းညွှန် စီစဉ်ပေးရန် ဖြစ်ပါသည်။

ည Air-con အခန်းထဲ အေးချမ်းစွာ အိပ်ရသဖြင့် အလွန်အိပ်ပျော်သည်။ မောင်ညိုမှိုင်းကတော့ ထုံးစံအတိုင်း တလှုပ်လှုပ်ထနေသည်။ သူက ဆီး မကြာခဏသွားတတ်သည်။ ရောဂါကလည်း စုံသည်လေ။ မျက်စိ





ပယောဂဆရာသည် ထောင်မှူးခေါင်းဖြူအား အတော်စိတ်ဆိုးပုံရသည်။ သို့ရာတွင် ရွှေမောင် ရှိနေ၍လားမသိ၊ ရှူးရှူးရှဲရှဲ မလုပ်ပေ။ သို့သည်နှင့် ခေါင်းဖြူကြီးအား ကြိမ်းမောင်းဟန်ဖြင့် ဆိုလိုက်၏။

"နောက်တစ်ခါ မင်းမိန်းမ တစ္ဆေပူးပါတယ်လို့ လာခေါ်စမ်း။ ငါပါ ... လိုက်မယ် လချဲ့"

ပယောဂဆရာသည် သူ့ဟာသူပြော သူ့ဟာသူ ရယ်လုပ်နေရာ ... သုံး တဝါးဝါးဖြစ်ရပြန်သည်။ ထို့နောက် သူက ရွှေမောင်အား ဆက်... နေ၏။

"တကယ်ပါ ဆရာ။ ကျွန်တော်က စေတနာနဲ့ပြောတာပါ။ ဒီပုသိမ် ...ောင်ဆိုတာ အင်္ဂလိပ်လက်ထက်ကပဲ။ ကျွန်တော် ဝါဒါဘဝနဲ့နေခဲ့လို့ ဒီ ...ောင်အကြောင်း ကျွန်တော့်လောက်သိသူ မရှိဘူး။ အင်္ဂလိပ်ပြေးခါနီး ...နှစ်က ထောင်ထဲကိုဗုံးကြဲတာ အဝင်ဝနားတင်ဘဲ လေးငါးခြောက်ယောက် ...တယ်။ ဒါက အကျဉ်းသား။ အပြင်ဘက်မှာတော့ စက်သေနတ်ထိလို့ ...ဝါဒါနှစ်ယောက် သွေးရူးသွေးတန်းနဲ့ ဆရာ့အိမ်လှေကား တက်ပြေး... လှေကားတံစက်မြိတ်မှာ နှစ်ယောက်စုံမှောက်ရက်ကြီး သေကုန်ကြ...တယ်"

ပယောဂဆရာထောင်မှူး ပြောသကဲ့သို့ ရွှေမောင်လည်း ကြားဖူး...၏။ ရွှေမောင်သည် အင်္ဂလိပ်ဝင်လာ၍ လွတ်လပ်ရေးရမှ ပုသိမ်သို့ ယခု ...အကြိမ်ရောက်သော်လည်း သူသည် ဂျပန်ခေတ်က ထောင်မှူးလုပ်၍ ...မ်တွင် တစ်နှစ်မျှ ကြာခဲ့၏။ ထိုစဉ်ကလည်း ဘူးကြီးပေါ်တွင် မည်သူမျှ ...နေခဲ့ကြပေ။ မနေကြခြင်းမှာ သရဲခြောက်၍ဟု ပြောသံကြားရ၏။ ဟုတ် ...ဟုတ်မှု ကိုယ်တိုင်မကြုံခဲ့ဖူးပေ။

ဟိုစဉ်က ရွှေမောင်မှာ အသက်နှစ်ဆယ်သာသာမျှသာ ရှိသေးရာ ...ည် အိပ်မည် လည်ပတ်မည်မျှသာ ဂရုစိုက်ခဲ့၏။ ဘာတစ္ဆေကိုမျှ သတိ ...ည်မထားခဲ့။ သူ၏တစ်သက်တွင် ဘာတစ္ဆေကိုမျှလည်း မမြင်ဖူး၍ မြင်လို ...လိုစိတ်လည်း မရှိခဲ့ပေ။ ရွှေမောင်၏စိတ်အထင် ထောင်ဘူးကြီးပေါ် ...ခြင်းမှာ ဂျပန်ခေတ် ဗုံးကျမည်စိုး၍သာ ယူဆခဲ့၏။ ထိုစဉ်က ပုသိမ် ...မြို့လုံးလိုလို အိုးပစ်အိမ်ပစ် ပြေးကြရသည်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ယခု ရွှေမောင်နှင့် ပြောနေကြသော ထောင်မှူးများအနက် ဤ ပယောဂဆရာမှတစ်ပါး မုသိမ်ထောင်တွင် ရှေးကနေဖူးကြသော ထောင်မှူး များမရှိပေ။ သို့နှင့် မျက်မြင်ကိုယ်တွေ့ ပယောဂဆရာ ပြောပြသောအခါ ရယ်သွမ်းနေကြသော ထောင်မှူးများ ရှေးကကဲ့သို့ မရယ်ကြတော့ပေ။

ရွှေမောင်မှု ကိုယ်တွေ့မဟုတ်သည့်တိုင် ကြားဖူးထား၍ အထူးအဆန်း ဟု စိတ်ထဲမှမထားသည့်တိုင် ပယောဂထောင်မှူးက ရွှေမောင်နှင့် သားမယား အတွက် ခြောက်လှန့်သည့်သဘောမဟုတ်ဘဲ တစ်စုံတစ်ခု အကာကွယ်ပေး လို၍သာ တားမနိုင်ဆီးမရပြောနေသည်ဟု ယူဆကာ နားထောင်နေ၏။

ဤကဲ့သို့ ရွှေမောင်နှင့် အပေါင်းပါတို့ နားထောင်နေကြရာ ခေါင်း ဖြူထောင်မှူးက တစ်ချက် ထလုပ်ပြန်သည်။

''လက်စသတ်တော့ . . . မအေပေးက တစ္ဆေ ဘယ်နှစ်ကောင်ရှိ တယ်ဆိုတာ ပယောဂပညာနဲ့ သိသလား အောက်မေ့ပါ၊ မုံးကျလို့ ဘယ်နှစ် ကောင်သေတာ လက်တွေ့ဖြစ်ထားတာကိုး''

ခေါင်းဖြူထောင်မှူးနှင့် ပယောဂဆရာတို့သည် ငါးဆယ်နီးပါး အရွယ်များဖြစ်ကြ၏။ သူတို့နှစ်ဦးသည် ရွှေမောင်နှင့်တကွ အခြားထောင်မှူး များထက် အတော်ကြီးကြလေရာ ခေါင်းဖြူနှစ်ဦးခွပ်ကြသည်ကို သဘောကျ၍ တဟားဟား ဖြစ်ကြရပြန်လေသည်။

ပယောဂဆရာထောင်မှူးအား ခေါင်းဖြူထောင်မှူးက နှက်သော အခါ ပယောဂဆရာသည် စိတ်ကောက်ပြီး . . .

''မအေပေး . . . မင်းနဲ့ငါနဲ့တော့ မဖြစ်ဘူးကွာ''

ဟုဆိုကာ ထိုင်ရာမှ ရှူးရှူးရှဲရှဲနှင့် ထသွားတော့သည်။

ပယောဂဆရာ ထပြေးသွားသည်ကို သဘောအကျဆုံးလူမှာ ခေါင်း ဖြူကြီးပင်ဖြစ်၏။ သူသည် ဤမျှနှင့်မကျေနပ်သေး . . .

''မင်းက ငါနဲ့ဘာဖြစ်မလဲကွ။ ငါက မင်းမယားငယ်မှမဟုတ်ဘဲ''

ဟု မကြားတကြားလုပ်သေးရာ တစ်ယောက်သော ထောင်မှူး က . . .

''ကဲ . . . ကဲ . . . တော်ပါတော့ ဆရာ။ ပယောဂဆရာက ခင်ဗျား အိမ်ကို ပုဏ္ဏကတိုက်ထားလို့ ခက်နေဦးမယ်''





ဟု လှမ်းပြောလိုက်၏။

''အိုဗျာ . . . မတောက်တခေါက်ပညာလေးနဲ့ သူ့ကိုယ်သူ ဘာ ကောင်ထင်မှန်းမသိဘူး။ တစ္ဆေဘယ်နှကောင်ရှိတာတောင် သိပြန်သတဲ့။ နား ကြားပြင်းကတ်တယ်''

ခေါင်းဖြူကြီးက ဤကဲ့သို့ပြောပြီး ရွှေမောင်အား ပြောပြန်၏။

''ဒီမယ် . . . ဆရာ၊ ဒီအကောင်ကြီးက သူ့လောက်တတ်တဲ့အကောင် ရှိဘူးလို့ ထင်နေတာ။ မယားငယ်တစ်ယောက်ရတာတောင် သူ့ပီယဆေး ကောင်းလို့လေး ဘာလေး၊ သူဒီလောက်တတ်ရင် သူ့ဒွေးသမီးမယူဘဲ ဖွတ်ချိုးမ ကို ဘာလို့ယူထားရသလဲ။ အလကားအကောင်ကြီး . . .။ ဒီလိုဆရာ . . .။ ထောင်ကြီးပေါ် တစ္ဆေရှိကော ဘာဖြစ်ရဦးမလဲ။ ကိုယ်က ဘုရားတရားနဲ့လူပဲ။ အရင်ထောင်မှူးကြီးတွေလည်း နေသွားကြတာပဲ။ ဘာမှ ကြောက်စရာမလို ဘူး''

ခေါင်းဖြူကြီးက ဤသို့ပြောသောအခါ တစ်ဦးက ဝင်ပြော၏။

''ဒီလိုလေ . . . ခေါင်းဖြူကြီးရဲ့ ဟိုက စေတနာနဲ့ ပြောတာပါ။ အမှန် တော့ တစ္ဆေရှိတာကို ကျွန်တော်တို့လည်း ကြားဖူးတာပဲ။ အခုထောင်မှူးကြီး နဲ့ အလုပ်လွှဲရတဲ့ ထောင်မှူးကြီးလင်မယားဆိုတာ သားသမီးကလည်းမရှိ၊ မိန်းမကလည်း ကြောက်ဆိုတော့ တစ်ညလုံး မီးကိုထွန်းထားတာပဲ။ ညအချိန် ထောင်ထဲ ညပတ္တရောင်ဝင်ပြီးစစ်တာတောင် မိန်းမကို ခေါ်သွားတယ်''

''သူတို့ကို ခြောက်တယ်လို့ကော ကြားရသလား''

ရွှေမောင်က မေးလိုက်လေသည်။

''သူတို့ကို ခြောက်တာရယ်လို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ညတိုင်း ထုန်းဝုန်း နေတာပါပဲတဲ့။ ဒါနဲ့ မီးလုံးတစ်ရာအားချည်းပဲ ထွန်းထားတာ။ သူတို့ကို မခြောက်ပေတဲ့ သူနဲ့လွှဲပြောင်းကြတဲ့ ကုလားထောင်မှူးကြီးအိမ် ကျတော့ ခုတင်ပေါ်ကတောင် ခြေထောက်ကို ဆွဲချတယ်လို့ ပြောကြ တာပဲ''

ဤစကားကို ကြားရရာ ရွှေမောင်သည် ဇမာပီပီ မျက်လုံးဝိုင်းသွား သို့စဉ် နောက်ထောင်မှူးတစ်ဦးက ပြောပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို . . . ဒီကုလားထောင်မှူးကြီးအိမ်သား ခြေထောက်ဆွဲချတာ နည်းတောင်နည်းသေးတယ်။ လည်ပင်းမညှစ်တာ ကံကောင်း။ ဘယ့်နှယ် .. ဆရာ၊ အိမ်ပေါ်တင် ဆိတ်သတ်၊ နွားသတ် လုပ်ကြတာချည်းပဲ။ တစ္ဆေသ ဆိုတာ ဒါကို သိပ်ကြိုက်ဆိုမဟုတ်လား"

ရွှေမောင်တို့သည် ည(၁၁)နာရီကျော်ပြီဖြစ်၍ ကမ်းနားမှထ၍ ပြ လာခဲ့ကြ၏။

ထောင်မှူး (၇)ဦးနှင့် ထောင်မှူးကြီးရွှေမောင်တို့သည် လစာထုတ် သောနေ့ ပျော်ရွှင်လို၍ သောက်ကြ၊ စားကြ၏။ စားသောက်ပြီး တစ္ဆေစကာ ကို ပယောဂထောင်မှူးကစလေရာ ပယောဂဆရာသည် ကနဦးစိတ်ကော ပြီး ပြေးရ၏။ ဤစကားသည် ဤမျှနှင့်မဆုံးပြန်သေး။ ပယောဂဆရာအာ ဝိုင်းဝန်းပိတ်ပင်သူတို့ကပင် အားရပါးရ ဆက်လက်ပြောကြလေရာ ဟုတ်သေ ရှိ၊ မဟုတ်သော်ရှိ ရွှေမောင်မှာ စိတ်ထဲမှသံသယဖြစ်ကာ စိတ်မကော ဖြစ်သွားလေသည်။

ရွှေမောင်သည် တစ္ဆေကို မြင်ဖူးသူ မဟုတ်ပေ။ သို့နှင့် ကြော သည်လည်းမဟုတ်၊ မကြောက်သည်လည်းမဟုတ်။ သို့ရာတွင် ရွှေမော သည် တစ်ခါတော့ ကြုံဖူး၏။ ကြုံဖူးပုံမှာ ရွှေမောင်သည် ဒုတိယကမ္ဘာစစ် ဖြစ်ပွားရာတွင် မန္တလေးထောင်ကြီးသို့ ရောက်သွား၏။ ထောင်ပျက်ရာ ရွှေ တစ်ဦးတလေမှမပါသော ရွှေမောင်သည် သောင်ပြင်လွှတ်သည့် ဘု ဒကာလေးဖြစ်ပြီး မန္တလေးဘက် မင်းကွန်းဘုန်းကြီးကျောင်းတွင် ကပ် စားနေရတော့သည်။

သူသည် အလုပ်အကိုင်မရှိဘဲ မန္တလေး၊ စစ်ကိုင်း၊ ရွှေဘိုနယ် သို့ ကြုံရာလူနှင့် လိုက်သွားတတ်ရာ တစ်နေ့ စစ်ကိုင်းခရိုင်၊ ဗန့်ကို စာရေး အနောက်ရွာကို ညအချိန်မတော် တစ်ဦးတည်း ပြန်လာခဲ့၏။ ခ (၅)မိုင် မျှဝေး၍ တောင်ကုန်းချုံပုတ်လမ်း ဖြစ်လေသည်။ ဤကဲ့သို့ လာ လမ်းမှားကာ ည(၁၀)နာရီအချိန် စာရေးရွာသချိုင်းတွင်းသို့ တည့် မတ်မတ်ကြီး ရောက်သွားပြီး ချုံကို တိုးနေတော့သည်။

ရွှေမောင်သည် ဤကဲ့သို့ ချုံတိုးနေစဉ် မိုးကြီးလေကြီးက ချ သည်။ မှောင်လိုက်သည်မှာ ပြောစရာမရှိ၊ မိုးမှောင်ကျ၍လည်း လ





သွား၏။ လျှပ်စစ်လက်သည်ကိုစောင့်ပြီး တစ်လှမ်းချင်းသွားရသည်။ ချုံတိုး နေစဉ်း ရွှေမောင်သည် လူကောင်မြှုပ်သည့်မြေပုံပေါ် မှောက်လဲလေတော့မှ လျှပ်စစ်အလက်တွင် သချိုင်းမှန်း သိချေတော့သည်။

ရွှေမောင်ကြောက်သည် ထင်ပါသလား။ မကြောက်ပါ။ ဒေါသထွက် ထွန်း၍ မအေနှင့်ချီ ကိုင်တုတ်ရင်း သချိုင်းက ထွက်လာခဲ့လေသည်။

ညအချိန်မတော် မိုးကြီးလေကြီးထဲ သချိုင်းမှထွက်လာသော ရွှေ မောင်အား ခပ်လှမ်းလှမ်းမှတွေ့ကြသော လှည်းမောင်းလာသည့် လှည်းသမား နှစ်ဦးသည် အော်ပြီး လှည်းပေါ်မှ ဆင်းပြေးလိုက်ကြသည်မှာ ဖနောင့်နှင့် ဆင်ပါး တသားတည်း ဖြစ်ကုန်ကြ၏။

ရွှေမောင်သည် ရယ်ပြီး စာရေးရွာတည်းခိုရာအိမ်သို့ ရောက်သွား လေသည်။ ရွှေမောင်က ဖြစ်ပျက်ပုံကိုအိမ်ရှင် ဦးခင်ဆောင်အား ပြောပြရာ ရွှေမောင်အား အံ့တစ်ပါးပမာ သတ္တိခဲအဖြစ် ထင်သွား၏။ ဦးခင်ဆောင်၏ ပြော ပြချက်အရ အနီးတစ်ဝိုက်စာရေး၊ ကျောက်မနန်း၊ ကန်ကြီးကုန်းရွာများအနက် စာရေးရွာသချိုင်းမှာ ကြမ်းသည့်နေရာတွင် အကျော်ဒေးယျဟုဆိုလေရာ သချိုင်း တွင် ချုံတိုးနေစဉ်က ဒေါသထွက်၍ မကြောက်ခဲ့သော ရွှေမောင်သည် ဤ သချိုင်းကြောက်စရာအကောင်းဆုံးဟု သိရတော့မှ ကြောက်လိုက်သည့်ဖြစ် ခြင်း တစ်ညလုံး မအိပ်နိုင်ဘဲ (၃)ရက်မျှ ဖျားယူပါသတည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၂]

❑

လူ့သတ္တဝါတို့အား ကြီးကဲနေသည်မှာ စိတ်ပင်ဖြစ်လေသည်။ ကြောက်သည့်စိတ်ကတစ်ပါး၊ မကြောက်သည့်စိတ်က တစ်ပါးဟု ဤကဲ့သို့ မရှိ။ တစ်ခုတည်းသော စိတ်ဖြစ်၏။ စိတ်တစ်ခုက အမျိုးမျိုး လှည့်စားနေခြင်း ပင်ဖြစ်လေသည်။

ရွှေမောင်အိမ်သို့ ပြန်ရောက်သောအခါ ည(၁၂)နာရီနီးပါး ရှိချေပြီ။ ယခင်က ပြန့်ပြူးသာယာသည့်အိမ်ကြီးသည် ရွှေမောင်၏စိတ်ကို ကြည်နူး ခဲ့သလောက် ယနေ့မှ ဒီအိမ်ကြီးတွင် တစ္ဆေရှိကြောင်းသိရသောအခါ ကျော မှ ချမ်းစိမ့်စိမ့် တွေ့နေတော့သည်။

ရွှေမောင်ရောက်ချိန်တွင် ကလေးများ၊ အတုံးအရုံး အိပ်နေကြပေ ပြီ။ ဇနီးသည် မကြည်သာ ရွှေမောင်ကိုစောင့်ရင်း စာဖတ်နေ၏။

ရွှေမောင်က အိမ်ကြီးအကြောင်းကြားခဲ့သမျှ မကြည်အား ပြောပြရ ကောင်းလေမည်လားဟု စဉ်းစားကြည့်၏။ စဉ်းစားကြည့်ခြင်းမှာ သတိထား နေနိုင်ရန်ဟု တွေးမိသည်။ သို့ရာတွင် မပြောရန် ဆုံးဖြတ်လိုက်လေသည်။ သိနေက ဥပါဒါန်ကြောင့် ဥပါဒ်ဖြစ်မည်ကို တွေးမိပြန်သည်။

သို့နှင့် ရွှေမောင်သည် အိပ်ရာသို့ဝင်သွားပြီး တောင်တောင်မြောက် မြောက် စဉ်းစားနေလေသည်။





ရွှေမောင်သည် တစ်လနေ၍ အရက်တစ်ကြိမ်သောက်သူမဟုတ် ... တစ်ခါတစ်ရံသောက်က နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တတ်သူဖြစ်သည်။ ...နေသော် တစ္ဆေကို တွေး၍ မအိပ်နိုင်တော့ပေ။ နောက်ဆုံးတွင် 'ဒါ ဒီ ...ရောက်တဲ့တစ်လအတွင်း သုံးကြိမ်တိတိ စုစုပေါင်း သံဃာတရာကျော် ...ကျွေးပြီး ကျွေးတိုင်း ပရိတ်တရားတော်များချီးမြှင့်၍ ကြွသွားကြသည် ...ဖြစ်သည်။ သို့နှင့် မှုလက ရှိစေဦးတော့ ယခုမရှိနိုင်။ တို့ရောက်သည် ...သည်း တစ်လရှိပြီ။ ဘာတွေတွေသံမှ မကြားရ။ အလကားထောင်မှူးကောင် ... ... မူးမူးနှင့်ပြောကြတာ' ဟု စိတ်ကိုတင်းလိုက်မှ ကောင်းစွာ အိပ်ပျော် ...သို့ ရောက်သွားတော့သည်။

နံနက်မိုးလင်းသော နေ့တွင် သားသမီးအကြီးလေးများ ကျောင်း ...သို့ သွားကုန်ကြသည်။ ရွှေမောင်လည်း ထောင်တွင်းဝင်၍ အလုပ်လုပ်ပြီး ...ထယ် (၁၂)နာရီတွင် ထမင်းစားရန်ထွက်လာရာ ဇနီးမကြည်က ထမင်းပွဲ ... အရံသင့်စောင့်နေ၏။

ရွှေမောင်က ရေမိုးချိုးပြီး ထမင်းစားရန် ကုလားထိုင်တွင် ဝင်ထိုင် ... ထမင်းကို အားရပါးရစားတော့သည်။ ဇနီးမကြည်မှု ထမင်းစားမကောင်း ...ကာ သူမ၏ထမင်းပန်းကန်ပြားမှ အငယ်ဆုံးကလေးနှစ်ဦးအား ထမင်း ...နယ်ဖတ်ကျွေးနေ၏။ သို့နှင့် ရွှေမောင်က မကြည်အား ဘာကြောင့် ထမင်း ...ကောင်းကြောင်းကို ထမင်းစားရင်း မေးလိုက်လေသည်။

''ဟာ ... ကိုရယ်၊ တစ်ညလုံးလည်း အိပ်မရပါဘူး။ ခေါင်းကို ...နေတာပဲ''

''အေးကွာ ... ကိုမနေ့က ပြန်လာတာ နည်းနည်းနောက်ကျသွား ... ဒါနဲ့ မျက်လုံးကြောင်သွားတာနဲ့တူပါရဲ့။ အဲနောက်ပြီး အိပ်ရာဝင်ခါနီး ...များ ဖတ်ရင်လည်း စာထဲစိတ်ရောက်ပြီး မျက်လုံးကြောင်တတ်တာ ...

ရွှေမောင်သည် ပြောပြီး ထမင်းကို ပလုပ်ပလောင်း စားနေပြန် ...သည်။

မကြည်မှု ဘာမှမပြောဘဲ ကလေးများကိုသာ ထမင်းဝအောင်ခွံ့ပြီး ...မောင်နှမများအား ကစားစရာတစ်ခုပေးထားကာ အိမ်ရှေ့ခန်းသို့ ...သို့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေမောင်သည် ထမင်းကို လက်စသိမ်းလျက် မကြည်အား ထမင်းပွဲ သိမ်းရန် လှမ်းခေါ်လိုက်သဖြင့် မကြည်သည် ပန်းကန်များကို သိမ်းရင်း စကားကို မပြောချင်ပြောချင် ပြောနေတော့သည်။

"ညတုန်းက အိမ်မရတာမဟုတ်ဘူး။ အိပ်မရတာ သုံးလေးည ရှိသွားပြီ။ သူတော့ အိပ်လိုက်တာ သိုးလို့"

မကြည်က မရွှင်မပျနှင့် သူအိပ်မရသည်ကိုပင် ရွှေမောင်အား အပြစ် ဖို့လိုသလား မသိပေ။

"ဟေ ... သိုးလို့မအိပ်လို့ ဘယ်လိုအိပ်ရမလဲ ပြောစမ်း။ မင်းကို အိပ်ရာအဝင် သိပ်စာမဖတ်နဲ့၊ မစဉ်းစားနဲ့လို့ ဒါကြောင့် ပြောတယ်မဟုတ် လား"

ရွှေမောင်က သူ့ကို အပြစ်တင်သည်ထင်၍ ပြောပစ်၏။

"အို ... ဒါကြောင့် မဟုတ်ပါဘူး၊ ကို မသိပါဘူး။ မကြည်မအိပ် နိုင်တာ တခြားပါ"

မကြည်က အကြီးအကျယ် လုပ်ပြန်သည်။

"ဟေ ... ဘာတခြားတွေ ဖြစ်နေပြန်တာလဲ၊ ပြောစမ်းပါဦး။ ဘာစိတ်များစရာ စိတ်မကောင်းစရာရှိသလဲ၊ ဘာလဲ ကို တစ်ခါတလေ အရက်သောက်လို့လား၊ ဒါတော့ မတတ်နိုင်ဘူး။ အပေါင်းအသင်းနဲ့ကျရင် သောက်မယ်၊ မင်းဘာမှ ပြောမနေနဲ့"

ရွှေမောင်က သူထင်ရာ သူပြောနေ၏။

"အို ... ကိုတစ်ယောက် သိပ်ခက်ပါလား။ ဒါနဲ့ ဘာဆိုင်သလဲ။ ဒါ တွေ မကြည် ဘယ်တုန်းက ဘာပြောဖူးလို့လဲ။ ဒါ မဟုတ်ဘူးရှင့်၊ မဟုတ်ဘူး ညညကျ ဒီအိမ် တစ္ဆေခြောက်လို့ မအိပ်ရတာ။ ကဲ ... သိပလား။ ဒါနဲ့ သူဖြင့် အိပ်လိုက်တာ သိုးလို့လို့ ပြောနေတာ"

မကြည်က စိတ်တိုတိုနှင့်ဖွင့်ပြောလိုက်မှ သတ္တိရှိလှသော ရွှေမောင် သည် ကျောထဲမှစိမ့်သွားကာ မျက်လုံးဝိုင်း ပါးစပ်ဟဖြစ်သွားတော့သည်။

ဤစကားကို ရွှေမောင်သည် ညတုန်းကပင် သတိပေးရကောင်းမည် လားဟု ကြံခဲ့သေး၏။ သို့ရာတွင် မိန်းမသားဖြစ်သူ ဇနီးသည်ကြောက်နေ မည်ကို စိုးရိမ်၍ မပြောဘဲနေခဲ့လေသည်။ ယခုတော့ မပြောဘဲထားသော





ဤထောင်ကြီးတစ္ဆေသည် မကြည်အား ခြောက်လှန့်နေသည်မှာ သုံးလေးည ပင် ရှိနေပြီဆိုပါတကား။

ရွှေမောင်သည် မကြည်၏စိတ်ကို ကောင်းစွာ သိလေသည်။ သား သမီးခြောက်ယောက်ပင် ထွန်းကားနေကြပြီမဟုတ်ပါလား။ တစ်ဦးအကြောင်း တစ်ဦး ကောင်းစွာသိကြ၏။ မကြည်သည် အလွန်စိတ်ခိုင်သူတည်း။ သူမ သည် တော်ရုံတန်ရုံနှင့်ရှာ၍ ညည်းသူမဟုတ်။ ကြောက်စရာလန့်စရာကိုလည်း စိတ်အေးအေးနှင့် နေတတ်သူဖြစ်သည်။ ရွှေမောင်နှင့် အိမ်ထောင်ကျပြီးမှ ကြောက်စရာ၊ စိုးရိမ်စရာနှင့် ပတ်သက်၍ ပြူးကလဲဆန်ပျာဖြစ်သည်ကို မမြင် ဖူးပေ။ သူမသည် အမှန်ပင် တစ်မျိုးဖြစ်၏။ တစ္ဆေကိုလည်း မယုံ၊ ဗေဒင် ကိုလည်း မယုံပေ။

ဤတစ်ကြိမ်တွင်မူ တစ္ဆေခြောက်သည်ဆိုပြီး မျက်နှာ အတော်ညှိုး နေရာ ရွှေမောင်သည် ရင်တဒိတ်ဒိတ် ခုန်သွားလေ၏။ သူသည် မကြည့်လို များ သုံးလေးည အခြောက်ခံရလေက မည်သို့ရှိမည်ကို သူကိုယ်တိုင် မပြော တတ်ပေ။ သို့နှင့် ရွှေမောင်သည် ဇနီးသည်အား တိုးတိုးမေးမိလေသည်။

"အဟုတ်လားကွာ"

"တကယ်ပါ ... ကိုရဲ့"

"ဘယ်လိုမြင်ရသလဲ"

"မြင်တော့ မမြင်ရဘူး။ ဒါပေမဲ့ တစ်အိမ်လုံး ဆူနေတာပဲ"

ရွှေမောင်သည် မကြည်အပြောနှင့်ပင် ကြက်သီးတဖြန်းဖြန်းဖြစ်နေ သည်။

"ဒါဖြင့် မင်းကိုယ့်ကို ဘာလို့မနှိုးသလဲ"

"အောင်မယ် ... နှိုးတော့ကော ကို ဘာတတ်နိုင်မှာလိုက်လို့"

"အို ... ဓားနဲ့ခုတ်မယ်ကွာ၊ ခြောက်လုံးပြူးနဲ့ ပစ်မယ်။ ဒီတစ္ဆေ ဘာကြောက်ရမလဲ ကိုက်စားနိုင်တာမှတ်လို့"

ရွှေမောင်သည် ပြောသာပြောရသည်။ သူကိုယ်တိုင်မှ အကြောက် ကြီးကြောက်စေကာမူ အတော်တော့ လန့်နေ၏။ တစ်ခုလည်း ရှိလေသည်။ ရွှေမောင်သည် တစ်အိမ်လုံးတွင် ကလေးခြောက်ယောက်နှင့် ဇနီးသည်တို့ကို အုပ်ထိန်းရာ ပုဂ္ဂိုလ်ဖြစ်၏။ မည်သည့်ဘေးရန်မဆို သူသာ ရှေ့ကထွက်ရမည် ဆိုသည့်အကြောင်းကိုလည်း တွေးထားသူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အလိုအလျောက် ကြောက်ချင်သည့်တိုင် သူသည် ဇနီးနှင့်သား သမီးအတွက် စွန့်စားရမည်။ ဒါမှ သူ့အားမှီတွယ်နေကြသည့် သတ္တဝါတွေ ချမ်းသာခွင့်ပေးရမည်ဟု အစဉ်တွေးတောထားသူဖြစ်သည့်အတိုင်း သူသည် ကြောက်သော်လည်း ပြေးခဲစေသဘော ပြောလိုက်ခြင်းဖြစ်လေသည်။ သို့ တိုင်အောင် မကြည်သည် များစွာ စိတ်ချမ်းသာပုံမရပေ။ သို့ဖြင့် သူမက ပန်းကန်များကို ကြောင်အိမ်သို့သွင်းရင်း ပြောပြန်သည်။

''လူကြီးပဲဆို ဘာအရေးလဲ၊ မတော်တဆ ကလေးတွေနဲ့ တိုးသွား မှာ စိုးရိမ်တယ်။ ဒါတစ်ခုပါပဲ''

ရွှေမောင်သည် များစွာစိတ်မချမ်းသာ ဖြစ်သွားလေသည်။ အစိုးရ အား ဒီအိမ်တစ္ဆေခြောက်တယ်ဗျို့၊ မနေရဲဘူးဟု ပြော၍လည်းမဖြစ်၊ ရွှေ ကလည်း အဆက်ဆက်နေသွားကြ၏။ ရွှေမောင်ကျမှ မနေရဲဆို၍ ဖြစ်ပါ မည်လော။ သို့နှင့် ရွှေမောင်သည် မကြည်အား အားပေးစကား ပြောရပြန် သည်။

''ဟဲ . . . ဟဲ . . . ကိုသိတာ ကြာပါပြီကွာ၊ အလကားပါ။ ကိုယ်တို့ ဆွမ်းကျွေး ပရိတ်နာ လုပ်နေတာပဲဥစ္စာ၊ ဘာကြောက်ရမလဲကွ။ ဒီမယ် ကို ပြောမယ်။ ကိုတို့ တောင်အလုပ်ဟာ အကျဉ်းသားလူဆိုးတွေနဲ့ နေ့တစ်ခွဲ လုပ်နေရတာ။ စစ်သားက တိုက်ပွဲထွက်မှ စိုးရိမ်ရတယ်၊ ကိုတို့အလုပ်က ပြောမှားဆိုမှားရှိရင် အချိန်မရွေးသေနိုင်တယ်။ သေလည်း သေခဲ့ကြပြီ။ ကို ကတော့ တစ္ဆေကို မမှုပါဘူး။

ကဲ . . . ဒီည ဒုံးဒုံးဒိုင်းဒိုင်းကြားရင် ကိုယ့်ကိုနှိုး ကြားလား။ ဘာမှ မပူနဲ့။ ခြောက်လုံးပြူးနဲ့ ဆော်ထည့်လိုက်မယ်။ ဒါမှ မင်းကြောက်သေးရင် ဝါဒါလေးတပည့်တွေကို ခေါ်အိပ်နိုင်းမယ်။ ဟုတ်လား။ ကဲ . . . ထမင်းစားပြီး အိပ်ရေးဝအောင်အိပ်။ ဘာမှမပူနဲ့။ လောကမှာ တစ္ဆေကိုက်လို့ သေတဲ့မသာ မကြားဖူးပါဘူး''

ရွှေမောင်က ဤကဲ့သို့ အားပေးလိုက်၍ မကြည်သည် ရွှင်ရွှင်ပျပျ နှင့် ထမင်းပွဲကို သိမ်းဆည်းနေတော့သည်။

✿ ✿ ✿

|၃|

❑

ရွှေမောင်သည် ထမင်းစားပြီး တစ်ရေးတမော အိပ်တတ်သူဖြစ်၏။ ကျောင်းပိတ်၍ ကလေးများ ကျောင်းမသွားရဘဲ ရွှေမောင်အိပ်နေစဉ် ဆူဆူ ညံညံလုပ်က ကလေးများကို ထရိုက်တတ်သည်မက မကြည်လည်း အကြိမ်း ခံရတတ်၏။ သို့နှင့် ကလေးများကျောင်းမတက်ရလျှင် မကြည်သည် နေ့ခင်း မအိပ်ရတော့ဘဲ တုတ်တစ်ချောင်းနှင့် ကလေးများမဆူရန် ဟောင်းဟောင်း . . . တဟဲဟဲ လုပ်နေရလေသည်။ ရွှေမောင်သည် ဤမျှ အိပ်မက်သူပေတည်း။

ယနေ့အဖို့တွင်မူ ရွှေမောင်သည် နေ့ခင်းထမင်းစားပြီး လုံးဝ အိပ် တော့ပေ။ သို့နှင့် အားလပ်ခွင့် (၂)နာရီမစေ့မီ ထောင်ထဲသို့ ပြန်ဝင်သွား သည်။ နေ့ခင်း တစ်ရေးတမောအိပ်နေကျ အိပ်မရ၍ ခေါင်းလည်း ချောက်ချောက် ကိုက်နေ၏။

ရွှေမောင်သည် ခေါင်းကိုက်သဖြင့် ရွှေးထွက်လို၍ နေပူကြီးထဲ ခေါင်းကိုတစ်ပတ်ပတ်ပြီး ဟိုဝင်ဒီထွက်နှင့် စစ်ဆေးလေရာ တစ်နေရာတွင် ရှေးယခင်ကပင် အတူလုပ်ဖူးသော ဝါဒါတစ်ဦးအားတွေ့သဖြင့် သူအမြဲ ကြားနေသော တစ္ဆေအကြောင်းကို မေးနေမိပြန်သည်။

''ဟေ့ . . . စောအောင်စိန်၊ မင်း ဒီထောင်မှာ အကြာဆုံးပဲ။ ဒီထောင် မှာခြောက်တာ မင်းသိမှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဆရာ ... စက်ကြီးပေါက်အုတ်ရိုးရယ်၊ ဆေးရုံဝင်းက သရက်ပင်ရယ် အခြောက်ဆုံးပဲ"

(မှတ်ချက် ။ ။ စက်ကြီးပေါက်ဆိုသည်မှာ ပုသိမ်ထောင်၏ နောက်ဖက် အုတ်ရိုးကြီးတွင် အကျဉ်းသားသေက လူသေထုတ်ပေးသော တံခါးပေါက်ကို ခေါ်၏။ ဤတံခါးမှာ ပုသိမ်ထောင်ကြီး၏ အာဠဝီတံခါးပေတည်း။ စက်ကြီး ပေါက်ဟု အဘယ်ကြောင့်ခေါ်မှန်းကို သုတေသနလုပ်၍ မရခဲ့ပေ။ အငြိ အဆက် ခေါ်လာကြသည်ဟု သာမန်မျှသာ သိခဲ့ရလေသည်။)

"ဟုတ်ပဲ့မလားကွ ...။ ငါ မင်းတို့ကို ညည လာဖမ်းနေတဲ့ တစ္ဆေနဲ့ တစ်ခါမှ မတိုးပါလား"

"ဟာ ... ဆရာ၊ ဆရာနဲ့ ဘယ်တိုးနိုင်ပါ့မလဲ"

"ဟေ ... ဘာဖြစ်လို့"

"ဆရာက ထောင်မှူးကြီး မဟုတ်ပါလား။ ဆရာ့အထက်က ထောင် ပိုင်ကြီးပဲရှိတော့တယ်။ ဒီထောင်မှာ ဆရာတို့နှစ်ယောက်ဟာ အကြီးဆုံးပဲ၊ ဆရာတို့ဟာ ဒီထောင်ကိုပိုင်တယ်။ ဆရာတို့ဟာ မင်းပဲ။ တစ္ဆေတွေ အကျဉ်းသားသေလို့ ဖြစ်တဲ့ဟာတွေ ဆရာတို့ကို ဘယ်ခြောက်ရဲပါ့မလဲ ဆရာတို့က မနေရဘူးလို့ နှင်ပစ်ရင်တောင် ပြေးရမယ့်ဟာ။ ဘယ်လာဆရာ တို့ကို ခြောက်ရဲပါ့မလဲ"

စောအောင်စိန်၏စကားသည် အတော်ပင် ထူးဆန်းပေသည်။ စော အောင်စိန်မှာ အသက်(၅၀)ကျော်၍ ပင်စင်သွားခါနီးပင်ဖြစ်ရာ ထောင် အတွေ့အကြုံတွင် ရွှေမောင်ထက်များ၏။ သူ၏စကားသည် မယုံရအခက် ယုံရအခက်ဖြစ်သော စကားဖြစ်လေသည်။

"ဟုတ်ပါ့မလား ... စောအောင်စိန်၊ မင်းအထင်နဲ့ မင်းပြောတာ လား"

"ဒါက ဒီလိုရှိတယ်ဆရာ။ အင်္ဂလိပ်ခေတ်က ရန်ကုန်ထောင်မယ် တစ္ဆေ ခြောက်လွန်းလို့ ထောင်ပိုင်ကြီးကိုယ်တိုင်အမိန့်နဲ့ နှင်ထုတ်ပြီး ညနေတံခါး ကြီးကို ဖွင့်ပေးလိုက်တာ နောက် ဒီအကောင်လုံးဝကို ပျောက်သွားတယ်လို့ ကျွန်တော်ကြားဖူးတယ်"

"ဒါနဲ့ နေပါဦး ... ငါနေတဲ့ အိမ်ပေါ်ဘူးကြီးမှာကော တစ္ဆေခြော တယ်လို့ ကြားမိသလား"





ရွှေမောင်က သူ့အိမ်တွင် တစ္ဆေရှိမရှိ သိလို၍ မေးပြန်သည်။

"ဒါကတော့ ဆရာလည်း ဂျပန်ခေတ်ထောင်မှူးလေးဘဝနဲ့ နေဖူး ...ပဲ၊ ဟိုတုန်းက ဘယ်သူနေရဲသလဲ"

"ဒါကတော့ ဗုံးချလို့ မနေတာပါ ... စောအောင်စိန်ရယ်"

"ဒါပေမယ့် ရှိတော့ရှိတယ်ဆရာ"

စောအောင်စိန်က တစ္ဆေရှိကြောင်း အတည်ပြုနေတော့သည်။

"ကဲ ... ဒါဖြင့်ကွာ၊ ခုနက မင်းပြောသလို တကယ်လို့ရှိရင် ငါ ...မှူးကြီးပဲ။ ငါ နှင်ပစ်လို့ မရဘူးလား"

စောအောင်စိန်သည် အတော်တွေပြီး စဉ်းစားဟန်ပြုပြီး ...

"အင်း ... ဒါတော့ဆရာ၊ ရခဲ့လို့ရှိရင် ထောင်မှူးကြီးတွေ လုပ်ကြ ...၊ မရလို့သာ တစ်ခါတစ်ခါ ခြောက်နေတာပေါ့"

"မင်းဥစ္စာ ဘာလဲကွာ။ အခုတစ်မျိုး ... အခုတစ်မျိုး၊ ထောင်တွင်း ...တစ္ဆေကတော့ ငါ့ကိုရှောင်တယ်။ အိမ်ပေါ်ကအကောင်တော့ မရှောင် ...ခြောက်ဘူး ဟုတ်ပါ့မလား"

"ဟာ ... ဒါက ဒီလိုထင်တယ်ဆရာ။ ထောင်ထဲက တစ္ဆေက ...သားတစ္ဆေ၊ အိမ်ပေါ်ကရှိတဲ့အကောင်က ထောင်မှူးသေလို့ဖြစ်တာ ... ထောင်မှူးကြီးသေလို့ဖြစ်တာလား၊ ထောင်သားတော့ ဒီဘူးကြီးပေါ် ...ဘူး"

စောအောင်စိန်သည် စကားအလှည့်အပတ် အတော်ကောင်းသူ ...၊ သူပြောသလိုဟုတ်လျှင် တွေးလည်း တွေးလောက်၏။ ရွှေမောင် ...ဤကရုဏ်လူလည်နှင့် ဆက်ပြောက နောက်ထပ်အမျိုးမျိုးသော တစ္ဆေ ...ကို ပြောချေရာ၏ဟု စိတ်ကူးပြီး စိတ်ပျက်ပျက်နှင့် ...

"မအေပေး ... ဖထီး၊ မဟုတ်ကဟုတ်က ပြောတတ်တာနှင့် မင်း ...လုံး ဝါဒါက မတက်တာကွ"

ဟုပြောပြီး ရုံးခန်းသို့လှည့်ထွက်လာရာ စောအောင်စိန်သည် ပြုံး ...ကျန်ရစ်ခဲ့လေ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၄]

❏

ညနေခြောက်နာရီခွဲ ထောင်ပိတ်ပြီး ရွှေမောင်သည် အိမ်ပေါ်သို့ ရောက်ခဲ့လေသည်။

ရွှေမောင်နှင့်မကြည်တို့သည် နေ့တိုင်းလိုလို ရွှင်ရွှင်ပျပျ မရှိကြပေ။ ဘာမှမသိသော ကလေးများသာ ဆူဆူညံညံနှင့်ရှိပြီး ည(၈)နာရီခန့်လောက်တွင် အတုံးအရုံးအိပ်ကုန်ကြရာ အိမ်ကြီးသည် ဆိတ်ငြိမ်သွားလေ၏။

ညသည် နက်သထက် နက်လာလေသည်။ ညဉ့်နက်လေ မကြည်နှင့် ရွှေမောင်တို့သည် တစ်ဦးစိတ် ဘာဖြစ်နေသည်ကို တစ်ဦး သိနေကြ၏။ သို့နှင့် တစ်ဦးမျက်နှာတစ်ဦး ခဏကြည့်မိရက်သား ဖြစ်နေကြလေသည်။

ရွှေမောင်သည် မကြည် ကြောက်စိတ်ပြေစေရန် အိမ်ရှိလျှပ်စစ်မီးမွှင့်များကို အကုန်ထဖွင့်ပြီး အိမ်ရှေ့ခန်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေစဉ် ...

"ကိုကိုရဲ့ ... ပရိတ်လေး ဘာလေး ရွတ်ပါလား"

မကြည်သည် ရွှေမောင်အား လှမ်းပြောနေ၏။

ရွှေမောင်သည် ဒုလ္လဘရဟန်း နှစ်ကြိမ်တိုင်တိုင် တက်ဖူးခဲ့သူဖြစ်သည်။ ပထမဆုံးအကြိမ်တွင် မကြည်နှင့်ပင် အိမ်ထောင်မကျသေး၍ တစ်ဝါ





...တိ ရဟန်းဘဝနှင့်နေခဲ့ရာ သူသည် ပရိတ်တော်များကို အတော်များများ ...ခဲ့၏။ သူသည် ပရိတ်တော်များကို ရွှေမောင် အမြဲရွတ်နေတတ်သည်ကား မေတ္တသုတ်၊ ပရိမိတ္တဇာလသုတ်နှင့် ဓရဏာပရိတ်တော်များ ဖြစ်ကြလေသည်။

ဤပရိတ်တော်များ၏ အစွမ်းကို ရွှေမောင်ရော၊ မကြည်ပါ အထူး ...ကြည်ကြ၏။ သို့နှင့် မကြည်အကြပေးတိုင်း ရွှေမောင်က သံနေသံထားနှင့် ရွတ်ဆိုပြီး အိပ်ရာသို့ ဝင်ကြလေသည်။ အိပ်ရာဝင်သော်လည်း မီးများကို ရွှေမောင်က ထွန်းထား၏။

လင်မယားနှစ်ဦးသည် အိပ်ရာပေါ်ရောက်သော်လည်း အိပ်မပျော်ကြဘဲ ကိုယ့်အတွေးနှင့်ကိုယ်ရှိပြီး ဒုန်းဒုန်းဒိုင်းဒိုင်းသံကို နားစွင့်နေကြလေသည်။

ည (၁၂) နာရီ ထိုးပေပြီ။ မကြည်လည်း မအိပ်သေး။ ရွှေမောင်လည်း မအိပ်သေး။ ရွှေမောင်သည် အိပ်၍မရသောအခါ ဒေါသထွက်လေသည်။ သို့နှင့် သူသည် သေတ္တာထဲမှ-၄၅ ဘို့ 'ဝက်ဘလေ' ခြောက်လုံးပြူး ...ယူပြီး ခေါင်းအုံးအောက် ထိုးထားလိုက်၏။ တစ်ဖန် ဦးချွန်နေသည့် ...ည်တစ်ချောင်းကိုလည်း လိုရမည်ရ ခုတင်အောက်ထိုးပြီး မီးကို အား... သတ်ပစ်လိုက်လေသည်။

"ကဲ ... မကြည် ကိုယ်အိပ်မယ်ကွာ။ သူ့ဟာသူ ခြောက်ချင်ခြောက်၊ မခြောက်ချင်နေ၊ ဒုန်းဒုန်းဒိုင်းဒိုင်း အသံကြားရင် ကိုယ့်ကိုနိုး"

ရွှေမောင်သည် စိတ်ဆိုး၍ တကယ်ကြောက်စိတ်မရှိတော့ပေ။ သို့ ...ရာတွင် ယခင်က ကြောက်စိတ်နှင့် အိပ်မရဘဲရှိရာမှ ဒေါသဖြစ်သွားသော ...အခါ အိပ်၍မရပြန်တော့ပေ။ သို့နှင့် စိတ်ငြိမ်အောင် ရွတ်နေကျ ပရိတ်တော်များကို ရွတ်ပြန်ရာ ဘယ်အချိန် အိပ်ပျော်သွားမှန်းပင် မသိပေ။ မကြည်က ...ကို အသာတို့ပြီးနှိုးမှ ဟောဟယ်လုပ်ပြီး ခေါင်းအုံးအောက်က ခြောက်လုံးပြူးကို ဆွဲထုတ်ရင်း မကြည်အား တိုးတိုးမေးနေ၏။

"ဘာလဲကွ ... အသံကြားသလား မြင်သလား"

"မမြင်ရဘူး။ အသံကြားတာ ၃-၄ ကြိမ်မကဘူး"

"ဟုတ်လား ... ဘယ်အခန်းကလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းစားခန်းကနေတူတူတယ်။ ပထမအကြိမ်ကြားတော့ မကြည် နားထောင်နေရသေးတယ်။ နောက်တစ်ကြိမ်အကြား မီးဖွင့်ပြီး ထိုင်လို့နားထောင်တာ ဘာသံမှ မကြားရပြန်ဘူး။ ဒါနဲ့ မီးသတ်လိုက်တော့ တဂျိုင်းဂျိုင်းနဲ့ နှစ်ကြိမ်တောင် ရှိသွားပြီ"

မကြည်နှင့်ရွှေမောင် ပြောနေကြချိန်တွင် စန္ဒလီသည် နာရီမောင်းကို နှစ်ချက်ထိုးပြီး ...

"အားလုံးကောင်းကြရဲ့လား"

ဟု ဆွဲဆွဲငင်ငင်အော်၍ အသံတိတ်သွားလေသည်။ သန်းခေါင်ကျော်နှစ်ချက်ပင် ထိုးခဲ့ချေပြီ။

ရွှေမောင်သည် အိပ်ရေးမဝက အလွန်စိတ်ဆိုးတတ်၏။ သို့နှင့် သူသည် မိုးလင်းပွဲများကို တစ်သက်လုံး မကြည့်ဖူး၍ ရွှေမန်းတင်မောင်တို့ မင်းသားကိုပင် ယနေ့အထိ ဖြူသလား၊ မဲသလား မမြင်ဖူးပေ။

ရွှေမောင် ဒေါသထွက်ပြီး ခြောက်လုံးပြူးကို ကိုင်၍ ထလိုက်၏။

"ကိုကို ... ဘယ်လဲ ... ဒါ၊ မှောင်ကြီးထဲမှာ"

"အို ... ပစ်သတ်မယ်လကွာ။ သူသေ ကိုယ်သေပေါ့၊ ဘာကြောက်ရမလဲ ... လချဲ"

ရွှေမောင်က ဤကဲ့သို့ မကြောက်စကားပြောရာ မကြည်လည်း စိတ်ဓာတ်ကူးသွားသလားမသိ၊ သူလည်း ထလိုက်၏။

"မကြည်ပါ လိုက်ချမယ်"

သူက တိုးတိုးပြောပြန်သည်။

"ဟာ ... မင်း ကလေးနဲ့နေ။ ကိုကို သွားစောင့်ပြီး သေနတ်နဲ့ပစ်မယ်"

"ဒါဖြင့် ဒီလိုလုပ်။ သေနတ်နဲ့တော့ မလုပ်နဲ့ဦး။ သေနတ်ကို ခါးကြားထဲထိုးထား၊ လိုရင်သုံးပေါ့။ ဓားနဲ့ဝင်ခုတ်။ သေနတ်သံကြားရင် ကလေးတွေ လန့်ဖျပ်ကုန်မှာစိုးရတယ်။ နောက်ပြီးတော့ မကြည်က အိမ်ရှေ့မီးခလုတ်နားက ရပ်နေမယ်။ လိုရင် မီးဖွင့်လို့အော်လိုက်"

မကြည်၏အကြံသည် အတော်ကောင်း၏။ သို့နှင့် ရွှေမောင်က ခါးပုံစတွင် ခြောက်လုံးပြူးကိုထိုး၊ ဓားရှည်ကိုကိုင်ပြီး ထမင်းစားခန်းဘက်





သို့ အသာကူးသွားပြီး အုတ်ထရံကိုမှီကာ အတော်ကြာ စောင့်နေ၏။ သို့ရာတွင် ဘာသံမှမကြားရပေ။ သို့နှင့် စိတ်ပျက်ပြီး ချောင်းသံပေး၍ အိပ်ခန်းသို့ ပြန်လာခဲ့လေသည်။

"မတွေ့ဘူးဟေ့ ... ဘာသံမှမကြားဘူး။ ဩော် ... ဒါနဲ့ လက်နှိပ်ဓာတ်မီးကော ..."

"အဲ ... ဟုတ်တယ်၊ လက်နှိပ်ဓာတ်မီးနဲ့ဆို သာကောင်းတယ်။ နောက်ပြီး တံခါးတွေအကုန် ဂလန့်ဖြုတ်ထားရင် မကောင်းဘူးလား"

ဤကဲ့သို့ နှစ်ဦးသားပြောနေကြစဉ် ၃ ချက်တိတိ တံခါးကို လူတစ်ဦး ဒေါသနှင့်တွန်းသကဲ့သို့ ပေါ်လာလေရာ နှစ်ဦးသား ရင်တွေ ခုန်သွားကြတော့သည်။

"ကဲ ... မကြည်၊ သေချာပြီ။ အသံကြားတာက ထမင်းစားခန်း မဟုတ်ဘူး လှေကားအဝင်ဝကပဲ။ ဒီအဝင်ဝတံခါးကို တွန်းသံပဲ။ သေချာတယ်။ ဒီတံခါးက အောက်ရော၊ အပေါ်ရော မင်းတုပ်မရှိလို့ ပတ္တာနဲ့ သော့ခတ်ထားရတယ်။ ဒါနဲ့ ဟကွဲကြီးဖြစ်ပြီး တစ်ချက်တွန်း တစ်ချက်မြည်တာကွ"

"အဲဒါဟုတ်ပြီ။ ဒါ ဘယ်လိုလုပ်မလဲ"

"အို ... သေချင်သေပစေကွာ။ အိပ်ပေါ်တက်ခြောက်တဲ့ တစ္ဆေတော့ ရှောင်မနေနိုင်ဘူး။ ကိုကို တံခါးသော့ခလောက်ကို အသာဖွင့်ပြီး ဆောင်းကကပ်ပြီး ထိုင်စောင့်မယ်။ တံခါးပုတ်တာနဲ့တစ်ပြိုင်နက် ဓာတ်မီးနဲ့ ထိုးပြီး ထွက်လိုက်မယ်"

ရွှေမောင်သည် မှောင်ကြီးထဲ တရွှေ့ရွှေ့သွားရင်း အင်္ကျီလိပ်ခေတ်က ဝက်သေနတ်ထိ၍ လှေကားတစ်ဝက်တွင်သေသော ကုလားဝါဒါနှစ်ဦးကို သွား၍ သတိရလေရာ ကြက်သီးပင် ထသွားပြန်သည်။ သို့ရာတွင် ဇနီးနှင့် သားသမီးများအတွက် ကျားနှင့်ရင်ဆိုင်ရန်လည်း မကြောက်သော သူသည် တစ္ဆေကို အလွန် မကြောက်လိုတော့ပေ။

ရွှေမောင်သည် အဝင်ဝတံခါးကြီးကို အသာစမ်း၍ သော့ခလောက်ကို ဖွင့်ထားပြီး တံခါးကို အနေမပျက် စေ့မြဲစေ့ထား၏။ ထို့နောက် လှေကား



www.burmeseclassic.com

www.burmeseclassic.com



ဘက်လမ်းတွင် မီးတစ်လုံးရှိသေးကြောင်း သတိရသောအခါ အတော်အား တက်၍အသွား ...

'ဂျိုင်း ... ဂျိုင်း ... ဂျိုင်း' ဟူသောတံခါးကို တွန်းသည့်အသံသည် ကပ်ရက်ကြားရလေရာ ခေါင်းတွေကြီး၊ နားရွက်တွေ ထောင်သွားသည်နှင့် တစ်ပြိုင်နက် ...

"ငါ ... မတစ္ဆေ"

ဟုအော်ပြီး တံခါးကို တန့်ပြန်ကန်ဖွင့်၍ တစ္ဆေနောက်သို့ တန်း၍ လိုက်တော့သည်။

ရွှေမောင်သည် ဓားနှင့်လိုက်ခုတ်ရာ တစ္ဆေကောင်သည် ဝရံတာကို ပတ်၍ မီးဖိုချောင်သို့ တန်းပြေးသည်ကို အတိုင်းသားမြင်ရ၏။ ရွှေမောင်က ဟောဟဲတိုက်ပြီး အတင်းလိုက်နေစဉ် မကြည်သည် အိမ်ရှေ့မီးကိုဖွင့်ပြီး–

"တွေ့သလား ... တွေ့သလား"

ဟု အော်၍ လိုက်လာလေသည်။

"အေးကွ ... တွေ့တယ် ... တွေ့တယ် ... မအေပေးအကောင် ဂမုန်းစိုက်ထားတဲ့ သံပုံးကြီးထဲ ဝင်သွားတယ်။ ဟား ... ဟား ... မအေပေး အခုမှ သေချာတော့တယ်။ ကဲ ... ကဲ ... မင်း လက်နှိပ်ဓာတ်မီးနဲ့ ထိုးထားစမ်း၊ တွင်းကိုတူးမယ်"

"အို ... ကိုကိုကလည်း ကတ်သီးကတ်သတ် တစ္ဆေက ပန်းအိုးထဲ ဝင်ပြေးရတယ်လို့"

ရွှေမောင်သည် တဟားဟား အားရပါးရ ရယ်လေရာ မကြည်သည် ရွှေမောင်အား စိုးရိမ်တကြီး ကြောင်ပြီးကြည့်ရင်း ...

"ဟော့ ... ကိုကို၊ ဘာလဲ ... ဘာလဲ"

ဟု အော်နေတော့သည်။ သူမ၏ စိတ်အထင် ရွှေမောင်သည် တစ္ဆေနှင့် ရင်ဆိုင်တိုးသဖြင့် အကြောက်လွန်ကာ စိတ်ဖောက်ပြန်သွားသည် ဟု ထင်သွားလေသည်။ တကယ်လည်း ရွှေမောင်သည် စိတ်ဖောက်ပြန်သူကဲ့သို့ တအားတအား အူနှိပ်အောင်ရယ်နေ၏။

"အို ... အရေးထဲ စိတ်ညစ်လိုက်တာနော်။ ကိုကို ... ဟော့ .. ကိုကို"





"အေးပါဟ ... ငါကြားပါတယ်၊ ရယ်ချင်လွန်းလို့ပါ။ ခွေးမသား တစ္ဆေကို ..."

"တစ္ဆေက ကလီထိုးသွားလို့လား"

"ငါလေ ... ဘယ်ကတစ္ဆေဟုတ်ရမှာတုံး ... ကြွက်ကွ ... ကြွက်၊ ကြွက်မှ ပေါင်လုံးလောက်ရှိတဲ့ကြွက်ကြီး။ ဟနေတဲ့တံခါးက ဝင်ချင်လို့ အတင်းတံခါးကိုတိုးတာ၊ သူ့ကိုယ်ကကြီးတော့ မဝင်နိုင်လို့ အတင်းတွန်းတာကွ"

"ဟေ ..."

မကြည်၏ပါးစပ်သည် တစ်တောင်မျှ ဟသွားတော့၏။

ရွှေမောင်သည် ကြွက်ဝင်ပြေးသည့် ပန်းပုံးအခေါင်းထဲသို့ ရေလောင်းပြီး ကြွက်ကြီးထွက်အလာ ဓားဦးနှင့် တအားဆီးထိုးလိုက်ရာ ငါးဆယ်သားနီးပါးရှိသော မြေကြွက်ကြီးသည် ကိစ္စချောသွားလေ၏။

နောက်တစ်နေ့၌ တစ်ညလုံးဖြစ်ပျက်ပုံကို ရွှေမောင်က ထောင်မှူးကြီးအား အားရပါးရ ပြောပြလေရာ ပယောဂဆရာထောင်မှူးက အားကျမခံဖြစ်သွားပြီး ပြောပြန်သည်ကား ...

"အဲဒါဆရာ ... နာနာဘာဝ ဝိနာဘာဝဆိုတာ ပြေးမလွတ်ရင် ဒီလောက်လို လုပ်တတ်တယ်ဆရာ" ဟူသတည်း။

မြောင်းမြမောင်ကို

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

❑

ကျွန်တော်တို့ မြေလတ်ဒေသမှာနေကြတဲ့ မိသားစုဝင်အားလုံးဟာ ... မယ်တော်ကြီးနဲ့ 'မင်းမဟာဂီရိ' မောင်နှမများကို ယုံကြည်စွာ ကိုး ... ကြပါတယ်။

'အိမ်တွင်းမင်းမဟာဂီရိ'မောင်နှမနှစ်ယောက်ဟာ မီးရှို့ခံပြီး သေဆုံး ... နတ်ဖြစ်လာသူများဖြစ်သဖြင့် ၎င်းတို့အား ရည်စူးပြီး အုန်းဆွဲကြပါ ...

အိမ်ဆောက်တဲ့အခါ (၃)ပင်အိမ် (၄)ပင်အိမ်ဆိုပြီးရှိတယ်။ အိမ်တောင် ...လှည့်ရင်၊ အိမ်ဦးတိုင်ရဲ့ (ခေါင်းရင်းတိုင်) အရှေ့မြောက်ထောင့်တိုင်းမှာ ...အုန်းကို ချိတ်ဆွဲရပါတယ်။ အနောက်ဆုံးတိုင်မှာဖြစ်တယ်။

မြောက်ဘက်ကိုလှည့်ရင် ခေါင်းရင်းတိုင်များရဲ့ နောက်ဆုံးတိုင် ...ဆောင် အရှေ့တောင်ထောင့်မှာ အုန်းဆွဲတယ်။ အိမ်ကအရှေ့ဘက်ကို ...ရင် ခေါင်းရင်းတိုင်ရဲ့ နောက်ဆုံးတိုင် အနောက်တောင်ထောင့်မှာ ချိတ် ...

အနောက်ဘက်ကိုလှည့်ရင် အရှေ့မြောက်ထောင့်မှာ ချိတ်ဆွဲတတ် ...တယ်။

ညအခါ မီးထွန်းရင် အဲဒီနတ်အုန်းသီးရဲ့ရှေ့မှာ အဝတ်နီ...လေး ...ထားရပြီး နေ့အခါမှာ ဖွင့်ထားရတယ်။

www.burmeseclassic.com



ဆီကြော်ဇေးအစုံနဲ့ လက်ဖက်သားကို တင်တယ်။ ဆွဲထားတဲ့အုန်း
လ ကြာသွားလို့ အုန်းသီးထဲမှာ အရည်မရှိတော့ဘူးဆိုရင် အုန်းသီးတစ်
ငှက်ပျောဖီးကြမ်းအမှည့် (၃) ဖီး၊ ကွမ်းသုံးယာ (အညာမချွေရ)၊ ကြိုက်ရာ
များနဲ့ ကန်တော့ပွဲပြင် ပြီး(၃)ရက် ကိုးထားရတယ်။ တင်ထားရတယ်။

(၃)ရက်ပြည့်ရင် ဆွဲထားတဲ့အုန်းသီးကို စွန့်ပြီး ကိုးထားတဲ့အုန်း
နဲ့လဲရတယ်။ အိမ်တွင်းနတ်ကို ကိုးထားတဲ့ (တင်ထားတဲ့) ငှက်ပျောသီး
ကို ကိုယ့်မိသားစုပဲ စားရတယ်။ တခြားသူကို မကျွေးရဘူး။ အိမ်တွ
စီးပွားအပြင် မရောက်အောင်လို့တဲ့။

မြေလတ်မိသားစုအားလုံး ယုံကြည်ပြီး အစွဲအလမ်း ကြီးကြတယ်
မိန်းမလာကိုးကွယ်မှုလို့ ဘိုးစဉ်ဘောင်ဆက် ယုံကြည်ကြတယ်။ အပြင်
မကောင်းဆိုးဝါး၊ သရဲ၊ တစ္ဆေ၊ ကျွက်၊ ယက္ခတွေ အိမ်ထဲ အဝင်မခံဘူး
ယုံကြည်ကြတယ်။ အိမ်ရဲ့ တံစက်မြိတ်အောက်တောင်မှ အလာမခံဘူး
ပြောတယ်။

ယုံယုံကြည်ကြည် လေးလေးစားစားနဲ့ ကိုးကွယ်တဲ့လူတွေကို ကျ
မာရေး၊ စီးပွားရေး၊ လူမှုရေးတွေ စောင့်ရှောက်ပေးတယ်လို့ ကျွန်တော်
မြေလတ်သူ/သားတို့ က ယုံကြည်ကြတယ်။

အဲ . . . တစ်ခုရှိတာက။ မ,စတာ ကြာတယ်။ နှေးတယ်။ သူ့ကို
တစ်ခုခုမှားပြီး လုပ်မိရင်တော့ ချက်ချင်း ဒုက္ခပေးတတ်တယ်။

ဥပမာ–အိမ်ထောင်စုတစ်စုမှာ မိဘအိမ်က ခွဲထွက်သွားပြီး ကိုယ်
က တစ်အိုးတစ်အိမ် တည်ထောင်ခဲ့လို့ ဒီအိမ်တွင်းအုန်းမဆွဲရင် မကိုးကွယ်
ခဲ့ရင် အဲဒီလင်မယား ဒုက္ခအမျိုးမျိုး တွေ့တော့တာပဲ။

ရိုးရာအကိုင်ခံရတယ်လို့ ဆိုတယ်။

မြန်မာပြည်အောက်ပိုင်းဆိုရင်တော့ 'ရေငန်ပိုင်ဦးရှင်ကြီး' ကို ကိုး
ကွယ်သလိုပေါ့။

'နတ်နဲ့နဂါး မလှည့်စားနဲ့' လို့ စာရေးသူတို့ရဲ့ မိဘဘိုးဘွားများက
သတိပေး ခဲ့ဖူးတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး စာရေးသူရဲ့ ကိုယ်တွေ့တစ်ခု
ပြောပြမယ်။





၁၉၆၀ ခုနှစ်က ဖြစ်တယ်။ အဲဒီတုန်းက ကျွန်တော့်အသက်က (၁၈)
ကျွန်တော်တို့အိမ်နဲ့ ကျောချင်းကပ်မှာ ဦးစောမောင်၊ ဒေါ်အေးသောင်းဆို
နေထိုင်တယ်။ သူ့မှာ သမီးတစ်ယောက်၊ သားတစ်ယောက်ရှိတယ်။

သမီးနာမည်က အမာစိန်တဲ့။ သားက မောင်မြင့်သိန်းလို့ ခေါ်
အမာစိန် အသက်က (၁၇)နှစ် (၁၀)တန်း၊ စာတော်တယ်။ (၇)တန်း
တန်းကနေ (၁၀) တန်းအထိ (စကောလားရှစ်)လို့ခေါ်တဲ့ အစိုးရစရိတ်နဲ့
တက်နေရတဲ့သူ။

ဦးစောမောင်က ရွှေပန်းတိမ်ဖိုပိုင်ရှင်၊ မကွေးမှာတော့ တော်တော်
တယ်။ ဦးစောမောင်က မိဘမဲ့သားတွေကို မွေးစားပြီး ရွှေပန်းတိမ်
ကို သင်ပေးတယ်။ ကလေးတွေကလည်း ကြိုးစားကြတယ်။

(ရေဝတီမကွေးတံတား) ကြီးရဲ့ထိပ်မှာ ဦးစိန်မောင်ဆိုတဲ့ ပန်းတိမ်
ဒီနေ့ထိရှိတယ်။ အဲဒီ ဦးစိန်မောင်ဟာ ဦးစောမောင်ရဲ့ သားတပည့်
ယ်။ အခု တင်ပြမဲ့ကိစ္စဖြစ်စဉ်က ဦးစိန်မောင်ရဲ့ အသက်(၁၉)နှစ်
ပဲရှိဦးမယ်။

ညပန်းတိမ်သိမ်းချိန်ဆို ဦးစောမောင် အရက်သောက်တယ်။
မူးလာရင် သွေးဆိုးတယ်။ တခြားတော့ မဟုတ်ဘူး။ အိမ်ကလူ
ကို ရန်ရှာတယ်။ အဆိုးဆုံးက အိမ်တွင်းအုန်းကို ဓားနဲ့ခုတ်တော့တာပဲ။
တွေ၊ ပန်းအိုးတွေကို အိမ်အပြင်လွှင့်ပစ်ပြီး 'သူများသတ်လို့သေရ
ကောင်တွေက ငါ့အိမ်မှာ မင်းမူနေတယ်။ ဒီကောင်တွေကို ကိုးကွယ်စရာ
ရှိခိုးစရာမလိုဘူး' လို့ ညစ်ညစ်ညမ်းညမ်း တိုင်းထွာဆဲဆိုပြီး လုပ်

သူက မူးလာပြီးဆိုရင် ဘယ်သူ့မှ သူ့အနားမကပ်ရဲဘူး။ အဲ . . .
လင်းလို့ လူကောင်းပြန်ဖြစ်ပြီလားဆိုရင် ညက သူလုပ်ခဲ့တာတွေ
မှ သတိမရတော့ဘူး။ ဟဲ့ . . . ဒီကအိမ်တွင်းအုန်းတွေ၊ နတ်အုန်းသီး
ဘယ်ရောက်ကုန်ပြီလဲဆိုပြီး မေးတော့တာပဲ။ သူ့ကြောင့်ဆိုတာ သိတာ
လွန်ဘုရားနားမှာရှိတဲ့ မြို့တော်ရှင်ဖြစ်တဲ့ နတ်ဆရာကိုဖိတ်ပြီး
ပန်ခိုင်းတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အုန်းအသစ်ကန်တော့ပွဲအသစ်တွေနဲ့ ပြန်တင်ပြီး တောင်းပန် တော့တာပဲ။ (၇) ရက်လောက်လည်း အရက်ဖြတ်သွားတယ်။

'ခွေးမြီးကောက် ကျည်တောက်စွပ်' ဆိုသလိုပါပဲ။ မေ့လောက် ရင် တစ်ခါ လုပ်ပြန်ရော။ ကြိမ်ပန်များစွာဖြစ်လာတော့ ဘယ်နတ်ကတော် မှ သူ့ဆီမလာတော့ဘူး။ တောင်းပန်လည်း မပေးတော့ဘူး။

တစ်နေ့မှာ ဦးစောမောင်ရဲ့ မိန်းမရဲ့ ကြောက်ခမန်းလိလို့ အော်သံ ကြားလို့ ရပ်ကွက်ထဲကလူတွေ သွားကြည့်တော့ သွေးအိုင်ထဲ လဲနေတဲ့ ဦးစောမောင်ကို အိမ်ပေါ်မှ တွေ့ရတယ်။

ဘာဖြစ်တာလဲလို့ မေးကြည့်တော့ ဦးစောမောင်က အုန်းသီးကို နတ် ကွန်းက ဆွဲအချမှာ လူကဘီးလူးစီးသလို ဂုန်းခနဲ မြောက်တက်သွားပြီး အိမ် ခေါင်ထုတ်တန်းနဲ့ခေါင်းနဲ့တိုက်ပြီး အောက်ကျလာတာပဲလို့ ပြောတယ်။

ဦးစောမောင်အိမ်က သုံးပင်နှစ်ထပ်၊ ပျဉ်ထောင်ပျဉ်ကာ၊ အဲဒီခေတ် က အညာမှာ ပိုက်ဆံရှိလည်း တိုက်မဆောက်ကြဘူး၊ ကျွန်းပျဉ်ထောင်အိမ် နဲ့ပဲ နေကြတယ်။

ဦးစောမောင်ရဲ့ခေါင်းက သွေးတွေ ဖြာထွက်နေတယ်။ ဒါနဲ့ မကွေး ဆေးရုံကို မြင်းလှည်းနဲ့ပြေးခဲ့ကြတယ်။ ဦးစောမောင်က သတိမေ့နေတယ်

ဆေးရုံရောက်တော့လည်း သွေးထွက်က မရပ်ဘူး။ ဒါနဲ့ ခွဲစိတ် ဆရာဝန်ကို ညတွင်းချင်းခေါ်ပြီး ဒဏ်ရာကို စစ်ဆေးကြည့်တယ်။ ဒဏ်ရာ မတွေ့ဘူး၊ ဒါနဲ့ ဆံပင်တွေ အကုန်ရိပ်ပစ်လိုက်တယ်။ ခေါင်းတုံးကိုပြောင် လို့၊ ဒဏ်ရာက လုံးဝမရှိဘူး။ သွေးတွေက ဘယ်က ထွက်လာသလဲဆိုတာ ခွဲစိတ်ဆရာဝန်တောင်မှ ရှာမရဘူး။ အားလုံး အံ့သြနေကြတယ်။

၁၀ မိနစ်လောက်ရှိတော့ ဦးစောမောင် သတိပြန်ရလာတယ်။

'ငါ ဘယ်ရောက်နေလဲ ငါဘာဖြစ်တာလဲလို့' မေးတော့ သူ့ကို အကျိုးအကြောင်း ပြန်ပြောပြတော့ သူက 'ဟား' တိုက်ပြီး ရယ်တယ်။

ဒီလိုနဲ့အိမ်ပြန်ရောက်ကြတယ်။ အိမ်ပြန်ရောက်တော့ ဦးစော မောင်ရဲ့ဖနီး၊ ဒေါ်အေးသောင်းက တစ်စခန်း ထပြန်ရော။

အိမ်တွင်းနတ်ဝင်ပူးတာလို့ ပြောတာပဲ။ အိမ်အပေါ်ထပ်မှာ ဖနော် နဲ့ကြမ်း ခင်းကိုပေါက်ပြီး 'ဟေ့ ... စောမောင် ဒီနေ့ မင်းကို ဆုံးမရတော့





ယ်၊ ငါတို့သည်းခံခဲ့တဲ့ စွမ်းအားကုန်ပြီး ငါတို့ကို စော်ကားခဲ့တဲ့ အကြိမ်တွေ ည်းတော့ဘူး။ ဒီနေ့ မင်းဟာ နောက်ဆုံးပဲ' လို့ပြောပြီး တဝါးဝါးနဲ့ သန်းပြီး ဆိုတဲ့သူက ဒေါ်အေးသောင်း ကိုယ်ခန္ဓာက ထွက်သွားတယ်။

ဦးစောမောင်ကတော့ အရူးတစ်ယောက်လို တဝါးဝါး တဟားဟားနဲ့ ယ်နေ တော့တာပဲ။

အဲသလိုဖြစ်နေချိန်မှာ အိမ်ရှေ့ အရက်မူးသမားတစ်ယောက်ရဲ့ သံကို ကြားရတယ်။

''ဟေ့ကောင် စောမောင်၊ မင်းတော်တော် လူပါးဝတယ်။ ကလေး ကျတော့ ရွှေကို ... အကိုင်နိုင်ပြီး ငါ့ကျတော့ မင်းက ရွှေနိုးမှာကြောက် မကိုင်နိုင်းတာ မဟုတ်လားကွ''

မနေ့တစ်နေ့ကမှ ပန်းတိမ်ပညာ သင်ချင်ပါတယ်ဆိုပြီး ရောက် တဲ့ဦး မောဟဆိုတဲ့ လူဖြစ်တယ်။ သူ့ကို မီးဖိုပဲဆွဲခိုင်းနေပြီး ရွှေမကိုင်ရ ခကျေနပ်တဲ့လူတဲ့။

ရွှေဆိုတာ နန်းကြိုးဆွဲဖို့အဆင့်ကိုပဲ ပထမ၊ မီးအပူပေးတတ် င် သင်ရတာ။ ဒါကို မကျေနပ်လို့ လာဆဲတယ်ဆိုတော့ အိမ်ပေါ်မှာ စိတ် ာက်ကယက်ဖြစ်နေတဲ့ ဦးစောမောင်ကြားတော့ ဒေါသပုန်ထပြီး ခေါင်းရင်း ချိတ်ထားတဲ့ 'ငှက်ကြီးတောင်' ဓားကိုဆွဲပြီး ဆင်းတော့တာပေါ့။

'စောမောင် ... မှားမယ်' ဆိုပြီး လူတွေက လိုက်ဆွဲတော့လည်း

တရွှေ သရဲ အပမှီနေတဲ့လူတစ်ယောက်လို တဖွတ်ထိုးစောမောင်၊ သစ်တွေကတောင် နင်းမဆင်းတော့ဘဲ ခုန်ဆင်းသွားပြီး အိမ်ဝိုင်း အပေါက်ဝမှာ မူးပြီးဆဲနေတဲ့ ဦးမောဟရဲ့ခေါင်းကို ငှက်ကြီးတောင်ဓား ားလွဲခုတ်လိုက်တယ်။

''ငါ စောမောင်တဲ့ကွ ... တစ်မောင်တည်း ရှိတယ်။ မင်းလိုကောင် ပါးဝလို့ သေပေတော့''

ငှက်ကြီးတောင်ဓားက ရှည်တော့ အိမ်ရှေ့ဝင်းထရံ တံခါးပေါက် လှဆင်ထားတဲ့ စပယ်ပန်းရုံကို ခုတ်မိပြီး ပန်းခင်းကြီးလည်း ဓားချက် ထဲကျသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစောမောင်ရဲ့လက်ထဲက ဓားလည်း လွတ်ကျသွားတယ်။

ဦးစောမောင်လွတ်ကျသွားတဲ့ဓားကို ဦးမောဟာတွေ့တော့ အမူး ပြေပြီး ကြောက်ကြောက်လန့်လန့်နဲ့ ဓားကိုကောက်ပြီး ဦးစောမောင်ရဲ့ဗိုက် ကို ဓားရှည်အဆုံး ထိုးချလိုက်ပြီး ထွက်ပြေးတော့တယ်။

မကွေး (၁) ရဲစခန်းကိုရောက်တော့ သူဦးစောမောင်ကို ဓား ထိုးခဲ့ပြီလို့ ဖြောင့်ချက်ပေးပြီး အဖမ်းခံခဲ့တယ်။

ဦးစောမောင်လည်း ဓားဒဏ်ရာနဲ့နေရာမှာပင် ပွဲချင်းပြီးသေဆုံး ဦးမောဟာလည်း လူသတ်မှုနဲ့ ထောင် (၁၀) နှစ်ကျခဲ့တယ်။

ဒီအဖြစ်အပျက်က ယခုဆို နှစ်ပေါင်း(၅၃)နှစ် ကြာခဲ့ပါပြီ။ ကျွန်တေ မျက်စိထဲမှာတော့ 'နတ်နဲ့နဂါး' လှည့်စားမိတဲ့ ဦးစောမောင်အဖြစ်အပျ ကို ဒီနေ့ထိ မမေ့သေးပါဘူး။ ခေတ်ဟောင်းရုပ်ရှင်တစ်ကားကို ကြည့်ေ သလို မြင်ယောင်နေပါသေးတယ်။

သင်ခန်းစာရလိုက်တာကတော့ 'မိရိုးဖလာ' ကိုးကွယ်မှုကို မယုံ နေပါ။ မထီမဲ့မြင်တော့ မလုပ်မိကြပါစေနဲ့လို့ သတိပေးချင်ပါတယ်။

မှတ်ချက် ။ ။ 'ဦးစောမောင်' ဆိုတာက ကျွန်တော့်ရဲ့ ယောက္ခမ ဖြစ်ပါတယ်။ သူ့သမီး အမာစိန်က ကျွန်တော့်ဇနီးဖြစ်ပြီး ၃-၄-၂၀၁၂ နေ့ အနောက်ပိုင်းဆေးရုံ (ရန်ကုန်)မှာ (၉၆) ပါးသော ရောဂါနဲ့ ဆုံးသွား တယ်။

ချစ်ဇနီးအမာစိန် (၈) လမြောက်မှာ ကောင်းရာမွန်ရာရောက်ပါ လို့ ဆန္ဒပြုရင်း ....။

သဗ္ဗေအနိစ္စသ
မကွေးညို



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

ကိုလိုနီခေတ် အင်္ဂလိပ်နယ်ချဲ့စစ်သားတွေ ရွှေတိဂုံဘုရားကြီး... က အတင်းအဓမ္မဖြုတ်ယူသွားတဲ့ 'ဓမ္မစေတီခေါင်းလောင်းကြီး' မြစ်သုံးဆုံ... ဆိုင်ထဲမှာ ပြုတ်ကျကျန်ရစ်ခဲ့တာကို မြင်ရပြီး ပြန်ဆယ်နေတဲ့ အင်္ဂလိပ်နယ်... ချဲ့စစ်သားတွေကို ဥက္ကလာပမင်းကြီးရဲ့ သားတော်မင်းနန္ဒာက သူ့ရဲ့ ငမိုးရိပ်... ကြီးစီးပြီး သန်လျက်နဲ့ လိုက်ခုတ်သတ်နေလို့ အင်္ဂလိပ်နယ်ချဲ့စစ်သားတွေ... အတုံးအရုံး သေနေကြတာ။

ပြီးတော့ ငမိုးရိပ်မိကျောင်းကြီးက ကျန်တဲ့ အင်္ဂလိပ်နယ်ချဲ့စစ်သား... တွေကို အလွတ်မပေးဘဲ လိုက်လံတိုက်ခိုက် သတ်ဖြတ်စားသောက်နေတာ... တွေမြင်နေရတယ်။

✿ ✿ ✿

❑

သူငယ်ချင်းနှစ်ယောက်တွင် တစ်ယောက်က ခပ်ဆိုးဆိုး ခပ်ပေပေ။ တစ်ယောက်က ခပ်အေးအေး ခပ်ရိုးရိုးဖြစ်၏။

ခပ်ဆိုးဆိုး ခပ်ပေပေလူမှာ သည့်ပြင်လူမဟုတ် ကျွန်ုပ်ဖြစ်၏။

ခပ်အေးအေး ခပ်ရိုးရိုးလူမှာ ကျွန်ုပ်၏သူငယ်ချင်း၊ လူအမည် ကိုတင်လှိုင်၊ စာရေးဆရာကလောင်အမည် သန်လျင်မောင်ဆုလှိုင်ဖြစ်၏။

ခပ်အေးအေးနှင့် ခပ်ပေပေတို့ တွဲမိသည်မှာ စာပေကို အကြောင်းပြု၍ တွဲမိကြခြင်းဖြစ်သည်။

လွန်ခဲ့သော နှစ်သုံးဆယ်ကျော်က ကျွန်ုပ်တို့မြို့တွင် 'စာပေလုပ်သား' အဖွဲ့ဖွဲ့သောအခါ စာရေးဆရာစစ်စစ်ဖြစ်သော ကျွန်ုပ်၊ ပွင့်လန်းသတ္တု တွင်။ ချစ်သန်းမြင့်ဟူသော တကယ်စာရေးပြီး ထမင်းစားသည့် စာရေးဆရာ သုံးယောက်ပါသလို ဝန်ထမ်းတစ်ဖက် စာကို ကြိုကြားကြိုကြားရေးသော ကပြားစာရေးဆရာတွေ ပါလာသည်။

ဝတ္ထုတို ၁၀ ပုဒ်၊ ဆောင်းပါး ၁၀ ပုဒ်၊ ကဗျာအပုဒ် ၂၀၊ သတင်း တန့်သတ်ချက် အတိအကျမရှိ (၁၉၇၀ ဝန်းကျင်) ဆိုလျှင် စာပေလုပ်သား၊ စာရေးဆရာ၊ သတင်းစာဆရာ ကတ်ပြားရပြီ။ များသောအားဖြင့် ထိုလူများ သည် စာရေးဆရာကတ်ပြားကိုင် ဆရာများဖြစ်ပြီး အချို့စာကို ဆက်၍မရေး ကြတော့။ ကတ်ပြားရဖို့ စာရေးကြသလိုဖြစ်ပြီး စာပေလောကမှအချို့ ပျောက် ကွယ်သွားကြသည်။ အချို့မှာမူ ဆက်လက်ကြိုးစား၍ ရုံးများ၊ အလုပ်ရုံများ မှ ထွက်လာသည့်အခါ အောင်မြင်ကျော်ကြားသော စာရေးဆရာများပင် ရှိ လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ဆိုလိုသည်မှာ စာရေးဆရာကတ်ပြားရအောင် ပုဒ်ရေဖြည့် စာရေးသူ စာပေစိတ်နှင့် စာကို ဆက်မရေးတော့ဘဲ ကြိုးလည်း မကြိုးစားတော့ဘဲ စကောစကနှင့် ရပ်တန့်ကျန်ရစ်ခဲ့သူများပါ ပါလာတတ်သည်ကို ဆိုလိုရင်းဖြစ်ပါ၏။

ထိုအထဲတွင် ကျွန်ုပ်၏သူငယ်ချင်း ကိုတင်လှိုင်သည် အပါအဝင်ဖြစ်၏။ ရုံးတစ်ဖက်နှင့် ကပြားစာရေးဆရာဖြစ်၏။ သို့သော် သူ၏ သန်လျင်မောင်ဆုလှိုင်ဆိုသော ကလောင်အမည်ကို မပျောက်ပျက်အောင် ယခုတိုင် ဘာသာရေးစာပေများကို ဆတ်လက်ရေးသားသဖြင့် ကျွန်ုပ်နှင့် ဆက်ပြီး လက်တွဲနေဖြစ်သည်။

ကျွန်ုပ်သည် စာပေကို ချစ်မြတ်နိုးသူဖြစ်၏။ စာပေအတွက် အသက်ပေးရမည်ဆိုလျှင် ပေးဆက်သွားနိုင်၏။ စာပေယုံကြည်ချက် ပြင်းထန်ခိုင်ခံ့အောင် ကျွန်ုပ် ဖတ်ရှုလေ့လာမှတ်သားသော စာပေက ကျွန်ုပ်ဘဝအား လမ်းပြဦးဆောင်မှု ပေးလျက်ရှိ၏။

ထို့ကြောင့် စာပေသမားဆိုလျှင် ကျွန်ုပ် လေးစားပြီးသားဖြစ်၏။ စာပေနှင့် မွေ့လျော်သူသည် ပေါ့ပေါ့နေ ပေါ့ပေါ့စားမဟုတ်။ လေးနက်တည်ကြည်မှုရှိသူဖြစ်၏။ ထိုသို့ဖြစ်အောင် သူ လေ့လာဖတ်ရှုသော စာပေက သူ့ဘဝကို ကြိုးကိုင်ပဲ့ပြင်သွားတတ်သည်။

စာပေသမားကို လေးစားသော ကျွန်ုပ်မှာ စာရေးဆရာ၊ စာဖတ်သူ၊ စာပေသမားဖြစ်လျှင် စာရေးဆရာ စစ်စစ်ကြီးဖြစ်ဖြစ်၊ ကပြားစာရေးဆရာဖြစ်ဖြစ် ယုတ်စွအဆုံး၊ ဖားတစ်ပိုင်း ငါးတစ်ပိုင်း စာရေးဆရာဖြစ်ဖြစ် ကျွန်ုပ် လေးစားပြီးသားဖြစ်၏။

"ဟေ့ . . . ကျော်ကြီး၊ တို့စာပေအဖွဲ့မှာ ဖားတစ်ပိုင်း ငါးတစ်ပိုင်း ကပြားစာရေးဆရာတွေ ပါလာတယ်ကွ"

တစ်ယောက်သော စာရေးဆရာက ကျွန်ုပ်အား လာပြောသည်။

"ပါတော့ ဘာဖြစ်သလဲဗျ၊ သူတို့လည်း စာပေသမားပဲ။ စာပေလောကအကျိုး အတူတူလက်တွဲပြီး လုပ်သွားနိုင်ရင် ပြီးတာပဲမဟုတ်လား"





"ဒါဆိုလည်း ပြီးတာပါပဲကွာ။ မင်းက မင်းကိုယ်မင်း စာရေးဆရာ၊ အနုပညာသမားဆိုပြီး နေချင်သလိုနေ၊ ပြောချင်သလိုပြော၊ ရေးချင်သလိုရေး၊ ပစ်စလက်ခတ် လုပ်တတ်လွန်းလို့ ငါက သတိပေးတာပါ"

"ကျွန်တော့်ကို သတိပေးသလို ခင်ဗျားကိုယ်လည်း ခင်ဗျား သတိပေး၊ ခင်ဗျားကမှ မူးရင် ပေါက်ကွဲပြီး ချဲတတ်တာ"

"အောင်မာ . . . မင်းကကော၊ မင်း ခပ်ပေပေ လုပ်တတ်လွန်းလို့ ငါက မင်းကိုပြောရတာ"

ကျွန်ုပ်တို့ စာရေးဆရာအချင်းချင်းမှာ တစ်အူတုံဆင်း ညီရင်းအစ်ကိုထက် တစ်ယောက်နှင့်တစ်ယောက် ခံယူချက် ယုံကြည်ချက်ချင်း တူညီလျှင် ပို၍ ချစ်ကြသူများဖြစ်၏။ ကျွန်ုပ်ပြောသော ခံယူချက်ယုံကြည်ချက်ဆိုသည်မှာ ကျွန်ုပ်တို့၏ အမျိုးသားစာပေနှင့် တိုင်းပြည်နှင့်လူမျိုးကို ချစ်သော ခံယူချက် ယုံကြည်ချက်ဖြစ်သည်။ ထိုခံယူချက်၊ ယုံကြည်ချက်ဖြင့် ကျွန်ုပ် စာပေလောကတွင် ရပ်တည်နေခြင်းသာဖြစ်ပါ၏။

စာပေသမားချင်း တစ်ယောက်ကိုတစ်ယောက် ချစ်သည့်နေရာမှာ ကျွန်ုပ်အနေဖြင့် ကပြားစာရေးဆရာ၊ စာရေးဆရာစစ်စစ်စသည်ဖြင့် ခွဲခြားသည့်စိတ်မရှိဘဲ တကယ် စာပေကိုချစ်ပြီး စာရေးသူဖြစ်နေလျှင် ချစ်ခင်ပြီး အကူအညီပေးဖို့ အဆင်သင့်ရှိပြီးသားဖြစ်၏။

စာရေးဆရာအဖြစ် ပုဒ်ရေပြည့် ၁၀ ပုဒ် စာရေးဆရာကတ်ပြားကိုင်ပြီး စာကိုလည်း ဟုတ္တိပတ္တိမရေး။ ကတ်ပြားကိုင် လူတွင်ကျယ်လုပ်နေချင်သော ကျွန်ုပ်ကြည့်လို့မရဘဲ ကျွဲလာလျှင် ကျွဲလာသလို ကျွန်ုပ် ချဲပြီးသားဖြစ်၏။

ဆိုရလျှင် ကျွန်ုပ်သည် စာပေသမားဖြစ်ပြီး စာကို တကယ်ရေးနေသော ဝန်ထမ်းစာရေးဆရာ၊ ကပြားစာရေးဆရာများကို ပေါင်းလို့ရပြီး စာရေးသည်ခံပြီး ကတ်ပြားကိုင် 'စာရေးဆရာများ'ကိုမူ ပေါင်းလို့မရသူဖြစ်၏။ စာရေးဆရာကတ်ပြားကိုင်ပြီး စာဟုတ္တိပတ္တိ မရေးဘဲ အသက်မွေးရာတိုင်သွားသူများကို 'စာရေးဖရော'ဟု ကျွန်ုပ် ဆိုလိုရင်းဖြစ်၏။ သဘောပေါက်ချင်သော စေတနာသာလျှင် အရင်းခံ၍ ပြောခြင်းအတွက် ကျွန်ုပ်အား ခွင့်လွှတ်ကြပါကုန်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့သော ညဉ့်ရှိသူ ကျွန်ုပ်သည် ဝန်ထမ်းစာရေးဆရာဖြစ်သော ကိုတင်လှိုင်ခေါ် သန်လျင်မောင်ဆုလှိုင်နှင့် ခင်ခင်မင်မင် ပေါင်းသင်းခဲ့မိခြင်းမှာ သူသည် စာဖတ်အားကောင်းပြီး စာများကို အဆက်မပြတ်ရေးသားနေသော စာရေးဆရာတစ်ဦး ဖြစ်သောကြောင့်ပါတည်း။

ထိုသို့ ခင်မင်ပြီး တပူးတွဲတွဲနေကြရာမှ သစ္စာအဓိဋ္ဌာန်နှင့် ပတ်သက်၍ ထူးဆန်းသော အဖြစ်အပျက်ကို ကျွန်ုပ် ကိုတင်လှိုင်နှင့်ပတ်သက်၍ အောက်ဖော်ပြပါအတိုင်း ကြုံဆုံခဲ့ရခြင်း ဖြစ်လေတော့သည်။

✿ ✿ ✿

[၂]

❑

မောင်ဆုလှိုင်နှင့် ကျွန်ုပ်သည် အပေါင်းအသင်းဖြစ်နေသော်လည်း လူ့စရိုက်ချင်းကား မတူကြ။

ကျွန်ုပ်က ခပ်ပေပေ ခပ်စွာစွာ နေသည်။ မောင်ဆုလှိုင်ကား ခပ်ရိုးရိုး ခပ်အေးအေး နေတတ်သည်။

သို့သော် ကျွန်ုပ် အလကားနေရင်း လူမိုက်လူစွာ လုပ်ခြင်းမဟုတ်။ ကျွန်ုပ်ရှေ့မှာ မဟုတ်တာတွေ့လျှင် မြုံမနေတတ်ဘဲ ပွင့်ပွင့်လင်းလင်း ပြောပစ်ခြင်းမျိုး။ ပါးစပ်နှင့်မရ လက်ပါ ပါကြေးမျိုးဆိုလျှင် လက်မနှေးသူဖြစ်၍ ကျွန်ုပ်ကို အော့ကြောလန်သူတွေရှိသည်။

"ဒီကောင်က စာရေးဆရာသာဆိုတယ်၊ လမ်းသရဲဘဝက လာတဲ့ကောင်ဆိုတော့ လမ်းသရဲစိတ် မပျောက်ဘူး။ ထောင်မကြောက် တန်းမကြောက်ကောင်ကွ"





ကျွန်ုပ်၏ကွယ်ရာတွင် ထိုသို့ နာမည်ဆိုးထွက်နေပြီး ကျွန်ုပ်၏ အပြတ်တနိုး လေးစားခြင်းများစွာဖြင့် တည်ဆောက်ထားသော စာရေးဆရာဘဝပုံရိပ်ကို ထိုစဉ်က ကျွန်ုပ် အသိဉာဏ် မရင့်ကျက်မှုကြောင့် များစွာ ညစ်နွမ်းစေခဲ့သည်။

ကျွန်ုပ်ဘဝ အတွေ့အကြုံနှင့် အရွယ်ရမှ ထိုစဉ်က ကျွန်ုပ်၏လုပ်ရပ်မှာ ကုသိုလ်ငါးဆယ်သား၊ ငရဲငါးဆယ်သား အလုပ်မျိုးဖြစ်၏။ စာပေသမားဖြစ်နေ၍ စာပေအသိ ဝင်ဝင်လာသဖြင့် ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ အဖြစ်မျိုး မရောက်ခဲ့ခြင်းသာဖြစ်၏။

ကျွန်ုပ်တို့သည် အရွယ်ကလည်း ၂၅ နှစ် ၃၀ ကျော်အရွယ်တွေဖြစ်နေသေး၍ စိတ်သွားတိုင်း ကိုယ်ပါနေသူများဖြစ်၏။ စိတ်ကို အလိုလိုက်မိသည့်အခါ ကျွန်ုပ်က စားသောက်ဆိုင်များဘက် ဦးလှည့်သွားတတ်သည်။

ရိုးသားစွာဆိုရလျှင် ကျွန်ုပ်သည် အရက်သမားများနှင့် ပေါင်း၏။ အရက်ကြိုက်တတ်သော စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ရုပ်ရှင်မင်းသား၊ အဆိုတော်များနှင့် အတွဲများသည်။

ထိုအခါတွင် ကျွန်ုပ်နှင့်တွဲနေသော သန်လျင်မောင်ဆုလှိုင်သည် ပါပါလာတတ်သည်။

သန်လျင်မောင်ဆုလှိုင်ကား အရက်မသောက်တတ်။ အမြည်းပဲစားသည်။ သို့သော် ကျွန်ုပ်နှင့် လိုက်ပါများတော့ ဘီယာတော့ သောက်တတ်သည်။

ဘီယာသောက်သော်လည်း သူက သတိရှိသည်။ အမြဲ ကျွန်ုပ်ကို သတိပေးတတ်သည်။

"ကိုကျော်ကြီး ... သင်္ဘောချိန်မမီဘဲ နေဦးမယ်။ သန်လျင်ဘက်ကမ်းရောက်မှ ဆက်သောက်ဗျာ"

ထိုစဉ်က ကျွန်ုပ်တို့ သန်လျင်နှင့် ရန်ကုန်အဆက်အသွယ်ခရီးမှာ ယခုလို သန်လျင်ရန်ကုန်တံတားကြီး မပြီးသေး။ သင်္ဘောကိုပဲ အားကိုးနေရသည်။ သင်္ဘောခေါက်ကား ညကိုးနာရီလေးဆယ့်ငါးမိနစ် နောက်ဆုံးခေါက်ပဲရှိသည်။ ထိုနောက်ဆုံးခေါက်ကို မမီလျှင် ရန်ကုန်ဘက်ကမ်းတွင် အိပ်ရောက်တင်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းကြောင့် သန်လျင်မောင်ဆုလှိုင်သတိပေးလျှင် ကျွန်ုပ် ရန်ကုန်အနုပညာ ယမကာဝိုင်းများကို ထားခဲ့ပြီး ပြန်ပြန်လာရတတ်သည်။

သဘောပေါ်တွင် လေအေးအေးနှင့် ကိုဆုလှိုင်က ကျွန်ုပ်အား အမြဲဖျောင်းဖျတတ်သည်။

"ကိုကျော်ကြီးမှာ ပြောစရာဆိုလို့ ဒီအရက်သောက်တတ်တာပဲရှိတယ်။ အရက်ကိုဖြတ်လိုက်ရင် ဘာမှပြောစရာမရှိတော့ဘူး"

သူက အကောင်းပြောပေမဲ့ ကျွန်ုပ်၏နားထဲတွင် မဝင်ဆန့်ခဲ့ပါ။ ကျွန်ုပ် သူဘာပြောမလဲဆိုတာကိုတော့ ဆက်၍ နားစွင့်နေမိသည်။

သဘောမှာ သီတာသဘောကြီးဖြစ်၍ သုံးထပ်သဘောကြီးဖြစ်၏။

ဆောင်းတွင်းညလေအေးသဖြင့် အပေါ်ထပ်မှာ လူသိပ်မစီးကြဘဲ နွေးနွေးထွေးထွေးရှိသော အခန်းများရှိရာ အလယ်ထပ်အောက်ထပ်မှာက လူတွေများနေသည်။

မြောက်ပြန်လေပြင်းကလည်း တဟူးဟူး တိုက်ခတ်လျက်ရှိ၏။ လမသာသော လမိုက်ညဖြစ်၍ မြစ်ပြင်မှာ မှောင်နှင့်မည်းမည်း ဖြစ်နေ၏။ သဘောဆလိုက်မီးထိုးရာလောက်ကိုသာ မြင်ခွင့်ရှိပြီး ထိုမြင်ကွင်းမှာပင် လှိုင်းတွေထန်နေကြောင်း တွေ့နေရသည်။

ထိုမြင်ကွင်းကြောင့် သဘောကြီးမှာ လှိုင်းကြားမှာ ခုတ်မောင်းနေသောအသိကို ရလိုက်သည်။ သဘောကြီးအရှေ့ဘက် ဦးတည်ရာမှာ သန်လျင်ကုန်းတန်းပေါ်မှ ကျိုက်ခေါက်ဆံတော်ရှင်ကို နှင်းသင်တိုင်းခြုံလျက်သား ခပ်ဝါးဝါး လှမ်းဖူးရသလို မြစ်ကမ်းနဖူးမှ ရေနံချက်စက်ရုံမီးများကို တွေ့နေရသည်။

သဘောကား အပြန့်ကျယ်ပြောလွန်းပြီး အန္တရာယ်များသည့် မြစ်သုံးပွင့်ဆိုင်သို့ ရောက်နေပြီဖြစ်ကြောင်း သတိထားလိုက်မိပြန်သည်။

သဘော၏ ပဲ့ပိုင်းနောက်မှနေ၍ သိင်္ဂုတ္တရကုန်းတော်ပေါ်မှ ရွှေတိဂုံစေတီတော်မြတ်ကြီးကိုလည်း ဖူးတွေ့နေရပြန်သည်။ ရွှေတိဂုံစေတီတော်မှာ အားကောင်းသော မီးမောင်းဆလိုက်ကြီးများကြောင့် ညအမှောင်မှာ ရွှေ





ဆောင်ကြီးစွင့်စွင့်ငွားငွား မိုးယံသို့ ထိုးတက်နေသည့်နှယ် သပ္ပာယ်ကြည်ညို့ဖွယ်ရာ ရှိနေပြန်သည်။

ထိုရွှေတိဂုံစေတီတော်မြတ်ကြီးသည်ပင် နိမ့်သွားသလိုလို မြင့်သွားသလိုလို မတည်မငြိမ်မြင်ကွင်းမှာ ဖြစ်နေပြန်၍ ကိုယ်ပဲ အမူးလွန်နေသလားဟု စိတ်မှာတွေးရပြန်သည်။

နောက်မှ သဘောကြီးမှာ လှိုင်းဒဏ်ကြောင့် အနိမ့်အမြင့်ဖြစ်ကာ မြစ်သုံးပွင့်ဆိုင်မှာ လူးနေပြီး ခက်ခက်ခဲခဲ ဖြတ်သန်းနေတာဖြစ်ကြောင်း သတိထားမိလာသည်။

ရေနှင့် လေ၏သဘောမှာ လေတိုက်လျှင် ရေပြင်သည် လှိုင်းထတတ်သည်။ ရေငြိမ်သော ကန်ရေပြင်မှာ ရေစီးမရှိသော်လည်း လေတိုက်လျှင် လှိုင်းထတတ်သည်။

ရေစီးရှိသော မြစ်နှင့် ပင်လယ်တို့မှာမူ လေဆန်လျှင် လှိုင်းထန်ပြီသာဖြစ်၏။ လေသည် တစ်သမတ်တည်း တိုက်ခတ်နေတတ်သည်မဟုတ်၊ သူ့ရာသီနှင့်သူ လေလမ်းကြောင်းရှိ၏။

မိုးတွင်းဆိုလျှင် အနောက်တောင်ရာသီလေရှိ၏။

ဆောင်းတွင်းဆိုလျှင် မြောက်ပြန်လေရှိ၏။ အရှေ့မြောက်လေလည်း တိုက်တတ်သည်။

မြစ်သုံးပွင့်ဆိုင်မှာ ပဲခူးမြစ်၊ ရန်ကုန်မြစ်၊ လှိုင်မြစ်၊ ပုဇွန်တောင်ချောင်းတို့ဆုံရာဖြစ်ပြီး ထိုမြစ်များ၏ ရေစီးကြောင်းမှာ တောင်မှမြောက်သို့ စီး၍ ရေတက်ဆိုလျှင် စီးဝင်လာသောကြောင့် မြောက်လေက ရေစီးကြောင်းကို ဆင့်တင်လိုက်သောအခါ လှိုင်းကြီးလေတော့သည်။

လေပြင်းလျှင် လှိုင်းပိုကြီးသည်။ ယခု လေကပြင်းလွန်းသဖြင့် လှိုင်းတာ ပို၍ကြီးနေပြီး သီတာလို သဘောကိုယ်ထည်နှစ်ခုတွဲ၊ ဖောင်လို လှိုင်းဒဏ်ခံစေရန် အထူးတည်ဆောက်ထားသော သဘောကြီးပင်လျှင် အန္တရာယ်များသော မြစ်သုံးပွင့်ဆိုင်တွင် အလူးအလဲခံနေရသည်။

ကျွန်ုပ်တို့ရှိရာ အပေါ်ထပ်မှ ခရီးသည်အချို့ အောက်ထပ်သို့ ဆင်းပြေးကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကား ယမကာအရှိန်ဖြင့် အောက်ထပ်သို့ ဆင်းမပြေး။ သို့သော် ယမကာအမူးရှိန်နှင့်အတူ လှိုင်းလူး၍ ပိုပြီးမူးလာသည်။ ကျွန်ုပ်ရှေ့မှ မောင်ဆုလှိုင်ကိုပင် ကျွန်ုပ်မှာ မမြင်ချင်တော့။

''ကိုကျော်ကြီး ... အောက်ထပ်ဆင်းရအောင်''

''မဆင်းဘူးဗျာ ... မြစ်သုံးပွင့်ဆိုင်ကျော်ရင် လှိုင်းလျော့သွားမှာပဲ''

''ခင်ဗျားက တော်တော်ပေတဲ့လူပဲ။ ဒီလောက်ပေတဲ့ လူနဲ့ပေါင်းမိတော့မှ ကျုပ်အပြစ်နဲ့ ကျုပ်ပဲ။ ကျုပ်လည်း ခင်ဗျား မဆင်းရင် မဆင်းတော့ဘူး။ ဒီဖျာပေါ်မှာပဲ လှဲအိပ်တော့မယ်။ ဟိုဘက်ကမ်းရောက်ရင် ကျုပ်ကို နှိုးဗျာ''

ကိုဆုလှိုင်သည် ပြောပြောဆိုဆိုနှင့် ထိုစဉ်က နှစ်ပေ-သုံးပေ ဖျာတစ်ချပ်တစ်မတ်ပေးရသော ဖျာကလေးပေါ်တွင် ခွေခွေလေး စိတ်ပျက်လက်ပျက်ဖြင့် လှဲအိပ်လေတော့သည်။

သိတာသင်္ဘောကြီး၏ အပေါ်ထပ်တစ်ထပ်လုံးတွင် သူနှင့်ကျွန်ုပ်တို့ နှစ်ဦးတည်းကျန်ခဲ့ရာမှ သူက အိပ်သွားသောအခါ ကျွန်ုပ်မှာ တစ်ဦးတည်း ကျန်တော့သလို ဖြစ်သွားသည်။

သို့သော် ခပ်ပေပေ ခပ်ရှုယ်ရှုယ် ကျွန်ုပ်မှာ စိတ်ဓာတ်ကျမသွားပါ။ သင်္ဘောကြီးအမိုးတိုင်ကို မှီပြီး လှိုင်းတွေကို ကြည့်နေမိသည်။ လှိုင်းလုံးကြီးတွေက တစ်လုံးပြီးတစ်လုံး သင်္ဘောကြီးဆီ ပြေးပြေးဝင်လာပြီး ဆောင့်နေသဖြင့် သင်္ဘောကြီးမှာ နိမ့်လိုက်မြင့်လိုက် ဖြစ်နေသည်။

လှိုင်းဒဏ်ကြောင့် ကျွန်ုပ်၏ အမူးဒီဂရီတွေ မြင့်မြင့်တက်လာသည်။

ထိုစဉ် လှိုင်းလုံးကြီးတွေကြားမှာ အရာဝတ္ထုမည်းမည်းကြီးကို တွေ့လိုက်ရသည်။ နောက် သေသေချာချာကြည့်မိပါမှ ကြီးမားသော ခေါင်းလောင်းကြီးတစ်လုံး ဖြစ်နေသည်ကို သတိထားလိုက်မိသည်။

''အို ... ခေါင်းလောင်းကြီးပါလား။ ဘယ်လိုက ဘယ်လို ... အဲ ...''





ကျွန်ုပ်ပါးစပ်မှ ရေရွတ်နေစဉ် လူအချို့ ရေထဲမှပင် ခေါင်းလောင်းကြီးကို ပြန်၍ ကြိုးနှင့်ဆွဲနေသည်ကို တွေ့ရပြန်သည်။ ထိုလူများက ရာဇဝင်အဆိုထဲမှာ တွေ့တွေ့နေရသော အင်္ဂလိပ်စစ်သားများ ဖြစ်နေပြန်သည်။

ကိုလိုနီခေတ်က အင်္ဂလိပ်စစ်သားတွေသည် ရွှေတိဂုံဘုရားကြီးမှ ဓမ္မစေတီမင်း၏ ခေါင်းလောင်းကြီးကို ဖြုတ်ယူ၍ အင်္ဂလန်သို့ သယ်ဆောင်ရန် ကြိုးပမ်းစဉ် မြစ်သုံးပွင့်ဆိုင်အနီးတွင် သင်္ဘောပေါ်မှ ခေါင်းလောင်းကြီးပြုတ်ကျပြီး နစ်မြုပ်သွားစဉ် မရမက ပြန်၍ ဆယ်ယူနေကြခြင်းဖြစ်သည်။

ထိုအင်္ဂလိပ်စစ်သားများကို ရုတ်တရက်ပေါ်လာသော မိကျောင်းကြီးက ရေထဲမှာပင် တဗျောင်းဗျောင်းနှင့် ကိုက်စားပစ်ပြန်သည်။

မိကျောင်းကြီး လှမ်းကိုက်၍ မမိသူကို မိကျောင်းကြီးကျောပေါ်မှ ညီမင်းသားအသွင်နှင့် လုလင်တစ်ယောက်က သန်လျက်ဖြင့် ခုတ်ပိုင်းပြန်သည်။ အဲဒါ မင်းနန္ဒာကိုယ်တော်ကြီးများလား။

''အား ...''

''အမယ်လေး ...''

''ပုန်း ...''

''ပုန်း ...''

ထိုအော်သံများမှာ မြစ်ထဲရှိ မြင်ကွင်းမှ အော်သံများမဟုတ်တော့။ သင်္ဘောပေါ်မှ အော်သံများ ဖြစ်နေပြန်သည်။

သင်္ဘောကြီးမှာလည်း အရှေ့ဘက်ကို ဦးတည်နေရာမှ ရုတ်တရက် လှည့်ထွက်သွားကာ အနောက်ဘက်သို့ ပြန်လှည့်သွား၏။

''ဒီတစ်ခါတော့ သေပါပြီ။ သင်္ဘောစက်ပျက်သွားလို့ ... ဘုရား ...''

''ငြိမ်ငြိမ်ထိုင်နေကြ၊ ဟိုပြေးဒီပြေး မလုပ်နဲ့။ အားလုံး မသာပေါ်မယ်''

ခရီးသည်တွေ ရုတ်ရုတ်သဲသဲ ဖြစ်သွားသဖြင့် ထိန်းသူတွေက ... ကြသည်။ သို့သော် သင်္ဘောကြီးမှာ လှိုင်းကြားမှာ လူးနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေစီးကြောင်းအားဖြင့် သန်လျင်မြစ်ဘက်ကိုမဝင်ဘဲ ရန်ကုန်မြစ် (လှိုင်မြစ်) အတွင်းသို့ အနောက်ဖက် ရေစီးကြောင်းအတိုင်း မျောစပြုလာသည်။ ရန်ကုန်မြစ်အတွင်း မဝင်ခင်မှာ သဲသောင်တွေရှိသည်။ ထိုသဲသောင်တွေကို မရှောင်နိုင်လျှင် သဘော်ကြီးသောင်နှင့်ညိပြီး မှောက်သွားနိုင်သည်။

''ဂစ် ... ဂစ် ... ဂစ် ... ဂစ် ...''

''ဂစ် ... ဂစ် ... ဂစ် ... ဂစ် ...''

အရေးထဲ ငှက်ဆိုးထိုးသံကြီး ပေါ်လာသည်ဟု ထင်သည်။ သို့သော် မဟုတ်ပါ။ ထိုစဉ်က သီတာသဘော်၏ ဟွန်းလို့ခေါ်ရမလား၊ ဥသြလို့ခေါ်ရမလား။ အသံမှာ တခြားသဘော်တွေနှင့် ခြားနားစွာ ငှက်ဆိုးထိုးသံလို ထွက်နေလေ့ရှိသည်။

အမှန်က သဘော်ကြီး ရေလယ်တွင် စက်ပျက်နေ၍ အကူအညီခေါ် ဥသြဆွဲနေခြင်းသာဖြစ်၏။

သို့သော် အချိန်က ညဆယ်နာရီ၊ ဥသြသံကလည်း မစူးရှတော့၊ မြစ်သုံးပွင့်ဆိုင်လိုနေရာမျိုးမှာ အခြားသဘော်တွေက မကြား၍လားမသိ၊ တုတ်တုတ်မျှ မလှုပ်ကြ။ ဆောင်းတွင်းအေးအေးမှာ အခြားသဘော်သဘော်သားတွေ ကွေးနေသလို သဘော်တွေလည်း ရေပြင်မှာ ငိုက်မေ့နေပြီလား မသိ။

ကျွန်ုပ်မှာလည်း မှုံမှုံနှင့် မြစ်သုံးပွင့်ဆိုင်မှ အရိပ်များမြင်နေရာက ပျောက်ကွယ်သွားကာ ကျွန်ုပ်ဘေးတွင် ကွေးနေသော ကိုဆုလှိုင်ကို နှိုး၍ လှမ်းကြည့်လိုက်သည်။

ယင်းကိုဆုလှိုင်မှာ ကျွန်ုပ်မနှိုးရခင် ခရီးသည်တွေ၏ အော်ဟစ်သံကြောင့် နိုးနေဟန်တူသည်။ ကျွန်ုပ်ကို လှမ်းကြည့်ပြီးပြောသည်။

''ဘီယာအရှိန်နဲ့ ကျုပ် အိပ်ပျော်သွားတယ်ဗျ။ အိပ်မက်ထဲမှာ ကိုလိုနီခေတ်က အင်္ဂလိပ်စစ်သားတွေ ရွှေတိဂုံဘုရားကြီးပေါ်က အတင်းအဓမ္မယူသွားတဲ့ ဓမ္မစေတီမင်းခေါင်းလောင်းကြီး မြစ်သုံးပွင့်ဆိုင်ထဲမှာ ကျကျန်ခဲ့တာကို မြင်ရပြီး မင်းနန္ဒာမင်းသားက သူ့ရဲ့လက်စွဲတော် ငမိုးရိပ်ကြီး





နဲ့ပြီး သန်လျက်နဲ့ လိုက်ခုတ်သတ်လို့ အင်္ဂလိပ်စစ်သားတွေ အတုံးအရုံး သေနေကြတာ။ ပြီးတော့ ငမိုးရိပ်မိကျောင်းကြီးက ကျန်တဲ့ အင်္ဂလိပ်စစ်သားတွေကို တစ်ကောင်မှ အလွတ်မပေးဘဲ လိုက်ကိုက်သတ်စားနေတာတွေကို မြင်နေတာဗျ။ ခု လန့်နိုးတော့မှ သဘော်စက်ပျက်မှန်း သိရတော့တယ်''

''ဟင် ... ခင်ဗျားလည်း အဲ့ဒီလို အိပ်မက် မက်သလားဗျ''

''မက်လို့ပြောတာပေါ့ဗျ။ အိပ်မက်ပါဆိုမှ ခင်ဗျားက မယုံမကြည်နဲ့များ အဲဒီ အိပ်မက်ကိစ္စက အရေးမကြီးဘူး၊ အရေးကြီးတာက သဘော်စက်ပျက်ပြီး အားလုံး ဒုက္ခရောက်မဲ့ကိစ္စပဲ''

ကျွန်ုပ်မှာ ကိုဆုလှိုင်၏ အိပ်မက်သည် ကျွန်ုပ် မှုံမှုံနှင့် ငိုက်မြည်းနေစဉ် မြင်ကွင်းနှင့် တစ်ထပ်တည်းရှိနေကြောင်း ပြောရန်ဖြစ်သော်လည်း ကိုဆုလှိုင်က သဘော်စက်ပျက်ပြီး လှိုင်းလေကြားမှာ အလူးအလဲဖြစ်နေသည့်ကိစ္စကို ပြန်၍တွေးမိကာ စိတ်ပူသွားလေသည်။

ပြီးမှ ကျွန်ုပ်လည်း ငါကသေရင် တစ်ယောက်တည်းပဲ။ ငါ့လိုပဲ ခရီးသည်တွေက အများကြီး၊ အများကြီးကြားထဲမှာ တစ်ယောက်တည်းသမားပါနေလို့ မထူးတော့ပါဘူးဟု ခပ်ရွှတ်ရွှတ်တွေးပြီး စိတ်ကို ဖြေလိုက်သည်။

ကိုဆုလှိုင်မှာမူ ကျွန်ုပ်ကဲ့သို့မဟုတ်။ မြစ်သုံးပွင့်ဆိုင်မှ လှမ်းမြင်နေရသော သန်လျင်ဘက်က ကျိုက်ခေါက်ဘုရားကြီးဘက်တစ်လှည့်၊ ရန်ကုန်ဘက်ကမ်းမှာရှိနေသော ရွှေတိဂုံဘုရားကြီးဘက်တစ်လှည့် လက်အုပ်ချီ၍ ဆုတောင်းလိုလို ဘုရားရှိခိုးလိုလို ခပ်တိုးတိုး ရွတ်ဆိုနေသည်။

သဘော်ကြီးမှာ လှိုင်းလုံးကြီးတွေကြားက ရေစီးကြောင်းအတိုင်း လူးလိမ့်လူးလိမ့်၊ မြောက်တက်လိုက်၊ ပြန်ကျလိုက်ဖြင့် ရေစီးကြောင်းအတိုင်း ရေ... သောင်ခုံဘက်သို့ တရွေ့ရွေ့ မျောပါနေသည်။

သဘော်စက်ပျက်ချိန် ဆယ့်ငါးမိနစ်ခန့်ရှိသော်လည်း ကျွန်ုပ်မှာ ... ကြာကြီးထင်နေမိသည်။ သေမင်းတံခါးဝသို့ ကျွန်ုပ်တို့ တိုးဝင်လျက်ရှိပြီ ...ကြောင်း စိတ်မှာ မှတ်ယူထားလိုက်သည်။

သောင်နှင့်ငြိလျက် သဘော်ကြီးမှာ ဆက်၍မမျောနိုင်တော့ဘဲ ရေ... ထိုးတွန်းအားဖြင့် တုံးလုံးလဲကျသွားနိုင်သည်။ ထိုအခါ ခရီးသည်တွေ



www.burmeseclassic.com

www.burmeseclassic.com



၏ ကံကြမ္မာမှာ တွေးရဲစရာမရှိတော့။ အားလုံး အသေဆိုးနှင့် မြစ်သုံးပွ
ဆိုင်မှာ သေနိုင်သည်။

"ဂစ် . . . ဂစ် . . . ဂစ် . . ."

"ထုံး . . . ထုံး . . . ထုံး . . . ထုံး . . . ထုံး . . ."

"ဟာ . . . သင်္ဘောစက် ပြန်ကောင်းသွားပြီဟေ့ . . . စက်ပြ
ကောင်းသွားပြီ"

သင်္ဘောစက်ခန်းမှ စက်ပြင်နေသူတွေ၏ အော်သံ၊ သင်္ဘောစ
သံ၊ ခရီးသည်တွေ၏ ဝမ်းသာအယ်လဲအော်ဟစ်သံများကို ကြားနေရ
သင်္ဘောမှာ မှူလသွားလမ်းသို့ ပြန်၍ဦးတည်ကာ ခုတ်မောင်းလေတေ
သည်။

သည်တော့မှ ကိုဆုလှိုင်သည် ရွှေတိဂုံစေတီတော်နှင့် ကျိုက်ခေါ
စေတီတော်ကြီးဘက် လက်အုပ်ကလေးချီ လှည့်ဝိုက်ရှိခိုးရင်း . . .

"တော်သေးတာပေါ့ဗျာ . . . ရွှေတိဂုံနဲ့ ကျိုက်ခေါက်ဘုရားကြ
မှာ ကျုပ် သစ္စာဆို အဓိဋ္ဌာန်ပြုတာ အောင်သွားလို့"

"ခင်ဗျားက ဘယ်လိုသစ္စာဆို အဓိဋ္ဌာန်ပြုတာလဲ"

"ခင်ဗျားကို ပြောလို့မဖြစ်ဘူးနဲ့တူတယ်"

ကျွန်ုပ်ကလည်း ခပ်ရွှတ်ရွှတ်ကောင်မို့ . . .

"မဖြစ်ရင် မပြောနဲ့ဗျာ"

ဒါပဲပြောပြီး ကျွန်ုပ် သင်္ဘောကြီးအမိုးသံတိုင်ကို ဆက်၍မှီကာ မြ
သုံးပွင့်ဆိုင်အနီးရှိ ဒေါပုံဘက်ကမ်းသို့ လှမ်း၍ကြည့်နေလိုက်သည်။

ကျွန်ုပ်ကြည့်နေခြင်းမှာ စောစောက သင်္ဘောစက်မပျက်ခင် မြင်
ရသော ဇမ္ဗူစေတီမင်းခေါင်းလောင်းကြီးနှင့် အင်္ဂလိပ်စစ်သားများ၊ မိကျော
ကြီးပေါ်မှ သန်လျက်နှင့် အင်္ဂလိပ်စစ်သားများကို လိုက်လံခုတ်ပိုင်းနေသေ
ကိုဆုလှိုင်အပြော မင်းနန္ဒာတို့၏ မြင်ကွင်းကိုများ ထပ်မြင်ရလေမလားဟု
ဖြစ်လေသည်။

သင်္ဘောကြီးမှာ မြစ်သုံးပွင့်ဆိုင်မှ ကျော်ဖြတ်လာပြီး ဒေါပုံဘ
ကိုလွန်၍ သာကေတဘုန်းတော်ကြီးကျောင်း၊ ပျားပုလဲနှင့် ငါးစခန်း၊ က
လွန်ရေနံရှာဖွေရေးစခန်းများဘက် ရောက်လာခဲ့လေသည်။





သန်လျင်ဆိပ်ကမ်းကို လှမ်း၍မြင်နေရစဉ်မှာ ရုတ်တရက် စက်သံ
ရပ်သွားပြန်၏။

"ဟာ . . . သင်္ဘောစက် ပျက်သွားပြန်ပြီ"

လူတွေ၏အော်သံကို ကြားလိုက်ရပြန်သည်။

ကျွန်ုပ် စိတ်ထဲမှာ ထင့်သွားပြန်သည်။ သည်တစ်ခါ စက်ရပ်သွား
လျှင် ရေတက်နှင့်မို့ မြစ်သုံးပွင့်ဆိုင်သို့ ပြန်၍မျောတော့မည်မဟုတ်ဘဲ အရှေ့
မြောက်ဖက်သို့ မျောသွားစရာ အကြောင်းရှိသည်။

ထိုအရှေ့မြောက်ဖက်တွင်မှ ပို၍ သောင်တွေ များပြားနေသည်။

ရန်ကုန်မြစ်နှင့် ဝေးကွာလှမ်းသော ပဲခူးမြစ်အတွင်းဖြစ်နေ၍ သင်္ဘော
ကြီးငယ်ကင်းရှင်းကာ မှောင်နှင့်မည်းမည်းရှိနေပြီး ကယ်ကူမည့်သူ လုံးဝ
ရှိနိုင်မည်မဟုတ်တော့။ ခုမှ ပိုဆိုးနေပြန်သည်။

ရန်ကုန်မြစ်ဝမှာက ပေါင်းကူးသင်္ဘောကြီးတွေ သောင်တွေတူ၊
စီးတိမ်တွေမျိုထားပြီး သင်္ဘောကြီးတွေ လမ်းကြောင်းပေါက်အောင် ရေ
ကြောင်းဖောက်ထား၍ ယခု ပဲခူးမြစ်အတွင်းမှာလို သောင်တွေ စီးတိမ်တွေ
ထိပ်မများလှ။

သည်တစ်ခါတော့ တကယ်သေကြရတော့မည်ဟု ကျွန်ုပ်တွေးပြီး
ကျွန်ုပ်၏အဖော် ကိုဆုလှိုင်ကို လှမ်းကြည့်လိုက်မိသည်။

ကိုဆုလှိုင်သည် လက်အုပ်ကလေးချီ၍ ယခင်ကလိုပင် ကျိုက်
ခေါက်ဘုရားနှင့် ရွှေတိဂုံဘုရားဘက်လှည့်ကာ သစ္စာဆိုနေပြန်သည်။

သင်္ဘောကြီးမှာ ယခုမှ ရေစီးကြောင်းနှင့်သင့်ကာ စက်မနိုးဘဲ အရှေ့
မြောက်ကို အရှိန်နှင့် တိုးဝင်သွားလျက်ရှိ၏။ သည်အရှိန်နှင့်ဆိုလျှင် နောက်
ဆယ် မိနစ်ပိုင်းအတွင်း သဲသောင်များကို ဝင်၍တိုးမိပေတော့မည်။

"ဝေါ . . . ထုံး . . . ထုံး . . . . ထုံး . . ."

"ဟာ . . . စက်ပြန်ကောင်းသွားပြီးဟေ့ . . . စက်ပြန်ကောင်းသွား
ပြီ"

စက်သံနှင့်အတူ လူတွေ၏ ဝမ်းသာအားရ အော်ဟစ်သံများကြား
လိုက်ရပြန်သလို သင်္ဘောကြီးမှာ သန်လျင်ဆိပ်ကမ်းရှိရာဘက်သို့ ဦးတည်
ပြန်သည်။

www.burmeseclassic.com



သည်တစ်ခါတော့ . . . ကျွန်ုပ်မှာ ကိုဆုလှိုင်ကို အထင်မသေးရဲတော့။

"ကိုဆုလှိုင် . . . ခုတစ်ခါ စက်ပျက်တော့လည်း ခင်ဗျား သစ္စာအဓိဋ္ဌာန်ဆိုတာပဲလား"

"ဘာလဲ . . . ကိုကျော်ကြီး။ ကျွန်တော့် သစ္စာအဓိဋ္ဌာန်ကို ယုံသွားပြီလား"

"မယုံလို့ မဖြစ်ဘူးလေ။ တစ်ကြိမ်မဟုတ်ဘဲ နှစ်ကြိမ်တောင်ဆိုတော့ တိုက်ဆိုင်မှုလို့ ပြောလို့မရတော့ဘူး။ ခင်ဗျား သစ္စာအဓိဋ္ဌာန်က စွမ်းသားပဲ။ ဘယ်လို သစ္စာအဓိဋ္ဌာန်ပြုတာလဲ။ ကျုပ် မှတ်သားပြီး ရွတ်ဆိုပါရစေဗျာ"

"တခြား ရှည်ရှည်ဝေးဝေး သစ္စာအဓိဋ္ဌာန်ပြုတာ မဟုတ်ပါဘူးဗျာ။ သစ္စာဆိုတာ အရှိကိုအရှိတိုင်း ရိုးရိုးသားသား အဓိဋ္ဌာန်ပြုလိုက်တာပါပဲ။ ဘုရားတပည့်တော်သည် ဤကဲ့သို့ ခပ်ပေပေ ခပ်ဆိုးဆိုး အရက်သမားနှင့်ပေါင်းမိ၍ ဤသို့သော ဒုက္ခနှင့် ကြုံရပါသည်။ ဤသစ္စာစကားမှန်ပါက ဤဒုက္ခဘေးအန္တရာယ် အသက်ဘေးမှ လွတ်မြောက်ပါစေသတည်းလို့ပါပဲဗျာ"

ကျွန်ုပ် စကားဆက်၍ မပြောနိုင်တော့ပါ။

ကျော်မင်းနိုင်



www.burmeseclassic.com

[ ၁ ]

❑

ရွှေစင်ကျောက်မြတ် နဝရတ်သော မရတ်သော၊ စက္ကူဝါတင်းတောင်းနှင့် ခပ်လောင်း၍ပေးသော်လည်း ကျေးဇူးတော့်သခင်ကိုယ်ပင် ဘယ့်အတွက် ပို့ပိမ့်မည်၊ ရှစ်ဆယ်ကျော်မှ ကံပေါ်လို့လာမင့်ကို၊ ပဏာနှန့်နဲ့ ဘယ်သူကို ငဲ့ရမည်၊ မငဲ့ပါဘူး။ အနာထပိဏ်သော မောင်ပိန်သော၊ ဝိသာခါသော မယ်ခါသော၊ နေဘာနာမိတို့မသိ။ ခနိခနေ မြပုလဲစင် ကျောက်မျက်ရှင်တို့သည် မြူလောက်မျှ ကြေးမထိုက်၊ တို့မကြိုက်''

အလှဲကွယ့်။

စောစောစီးစီး ပဒိုင်းသီးပဲ အခွံမသင် အကာမခွာ အလုံးလိုက်ကြီး ဟပ်တစ်ကျ မျိုချထားမိလေရော့သလား။ ပါးစပ်ပေါက်နှင့် ဖင်ပေါက်ပဲ အမြီးပြန်ခေါင်းပြန် ဖောက်တိဖောက်ထိုး တစ်မျိုးကြီး လွဲချက်ကြီးရယ်မှ နာလေရော့သလား။

တစ်ခုခုကဖြင့် ကေန်ဒက်ထိကြီးကို မှားနင်းကီးနေသည်ကား မုချဆတ်ဆတ်တည်း။ နားဆင်ကြည့်တိဦးလေ။ သံမှန့်သံရိုးလေးပေါက်, အောက်ပြန်သံစဉ်ခုနစ်ပါးအနက် ဘယ်သင်းနှင့်ကမှမဆိုင်။ ဘယ်သူ့နားကို အကြေးနှင့်ငှားပြီးပဲ နားဆင်နားဆင်။ လင်းတနှင့်ဒီးဒုတ် စပ်ကျသည့် ပေါက်တတ်



ဟိုခင်း ဟိုဟာ အဲဒါ အဲလေ ဟုတ်ပေါင် ယောင်လို့ ❀ ၉၉ ကရ ခွကျကျ ငှက်မျိုးပါးစပ်ပေါက်ကထွက်၊ ထွက်လာတာတဲ့သည့် ဖြာရှုံး အက်ကွဲကွဲ နားကလောချင်စရာ အောက်ကလိ အာလေသံနှင့်တာသားပေါ် အနက်အဓိပ္ပာယ် ဝေဝုစ်လေးနက် ကြီးကျယ်မှုတို့သည်ကား မော်ဒယ်မနှင့် ဘတ်စ်ကား၊ ဂမ္ဘီရစာပေနှင့် ဗုဒ္ဓအဘိဓမ္မာတွေနှယ် လားလားမျှမအပ်မရာ။ ပင်ခြားစီချည်း ပါဘိတကား။

''ဟော့ ... စပယ်ရှယ်မောင်ဖျောက်ဆိပ်ရ''

''ဟိန် ...''

''မင့်အာဝရိယ ဂုရုကြီးက ဘယ်လိုဖြစ် ...''

''သိနိုင်ဘူး ... ကောင်ရေ ...''

''အေးဟ ... ချက်ချင်းလက်ငင်း ကောက်ကာငင်ကာ ဖြုန်းစားကြီးဆိုသလိုဟို 'ဆို, က, ရေး, တီး' ဖြိုင်ပွဲကြီးမှာ ဒုစုခရုဝေ့နဲ့ ဆင်ချဲရင်း 'ကွက်စိပ်ဟော'ဆိုသဟာကြီးများ ဝင်'ဖြဲ'ဦးမလို့လားဟ။ အဲသလို အဆို ငယ်ငယ်ရွယ်ရွယ်နဲ့ 'အမွှေဆရာ'ပါရမီရှင် ပုဂ္ဂိုလ်အကောင်းစားကလေး 'The မိုက် Son'တောင် သူ့ရင်ဝသူ စုံထုထုငိုပြီး 'လင်းတမိုးမိငုံးပိန်းတုပ်ကွေးထိ' ထားသလို ဖြစ်သွားဦးမှာ စိုးရိမ်ရတယ် ... မောင်ရ''

''ဘာလဲဟ 'The မိုက် Son'ဆိုတာကြီးက ...''

''ဟ ... မိုက်ရင် မဆိုးဘူးလား''

''ဆိုးဗျား''

''အင်္ဂလိပ်လို 'Son' ရဲ့ အဓိပ္ပာယ်က ဘာတုံး''

''သား''

''အဲတော့ 'The မိုက် Son' ဆိုတာ ...''

''ဩော် ... ဂလိုလား။ သိကပြီ၊ သိကပြီ။ သားဆိုး ... သားဆိုး။ အာရာနတ္ထိ၊ အချားဟဲ နိမ်းဟဲ ဆိုရင်တောင် ကိုယ့်နှာခေါင်းပေါက်ထဲကိုယ် ထောင်းနှိုက်မွှေ၊ တွေ့သမျှအပေါင်းသဟာတွေကို အလကားပဲတင်း နားဟာ ကလော်တစ်ချောင်းနဲ့မွှေ၊ သောက်ကျိုးနည်းမွှေနေတဲ့ 'မောင်မောင်မွှေကလေး'ကို ပြောတာကိုး။ ဟုတ်ပေ့''

''အေး ... အဲဒါပဲ ထားလိုက်တော့''

''ထားပါတယ် ... ထားပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



''တယ် . . . ဒီကောင်။ ဒီနေ့မနက် နင်တို့ဆရာတပည့်တွေ ဘာဖြစ်နေကြတာတုံးဟ။ အီးအီးပုံတွေ့တဲ့ ခွေးနာကြီးတွေ အူမြူးသလိုကြီးကို ဖြစ်လို့ . . . ဖွတ်''

ပုထုဇ္ဇနော ဥမ္မတ္တကောတဲ့ ကိုရင်ကလိန်စေ့ရဲ့။ မိုးဦးလေဦး ဝမ်းနူးတတ်သလို အူမြူးစရာကိစ္စအကြီးကြီး၊ အကောင်းစားကြီးက ဖုတ်သွင်းရထားခေါ် ပင့်ချေ ဒုတ်ဒုတ်ထိ အိမ်ရှေ့ဆိုက်သလိုချည်းကို 'ဝုန်းခနဲ' ဂိတ်လာထိုးလို့ . . . မောင်ရေ့။ အဲသဟာကြောင့်၊ အဲသဟာ ကြောင့်''

''အမယ်မယ် . . . တယ်စာတဲ့ ဆိုပါကလား။ 'ဂြိုဟ်ဆိုးကြမ္မာကခေါင်းမြီးခြုံ ခြေထောက်ဝှက်ပြီး ခိုးကြောင်ခိုးဝှက် ဝင်လာတယ်' လို့များကော မဥပါဒ်နိုင်ပေဘူးလား ငါ့ရှင်။ ငါတော့ 'မှားတဲ့အခါလည်း မှားပေမပေါ့နဲ့'ချည်း ညာ့းရလွန်းလို့ မနောင့်နဲ့တင်ပါး တသားတည်း ပြေးခဲ့ရပေါင်းလည်း များပြီ။ 'နောက်ကျတဲ့ခြေထောက် သစ္စာဖောက်တဲ့' ဆိုတဲ့ ဂါထာမန္တန်ကို ဖုတ်ပူမီးတိုက် ခိုးကြောင်ခိုးဝှက်ရွတ်ခဲ့ရတာလည်း ပုတီးပတ်ကသက်စေ့ဖြစ်နေပြီကိုရင်။ ကိုရင်တို့ဆရာတပည့်တွေ 'ဂွတ်ဒ . . . ဂွတ်ဒ'နဲ့ တဟီးဟီး တဟဲဟဲ မြင်းပိန်တီဘီစွဲသလို ဖြစ်ပြီဆိုရင် ကြောက်လွန်းလွန်းလို့။ ကျောထဲကစိမ့်ပြီး မျက်စိထဲမှာ ကားပြာအကြီးစားကြီး မြင်မိသလိုလို မာတ်ရှင်မင်းသား ကိုကျော်သူတို့ရဲ့ 'ဗြဟ္မစိုရ်' ကားကြီးတွေပဲ 'ခေါင်ရမ်းပန်းခွေ'တစ်လှေကြီးနဲ့ တွေ့နေရသလိုလို''

''ဖွတ် . . . တော် . . . တန် . . . တိတ်။ မဦးမချုတ်။ နိမိတ်မရှိ နမာမရှိ။ ကျက်သရေမရှိ ကျက်သရာမရှိ။ လှမ်းထားတဲ့ နင့်ခြေထောက်ကို ကိုယ့်ဘာသာဘက် ဂီယာထိုးပြီး 'ပြန် . . . ပြန် . . . နောက်လှည့်ပြီးတော့ပြန်'။ 'ပြန်ပေတော့ မစဉ်းစားနဲ့ ပြန်ပေတော့'။ 'ပြန်ပေတော့ . . . ပြန်ပေတော့''

''တိန်''

ရပ်ကွက်ထိပ်က ချောက်ချီးချောက်ချက် ဆိုက်ကားဂိတ်ကလေး၌ သူတစ်ပါးဆိုက်ကားမှာပဲ စပယ်ယာလုပ်သလိုလို (ဟုတ်ကဲ့ . . . ပိုင်ရှင်အုံနာလည်းမဟုတ်။ စန့်စန့်ကြီးနှင့်ခန့်ခန့်ကြီး နင်းခွင့်ရှိဘိသော အော်ရဂျင်နယ်





ဆိုက်ကားဒရိုင်ဘာလည်းမဟုတ်။ အနီ့ဆိုက်ကား ဒရိုင်ဘာ သူတော်ကောင်းသျှမြတ်လောင်း စာကလေးတို့၊ ဩကာသမောင်စိန်တို့၊ ကြက်ပိန်တို့၊ နဖာချေးတို့အုပ်စုအား ခရီးဦးကြိုပြု၊ မျက်နှာချိုသွေး၊ ရေပူရေချမ်းကမ်းလှမ်း၊ ကပ်စ်တပ်မာခရီးသည်တွေ့လျှင် အူယားဖားယား အပြေးအလွှားခေါ်တင် စသည်သည် ပလီစိချောက်ချက်တွေကို ရောတိရောရာ မောင်လည်း ပါလုပ်ပြီးသကာလ၊ သူများတွေ တီးဆွဲရင် မျက်နှာပြောင်ကြီးနှင့်ဝင်ဟဲ။ သူတကာ ဝှန်း'နိပ်ပြီဆိုလျှင် မည်သူခေါ်ခေါ် မခေါ်ခေါ်၊ လောကွတ်လုပ်လုပ် မလုပ်လုပ် ဆိုတ်ကြီး၊ ဖရီးဝင်ကြိတ်။ နေညိုချိန် 'အေ့ခနဲ . . . အေ့ခနဲ' လေပြိုလျက် သွေးညိုတို့၊ ဆရာကြီးတို့၊ ဖေတို့၊ ရွှေမန်းကျည်းတို့နှင့် လျှာဦးစိုကြပြီဆိုလျှင်လည်း without သောက်ရှက် မှန်နှာပြကြီးနှင့် ပလီပလာကသော အမျောဝင်ရော။ ခွက်ကပ်နှင့် မူးလဲတတ်စမြဲဖြစ်သည့် သတ္တဝါမျိုးပေမို့ ဆိုက်ကားစပယ်ယာဟုပဲ အရပ်က 'ဘွဲ့ချည်' ကြသောဟူ၏။) ဒေါ်ကာကီးတို့ 'စေတနာလှိုင်'တီးစင်တာ တဲကုပ်တွင်လည်း ဝိတ်တာယောင်ယောင် ဘာယောင်ယောင်၊ ဖိုးသန်းမောင်တို့, မိတာကြီးတို့ ကစော်ဆိုင်မှာလည်း ဘယ်တီးမူးလဲ၊ အလကားပဲတင်း ဆိုင်အကူ စားပွဲထိုးနွယ်နွယ်။ သို့ကလို ရပ်ကွက်အတွင်း ကူလီကူမာ စပါယ်ရှယ်လစ် စစ်စစ်ကြီးဖြစ်ပေထသော 'ကလိန်စေ့'လို အကောင်စားက ရာရာစစ ကမ္ဘာဦးဂေါ်ဇီလာကြီးကို သားရေဖတ်ဘာစ်မျှင် မလောက်လေး မလောက်စားဖြင့် ဖွတ်အတင်းဝင်ပစ်သလို ဆရာနိုပ် 'စပါယ်ရှယ်မောင်ဖျောက်ဆိပ်' ၏ဆရာသခင် 'ဂုရုမာစတာ အဓိပတိကြီး'အား လျှာစောင်းနှင့် လာမွှေနေခြင်းကိုကား မည်သို့မည်ပုံ နားဝင်ရခြင်းမည့်။

နားတွင်းထဲ သံရည်ပူတွေ လောင်းထည့်လိုက်သည့်နှယ်။ ကြားရချင်ဆိုးလှမင့်ကပဲ။ သို့မို့ကြောင့် ခုနစ်သံချီ သံကုန်ဟစ်လျက် 'ဒုန့်စပိ၊ ဒုန့်စပိ' ဟု ဗိတိုအာဏာ ဖွံ့ပေါလအောသုံး၍ ဒုန်းခနဲ ဘရိတ်ဆောင့်နင်းလိုက်ခြင်းဖြစ်ချေသည်တမုံ့။

''ရှိုးရှိုးလုပ်ပါကွယ် . . . မောင်ဖျောက်ဆိပ်ရဲ့။ မင်းဟာ စွဲချက်အကြီးလှချည့်။ ထဘီစုတ် အလစ်သုတ်ရမလားလို့ အိမ်ရိပ်နားမှိုးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



'တားပြဲမျို့ တားပြ၊ သိန်းသုံးရာတန် စိန်ဘယက်ကြီး တားပြဲဝိုက်သွားလို့ဖျို့ ... ဖွတ်အတင်း နသားပါရ တံဆိပ်ကပ်ပြီး အရပ်နဲ့ပုည့် တိုက်သလိုဖြစ် ... ပေါ့''

''ကိုင်း ... အဲဒါ ထားပါဦး''

''ထားပါတယ် ... ထားပါတယ်''

ဟော ... 'ကလိန့်စေ့' ဆိုသည့်အကောင်က သည်လိုအကောင် ... မျိုးပါဆို၊ သင်းကပေမင့် မျက်နှာကြောက အပြောင်သား။ သင်းအမေ သ ... ကိုမွေးခဲ့က ရှက်ကြောနဲ့ ချက်ကြော မှားဖြတ်မိရှာတဲ့ အရပ်ကတို့။

''နို့ ... မင်းက ဘာကိတ်။ သူများအိမ်ရှေ့လာပြီး စော ... ငီးငီး''

''သြော် ... ကလိုကွ၊ 'ချစ်သယ်ချင်း' ရဲ့ မျက်လုံးကလေး အ ... မျက်ခုံးကလေး ဟိုကပ်ဒီကပ်ကို ပုဆိုးစုတ်နဲ့ ပွတ်သပ်သုတ်။ ဒီက ... နံနက်ဖြင့် အဘယ်သကောင့်သားကများ 'ငါ့ဝမ်းပူဆာ၊ မနေသာကို' အေး ... အေးကြောင်း ပြုပါမင့်ကပဲလို့ အာရုံပြုနေတုန်း ...''

''သုနက္ခပါးစပ်က နတ်စကားထွက်တဲ့။ နားရာဇဝတ်သင့်လို ... လေကွယ် ... တကာတဲ''

''အဲ ... အဲ ... အဲသလို အာရုံပြုနေတုန်း ဖြုန်းဆို မင်းဆ ... 'ဂုရုကြီး' ရဲ့ မအီမလည် တောသံတောင်သံတွေကို ကြားကရော။ ' ... ပလာတာကျွေး၊ ခွေးပက်(ပ်)စီတိုက်' ဆိုသလို ဘာတွေမှန်းတော့ ဂ ... သေချာမသိပေမဲ့ မောင်ဖျောက်ဆိပ်ရေ ... တကယ်နိုင်မယ့် မဂ်လာနိ ... ဆိုတာကိုဖြင့် ဟောဒီရင်ဘတ်ကြီးထဲက အလိုလို ခံစားလာမိရသကွ ... 'မောင်မြင်းမိုး လှော်ရင်းနစ်' တို့လိုပကွယ် ... ဟဲ .. ဟဲ''

''မေတ္တာပျက်ပဟယ် ... တကယ်ပဲ ... တကယ့်ကိုပဲ''

''အဲသဟာကို စနည်းနာရအောင် လိမ့်ခဲ့တာပဲ ... ကိုရင်။ ကို ... ကိုယ့်အချင်းချင်း အတွင်းကြေ ... အဲလေ ... အတွင်းကြိတ် သတင်းပေး ... လေးများ 'ဝဲ' ဖို့ မရှိဘူးလားဟ။ လင်းစမ်းပါဦး''

''နိမ်းဟဲ ... နိုး ... ရှိဘူး''





''အဲသလိုမလုပ်နဲ့လေ ကျေးဇူးရှင် အကောင်းစားကလေးရဲ့၊ ရှော ... မနေ့က ဆာမိတို့၊ မှုတူးတို့ဆီက အလစ်သုတ်လာတဲ့ ကွမ်းယာထုပ် ... ကြာနဲ့ ဖိုတီဖိုက်နဲ့ အာမွှေးတစ်ယာ''

''ဖွတ် ... ဈေးကလည်း ကျပကွာ။ ကဲပါ ... ပေး ... ပေး ... ရတဲ့သူများ နွားကို သွားဖြဲကြည့်လို့ ဖြစ်သေးဘူးပ''

တကယ်တမ်းကား ကျွန်ုပ် မောင်ဖျောက်ဆိပ်၏ ဝမ်းတွင်း၌မူ ... ဆာမိတို့၊ ဦးကစ္စနားရာမတို့၏ ဟိန္ဒူဘုရားပွဲကလေး ရှုံးစုရှုံးစုနှင့် ... တာသလို တဒိန်းဒိန်း ဝမ်းမြောက်လုကပြီ။

ဟုတ်၏လေ။

မနေ့ညကပင် ကျွန်ုပ်၏ မာစတာအာစရိ 'ဂုရုပဏ္ဍိတ်' က အကျွန်ုပ် ... နှင့်ကိုယ်ကြား နှစ်နားပြုလျက် အတွင်းစကား ဟိုဒင်း ဟိုဟာ အဝှာ ... အမှာထားပြုပြီးခဲ့သေး၏ မဟုတ်ပေလော။ မှန်စွ ဟုတ္တာ။

သည်လိုတဲ့ ခင်ဗျ .... သည်လိုသည်လို။

''မောင်ဖျောက်ဆိပ်ရေ ...''

''ခင်ဗျာ ... အာစရိ''

''ဖွတ် ... မင်းကို ဟိုတောကြိုအုံကြား မန်းမနီးရေဝေး 'ဝနေ' က ... တုန်းကတည်းက ငါသေသေချာချာ မှာထားပြီးသား မဟုတ်လား ... နော မြွေပွေးကိုက်လေးရဲ့၊ ကြမ်းကြားလေကြား လူကြား သူကြား ... ပြီဆိုရင် 'ခင်ဗျာ ... အဘ' လို့ ထူးပါဆိုသဟာကို။ နင့်အမေ့လင် ... လားဟဲ့။ သေနာကောင်လေးရဲ့ ... ကဲ''

''ဒေါက်''

''တိန်''

ဆရာသခင် 'ပဏ္ဍိတ်' ၏ တကယ်နိုင်သည့် လက်ခေါက်ရိုး မာ ... ကြီးတွေကြောင့် ကျွန်ုပ်၏ ဦးခေါင်းလုံးလုံးကလေးမှာ ရှာမှ ... အစတုန်းကနှင့် အဟုတ်မတူတော့။ ဘုရားစူးမိုးကြိုးပစ် ပါရစေရဲ့၊ ... သစ်တွေပရပွနှင့် ဩဇာသီးပုပ် အစေ့ထုတ်ပြီး ဗလာချိုင့်ချွပ်ထားသည့် ... နှယ် ဖြစ်လေခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



''နို့ … ကျုပ်တို့ 'ပေတောကုန်း' မှာ 'အဘ' ဆိုတာ 'အမေ့ယ
ခင်များကြီးရဲ့။ လျှာမထိ အာမထိကြီးကို ဒါရိုက်ဟစ်ကြီး ကိုယ့်အမေ
အလကားပေးပစ်လိုက်ရသလို ဖြစ်နေပေါ့''

''တန်ဟဲ့ … အကောင်၊ နင့်အမေ 'အမြီးလိမ်ဖင်စောင်းမ'
လည်း ငါက စိတ်ကူးထဲတောင် မထည့်သေးပေါင်။ နို့ပေတဲ့ … အလ
သဘောအရတော့ မခေါ်ချင်သော်လည်း …''

''ဖြစ်တယ် … လား''

''နီး … နီး … မရဘူး။ 'အဘ'ပဲ ခေါ်ရမယ်။ ကြားလား။
ဆရာသခင် ဂုရုအရှင်ဖြစ်တဲ့ ငါ့အလုပ်ကိုက 'အဘ'တစ်လုံးနဲ့ ခပ်ဖိန့်
လုပ်စားနေရတဲ့ မဟာ့မဟာအလုပ်အကိုင်ကြီး မဟုတ်ပေလား။ မင်းကြ
လေ၊ 'တောလေးဆယ် စေကိုးလုံးပဒ္ဒာန်းဆက်သိုက်ဆက် ဂမ္ဘီရ အဘအေ
ဗျာလိပ်'ဆိုသဟာ။ နာမည်တစ်လုံး ဟိတ်တစ်လုံးနဲ့ လူကွယ့်နော''

''အင် … နာမည်ရင်း 'မှုံကြီး'။ သာစည်နယ်၊ မဲတောရွာသ
ဂမ္ဘီရမောင်မောင်၊ နေလဝိဇ္ဇာ ဆရာကြီး ဗရေခြမ်း၊ ခြေရာတစ်သော
ဆရာကြီး သျှောင်တစောင်းထွန်းမွေ၊ နှစ်ဆယ်ရာစု နက္ခတ္တဗေဒလက္ခဏာ
အီသီယိုးပီးယားပြန် ဆရာကြီး ပထမံဖျံကြီး စသည် စသည်ဆိုသဟာ
ကလည်း အာစရိပဲမဟုတ်လား။ ရှေးလူကြီးသူမစကား 'တစ်ရွာ၊ တစ်
ဆောက်'ဆိုသဟာလို 'တစ်ပွဲ၊ တစ်နာမည်'နဲ့ ဆေးဆိုးပန်းရိုက် မျက်
စားပြီး အာဖျံကွီး လုပ်စားနေတာကြီးကိုများ။ အလကား … အချင်း
ကပ်ကြွားနေရသေး … ဟေး … ဟေး … ဟေး''

''ဒေါက်''

''တိန်''

''ဒေါက်''

''တိန်''

မွေးမေလော့၊ တကယ်ဆော်သဟာ။ ဗျင်းသဟာ၊ ဖြဲသဟာ။ 'ဘု'
ရန် နေရာလပ်မရှိတော့ပြီဖြစ်သည့် အကျွန်ုပ်၏ 'ဟန်ဒရက်အင်နိဝမ်းပ
(ဘုပေါင်း တစ်ရာ့တစ်လုံးရှိသည့် ဆံပင်ဇုတ်စိ ကျိုးတိကျိုးတဲ ကျွန်





ခင်းပြောင်တုံးလုံးကြီး)မှာ မရည်ရွယ်ဘဲ 'အနားသားတူး' ဘုနှစ်လုံး တိုးရ
ပြီတမုံ့''

''ငါ့သောက်ထုပ်ကို ဘာလို့ လိုက်လိုက်ဖြေနေရသလဲဟဲ့ ကမြင်းမ
ရဲ့။ တစ်ချီတည်း 'ဂါတ်' သွားတိုင်လိုက်ပါတော့လား။ 'တေတေဂနိုတ်
တိတ်နေ'ဆိုထားမင့်ဟာကို … ချီး''

အာစရိသာ ကေန်အမှန်၊ မျက်မာန်တော်ရှုလျှင်ဖြင့် သည်ကနေ့
သောက်ဗိုက်မှောက် ထုံးနုလုံးမှုလျက် ထမင်းတစ်နပ်၊ ဟင်းတစ်ဖတ်
ယာယီခွဲခွာရဦးမည်ကား မြေကြီးလက်ခတ် မလွဲချေတော့၏။ အဲ …
တမို့ကြောင့် …။

''အဟမ်း … အဟမ်း … အမိန့်ရှိပါ 'အဘ'ခင်ဗျာ''

ရှေ့မျက်နှာ ရှေ့ထားပြီး (ဟုတ်သလေ၊ ရှေ့မျက်နှာ နောက်ပို့
ဇက်ကြီးလိမ်အုံးလွဲပြီး တခေါင်းကိုက်ရချေရဲ့။) သနားစဖွယ် မျောက်
နေသည် မျက်နှာပေးဖြင့် မျက်လုံးကို ပျာကလတ် ပျာကလတ် ဖတ်ခနဲ
ခနဲ ဟန်ပိုကလေးထည့်၍ အဖွင့်အပိတ်ပြုတည့်ကာ ပြောလိုက်ရချေ

''အိမ်းလကွယ် … ဂလိုမှပေါ့ … တပည့်ကြီးရဲ့ … ညှင်း …
… ညှင်း''

သေစမ်းဟဲ့ နန္ဒီယ။ မြိန်မြိန်ကြီး ပြုံးဖြဲဖြဲလုပ်၍ နားအရသာ ခံ
မှုနေလိုက်ပုံများနယ်။ ဖွီ … ပြောလိုက်ချင်ဘူး။

''တပည့်ကြီးရေ …''

''အဘ … ရေ''

''ဂလိုရှိသကွယ်။ ခုနက အဘပြောခဲ့သလို …''

''အင် … ဘာမှလည်း မပြောရသေးပဲနဲ့များ''

''တယ် … ကမြင်းမသား။ နူတ်စလျှာစသိမ်းပြီး ငြိမ်ငြိမ်ကလေး
ထောင်စမ်း။ အထွန့်မတက်စမ်းနဲ့။ အာရုံပျက်တယ်။ အဲဘာတဲ့။ ဂလို၊
ဒီကနေ့ တို့များရဲ့ဆီကို 'တြင်းဂိုဏ်းအကြီးချုပ် အဘပတ္တမြားစကြာ'
ကြွလာလိမ့်မကွယ့် တပည့်ရဲ့။ စာကလေးရဲ့ဆိုက်ကားနဲ့ ချီး …
ဆိုသဟာ ပို့လိုက်သတဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဟွန် … ဘာလဲ … ချီး … မေးလ်"

"သိပေါင်ကွာ … စာကလေး ပြောသွားတာပဲ။ ဆိုက်ကားနင်း
ချီးထွက်သွားလို့ဆိုလား။ ဆင်ခြေတောင် ကန်သွားသေးသဟေ့။ ဟိုး တိုင်းကျေ
ပြည်ခြားက ကုလားဖြူ နှာခေါင်းရှည်တွေဆီမှာတောင် 'အီးမေးလ်' ဆို
ရှိသေးရင် ကျုပ်တို့ 'သခင်မျိုးဟေ့ ဒို့ဗမာ' တွေမှာလည်း 'ချီးမေးလ်' က
လောက်တော့ ရှိဦးမှတန်ကာကျ ခေတ်မီတော့ပေမှာပေါ့တဲ့ ခင်ဗျားရဲ့"

"နိပ်ဟ …"

"ထားကွယ်။ အဲ … အဲဒီ 'ပဏ္ဍမြားစကြာ' ဆရာကြီးလာခဲ့
တို့များ ဝေနေယျာတွေအတွက်လည်း နေရချောင် စားရချောင် 'အေး
အေးကြောင်း' အချိုကြီးစား 'ခွင်သစ်' ကလေးတွေ ပါလာတတ်သကွ
တာကယ့် ကျေးဇူးရှင်ကြီးအစစ်ပါကွယ်"

"ဩော် … ဆရာကြီးဆိုတဲ့ ပုဂ္ဂိုလ်အကောင်းစားကြီးက ဘယ်
ဝံမြန်းပြီး ဘယ်ကနေတောင် လာရမှာတဲ့လဲ … အဘရဲ့"

"အိမ်း … 'အင်းစိန်တောရ' ကလို့ ပြောတာပဲ"

"အိုး … ဟိုး … ရက္ခမူစုတင်ဆောင်တဲ့ ပုဂ္ဂိုလ်ကြီးထင်
ကြားရရုံနဲ့တင် အပြေးအလွှား ကြည်ညိုချင်စရာကြီး"

"ဒါ ဘာဟုတ်သေးတုံး တပည့်ကြီး မောင်ဖျောက်ဆိပ်ရဲ့။
များ 'ပဏ္ဍမြားစကြာဆရာကြီး' ဆိုသဟာ လူ့ဘုံလူ့နယ်ထဲမှာ ကမ္ဘဒ္ဒာန်း ၄
ကို ဒိုးလိုမွှေ ရေလိုနှောက် ချောက်ချားနိုင်ခဲ့တာကလား။ အဲသဟာကြေ
နိုင်ငံတော်အစိုးရမင်းများက 'အင်းစိန်တောရ' မှာ ပဲဟင်းနဲ့ ငါးပိချေ
'ဝေ်န်ဆန်လုံးတီး သိဒ္ဓိဆွမ်း' ကို ဘုဉ်းပေးပြီးတစ်လှည့် သီတင်းသုံးပါ
ခြင်းကြောင့် တစ်နှစ်တိတိ အုတ်ရိုးလေးဖက်ကာ ကျောင်းကြီးမဟာထဲ
လှုတောသုတောနဲ့ ကင်းကင်းပြတ်ပြတ် သီးသန့်အဆက်ဖြတ်နေခဲ့တာ
ကွယ့်။ အမယ်မင်း … အဲသဟာတောင်မှ 'အင်းစိန်တောရ' မှာ မလွှဲ
မရှောင်သာ ဆက်ဆံရတဲ့ ပိတ်ဖြူနံ့ငယ်ပိုင်းဝတ် လူ့သူတော်ဝေနေယျအပေ
တွေကချည်းကို ဦးရေ သုံးလေးထောင် ရှိခဲ့သေးတာတဲ့ဗျာရေ"

"ဟိုက် … ရှားလဘားစ်။ 'ကဲ … ယုံချင်ယုံ မယုံချင်နေ' ဆိုသ
ကြီးပါကလား ခင်ဗျာ"





"အေးကွယ် … အေးကွယ် … 'အင်းစိန်တောရ' က နံ
ပါရမီကျင့်စဉ်' ကြီး နိဗ္ဗိတံလို့ 'လူ့ဘုံခန်းဝါ' က ခုနစ်ရက်သားသမီးများကို
ချုပ်ဆုံးမဦးမှ တော်ရော့မကိုးလို့ အောက်မေ့ဆင်ခြင်းပြီး ဟောသည်
မြို့ကြီးရွှေဂုံ' ဆီ ချီတက်လာတော့မယ်လုပ်တုန်း 'စီ … အိုင်ဒီ' ဆိုလား၊
'အက်စ်ဘီ' ဆိုလား ဘိုနာမည်နဲ့ ဌာနကြီးတွေကတဲ့။ 'နောက်နောင် ရပ်ရွာ
အေးချမ်းသာယာရေးကို ထိပါးစေမည့်အပြုအမူများ မပြုလုပ်တော့ပါကြောင်း'
ဆိုသဟာကို လက်မှတ်ထိုး လက်ဗွေနှိပ်ခဲ့ရသေးသတဲ့ … တပည့်ကြီး
ရဲ့၊ အင်းလေ … ခမျာများကိုလည်း ပူတတ် ရန်ကောလို့ ပြောချင်ပေါင်။
ရိုးရိုမ်မယ်ဆို စိုးရိမ်ချင်စရာပ။ တို့များ 'ပဏ္ဍမြားစကြာ ဆရာကြီး' ဆိုတာ
အရှင်ဘဝဟောင်းက ခွေးအုပ်ကို ခဲနဲ့ထုပြီး စုတေစိတ် ကျခဲ့သလားမှမသိ။
ချောက်လေရာအရပ်မှာ ခွေးတစီစီ … အဲ … အဲလေ … ဟုတ်ပေါင်။
ဝေနေယျတွေက တယ်စည်ဆိုတာကိုးကွယ့်။ ဟဲ … ဟဲ … ဟဲ"

"တစ်မျိုးကြီးကို ပစ်စလက်ခတ် အားကိုးချင်စရာကြီးပလေ"

"အဲထော့ တပည့်ကြီးရေ …"

"ဟုတ်ကဲ့ … အဘကြီးရေ … အဲ … ဟုတ်ပေါင် … အဘ
ရေ"

"တို့များဆရာကြီးက သူ့ကြွချီမလာခင် ကြိုကြိုတင်တင် စီမံရွက်
ဆောင်ထားရမယ့် 'ပုဗ္ဗကိစ္စ' 'ပရိကံ' လုပ်ခင်းဆောင်တာ 'ဇာတာဘယာ'
တွေကို စာကလေးနဲ့ပေးလိုက်တဲ့ 'ချီး … မေးလ်' အဲ … ဟိုဒင်း …
အဂ္ဂ၊ ပါစင်နယ်လ်လက်ထားထဲမှာ အသေးစိတ် ညွှန်ကြားထားတာတွေ ရှိ
သကွယ့်"

"လေလုံးကထွားလွန်လွန်းတော့ တံတွေးကလည်း တယ်စဉ်သကိုး
နော်"

"အဲ … အဲသည် 'ပရီမက်ထားစ် (Pre-matters) တွေထဲမှာ တို့
များကိုယ်တိုင် ဆောင်ရွက်ရမယ့် ကိစ္စကြီးတွေပါသလို တပည့်ကြီး မောင်
ဖျောက်ဆိပ်က တိုးတိုးတိတ်တိတ် ကျိတ်ပုန်းခုတ်ပြီး နှိပ်ရဦးမယ့် 'ရှယ်'
အဆိုင်းမန့်တ်တွေလည်း ရှိသကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"ရှယ်ကတော့ ထားပါတော့။ ဖွန်းတပ်ထားတဲ့ အကောင်းစားမို့ 'အဆိုင်းမန့်ထ်' ဆိုသဟာကြီးက ဘာကြီးတုံး . . . ကိုယ့်ဆရာ . . . အဲ . . . အဲ . . . အဘဦးအောင်ဖျာလိပ် ခင်ဗျား။ ရှင်းပြတော်မူပါ"

"ဖွတ် . . . ဒီ 'ဝနေသား'က တယ် 'နု'သကိုး။ သီးသန့်အလုပ်ကို ဘိုလိုမှတ်လိုက်တာဟေ့ . . . ဖွတ်ကျားတုံးရဲ့။ ဒီခေတ်ကြီးက ဒီလိုလေး ငါးပိသံမပျောက်တပျောက်နဲ့ 'ဘရုတ်ကင်း အင်းဂလိ' ဆိုသဟာကိုမှ မ'စပိ'တတ်ရင် 'ငရဲကြီးရှစ်ထပ်ကို ဇောက်ထိုးမိုးမျှော်ကျ၊ ရေဲအိုးချီးကပ်' တော့မလို ခေတ်ဟ . . . ဟေ့ကောင်ရဲ့။ 'ဂလိုဘယ် . . . အယ်ဇေးရှင်း'ဆိုလားဘာလား။ ခွေးစုတ်ဖွားနာမည်နဲ့တော့ ခပ်ဆင်ဆင်ပဲဟ၊ တို့များမှတ်ထားတာ။ အဲ . . . ပြီးတော့ ကမ္ဘာကြီးက 'ပြား' ပြန်ပတဲ့ဟေ့၊ သူတို့ပဲ အမျိုးမျိုး။ ခု 'စာကလေးကြော်၊ ခု ဆိုထမင်း' လုပ်နေတဲ့ မျက်နှာပြောင်ပြောင် ကျောက်ချောရေပက် နဲ့တွေ တစ်နေ့တခြား များများလာနေချိန်မှာ နင်လည်း 'မီးနင်းဘုတ်အုပ်'ထဲက 'စပဲလင်း' တွေကို နည်းနည်း 'စတားဒီး'ဦးဟဲ့ . . . ဂတုံးရဲ့"

"တန်ပါခင်ဗျာ . . . ရှိကြီးခိုးပါရဲ့။ ဒီလောက်နဲ့တင်ကို နားဒုက္ခရောက်လွန်းလှပါပြီ။ ဘာတွေလုပ်ရမယ်ဆိုတာသာ 'စပိ' တော်မူပါတော့ အမယ်မင်း . . . လျှာခလုတ်တိုက်ပြီး အယားသားလေလေ့"

"အိမ်း . . . ဂလိုတဲ့ကွယ် . . . မောင်ဖျောက်ဆိပ်ရဲ့။ မင်း ဟိုဒင်း 'စပိန်လာလီဂါ'က 'ရီးယဲလ်မက်ဒလစ်'ဆိုသဟာများရော သိရဲ့မဟုတ်လား တပည့်ရဲ့"

"ဟုတ်ကဲ့ . . . သိဘူး"

"အင် . . . ဘယ့်နှာကြီးလဲ ဟရို့။ ကိုင်း . . . ရှိစေတော့။ အဲသည် ဘောလုံးအသင်းကြီးဆိုသဟာ ကမ္ဘာတစ်ဝှန်းက 'စပါယ်ရှယ်ဝမ်း' ဆိုတဲ့ နံပါတ်ဝမ်း တစ်ဂဏန်းတစ် 'ရှယ်ဝမ်း' ပေ့ဆိုတဲ့ 'ဘောသမား' တွေကို ချည်း မဟားတရားဆွဲစေ့ပြီး 'နိုပ်'တာတဲ့ . . . မောင်ရေ့"

"ရှုံးရောလား ခင်ဗျာ"

"တိန် . . ."

**စိတ်ကူးသစ်စာပေ**



"ဟုတ်တယ်လေ . . . အဲသလောက် 'စပါယ်ရှယ်ဝမ်း'တွေချည်း စုထားမှဖြင့်တော့ ဘယ့်နှာလုပ် 'စပါယ်ရှယ်အောလ်' ပါတော့မလဲ . . . ဘုရားဒကာရဲ့။ ကိုယ့်ကိုယ်ကိုယ် ထင်တစ်လုံးတွေနဲ့ တခောက်ကန်း အောက်ရမ်းကြီး စွတ်ကြိတ်ကြလို့ ရှုံးလိုက်သမှ ခွက်ခွက်လန်ဆိုတာမျိုးလို အတေလန် ကွဲကရောနေမှာပ။ ဟုတ်ဘူးလား . . . ကဲ"

"တော်တော့ဟေ့ . . . ဒီကနေ့ မင်းနဲ့ ဒိုင်ယာလော့ဂ်ရတာ အယိတိတိ ငြိတိတိနဲ့ ရင်မချိစရာချည့်ပဲ။ သောက်ကျိုးနည်း။ 'နတ်သုဒ္ဓါ အစ်လည်း ခြီးတစ်ပဲ' ဆိုသဟာမျိုးကြီးလို နင်ဝင်မွှေလိုက်တာဟာ အကုန် အရသာတွက်နဲ့ သွက်ချာပါတော ရမ်းကရော"

"ဟိုဒင်း ဟိုဟာ အတ္တာလေ . . ."

"တော် . . . တန် . . . တိတ်။ ငါပြောတာပဲ နားထောင်။ ငါခိုင်း တာပဲလုပ်။ ဟုတ်ပြီလား"

"ဟုတ် . . . ဟုတ်ကဲ့"

"အရေးဟဲ့ အကြောင်းဟဲ့ 'ခွင်'ပေါ်တိုင်း သွားရည်တမြားမြား များအေးလျားချပြီး ဆွမ်းကြီးဝိုင်းလောင်းနေကျ တို့များရဲ့ဘော်ဒါ 'စပါယ် ရှယ်ဝမ်း' တွေကို 'ဂရင်းနဲ့လိုက် (Green Light) လှည့်ပြပြီး တို့များစံရာ ဘာသာရေးဂေဟာဆီကိုသာ စုလိုက်ပေတော့ . . . ဟုတ်တယ်ဟုတ်"

"ယက်စ်ဆားစ် အာစရိစ်"

"ဖို . . . တံထွေးစဉ်လိုက်ပလေကွယ်။ ကိုင်း . . . ဂလိုဆိုတော့ တို့များရဲ့ 'အောလ်စတား' ဘော်ဒါဘော်ကြွပ်များရဲ့ 'ရှယ်ဝမ်း'နာမည် စာရင်း ကောက်ဘာစ်ဆိတ် . . . ပလိစ်"

"အင်း . . . ဟိုဒင်း . . . ကြက်တဲရေးထဲက ကြက်ဒိုင်မှာ ကြက်သတ် တဲ့သူများ အမွေးနုတ်စပါရှယ်လစ် 'ဒေါ်ဝဲ'ခေါ် 'တိမ်တစ်လုံး' "

"ဟုတ်ပေ့"

"ရပ်တကာရွာတကာ ရွာရိုးကိုးပေါက် ကိုးကုန်းကိုးကျင်း လျှောက် လည်ပြီး ပါးစပ်မှာ 'မုသာဝါဒစက်ကြီး' သေရာပါအောင်တပ်ထားတဲ့ ဟို ကောင် 'နံပြား'နဲ့ 'အိကြာကွေး' နေအေးလက်သစ် ညီအစ်ကို"

"နိုပ်သဟေ့"

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



"ပွဲစားယောင်ယောင်၊ အကျိုးဆောင်ယောင်ယောင်၊ ရွှေကြိုယောင်ယောင်၊ ဆိုက်ကားစပယ်ယာယောင်ယောင်၊ စားပွဲထိုးယောင်ယောင်၊ ဒလန်သူလျှိုယောင်ယောင်၊ မြှောက်ထိုးပင့်ကော်ယောင်ယောင်၊ အလုပ်ကြီးအကိုင်ကြီးသမားယောင်ယောင်၊ အကြံကြီးအချိုကြီးစားယောင်ယောင်၊ စီးပွားရေးအကြံပေးယောင်ယောင်၊ 'ဘစ်ဖနက်' အတိုင်ခံယောင်ယောင် ... ဘာရွေကို ဘယ်လိုယောင်နေမှန်းကို မသိနိုင်တော့တဲ့ 'ပေါက်တတ်ကရ၊ အလေတော၊ တောရမ်းပယ်ဖွဲ့၊ လံဘားကျောက်တံတား၊ အာပေါင်နီ၊ ဖျံစိန်အာဝဲ၊ နှီးဖော်စသည် ကိုးမည်ရယောင်ကြီးပွေ့ 'ကလိန်စေ့' ... ဟူး ... မောချက်ဗျ ... အာစရိရဲ့"

"ဂွတ်သကွယ့် ... တို့များရဲ့လူ 'စပါယ်ရှယ်ဝမ်း'ဆရာကြီး 'ရှယ်ထက်ရှယ်' ကလိန်စေ့ရဲ့ ဂုဏ်အထူးတွေဟာ ရေငုတ်ရင်း အီးအီးပါသတဲ့ ဖုံးမရဖုက်မရ ပေါ်လောကြီး ပေါ်လာပေရတော့တာပဲ။ ဂွတ်ဒ၊ ဂွတ်ဒ"

"ပြီးတော့ ... လက်ပွေ့အိတ်ကြီးတစ်တောင်လောက်နဲ့ ရွှေအဘူလက်ကောက်ကြီးတွေကို တံတောင်ဆစ်အထိဆင်၊ 'ဖျာပုံမယ်'ဘွဲ့ကို ပြိုင်ဘက်မရှိအရွေးခံပြီး 'ဘေထုပ်ထည်'တွေနဲ့ တဝကြီးရိုက်ထုတ်။ ခုနစ်အိတ္တ ရှစ်အိုတ္တ သူ့အခွက်ကြီးကို စပါးပုတ်ကြီး နွားချေးကျံသလို အပေါ်စာမိတ်ကပ်ရောင်စုံတွေနဲ့ ဆေးဆိုးပန်းရိုက် ဒီဇိုင်းဆင်ပြီး အိမ်ပေါက်စလည်အတင်းချ။ ပန်းထိမ်အိမ်က ပေါက်ဖော်မ ကွိစိကွစနဲ့ လက်ဝါးချင်းရိုက်။ အရုံထဲက 'ဖွတ်ကလိဒဂ်ါး အချားဟဲ' 'ငဖောင်ရိုးခြောက်မတစ်တွေကို ၃၀ အတိုးကြီးစားနဲ့ နေ့ပြန်တိုးချ။ အကြွေးတောင်းမရပြန်မှဖြင့် သူ့ပါးစပ်ပြုကြီးမှာ အေ...တပ်ထားသလို သောက်ရှက်မရှိ အော်ဖြတတ်တဲ့ 'ဒေါ်ဂျမ်းစိန် (ခ) အ... (ခ) အမေဂျမ်း'လို့အားလုံးက အော့ကြောလန် ဆလံသရတဲ့ 'မ... ...တ်ရဲ့နော် ... အာစရိ"

"အိုး ... ဟိုး ... ဂွတ်ဒ ... ဂွတ်ဒ"

"ဟော ... သည်တစ်ခါ အလှည့်ကျသူက ... အဲလေ ... ဟုတ်ပေါင် ယောင်လို့။ နောက် ရပ်ထဲရွာထဲ ရက်ကွပ်ထဲမှာ ဥပသကာယောင်ယောင်၊ ဘုရားဂေါပကလူကြီးလိုလို၊ စာသင်တိုက်ကြီးရဲ့ အကျိုးတော်





ဆောင်ကြီးနှယ်နှယ် ဟန်ဓာတ်ခုတ်ပြီး ဘုတ်တလုတ်တောက်တဲ့လို အတွင်သားခေါင်းညိတ်၊ ဘုန်းကြီးပွဲကျမှန်သမျှ ပါးဖြန်းဖြန်းဖြစ်။ အလှူငွေဖလားထဲက ငါးရာတန် တစ်ထောင်တန် အလစ်သုတ်။ လူထူထူ ရှိပလားဆိုမှဖြင့် 'ရှုဥသောတာပန် ဖြစ်နည်းနိသျှည်း' ဆိုတဲ့ တရားတစ်ပုဒ်ကို ပုဒ်မပါမကျန်...ချုံးတွယ်အလွတ်ကျက်ပြီး အာပေါင်အာရင်းသန်သန် 'နှိပ်'နေတဲ့ လူလည်...ညာဝါး ခွေတုတ်ကြီး ရှုဥသောတာပန် ဦးမောင်မောင်ရှိုး"

"အေးဟော့ ... အေးဟော့"

"ဒိုင်ဗင်ထိုး၊ ဘေးတီး၊ ဖောရွှေလုပ်ရမယ်ကွယ့်ဆိုရင် အတုအတူ...မို့ ယှဉ်ရဲသူ ပြိုင်ရဲသူနတ္ထိ။ နံပါတ်ဝမ်းရဲ့ ဟိုဘက်ကိုကျော်ပြီး ဝှန်းခန်...ဆောင်ကျနိုင်လောက်တဲ့ 'ဖောသော'နဲ့ 'ဖပ်သတ်' လင်မယားစုံတွဲ၊ 'ညာတာ'...နဲ့ 'ပါတေး' မယားညီအစ်ကို။ နို့ ... ပြီး ..."

"ကိုင်း ... ကိုင်း ... ဒီလောက်ရှိ တော်ရောပလေကွယ်။ ကိုရင်...ရင် ကိုရင့်ဝမ်းထဲသာ မျိုချထားလိုက်ပေတော့။ ဘေးကဘီကများ ကြားရင်...ပြောခဲ့သလောက်နဲ့တင်ကို မဟားတရား၊ နသားပါရေ၊ သောက်ကျိုး...နည်း လွတ်ကြည့်ညိုချင်စရာ၊ လေးစားချင့်စရာ၊ ပေါင်းသင်းဆက်ဆံချင့်စရာ...ကောင်းနေမင့်ကာပဲ။ ဟေ ... ဟေ ... ဟော့။ ရတော့်ရခဲ တွေ့ရခဲမှ 'ဒုလ္လဘ'...ပါယ်ရှယ် 'ဂွတ်ရှယ်'ကလေးတွေချည်းကိုး ... တပည့်ကြီးရဲ့ ... ဟဲ ... ..."

"ရွှေအကြောင်း ဖယောင်းသက်သေတဲ့ခင်ဗျ။ အပွေးမြင်ရင်လည်း...သင်သိရသတဲ့။ အဲဒီ 'စပါယ်ရှယ် ဒုလ္လဘ' တစ်သိုက်ရဲ့ ဇာတိပွတ်တိကို...ခိုင်လိုက်မှဖြင့် သူတို့ရဲ့အာစရိ၊ 'စပါယ်ရှယ့် ... စပါယ်ရှယ် ... ငတိ...ကောင်းစားကြီး' သည်ကား မည်သို့သော ပုဂ္ဂိုလ်ဖြစ်ပေအံ့မည်ဆိုသဟာ မတီး...ခဲ့ညည်း မပြောဘဲသိကြမှာပလေ။ 'ဓာတ်သိရင်ရှောင်၊ ကပ်မိရင်ပြောင်' ဆို...ဟာလည်း ချက်ခနဲ ရိပ်မိကြကရောပ"

"အိန်း ... သိပ်ကြီးလည်း မမွှန်းလိုက်နဲ့ဦး ... မောင်ဖျောက်...ဆိပ်ရေ။ ကိုယ့်ကိုယ်ကိုယ် တယ်တော်ပါကလားဆိုတဲ့ အတွေးကလေးနဲ့...အပ်တိုင်း၊ ရပ်ဆိုင်း'ပြီး 'လူပေါလောက' ကသိုဏ်းကလေးများ...ထောင်...အောင့်တနား ရှုလိုက်ချင်သေးသကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပြီ . . . နည်းနည်းလေးမျှ ပင့်လို့မရဘူး။ ဟွန့်"

"ကဲ . . . ကွယ်။ တို့ဆရာကြီး 'ပဋ္ဌာန်းမြားစကြာ' ကြွမလာသေးခင် အဲသည်တို့ပျားရဲ့ စပါယ်ရှယ်ဝမ်းတွေကို မရှိတဲ့အလုပ်တွေ ခဏနားပြီး လပ်လျားလပ်လျားနဲ့ မဟားတရားဂဟာ ဓာတ်နန်းရိပ်မြုံဆီကို မြန်မြန် ကလေးစုဝေးလာရောက်ကြဖို့ အပ်ချလောင်း . . . ညောင်းပြီး 'ဖွ'ချေလော့ တပည့်ကြီး"

သို့ကလို ကျွန်ုပ် 'မောင်ဖျောက်ဆိပ်'၏ အနိပ်စား 'အာစရိ မာစတာ ဂုရုကြီး'က စကားထည့်ထားရကား 'ဂွတ်ရှယ်' ဘော်ဒါများကို မျက်စိကြီး တပြူးပြူး။ နားရွက်ကားကြီးတစွင့်စွင့်ဖြင့် ငုံလင့်နေရိုက် 'ဝမ်းနာတုန်းချဲတွေ' ဆိုဘိသကဲ့သို့ အနိပ်စား 'ဂယောင်မင်းသား' ဘွဲ့တော်ခံ ကလိန်စေ့နှင့် တည့်တည့်ကြီး တန်းငြိခဲ့မိခြင်းဖြစ်ပေ၏။

"အဲသဟာပဲ . . . ဘော်ဒါရေ။ အကြောင်းစုံသိမှဖြင့် 'စပါယ်ရှယ် ဝမ်း' မင်ဘာတွေကို ခါးတို့၊ လက်ဆွဲ၊ မျက်စိမှိတ်၊ နှုတ်ခမ်းချင်းလိမ်ပြီး အရေး ကိုရင့်ကိုပဲ 'အော်ဒါ'ထပ်ပေးရတော့မှာပဲ။ နောက်ထပ် မုဆိုးမ အိမ် ထမင်းအိုး တစ်ခါချက်လောက်ကြာရင် အားလုံးစုံကြပေ့စီဟေ့ 'ချစ်သယ် ချင်း' နော . . ."

"အလကားတော့ မရဘူးမောင်။ 'တန့်ရာတန်ကြေး' ဆိုသဟာ နေရာတိုင်းမှာ ရှိသဟ။ လှော်ချင်စိတ် ဖွချင်စိတ်ကလေးများလည်း နိုးကြား လာလေအောင် ချောဆီ' ကလေးကို ကမ်းမှမ် . . . ကမ်းမှန်"

"အင် . . . ဇာတိက ချက်ချင်း ပြတော့တာပါကလား။ 'မိန်း ချင်းပေါင်တင်၊ လင်ချင်းပန်းတောင်း' လုပ်နေပေါ့။ နပ်သင်း . . . နည်း နိမ်းဟဲရှိဘူး . . . ကဲ"

"အစဉ်အလာ ပျက်မှာစိုးလို့ပါ 'သယ်ချင်း' ရယ်။ စောစော ကွမ်းယာကလေးပဲဖြစ်ဖြစ် လှမ်းလိုက်စမ်းပါတစ်ဆိတ် . . ပိုင်းလိ ပိုင်းလိ"

"ဟွန့် . . . သေချင်းဆိုး . . . ကာလနာ . . . မြွေပွေးကိုက်။ ရော . . . နင့်ကွမ်းယာ ကြွမှာသာ ခပ်မြန်မြန်ကြွပေတော့"

"သိုင်းကျူး . . . သိုင်းကျူး။ ချစ်သယ်ချင်း . . . သွားပြီ"





သို့ဂလိုနှင့် 'ကလိန်စေ့'နဲ့က သွားကြီးအပြဲသားနှင့် ချေးလှုံး ချေးကြီးတွေ သုတ်သုတ်နင်းကာ 'ခွေးသေကောင်မသာ'တွေ့သည့် လင်းတ ကြီး အူမြူးနေသလို ထွက်သွားလေပြီ။ သို့မို့ကြောင့် . . .

အကျွန်ုပ်မှာ အရှေ့ပြင်မှာ နေထွက်ရာဆီသို့ ကပျာကယာ ကဲ၍ ကြည့် ရချေ၏။

ယခင်နေ့များက ဈေးပေါင်ကျူ၊ ရောင်းမစွံ၊ အမှည့်လွန်၊ ရေနာ ထားသည့် ညိုမည်းမည်းနွမ်းရိရိ ပျော့ပြဲပြဲ ခရမ်းချဉ်သီးပုပ်နှယ် သူရိယ ကောင်းသည်ပင် ယနေ့တော့ဖြင့် မျက်နှာထားရွှင်လှချေ၏တကား။

'ဆီး၊ နှင်း၊ မြူ၊ တိမ်၊ သူရိန် မီးနိုး ညစ်မျိုးငါးအင်' ကင်းစင်ပ ပျောက် လှုကြီးမိဘ၊ ညီအစ်ကိုမောင်ဖား မျက်စိကွယ်ရာ နားကွယ်ရာရောက် သည့် ဖျံတန်တန် နန့်တန့်တန့် မြီးကောင်ပေါက်မကလေးနှယ် မျက်စိဆတ် ဆတ်လျက် စပ်ဖြဲဖြဲကြီး ဖြစ်နေပေသည်။

ကောင်းလှပေချိမ့်။

မင်္ဂလာ့ . . . မင်္ဂလာ . . . မင်္ဂလာနိမိတ် သဂရိတ်ကြီးပေတကား။

"ဟော . . . ဒီက . . . ပဲ . . . ဟဲ . . . ဟဲ . . . ဟဲ ပျို့"

ဟော . . . လာချေပြီ။ သည်အသံမှ သည်အသံကြီးစစ်စစ်။ ရေ ဆားမခတ် တပ်အပ်ကြီးတထစ်ချ ပြောရဲသည့်အသံ။ ကြီးဒေါ် မဆွဲမိ ၏။ ဟောသည် တစ်ရပ်ကွက်လုံး 'သူ့ကျေးဇူး၊ သူ့အကြွေးနှင့်ကင်းသူ နတ္ထိ' ဟု ဝှံဝှံစားစား ကမ္ဘာသိ၊ မြန်မာသိ ကြွေးကြော်စိန်ခေါ်ရဲပေသော ကြီးဒေါ်မဆွဲမိမှ မဆွဲမိအစစ်။

နားဆင်ကြည့်ဘိလေ . . .။

'ပဲပြုတ်' ကို 'ပဲ' တွင် 'တဟဲဟဲ'နှင့် သံရှည်ကြီး ဆွဲထည့်ပြီးခါ 'ပြုတ်'လည်းမဟုတ်၊ 'ပြော'လည်းမဟုတ်၊ 'ပျို့'ဟူသာ ဆောင့်ကြီးအောင့် ကြီး တခနဲဖြုတ်ချလိုက်သည့် 'ပဲ . . . ဟဲ . . . ဟဲ . . . ဟဲ ပျို့' ဟူသည့် အသံ။ (အသံတုဝိဇ္ဇာ ရဲမြင့်လေးကြီးတောင် မတူတူအောင် တုပရင်း၊ လေ့ ကျင့်ရင်း လိပ်ခေါင်းထွက်၍ လက်လန်ဆလန်သခဲ့ရသော ဟူလေ၏။ ညီ စကားချပ်။)

"ဟိုင်း . . . ကြီးဒေါ် မဆွဲမိ . . . ဟဲ . . . ဟဲ . . . ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံး"

"အညာဆယော ..."

"နင့်ဘာသာတင် ကိုရီးယားလို 'အညာဆယော' ပဲ ယောယော ကုလားဖြူလို 'ဂွတ်ဖမောနင်း' ပဲနင်းနင်း၊ ဗမာလိုပဲ 'မင်္ဂလာ' လာလာ သောက်ရေးမပါဘူး။ ပဲပြုတ်ကြွေးမပေးဘဲ ခွေးနဲ့ရှူးတိုက်လို့ ထဘီကွဲ ဒူးပြဲ ပြေးလာရတဲ့အထဲ၊ ဒင်းက တစ်မျောင့်"

"ဒီလိုလေ ကြီးဒေါ် မဆွဲမိရဲ့ ...ဟိုဒင်း ...ဟိုဟာ ... ဟိုအဂ္ဂာ လေ ...ဟဲ ...ဟဲ ...ဟဲ"

"ဘာလဲ ပဲပြုတ်နဲ့ကောက်ညှင်းပေါင်း အကြွေးပေးပါဦး။ ဒါဲ လာမှာမဟုတ်လား"

"ဟီး ...ဟီး ...ဟီး ...ကြီးတော်ကလည်း ...ဟဲ ... ဟဲ ...ဟီး ...ဟီး"

"ကဲပါဟယ် ...ငါ့ရှေ့မှာ သွားချေးတွေ ဘစ်ထွေးကြီးနဲ့ သွား သုံးဆယ့်နှစ်ချောင်းလုံးဖော်ပြီး ဆိတ်သိုးကြီး သောက်ကြောတနေသလို တဟီးဟီး လုပ်မနေစမ်းပါနဲ့၊ စိတ်ကုန်လွန်းလို့၊ တကတည်း"

"ကဲဒါ ...အဲဒါဆို ခုနက ပြောခဲ့သလို ..."

"ဘာလဲ ...ဘာလဲ ...ဘာပြောဖူးလို့လဲ"

"ဟို ...ဟိုလေ ...ဟိုဒင်း ...ဟိုဟာ ...အဂ္ဂာလေ ... ပဲပြုတ်နဲ့ကောက်ညှင်းပေါင်းကို အင်စတောမင့်နဲ့ ဘောလ်ထုပေးစမ်းပါဦး လို့ ...အဲသဟာ ...ဟဲ ...ဟဲ ...ဟီး ...ဟီး"

"နင်တို့ဆရာတပည့်ဟာလေ နေတော့ 'မဟာတရားဂေဟာ' တဲ့ လေးတိုင်စင်တဲပုတ်၊ ပြိုလုလုတဲကုပ်ကို ပြာလှဲ့ဓာချဲ့ ပန်တင်ပြီး မှတ်တင် လားမှတ်ရဲ့။ 'ဂမ္ဘီရ နေ့လ ဝိဇ္ဇာကြီး ခြေတစ်ရာသောင်း သျှောင်တစောင်း ပထမံ ဗရေခြမ်း' တဲ့။ ကိုယ့်ဘာသာ ဘာမှန်းတောင်မသိတဲ့ လျှာခလုတ် တိုက်ချင်စရာ အက္ခရာတစ်ပြုံတစ်မကြီး ရှက်ခြင်းကြီး လုံးလုံးမရှိ။ 'ကိုယ်ထ ခုတင်တုတ်ချောင်းဖြစ်' ဆိုသဟာလို ဖွတ်ကြီး လုပ်ချလားလုပ်ရဲ့။ တပည့်က တစ်မျိုး။ စာကလေး ငှက်ဖျားမိထားတဲ့ပုံလို ဆံပင်တစ်မွေး နံပိန်မိုက် မျက်ချေးထူကုပ်ချောင်း ...ဟီဟိ နာမည်ကျတော့ 'စပါယ်ရှယ် ဖျော





ပ် ...တဲ့။ ကျလည်းကျတဲ့ ဆရာတပည့်။ ရပ်ကွက်ထဲမလည်း အကြွေး ဘူးတဲ့ဆိုင် မရှိ၊ ငွေမချေးဘူးတဲ့လူ မရှိ၊ ချက်ချင်းလက်ငင်းကြီး မာလကီး ပါစေနဲ့လို့ အကြွေးရှင်တွေက ဝိုင်းပြီးဆုတောင်းပေးနေရတဲ့ လူမျိုး လေ ...ဟုတ်စ"

"ဖြည်းဖြည်းလုပ်ပါ ...ကြီးမဆွဲမိရယ်။ အဲသလောက်မှန်တာ တွေ နေပြန်တော့လည်း နေတောင်မနေတတ်တော့ဘူး ခင်ဗျ ...ဟီး ... ...ဟဲ"

"နင်တို့ဆရာတပည့်ဟာလေ ငါတို့အိမ်အနောက်ဘက်က မစိန်ပွင့် ဆင်မယားလုပ်ပုံနဲ့ တစ်ဖြတ်တည်း တစ်ချိုးတည်းပဲဟဲ့ ...ဖျောက်ဆိပ် င်ရဲ့"

"ဘယ်လိုများလဲ ...ကြီးဒေါ်ရယ်။ ပြောစရာရှိတာများ ချန်မထား ပါနဲ့၊ စကားကုန်အောင်သာ ပြောခဲ့ပါနော်။ ဟိုဒင်း ...ဟိုဟာ ...အဂ္ဂာ သောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ၊ မိုးခနဲခေါက်ခနဲ .."

"ဖွီ ...သေနာကျလေး။ ဖွဟဲ့ ...ဖွဟဲ့၊ လွဲပါစေ ဖယ်ပါစေ ။ မဦးမချွတ်"

"အမယ်မင်း ...ကိုယ့်ကိုယ်ကိုယ်ကျ တယ်သိတတ်။ ကဲပါ ... ပြောပါတော့"

ကျွန်ုပ် မောင်ဖျောက်ဆိပ်ခမျာ အကြွေးရမှ သည်နံနက် 'မောနင်း တော' မှန်ရပေမည်မို့ ကပျာကယာ ပလူးပလဲ မျက်နှာချိုသွေးလျက် ခပ်သွက်သွက်ကြီး မဟာတရားအဘိယာစက ပြုလိုက်ရပေတော့

"ဒီလိုဟဲ့ ...သေနာကောင်ရဲ့၊ ဒီတုန်းက တို့အမေတို့က အပျို ဝင်စပေါ့။ မစိန်ပွင့်လို့သာဆိုရတာရယ်။ အမေတို့က မစိန်ပွင့်လို့ ခေါ် မစိန်ပွင့်က ချောင်းတော်ဘက်ရွာက ကိုထွန်းခင်ဆိုတာနဲ့ ညား ။ ကိုထွန်းခင်ဆိုတာက အလုပ်အကိုင်ကို လက်ကြောတင်းအောင် လုပ် စားထဲက မဟုတ်ဘူး။ အဲ ...ဒါပေမဲ့ ဘာကလေးဖြစ်ဖြစ် အကြော တော့ရှိတယ်။ အကြွေးရှိမှ အစာကြေတယ်၊ ရင်ချောင်တယ်၊ လေ



www.burmeseclassic.com

www.burmeseclassic.com



လည်တယ်၊ ဆီးရှင်တယ်ဆိုတဲ့ အစားမျိုးထဲက။ နင်တို့ ဆရာတပည့်ယ
ဟယ်၊ ဟုတ်ဘူးလား''

''တိန်''

လုပ်ပြီ။ ဟောသည့်ပေါက်စီကို တုတ်ထိုး၊ ငါးပိသုတ်ထားသည့်
အဒေါ်ကြီးဆိုသဟာဖြင့် 'ခွင်'ကလေးတွေ့လျှင် တကယ်ကြိုက်တဲ့ 'မယ
အနှိပ်တော်' မယ်မင်းကြီးမကြီးပေတကား။ သို့သော်လည်း ... တဲ့၊ အဲ
ပလေ။ မောင်ဖျောက်ဆိပ်ရေ ကြိတ်ခံ၊ ကြိတ်ခံ။ ဟိုဒင်း ဟိုဟာ အဂ္ဂာ ...
အကြွေးယူဖို့က ရှိနေပေသေးမဟုတ်လော။

ကျွန်ုပ်မှာ ကိုယ့်ကိုယ်ကိုယ် အသာကြိတ်၍ စိတ်ခေတ်မော်ရိယ
မင်းတွေ တစ်လှေကြီးကို သွင်းပြီးရင်း သွင်းနေရလေ၏။

''အဲ ... တစ်မနက်ခင်းမှာ ရွာထဲကို လူတစ်ယောက် ဆင်ကြီး
တစ်ကောင်စီးပြီး ဝင်လာတယ်။ အဲဒီလူကလည်း ရွာအရှေ့တံခါးက ဝ
လာကတည်းက 'ဆင်ရောင်းမယ် ဆင်၊ ဆင်'လို့ အော်လာသတဲ့''

''ဇာတ်အပျိုးကလေးကဖြင့် ... သင်းပေသားကြီးတော်ရေ''

''အချိန်က ဆွမ်းခံချိန်လောက်ရှိရော့မယ်။ ဒီအထဲ ကိုထွန်း
က အိပ်ရာထဲက မထသေးဘူး။ ဒါပေမဲ့ ဆင်သည်ရဲ့အော်သံကို အိပ်ရာထဲ
နေ ခပ်ဝါးဝါး ကြားတယ်ထင်ပါရဲ့။ သူ့မိန်းမကို လှမ်းခေါ်လိုက်ပြီး 'ဟဲ့ ...
စိန်ပွင့်ရဲ့ အရှေ့ပိုင်းက ဘာအော်နေတာတဲ့လဲဟ' လို့ လှမ်းမေးလိုက်တယ်
ဒီတော့ အိမ်ရှေ့မှာ ပဲထုနေတဲ့ မစိန်ပွင့်က 'ဆင်တဲ့တော်၊ ဆင်ရောင်းမယ်
တဲ့'လို့ ပြန်ပြောလိုက်သတဲ့။ ဒီတော့ ကိုထွန်းခင်က အိပ်ရာထဲကနေပြီ
'ဟေ ... ဆင်ရောင်းမလို့တဲ့လား၊ ဒါဖြင့် လှမ်းမေးကြည့်လိုက်စမ်း။ အကြွေး
ရောင်းမလားလို့' လှမ်းပြောသတဲ့''

''တယ်လျှင်တဲ့လူပဲ။ ကျုပ်အာစရိလို ရေခံမြေခံ ဘက်ဂရော
ကောင်းလို့ကတော့ လျှမ်းလျှမ်းကိုထချက် ဖြစ်နေတော့မှာပဲ .. တကယ်''

ဟုတ်ပေ၏။ ဟုတ်လှချေ၏။

အနို 'ကိုထွန်းခင်'ဆိုသဟာ စနေသားကြီးကိုဖြင့် ကျွန်ုပ် 'စပါယ်ရှယ
မောင်ဖျောက်ဆိပ်' မလေးစားဘဲကျိတ်နေ၍ မရချေပြီ။ ခေါင်းအုံးနှင့်ခေါ





ရွာဘဲနှင့် အိမ်တိုင်ရာရောက် 'ဒိုးတူဒိုး' ဆင်အကြွေးဝယ်နိုင်သည့် ဘစ်
နက်ပညာသည် အဘယ်မှာခေသည်ဆိုရပါ ချိမ့်မည်နည်း။ 'မြို့ကြီး
ကျွံ' မှာသာဖြစ်ခဲ့လျှင် အနီမောင်မင်းကြီးသား အကောင်းစားသည် 'ကုန်ပနီ'
ဆောင်၍ 'ပြောင်'ချေပြီဆိုလတ္တံ့သည့် ' 'အမ်ဒီကြီး' ဖြစ်လာနိုင်သည်မဟုတ်
လေလား။

ရင်ထဲကကြိတ်၍ တေတေနိပ်လျက် တိတ်တိတ်ကလေး လေးစား
၍ မဖြစ်တော့ကပြီ။ ဖြူးခနဲ နှုတ်က ပွင့်လျက်ထွက်သွားပေ၏တကား။

''အဲ ... အဲဒီတော့ မစိန်ပွင့်လည်း အိမ်ရှေ့လမ်းမထွက်ပြီး ဆင်
သည်ကြီးကို မေးရတာပေါ့။ ပြီးတော့မှ အိမ်ရှေ့ခြံကနေပြီး အိပ်ရာမှာရှိ
နေသေးတဲ့ လင်တော်မောင်ကို 'အကြွေးရောင်းမတဲ့ ကိုထွန်းခင်ရေ' လို့
လှမ်းပြောလိုက်သတဲ့''

''နိုပ်ဟ''

''ဒီတော့ ကိုထွန်းခင်က ဘာပြောတယ်မှတ်သလဲ''

''အမိန့်ရှိပ ကြီးတော်''

''အေး ... ဒီလိုဆို ဆင်သည်ကို ပြောလိုက်စမ်း ... မိန်းမရေ။
အကြွေးရောင်းမယ်ဆိုရင် ပါလာတဲ့ဆင်ကို အိမ်ရှေ့မှာ ထူးခတ်ထားခဲ့၊ ကျန်
နေသေးရင် နောက်ထပ်နှစ်ကောင်လောက် ပြန်ယူချေဦး။ လက်တိုလက်
တောင်း ဗာဟီရနိုင်းဖို့ဆိုရင် ဆင်သုံးကောင်လောက်ရှိမှ လိပ်ပတ်လည်မှာ
ကဲ ကဲ ... မှတ်ကရောပ''

''နမူနာယူလောက်ပ ခင်ဗျာ''

''အေး ... စကားရော ဖွဲ့ရော ပရောပရည် လုပ်မနေစမ်းနဲ့။ နင်တို့
ထားတဲ့အကြွေးက လည်ပင်းဝကနေ မေးစေ့အထိ ရောက်နေပြီ။ ထပ်
ပေးဘူး ... ဒါပဲ''

''တကယ်ကြီးကို ရက်စက်တော့မလား ... ကြီးတော်မဆွဲမိရယ်။
ပြောတတ်ရင် ဈေးရောင်း'ဆို ခင်ဗျားရဲ့။ သတ္တဝါတစ်ခု ကံတစ်ခု သဘော
ထားပြီး ဇီဇဝါဒါနမြောက်အောင် နောက်ထပ်ပြုတ် ၁၀ သားနဲ့ ကောက်ညှင်း
ပေါင်း နှစ်ထုပ်လောက်တော့ ကြွေးသစ်ထပ်ချခဲ့ဖို့ ကောင်းပါတယ်ခင်ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီဟေ့ . . . တော်ပြီ။ နင်နဲ့စကားကောင်းနေတာနဲ့ ပိန်
မိညှက်တို့၊ ဖိုက်ကြီးတို့က ငါ့ရွေးကွက်ဝေစုတွေ ဝင်လုနေကရော
သွားမှ . . . သွားဦးမှ"

ငယ်ငယ်တုန်းက ကြားခဲ့ရသည့်ရွာမှ အရပ်ပြဇာတ်မျိုးတွင်သ
လျှင် သည်ဇာတ်ကွက်မျိုး အမှိုင်တီးလုံးကလေး၊ ဝါးပလွေကလေး စီ
နပြေပြုံးပြီး လွမ်းလိုက်ရကောင်းလှချည့်။ မျက်ရည်တွေ အတောင့်လ
အတောင့်လိုက် ထွက်ကျမည့် ကိန်းမျိုးပါကလားခင်ဗျာ။

သို့သော်လည်း . . . တဲ့၊ တကယ့်တာဝ 'ရီယယ်လ်လိုက်ဖ်' ကြီး
နေမင့်ဟာ . . . ကျွန်ုပ် မောင်ဖျောက်ဆိပ်ခမျာလည်း ဘာများကော ထ
နိုင်ပါဦးမည်နည်း။

"ဟိတ် . . . ကောင်မလေးကိုလွှတ်လိုက်။ အဲလေ . . . ကော
ကြီးကိုလွှတ်လိုက်။ ဟုတ်ပေါင် . . . ယောင်လို့။ ပဲပြုတ်သည် အဘွားကြီး
ရပ်နိုင်းလိုက်"

"ဟဲ့ . . . သောက်ပလုတ်တုတ်"

ဒန့် . . . တန့် . . . တန်။

မည်သည့်အခါကာလ ကျွန်ုပ်နှင့် ကြီးတော် မဆွဲမိကြီးအနိုင်
ရောက်နေလေသည်မှန်းမသိ၊ ဩဇာသံ၊ အာဏာသံ၊ ပါဝါသံ၊ ဟိုဒင်း ဟို
အဟုသံတွေ စုံတကာစေ့နေအောင်ပါပေမည့် အကျွန်ုပ်၏ မာစတာအ
'အဘအောင်ဖျာလိပ်' ၏ အက်ကွဲခြောက်ကပ် ပြာရှူးရှူးရဲသော မဟာဂု
ထိုးသံ။ အဲ . . . အဲလေ . . . အမိန့်သံက 'အသက်ထွက်လုမကာကို 'မသေ
ဟ'ဟု အတင်းကြီး နသားပါရကုပ်ကဆွဲ၍ အသက်အောင့်ထားဖို့ တားလို
သည့်နှယ် ဒေါ်ဆွဲမိကြီးခမျာ လှမ်းအုံသောခြေလှမ်းတွေ တုံ့ခနဲရပ်။

"တွေ့ပြီလား တပည့်ကြီး မောင်ဖျောက်ဆိပ်၊ ဂမ္ဘီရ . . . ဂမ္ဘီ
လက်တွေ့မျက်တွေ့မမြင်ရလို့ ယုံနိုင်ပါဘူးဆိုပြီး ပြုံးအောင်အော်နေတဲ့
တစ်တွေ 'လင်းတအိုဝမ်းကျထားသလို' အငိုင်ကြီးငိုင် အမှိုင်ကြီးမှိုင် အ
ကြီး ထိုင်သွားမယ့်အကွက်။ ပါဝါနဲ့မဟုတ်။ နကွတ်နဲ့မလှည့်။ တည့်ပဲ
တည့်ပဲ . . . တည့်ပဲ . . . ဟဲ . . . ဟဲ . . . ဟဲ . . ."





"ဘာများလဲ 'အဘအောင်ဖျာလိပ်' ဆိုသဟာကြီးရယ်။ တစ်ဆိတ်
ရှင်းအောင် လင်းတော်မူပါ"

"ဖွတ် . . . ပေတောကုန်းက ဂတုံးနဲ့တုံးရဲ။ ဟိုမှာ နင့်ဘကြီးရဲ့
ကြီးဟာ ခရီးဆန့်မယ့် ခြေတစ်လှမ်း၊ လမ်းခုလတ်မှာတင် မတ်တတ်
ကောင်းသားကြီးရပ်။ အသက်မရှူနိုင်ဘဲ ငုတ်တုတ်မေ့နေတာကြီးကို"

"ရောနတ္တ . . . အာဂလေလုံးအကြီးကြီးနဲ့ အီးပေါက်မနေနဲ့ဦး . .
အဲဒါက ဘာဖြစ်တုံး"

"ခက်လိုက်ပကောင်ရယ်။ အဲသဟာ မ,ဖိုက်ကြီး အာစေးထည့်
နင်း အစီအရင်တဲ့ကွယ်။ မသိရင်လည်း မှတ်ထား။ 'ဂမ္ဘီရဆရာကြီး
အောင်ဖျာလိပ်' ရဲ့ ဂွဒ်ဖော်လိုအား (နောက်လိုက်ကောင်း) ဖြစ်ဖို့ဆို
သဟာမျိုးတွေ 'မာရသွန်စတားဒီး'ပြီး 'နန်းစတော့ထရိုင်း'ဖို့ အားကြီး
ကွယ့်"

"အင်းပါ . . . အင်းပါ . . . ဟုတ်ပါပြီပဲ ထားပါတော့။ နားအီစလဲ
အောင် တရစပ်ကြီး မွှေမနေပါနဲ့တော့။ ကြီးတော်မဆွဲမိကြီးကို ဘယ်လို
လုပ်ထားလို့ ဘာဖြစ်နေရတာတဲ့တုံး။ သောင်ပြင်မှာ ရှုံးရှုံးပန်းသလို
ရှုပ်ရှုင်းကြီးမြင်အောင်သာ မိန့်ပါဘိ . . . ကိုယ်တော်"

"ရော် . . . ခက်ကပြီ။ ဂမ္ဘီရ အစီအရင်ပါဆိုမင့်ကပဲ။ မင့်လေဒီ
ဘောကြီး 'ဖွတ်မေ့ ပုတတ်မေ့' မေ့ပြီး မတ်တတ်ကြီးမျောနေတာ
. . . တပည့်ရဲ့ . . . ဟဲ . . . ဟဲ . . . ဟဲ"

"ကာလနာ . . . သေနာကျ . . . မြွေပွေးကိုက် . . . သေခြင်းဆိုး
ဘာတွေလေဖင့်ခေါင်း ကျယ်နေရပြန်သတုံး။ ကျုပ်က မမြင်မကန်းနဲ့
တစ်အုံလုံးကြီး နင်းမိထားလို့တော်ရေ့။ တော့ဘာသာ ဂမ္ဘီရချင်
နေ။ ကျုပ်နဲ့ဆိုင်ပေါင်။ ရောင်တော်ပြန်နဲ့တော့ ရောမကြိတ်လိုက်
. . . ကိုအဟုာ"

"ကဲ . . . ဘယ့်နှယ်ရှိစ . . . အာစရိ"

"အိန်း . . . မှားတဲ့အခါလည်း မှားပေမပေါ့။ လွဲတဲ့အခါလည်း လွဲ
ပုထုဇဉ်ကိုးကွယ့် . . . ဟီး . . . ဟီး"



www.burmeseclassic.com

''ဖွတ် . . . လေသံကြီးက။ မိုးပျံပူဖောင်း လေလျှော့ခံထားရသလို ပိန်ရှုံ့ရှုံ့ ပျော့စိစိကြီးကို ဖြစ်လို့''

''နေပါဦး . . . တော်ကြီးက သချိုင်းကုန်း ခြေတစ်ဖက်လှမ်းနေတဲ့ 'အိုဗာ'ကြီးဖြစ်နေခါမှ ဘယ့်နှာအူကြောင်ကျားလုပ်ပြီး လူကို နောက်ပြောင်လား။ ဘာလဲ နေ့ခင်းကြောင်တောင် ပြဿနာကို အင်မာဂျင်စီလိုနဲ့ ထိုးရှာနေတာလား . . . ဟင် . . . သေနာကြီး''

''စိတ်လျှော့ . . . စိတ်လျှော့ . . . ကျောင်းအမ။ ဒေါသမထွက်နဲ့ စိတ်မလျှော့ရင် အလိုလို 'ဝိတ်'လျှော့ပြီးဖြစ်သွားအောင် ရှုံ့ရှုံ့တွေ ထွက်ကျလာတတ်သတဲ့။ ယောအတွင်းဝန်မင်း ဦးဘိုးလှိုင်ကြီးရဲ့ ဥတုဘောဇနသင်္ဂဟကျမ်းကဆိုသဗျ . . . ဟဲ . . . ဟဲ''

''လူကြီးကိုက ပြောင်တီးပျက်ချော်နဲ့။ ပါးကောင်းလို့ လက်တော်နေထင်ပ''

''ဒီလိုပါ . . . ကျောင်းအမကြီးရဲ့ . . . ဟိုဒင်း . . . ဟိုဟာ . . . အဲလေ . . .''

''အာစရိ . . . အာစရိ . . . တွတ်တီးကီစွလေ . . ပဲပြုတ်ပဲပြုတ်''

ကျွန်ုပ် မောင်ဖျောက်ဆိပ်မှာ ယနေ့နံနက်အဖို့ 'ကပ်ပလာ နို်းနာနိမ်း' မည့်ကိန်းကို တငွေ့ငွေ့တွေးပူလျက် တိုးတိုးတိတ်တိတ် အခါပေးလိုက်ရလေ၏။

''ကိုင်း . . . ကျုပ်တို့အစ်မကြီးရဲ့ ပဲပြုတ်ကြွေး။ ရော့ . . . မနေနဲ့။ လွန်ရောကျွံရောရှိလှ နှစ်ထောင်ပ။ ကျုပ်တပည့် မောင်ဖျောက်ဟာ ခွေးတာကပ်စေးနဲ့တဲ့နေရာမှာ ကိုယ့်နှပ်ချေးကိုတောင် ကိုယ်ဘာ ငုံးပိသိပ်ပြီး စားတဲ့ကောင်။ အစေ့စားပြီး အလယ်အူတိုင်အကြီးကြီးကို ပစ်ရမှာစိုးလွန်းလို့ ပြောင်းဖူးပြုတ်ကိုတောင် တစ်သက်ပန်လုံး ဝေရှောင်ခဲ့တဲ့မောင်။ သည်တော့ . . . ရော့ . . . နှစ်ထောင့်ငါးရာ။ ဟုတ်စ''

'ဟိုက်၊ ရှားလဘားစ်'။ ဟုတ်ပေ၏။ ကျွန်ုပ် မောင်ဖျောက်ခမျာ 'တောင်ထိပ်ကြာပေါက်၊ အနောက်နေထွက်' ဆိုသည်ထက်ပင် ထူးခြားဆန်းပြားပေထသော အံ့ဖွယ်သရဲ ကိစ္စကြီးတစ်ရပ်ကို၊ ပြေးရင်း





ငင်းက ချေးပုံဟပ်မိသည့် ခွေးအိုကြီးလို၊ အရှင်လတ်လတ် အတင်းအဓမ္မကြီး အံ့သြမှင်သက်နေရပေတော့၏။

''အလိုတော် . . . ဘုန်းကြီးနဲ့ဘီး။ နံ့သာဆီနဲ့အီး။ မဆီလေးရယ် ခိုဆိုင်။ 'ဖွတ်ကလိ ဒဂါးအချူးဟဲ' ချည်း အမြဲမပြတ် အဓိဋ္ဌာန်နဲ့ သက်စေ့ သလာခဲ့တဲ့ နေ့တွေက ကျားသားမိုးကြိုး''

''ကဲပါလေ . . . သိပ်များလည်း ထူးဆန်းမနေပါနဲ့တော့ . . . ကြီးတော် . . . ဟုတ်စ။ မဟောသဓာလို ဘုရားအလောင်းတော်မှ အကြောင်းဆင့် အခွင့်မသာတဲ့အခါမျိုးမှာ အိုးဖုတ်သမား ဖြစ်ရသေးမင့်ကပဲ။ 'ကံချိန်' 'ကုသိုလ်အကျိုးပေးချိန်'ဆိုတာများလည်း ရှိသေးကိုး . . . ကျောင်းခဲ့။ ဟဲ . . . ဟဲ . . . ဟဲ။ ကဲ . . . ရော့ . . . ဟောဒီနှစ်ထောင်က ကျောင်းအမဖို့ အပိုဘောက်ဆူးသက်သက်၊ ပဲပြုတ်ရောင်းမပျက် ဝန်ဆောင်ပေးလိုက်နိုင်တဲ့ 'အားသားဘာစ်ဖ်နက်'အတွက် စရန်ငွေ . . ဟဲ ဟဲ ဟဲ''

''ဘုရားရေ . . . ကျုပ်ကို''

''ဟုတ်ပ . . . ကျုပ်အစ်မရယ် ဟုတ်ပ။ အလုပ်ဖြစ်ခဲ့ရင် နောက်သုံးထောင်ကြီးများတောင် အနားသားဝမ်းအနေနဲ့ ထပ်ပေးဦးမှာ''

''မုဒ္ဓေါရေ . . . ဆွဲမိတို့ ကံရောလူရော ထပြီထင်ပါရဲ့''

ထူးပြီ။ အဟုတ်ကြီး တကယ့်ကြီး သောက်ကျိုးနည်းကြီးကို ထူးပြီတာမုံ့။

ကျွန်ုပ် မောင်ဖျောက်ဆိပ် 'ပေတောကုန်း'မှတက်ခဲ့၍ အာစရိယကြီးသံ ဆည်းကပ်ခဲ့သည့် သုံးလတာကာလအတွင်း ငွေမှာအလျှင်း၊ ရွှေမျှော်း အရေးကြုံလျှင် အမှုအမော်ပျောက်အောင် ဖွတ်ကလိဒင်္ဂါးဆိုကြီးကို အရပ်ရေးကြည့်ခဲ့ရသည့်ဘဝ။

ယခုဖြင့် ဘာကြောင့် . . . ဘယ်လို . . .။

''နို့ . . . ဆရာကြီး ဦးအောင်ဖျာလိပ်ရယ် . . . ကျွန်မ မဆွဲမိက ဘာလုပ်ပေးရ . . .''

နားဆင်၍သာ ကြည့်ကြပါဘိ။ ဒေါ်ဆွဲမိဖြစ်ပုံ . . . ဖြစ်ပုံ။ လေသံ ကတုန်ကယင် နုံးချည်းချည်းကြီးနှင့် အပူဝမ်းတွေ တရဟောသွား သာတိုင်ခေါင်းမှိုလျက် အသက်ဖိဝိနိပင် အခုချက်ချင်းကြီး စအိုက



www.burmeseclassic.com

www.burmeseclassic.com



ဖွတ်ခန့် ထွက်တော့မည့်ပုံလိုလို။ ကျွန်ုပ်၏ အာစရိဂုရုကြီးအား မှိုကြ
လေးစားနေလိုက်ပုံများ ဒေဝဒတ်၏ တန်ခိုးပြာဋိဟာ မာယာအနန္တပြုံးစား
ကောက်ကာင်ကာ ကပျာကသီတွေ့လိုက်ရသည့် အဇာတသတ်မင်း
ကလေးနှယ်။

''ဂလို မဆွဲမိရေ . . . ဂလို . . . ဂလို . . .''

ဂမ္ဘီရဝိဇ္ဇာဆရာကြီး အဘအောင်ဖျာလိပ်ခေါ် 'ဗရေခြမ်း'
သည်ရပ်သည့်ရွာကို လေးတိုင်စင်တဲတစ်လုံးမျှပင် မလစ်လပ်စေရအော
အထဲဝင်အပြင်ထွက် ကျွမ်းဝင်နံ့စပ်ပေထသော ပဲပြုတ်သည့် ဒေါ်ဆွဲ
နှစ်ဦးသားမှာ ဘာညာသာရကာ နေကြာကွာစေ့ တောင်ကြီးပဲကြော်တွေ
ကွဲစိကွစ လေနာထ ဝမ်းပွနေကြသော ဟူပေ၏။

✿ ✿ ✿

[ ၂ ]

❑

''ဟောဒီလောကကြီးဆိုသဟာ နိုင်ရာစား လောကကြီးတဲ့
တို့။ 'အင်အားကြီးသူ နိုင်စတမ်း'ဆိုတဲ့ အရိုင်းဥပဒေ (Law of Jungle
တာကြီးက မသာအိမ်မှာ သုဘရာဇာ အရေးပါအရာကျယ်သလိုမျိုး
မိုးမိုးနေရာယူထားတဲ့ လောကကြီးပေကပဲ . . . မှတ်ထား''

''ဟုတ်ကဲ့ . . . အဘ''

''ပြီးတော့ ရှိသေး။ 'အချစ်နဲ့စစ်မှာ မတရားတာမရှိဘူး'
ရှေးရှေးက ဗာလနံအကောင်းစားများက သူခိုးသေဖော်ညို၊ မသာနဲ့
ခေါင်းဝယ်ဆိုသဟာလို ဗလစ်ဗလစ်နဲ့ လျှာအရိုးမရှိတိုင်း ရစ်ထားခဲ့တဲ့





ကုမာဝါစာတွေပ။ အဲဒီမှာ ကျုပ်က နောက်တိုးအနေနဲ့ ထပ်ဖြည့်လိုက်ချင်
သေး၊ လောဘအခိုးတွေမွန်၊ လော့ဘနှာခေါင်း သွေးလျှံ၊ လောဘတိမ်
ညှာစွဲနေတဲ့ 'လောဘ'သူငယ်နာထောင့်သန်းဆွဲ မနုဿအထီး, အမ
ဆနေယျတွေကို 'တဒင်္ဂပဟာ'အားဖြင့် လောဘ အခိုးထုတ်ပေး၊ 'လောဘ
ကြွဆေး' 'ခနဦးမ်ဆေး' ကြီး တိုက်ကျွေးပေးနေရတဲ့ ကျုပ်ရဲ့ 'ပရိယာယ်
သာ သဲကိုးဖြာ၊ မဟာဝက်န္တ' ခါတ်အစီ အရင်လုပ်ရပ်တော်ကြီးဟာဖြင့်
ရားသည်၊ မတရားသည် ဤနှစ်လီကို တောင်တောင်အီအီ ကြံစည်ရန်
ကြောင်းမရှိတဲ့ . . . တပည့်တို့ရဲ့''

''ဟုတ်ကဲ့ . . . အဘ ခင်ဗျာ''

အညာနွေပူပူမှာ ကုန်း၊ ခင်၊ ခရိုး၊ သဲချောင်း၊ ချောက်၊ မြောင်
၌ ခြေကျညီညီ ခယိုးခယိုင်ကုန်း၍ရုန်း၍ ဆွဲနေဘိသည့် နွားပြာနံ့ပိန်
င်ရှည်းနှယ် အတိုင်အဖောက် ညီလှချည့်။

အဘယ်ပုဂ္ဂိုလ်ကျော် ဇတ်စ်ကလပ် အကောင်းစားကြီးတွေများ
ရှိမ့်မည်နည်း။ ကျွန်ုပ်တို့ 'မဟားတရားဂေဟာ'ပြိုလုလုငေး၏ခေါင်း
'ဘုရားခန်း'ဟုဆိုအပ်ရာသည့် ဝါးစာကမာ ဘာညာကွဲကွတွေ ရှုပ်ရှုပ်
ပွ ဒီဇိုင်းဆင်ထားအပ်သော နေရာအောက်၌ သစ်ခေါက်ရေနီညိုရောင်
တ်အစားကို ဟန်ပါပါဆင်မြန်းထားသူ 'ပတ္တမြား စကြာတြင်းကိုဏ်းချုပ်
ရာကြီး မနောမရ ဘိုးတော်စိန်မျက်ခုံး'နှင့် အကျွန်ုပ် မောင်ဖျောက်ဆိပ်
အန္တေဝါသိက ဆရာအရှင် 'ဗရေခြမ်း' တို့နှစ်ဦးသားပေတည်း။ (မနော
တ် အကြံတန်ခိုးဖြင့် ဘာကမှကြံဖန်၍ မရ၊ လျှာအရိုးမရှိတိုင်း တောင်
ာင်အီအီတွေကို စကားကုလားဖန်ထိုး၊ ကိုယ့်ဖဲကိုယ်ချီး၊ လိမ်ဖဲကိုင်ရိုက်
တ်လွန်းသဖြင့် 'မနောမယ' စစ်စစ်မဟုတ်။ 'မနောမရ' ဟု ခေါ်ဝေါ်အပ်
ကြောင်း နောင်မှသာ နဖူးကွဲ ဒူးပြဲ အလူးအလဲ သိခဲ့ရပေ၏။ ဤကား စကား
ချပ်တည်း။)

'စကား, စကားပြောပါများ၊ စကားထဲကဇာတိပြ'ဟု ကျွန်ုပ်
အမေကြီးဘွားရှန်က ငယ်စဉ်တောင်ကျေး အကလေးကတည်းက နှစ်
သောနားတွေ မီးထတောက်မတတ် အပူတိုက်ခဲ့သည်မှာ ဒက်ထိမှန်
ကာပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဘိလော့။

ပြောနေပုံ အချိုးအပေါက်က 'ယောင်စော်၊ ဂါတ်စော်၊ လက်ထိပ် စော်' တဟောင်းဟောင်း။ ဥပမိရုပ်က ဘူးသီးပုပ်ပွ။ အဲလေ . . . ဟုတ်ပေါ် ယောင်လို့။ လူသူတော်အရေခြုံဖို့ သစ်ခေါက်ဆိုးသင်္ကန်းရောင်ကို အဟုတ် အဟပ် တံဆိပ်ကပ်ထားသော်ငြား နဖူးပြောင်ပြောင် (ဆရာပြောင်သေ တို့ဖတ်ကြီး) နှာရောင်ကောက်ကောက်၊ နှာသီးပွပွ၊ မျက်နှာပြုပြ၊ နှုတ်ခမ် တွဲတွဲ၊ မျက်စိပြူးပြူး ဦးခေါင်းတော်ကြီး ရောနန္တနှင့် ဝမ်းဗိုက်အိုးစရည်းကြ က ရေတ္ထုံးဖွဲလျှက်သားမှပင် ကိုယ်ဝန်လွယ်ထားရသည့် မပေါ့မပါး မအော ကြီးလို ဂုဂုဖောင်းဖောင်း။ ဆဒ္ဒန်ဆင်မင်းကို နသားပါရလုပ်ကြံခဲ့သည့် 'လုဒ္ဒ မုဆိုး' နဖူးရေးရေ ကြန်အင်လက္ခဏာ၌ မုသာဝါဒရယ်တွေ ပြည့်လျှံ သည့် မျက်လုံးရွဲကြီးတွေက ထပ်လောင်းအားဖြည့်ထားလေရာ ကြည့်ည် ဖွယ်အတိ အဖြစ်ကြီး ဖြစ်နေပေတော့၏။

"အဘဘုရားစကားများ တစ်လုံးမျှမလွဲ။ တစ်ချက်ကမှ မမှာ ချက်တိုင်းထိ၊ ထိတိုင်းမှန်ပေကိုး။ မှန်ပေမပ။ မှန်ရပေမပ။ ပရမတ္ထသ တွေချည်းကိုးကွယ့်။ ဘုရားဟောလို့မှန်နေတာ မဟုတ်ဘူးနော်။ သဘာဝ အစဉ်ထဲက မဖောက်မပြန်မှန်တဲ့ အမြဲတေအစစ်တရား အနှစ်တွေ ဘုရားက အဆီညှစ် အနှစ်ထုတ်ပြီး သတ္တဝါဝေနေယျတွေကို ချေ ဆုံးမခဲ့တာမို့ မမှန်ခံနိုင်ရိုးလား . . . ဟုတ်စ"

"ပုထုဇ္ဇနော ဥမ္မတ္တကော . . . တဲ့ဟ။ နေ့စဉ် တညီးညီ တလုံ တောက်လောင်နေတဲ့ လောဘမီး၊ ဒေါသမီး၊ မောဟမီး မီးပုံကြီးတွေ သူတော်စင်များက နိုင်စွမ်းသမျှ ငြိမ်းသတ်ပေးနေရတာပဲ။ အဘဘု ညွှန်ပြခဲ့တဲ့ ကျေးဇူးတွေပလေ"

ကြိတ်လိုက်ဟ။ 'နောက်တစ်ခါ လာပြန်ချည်သေး၊ ဟေး . . . ဟေ . . . ဝါး' ဟုသာ ကိုယ့်တေးချင်းကိုယ်အော်၍ ကိုယ့်က,ကြိုးနှင့် ကို သာ ကွေးနေအောင် က,ပစ်လိုက်ဖို့ ကောင်းပေစွ။

'ဗရေခြိမ်း'တစ်ယောက်နှင့်ပင် သည်ရပ်သည်ရွာခမျာ သတ္တဝါ လက်နက်မမျှ ထောင်းလမောင်း ကြေလှလေပြီ။ ဟော . . . ယနုကြ ဖွတ်မိချောင်းဖြစ်မြစ် မချမ်းသာ။ တြင်းဂိုဏ်းပုဒ္ဓရာဇာ ပတ္တမြား စကြာဆ





ကြီး ဂမ္ဘီရ စိန်မျက်ခုံးတဲ့ခင်ဗျား။ (ဩော် . . . ခုနစ်ရက် သားသမီးများရဲ့ ပလေ။)

ကိုင်း . . . ကိုင်း . . . နားဆင်ကြည့်ဘိဦး။

ဆရာ အရှင်နှစ်ပါးက သူ့သာဝကများ (ကလိန်စေ့၊ ကြက်သတ် မှာဒေါ်ဝဲ (ခေါ်) တိမ်တစ်လုံး၊ နံပြားနဲ့အီကြာကွေး၊ သုံးမည်ရ မာမိဖွ၊ သောတာပန် ဦးမောင်မောင်ရွှီး၊ ဖောသောနဲ့ဖပ်သပ် လင်မယားစုံတွဲ၊ တာနဲ့ ပါတေးမယားညီအစ်ကို၊ အလို . . . အလို . . . ပဲပြုတ်သည် ဆွဲမိကြီးနဲ့ သူ့ဘေးမှာ အရပ်က 'ဟစ်တစ်လုံး' ဘွဲ့နှင်းထားသည့် ကာကီး။ စုံလင်ပါပေ့ခင်ဗျာ။) ကို 'ပွဲမဝင်ခင် အပြင်ကကျင်းပ' ဆိုဘိသကဲ့ သူရို့ 'ပရိယာယ်မာယာ သဲကိုးဖြာ၊ မဟာဝက်န္တ' ဓာတ်အစီအရင် လုပ် တော်ကြီးအတွက် ကူလီကူမာ စည်းဝါးရိုက်ဓာတ်တိုက် (အဲလေ . . . တ်ပေါင် . . . ယောင်လို့) ဟိုဒင်း . . . ဟိုဟာ အဝှာ။ 'လက်ချာ' ပေး ဒေသာပင်' သီးနေတာတဲ့ခင်ဗျာ။

"ကုသိုလ်ကချည်း ကုသိုလ်ကို ကျေးဇူးပြုတာမဟုတ်။ အကုသိုလ် သည်း ကုသိုလ်ကို ကျေးဇူးပြုတတ်သေးသကွယ့်။ 'ပုရိမာ ပုရိမာ အကုသလာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ' လို့ မဟာပဋ္ဌာန်းဒေသနာ မြတ်ကြီးမှာ အတိအလင်းပါသေးကပဲ ဟုတ်စ"

"တပည့်များ အာရုံထဲမှာ ခွေးဝဲစားဆင်နှင်းသလို ထင်းခနဲ မြင် အောင် ဥပမာဆောင်ပါဦး ဘဘအဖေကြီးခင်ဗျာ"

ဖောရွှေပါရဂူ 'ဘောသော'၏ အမွှေအပင့်၊ အထိုးအဆွမြည်သံ။

"အိမ်း . . . ဟုတ်ပေသကွယ့်။ မြင်သာအောင် ပြောပြရပေတာပ။ ဆုံလမ်းခွ ရွာလယ်ကပေတစ်ရာမှာ တသောသောထနေတဲ့ ဖုတ်တွေ တွေ ဒုန့်ဒေးကို တွေ့ဖူးကြပါစ"

"လူကနင်း, ခွေးကနင်း, နွားကနင်း တိရစ္ဆာန်ပေါင်းစုံကနင်း။ ကာ မစင်စွန့် ဒီလူက ရှူးရှူးပေါက်တောက်ပန်း၊ ခွေးကအီးအီးယို၊ ကျွဲ နွားတွေ ချေးပုံကြီးတွေက ဗရပျစ်၊ အိမ်ပေါက်စေ့က အမှိုက်မှန်သမျှ စ်တဲ့ ရွာလယ်အမှိုက်ပုံကြီးနဲ့ ဖုတ်တောသဲတောကြီးကို မြင်ပါပြီ . . . ကြီးခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှုဖြစ်ရလေခြင်း 'ညာတာ' နှင့် 'ပါတေး' လင်မယားရယ်၊ သံကုန်ဟစ်ပြီးတောင် ပစ်စလက်ခတ် ဖွတ်ကြီးမျက်စိမှိတ်လျှက် ထောက်ခံနေကြပေ၏ကိုး။ ဘာတဲ့။ 'အဖေကြီး' ဆိုသည်ကပါသေး။ ကိုယ့်မွေးမိခင်ကိုပင် သဒ္ဓါဒေးယျဖရိတ်ကြီး ဖရိုးကြိတ်ဖို့ ဖွတ်အတင်း ဆက်ကပ်နေလိုက်ချေသေးတော့၏။ (မွေးရကျိုးနပ်လိုက်ပ။ ဝမ်းရေစပ်သည့် သားသမီးတွေပင်တကား။)

"ကိုင်း ...အဲသည်နေရာက ဖုန်များ၊ သဲများကို ကပ္ပိချေစမ်း ငါ့တပည့်ဆိုရင် ဘယ်လိုရှိပ"

"ထွိ ...ယူချင်ပေါင်။ အော့ချင် အန်ချင်စရာ"

"ဟုတ်ပ ...ချေးချောက်နဲ့ အမှိုက်ကနိုင်းချင်းကြီးကိုများ"

"ကိုင်းကွယ် ...ဆရာ ကိုအောင်ဖျာလိပ်ရေ ...တစ်ဆိတ်ကလေး ခင်ဗျား။ အဲ ...အဲ ...ကျုပ် 'က္ကဋ္ဌာသယ'အိတ်ကြီးထဲက 'အလိုတော်ရှိ မဟာစမတော်ကြီးပါတဲ့ ခုနစ်ရက်သားသမီးများ၊ အန္တရာယ်ကင်း၊ မျက်နှာပွင့်၊ လာဘ်ရွှင် 'အဝေရာဏီက သဲဖြူတော်' အထုပ်ကလေးများကို ဒီဘက် လှမ်းလိုက်စမ်းပ"

အလိုလို ...ဘယ့်နှယ်ဖြစ်ကြပ။ ဟောဟို ပုဂ္ဂိုလ်အကောင်းစားကြီး ပါးစပ်ဖျားမှ 'အန္တရာယ်ကင်း၊ မျက်နှာပွင့်၊ လာဘ်ရွှင်'ဆိုသည့် 'ဖေလည်သဲ'ကျယ်ကျယ် ကြားလိုက်ရသည်ဆိုရုံမျှနှင့် နံဘေးက ကပ်တီးများ 'ဘုရားမကြိုက်တဲ့ လူတစ်စု' တွေမှာ တသည်းသည်း တလှုပ်လှုပ် ရှုတ်ရှက်ပွ ဖြစ်လာကြချေပြီ။ 'မဟားတရားဂေဟာကလေး ခယိုးခယိုင်ပင် တသိမ့်သိမ့်ရင်ထဲမယ်' တေးချင်းကို ရင်ဖိဆိုညည်းနေပုံရပေ၏။

"ကိုင်း ...ကိုင်း ...သားတော် သမီးတော်များကို အဖေကြီးက ကြိုကြိုက်တုန်း ချီးမြှင့်ရဦးမပေါ့ကွယ်။ အဖေကြီး ဟိုးတိဘက်လားမားကြီးတွေရှိရာ ဟိမဝန္တာမှာ မဟာကန္တာရီ ခရီးလှည့်တုန်းက 'ဒလိုင်းလားမားကိုယ်တော်ကြီးက ချီးမြှင့်လိုက်တဲ့ 'ဥ ...သျှရီ သျှရီ ဆတောရီ' သဲတော်တွေကို ဖွားယူထားတာကွယ့်။ ဂင်္ဂါမြစ်နဲ့ ယမုံနာ မြစ်နှစ်မြွာဆုံရာ သောင်ခုံက သဲဖြူလွလွတွေကိုမှ ကောင်းကင်ခရီးနဲ့ ရှာန်ပျံပြီး သယ်ဆောင်စီရင်ထားရတာလို့ လားမားကိုယ်တော်ကြီးက မိန့်ခဲ့သေးသကွယ့်။ ငါ့သား





သမီးတော်ကြီးများကို ရှေးရှေးဘဝ အဆက်ဆက်က 'ပါရမီဆက်၊ ...ဆက်၊ သိုက်ဆက်၊ ဓာတ်ဆက်၊ ဝိဇ္ဇာဥ်ဆက်၊ သံသရာဆက်'တွေ ... 'ရင်ကသား'လို သဘောထားပြီး ချီးမြှင့်ရတာကပဲ။ အဖေကြီးရဲ့ ...မှာ အဘဘိုးမင်းခေါင်နဲ့ ပထမ ဘဘအဘိုးအောင်တို့ ဓာတ်စီးပြီး ...သိဒ္ဓိ'ပုတီးပတ်ရေပေါင်း တစ်သောင်းရှစ်ခေါက်တိတိ၊ 'ပွား' ထား...တာဟဲ့။ တန်ရုံလူမရနိုင် မရထိုက်ပေဘူးနော"

နဂိုကမှ သည်းသည်းလှုပ် ဖြစ်ချင်နေကြရသည့်အထဲ 'ဒိုချင်ရက်... တမင်ညှိုမြှ လုပ်ပြနိုင်လေသေးသဖြင့် အိမ်သာပေါက်စအိုဝဆီ ...င်းဟိုဟာကြီး တန်းလန်းတန်းလန်း (အဲ ...အဲ ...ချေးတုံးကြီး ...င်ဗျ၊ ချေးတုံးကြီး) မြင်ရသည့် သုနက္ခတစ်တွေလို 'မှသာဝါဒ...ဝင် တစ်ပြုံတစ်မကြီးမှာ လျှောက်လမ်းမှ လုပ်လဲ့လုပ်လီ ပလီပလာ ...ပါပါ မဓိတရို မာယာမျက်နှာဖြင့် ရှိသမျှကလေးတွေ (ပဲကြီးစေ့ ...သလို)ပြူးခနဲ ထွက်လာပါမည့် အရေးစတိုင်ပေ။ မလိုင်ပေး ဂိုက် ...နေသည့် 'ဝမ်းစမိုး' 'ဆိုးဂွဒ်' 'ဘရာဗို' မော်ဒယ်ဆတ်စလူးစိန် ...အား သွားရည်တမြားမြား၊ အာသာတငမ်းငမ်း လက်သရမ်း ခြေ... ပါးစပ်သရမ်းတော့အံ့ဟု အူယားဖားယားဟန်ပြင်နေသည့် ခေါင်း ...ဗိုက်ရွဲရွဲ 'ဂျင်းတဲလမန်း' ဟူသည့် အန်ကယ်ခနဲ့ကြီးများနှယ် ... ဆိုင်မရထမရ၊ အုန်းအုန်းကြွကြွ ဖြစ်လာကြပြန်ပေတော့၏။

"အဲ ...အဲ ...ငြိမ်ကြကွယ့်၊ ငြိမ်ကြ။ ရှားပါးမှ ရတနာ၊ တည် ...သက်မှမေတ္တာ၊ ဖြောင့်မှန်မှသစ္စာ ဆိုထိုက်ပေတာကိုး။ ကဲ ... ...အတိဂါရဝလည်းမြောက်၊ အဓိပတိထိုက်သော ဒါနလည်း ဖြစ်ရ ... သားတော်ကြီး၊ သမီးတော်ကြီးတို့ ပါလာသမျှထဲက သဒ္ဓါဒေးယျ ...တာသည် 'မနောမယိဒ္ဓိ ငွေစင်ဖလား'ထဲ ထည့်ကြ လှူကြဦး ... သံတော်ရှင်ကျိုက်ထီးရိုးတို့၊ ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင်၊ ... မဟာမြတ်မုနိစသည့် အဓိကရဘုရားစေတီ အဆူဆူမှာ ဝေယျာ ...ပြုဖို့ပလေ။ စိတ်အကြံပေါက်ရင် အဓိဋ္ဌာန်မြောက်သတဲ့။ ကိုင်း ...ထည့်ကြ ...လှူကြ"



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... နဖူးနှင့်ဒူးဖြင့် တည့်တည့်ကြီး တိုးမိကြချေပြီ။

ကမ္ဘာကြီး လောင်မီးကျနေပေ့စေ၊ မြုပေါင်ဟု ခဲတည့်တည့်
မြိန့်မြိန့် မသိကျိုးကျွန်နေချင်နေတတ်သည့် အတ္တတုံး၊ အတ္တခဲကြီး
မလိုင်ပျစ်တွဲကြီးများသည် ကိုယ့်ရင်ခွင်လာကျသည့် စီးကရက်ပြာ
နှင့်လည်း ပြုံးပြုံးပြံုပြံု ထလုပ်ချင်လုပ်တတ်သည် ဟုတ်၏လော။ 'မ
သိ၊ ထိမှနာ၊ သာမှနေ၊ သေမှခင်'ဆိုသည့် အမျိုးတွေပေကိုး။

ယခုပင်လျှင် ကိုယ့်အိတ်ကပ်ထဲက ဖွတ်ကလီဒင်္ဂါးတွေကို
စောင်းထိုးလာတော့ တယ်ဘဝင်မကျချင်၊ အင်တင်တင်။ အဖေကြီး၏
တော်ကို အလကားမတ်တင်း ရှုမတတ်ရချင်နေပေသော်လည်း အလ
မှမဟုတ်ခဲ့လျှင်။

ရွှေခံအိတ်ထဲမှ ငွေပွေးအကောင်လိုက်ကြီး ခွေနေသည့်နှယ်
နှိုက်ရမည် ခပ်ရွံ့ရွံ့။

သို့သော်လည်း ... တဲ့၊ အဲတဲ့။

မပေးမပြီး၊ မထုတ်မရဆိုပြန်တော့ ငါးဆယ်တန်၊ တစ်ရာ
နှစ်ရာတန် အစုတ်အနွမ်း ရော်ရော်ရိရိတွေ မျက်စိသူငယ် နားသူငယ်
'ရော့ ... အင့်' ဟု မချိမဆံ့ကြီး ထွက်လာကြရပေတော့သည်။

"ကိုင်း ... အဖေကြီးချီးမြှင့်တဲ့ သဲဖြူတော်များကို လက်ခံ
ထည့်၊ ဦးခေါင်းရတနာမြတ်အင်္ဂါထက် ဦးဆံမှာဖြူး။ ဘီးလူး,ရက္ခိုက်
ပြိတ္တာ၊ တစ္ဆေ မနှောင့်ယှက်နိုင်ဘူးပဟဲ့။ လက်ဝါးပြင်နှစ်ဖက်နဲ့ နား
ပြီး မျက်နှာအနှံ့လိမ်း။ 'မျက်နှာပြင် ချစ်ခင်ပါစေ၊ အသံကြား သနားပါ
သလို မျက်နှာပွင့် ပီယသိဒ္ဓိပေါက်ကရော့။ ခရီးသွားရင် ဆောင်ထား
သွားရဲဘေး၊ ကုန်းသွားကုန်းဘေး၊ လေသွားလေဘေး ပြေးရော့ရှော
သွားဟုံဟုံပဲလကွယ့်။ အရောင်းအဝယ် ဥစ္စာရှာ၊ အလုပ်အခင်း၊ အကြံအ
အောင်ချင်ရင် လက်ညှိုးကလေးနဲ့ကော်၊ လျှာဖျားမှာတင် လျှာမထိအ
မျိုသာချ။ ပွဲပြီးကရောပ။ ကိုင်း ... ဟန်မကျပေဘူးလား။ ရော့ ...
ငါ့သားတော် သမီးတော်ကြီးများ ဆောင်ထားကြပေရော့ကွယ်"

ခွေးလျက်ထားသည့် ထန်းလျက်လုံးကြီးတွေနှယ် မျက်နှာ
ပြန့်ကြီးတွေက တဝင်းဝင်းတလက်လက်။

---





"မလိုမုန်းထား၊ ရန်သူငါးနှင့်၊ ရှစ်ပါးဒေါသ၊ ဒဏ္ဍာတစ်ဆယ်၊ နှိပ်
သက်ခတ်၊ ဥပဒ်ဆယ့်ခြောက်၊ လန့်ကြောက်တုန်အေး၊ ဘေးတစ်ဆယ့်ငါး
များဆက်ဆံ၊ ကံသုံးဆယ်နှင့်၊ စိစစ်တွေလာ၊ နှာကိုးဆယ့်ခြောက်၊
ယောက်ကယက်၊ အိပ်မက်တပေါင်၊ နားထောင်စနည်း၊ ကမ္ဘည်းအတိတ်၊
နိမိတ် အချက်မကောင်းတာမှန်သမျှ၊ ရှင်းပါစေဗျား။ အသွားချွတ်ယွင်း၊
ကြင်းသောက၊ ဗျာပါဒနှင့်၊ ဒုက္ခစွန်းငြိ၊ ရောက်ရှိစစ်လည်း၊ ဆံခြည်မျှခြမ်း၊
သန်းအောင်၊ တနင်္ဂနွေပြိုဟ်မင်း မစေဗျား"

"ပေးတဲ့ဆုနဲ့ပြည့်ပါရစေ ... အဖေကြီးခင်ဗျား"

"ခွီး ... ဖွီး ... ဖွီး ... ဖွီး ..."

"ဟဲ့ကောင် ... ဟဲ့ကောင် ..."

ဟုတ်ပ ... ဟုတ်ပ။ အကျွန်ုပ် စပါယ်ရှယ် မောင်ဖျောက်ဆိပ်ခမျာ
တလိပ်လိပ်ကြီးလိုမို့၍ တက်လာနေသည့် ရယ်ချင်ပက်ကျိစိတ်ကို ထိန်း
သိမ်းမရ ဖြစ်လွန်းခြင်းအားကြီးလှတိ၍ ကိုယ့်ပါးစပ်ကိုယ်ပိတ်၊ အူကို
ဆုပ် ဒရောသောပါး ပြေးဆင်းလာခဲ့လျက် ဗိုင်းဝက ဇုဒ္ဓသရုဏ်ပင်
ကွယ်ရောက်မှသာ အားရပါးရ ရယ်မောခွင့်ရပေတော့၏။

မရယ်ဘဲ နေနိုင်ပါရိုးလားခင်ဗျာ။

ယနေ့ည လူခြေတိတ်ချိန်ကမှ ကျွန်ုပ်၏အာစရိယ ဆရာ ဂုရုမာစတာ
ခြမ်း' ခေါ် 'ဘအောင်ဖျာလိပ်'က တီးတိုးတီးတိုး သဖန်းပိုးလုပ်လျက်
ကြားစေနိုင်သည့်အတိုင်း ရှာလယ်လမ်းဆုံး ဓာတ်မီးတိုင်အခြေကစု၍
ထားခဲ့သည့် သဲတစ်ပြည်မှာ ချက်ချင်း လက်ငင်းကြီး ဖင်လည်းမကြွ၊
ချလောင်း' ပင် အသံတစ်ချက် မပြုလိုက်ရဘဲ ဂင်္ဂါနှင့်ယမုနာမြစ်ဆုံ
ခင်ခံ့ပေါ်ကသဲတွေ ဖြစ်မှန်းမသိဖြစ်လျက် ဟိမဝန္တာကိုတောင် ခြေထောက်
ပြီး ရောက်သွားလိုက်သေး ဆိုကိုး။ (ဟာဟ ... 'ရယ်ချင်ပါရဲ့ ဖတ်
မော ... ရင်ဘတ်နောက်က ■ 'ဟုပင် စာချိုးချဦးမလိုလို။)

တတ်လည်း တတ်နိုင်ပေသည့် မုသာဝါဒမာစတာ၊ ဗိုးတွမ်တီး
တိကြီးပေတကား။

သို့ဂလိုနှင့်ပင် ကျွန်ုပ် မောင်ဖျောက်ဆိပ်၏ ကမကထ, အတိ
ကာပြုမှုကြောင့် 'မဟားတရားဓာတ်နန်း'သို့ 'အဓမ္မကမ္မဋ္ဌာန်း'စီးဖြန်း



www.burmeseclassic.com

www.burmeseclassic.com



အံ့သောင်္ဂါ ကြွချီလာခဲ့ကြသည့် သာဝကအပေါင်းအပါတို့မှာ လက်
မျက်တွေ့ မဟာမုသာဝါဒ ကလိမ်စေ့ငြမ်းဆင် သင်တန်းကြီးကို လက်
ထိုးအရေးပေါ် မြှုးခနဲ ဗိုင်းခနဲ သင်ကြားခွင့်ရလိုက်ကြပေသော ဟူ၏။ (
ကိုယ်တိုင် တွက်စစ်ကြည့်သည့်အခါ လမ်းဘေးမှ သဲတစ်ပြည်ကို အရ
'ဂမ္ဘီရဆရာကြီး'၏ ခပ်တည်တည် ခပ်ဖြီးဖြီး ခပ်ရွှီးရွှီး 'အီးပေါက်'
ကြောင့် မိုးခနဲ ဖတ်ခနဲ ဖွတ်ကလိ ဒဂါးကျပ် နှစ်ထောင်ကျော်ကျော်
ခနဲ လက်ရသိမ်းပိုက်လိုက်မိကြောင်း အတိအကျသိရပေ၏။)

ထိုသို့ထိုပုံနှယ်၊ ဒိဋ္ဌဓမ္မလက်တွေ့ 'ဘနပူးသိုက်တူး' သင်တန်း
ကို ဂုဏ်ထူးတွေ တစ်ပုံကြီးဖြင့် အောင်ခြင်းကြီး အောင်ခဲ့ကြပြီး
တွင်ကား ...

'တြင်းကိုထဲ်းချုပ် ပတ္တမြားစကြာဆရာကြီး ဘိုးတော်စိန်မျက်
ကျွန်ုပ် မောင်ပေါက်ကျိုင်း၏ အာစရိယမှာစတာ 'တောလေးဆယ်စေ
ပဋ္ဌာန်းဆက် သိုက်ဆက်ဂမ္ဘီရ အဘအောင်ဖျာလိပ်'တို့ ခေတ္တယာယီ
စံရာ 'မဟားတရား'ဓာတ်နန်းကုလေးခမျာ ဟိုမှသည့်မှ ဟိုးအရေးသည်
ထွေလီကာလာ ဂဏ္ဍိုဂဗျောင်တွေ တစ်ပွေ့တစ်ပိုက်ကြီး သယ်ပိုးရွက်
လာကြသည့် လူအထီး လူအမ 'လောဘကုန်သည် စိတ္တဇချူနာပါ
တစ်သိုက်များတို့၏ ဝင်လိုက်ထွက်လိုက် နှိပ်စက်ခြင်း၏ဒဏ်ကို ခုန
ခုနစ်လီ ဖတ်စ်ရောင်း, စက္ကင်းရောင်း မောင်းကလေးတီး၍ပင် အနား
နိုင်ရှာတော့ဘဲ အချိုကြီး အလဲထိုး နောက်ကျောချခြင်း ခံခဲ့ရပေတော့

ကျွန်ုပ် စပါယ်ရှယ် မောင်ဖျောက်ဆိပ်ခမျာလည်း လူဖြစ်
သည်တစ်သက် သည်တစ်ဘဝ၌ သည်အမျှ အရေးပါအရာရောက်ခဲ့
မရှိဟု ဆိုရလောက်အောင်ပင် သောက်ကျိုးနည်း မျက်နှာပွင့်ခဲ့ရပေ

ကျွန်ုပ်လက်မှ 'တိုကင်'ပြား၏ မျက်နှာမှာလည်း ကြီးလှ
ညွှဲသည်တွေ မှတ်ပုံတင်ဘုတ်အုပ်ကိုင်ရသော 'ကလိမ်စေ့'နှင့် မှတ်
အစဉ်အတိုင်း 'တိုကင်'ဝေရသည့် 'အီကြာကွေး'တို့မှာ မနုဿအထီး
တို့၏ မျက်နှာချိုသွေးသည့် စီးကရက်တွေ အခဲအဖွာလွှန်လျက် နှာ
ကျပ်ခိုးစွဲကာ 'အင်မာဂျင်စီတီဘီ' ရောဂါသည်ကြီးတွေနှယ် 'တဂူးဂူး





ချောင်းဆိုးရင်ကျပ် သလိပ်ကပ်ပြီး ရှူနာရှိုက်ကုန်းဖြစ် လေးဖက်ကျခဲ့ရ
သတော့သည်တည်း။

မှတ်မှတ်ရရ ကျွန်ုပ်၏ ဘုတ်အုပ်တွင် ခဲတံတိုတုံးတိတိကို ဝှံတွေး
ဆွတ်ကာဖြင့် တေးမှတ်ခဲ့သည့်မှတ်တမ်းအရ ဝါးထရံအပေါက်အား ဂျပ်စက္က
ဘူ့ထုထုကပ်ကာ လုံခြုံရာ အထူးခန်းပြုလုပ်ထားသည့် ကျွန်ုပ် မောင်ဖျောက်
ဆိပ်၏အိပ်ခန်းတွင်း ပျဉ်းကတိုးသေတ္တာဟောင်းကြီးတစ်လုံးအတွင်း ထည့်
သွင်းသော့ခတ်လျက် စောင့်ရှောက်ထားသည့် 'မောင်ရှင်ဆောင် သံသေတ္တာ'
အနားလန်ဘေးချိုင့်ကလေးအတွင်း ကိုးကုန်းကိုးကျင်း ဝင်ခလုတ်ထွက်ခလုတ်
သွင်းချည်ပိတ်ချည် သိမ်းဆည်းခဲ့ရသော ဖွတ်ကလိဒင်္ဂါးတွေ၊ အသပြာငွေဖြူ
ဘူ့တွေ၊ ရွှေငွေလက်ဝတ်လက်စားတွေမှာ 'ပေတောကုန်း'ရွာသား၊ ဘုန်း
တော်ကြီး ဦးပေစိလက်ထွက် ကျွန်ုပ် မောင်ဖျောက်ဆိပ်ပင်လျှင် 'တာလီ'
ပေး 'ဂရို'မချိုးနိုင်အောင် အလျှံပယ်ရှိရတော့သည်ဟူလို။

သို့ဂလိုနှယ် ... မစင်ပုံကို ဝိုင်းအုံလှည့်လည် ထိုးဆွနေသည့်
ယင်ကောင်တွေနှယ် တရှုန်းရှုန်း၊ တဝုန်းဝုန်း ဖြစ်၍ကောင်းနေခိုက်။

သတ္တမမြောက်နေ့၏ နေဝင်ဖျိုးဖျ 'နမလင်နောက်လိုက်ကောင်းစ'
အချိန်ကာလကြီးတွင် ...

✿ ✿ ✿

—

www.burmeseclassic.com

[ ၃ ]

❑

''ပတ္တမြားကြီးရဲ့အရောင်က ပတ်လည် ၁၄ ၊ ၁၅ ပေကို တော
ရဲရဲတောက်အောင်လွှမ်းထားသတဲ့ . . . ဟုတ်စ၊ ကိုရင်''

''ဟုတ်ပါတယ် . . . အဖေကြီးရယ်။ ကျွန်တော်နဲ့ ကိုကုဋ္ဌေချိ
ကိုယ်တွေ့မျက်မြင်ပါ ခင်ဗျာ။ ကျွန်တော်တို့ လက်ဖဝါးပေါ်ကိုတောင် တင်
ကြည့်ခွင့်ရခဲ့တာပါခင်ဗျာ။ ကျွန်တော့်ရဲ့ဘော့စ် သူဌေးကြီးဦးမင်းမဟာ ကို
တွေ့မျက်မြင် ကြည့်ရလေအောင် စီစဉ်ပေးဖို့ နယ်အထိ ကွင်းဆင်း
အသေအချာ ကြည့်ခဲ့ကြတာပါခင်ဗျာ''

''ဩော် . . . ဘယ်နယ်ဘက်များလဲကွယ့် . . . ကိုရင်ရဲ့''

''ညောင်လေးပင်၊ ကညွတ်ကွင်း၊ ကျွဲပွဲဘက်ကို ဆင်းရတာပါ . .
အဘရယ်။ ကွင်းချောင်းနဲ့ ခပ်နီးနီးပါ။ ခလရ ၄၃၉ တပ်နဲ့ မလှမ်းမကမ်း
ပါပဲ။ အရပ်အခေါ်တော့ 'ကျောက်လက်ဝါးသိုက်'က ပစ္စည်းတဲ့ အဘ
သိုက်ဆက်၊ နဂါးဆက်ပစ္စည်းပေါ့။ ကျွန်တော့်အာစရိ ဗိုလ်ကြီး (အငြိမ်းစား
အောင်ကျော်တောင် ပါပါသေး။ နှစ်ညအိပ်သုံးရက် သွားခဲ့ကြတဲ့ခရီး
ခင်ဗျာ''

''အိမ်း . . . တွေ့ခဲ့ပုံကို ပြောပါဦးလေ''





''ဟုတ်ကဲ့ အဘ . . . ဟုတ်ကဲ့''

ရိုကျိုးလေးစားလွန်းသည့် ပြာညှက်ညှက် ငြိသဲ့သဲ့အသံက မိန်းမ
ဘော်တော်ပါးမှ မခို့တယို့ ကပ်လျက်လိုက်ပါကာ ယောက္ခမအိမ်ထက် အား
ကြီး တွယ်တက်လာသည့် ဘိန်းစားသမက် အကောင်းစားကလေးနှယ်
ကောက်ကာငင်ကာ အသားလွတ်ကြီး သနားချင်စရာပေတကား။

သူတို့ကား အဖေကြီး 'ပတ္တမြားစကြာ စိန်မျက်ခုံး'နှင့် အဘ 'ဂမ္ဘီရ
အောင်ဖျာလိပ်'တို့နှစ်ဦး (ဟုတ်ကဲ့။ အခုများဖြင့် အကျွန်ုပ် စပါယ်ရှယ်
ဖျောက်ဆိပ်လည်း 'အဖေကြီး' 'အဘ'ဟူသည့် အာလုပ်စကားတွေကို
ညီလည်း အဝါးဝလွန်းစွာ အာတွေ့လျက် မြိန်မြိန်ရှက်ရှက်ကြီး အရသာ
ပြောတတ်နေပေပြီ။ မှသာဝါဒ ထွင်လုံးတွေနှင့် ခြေပုန်းခုတ်ထားသည့်
ကာလိဒင်္ဂါးတွေချည်းကိုက သံသေတ္တာကလေးတစ်လုံး ပြည့်နေပေပြီဆို
ကိုလည်း ကြိုကြိုတင်တင် ပြောထားမှသာ အကျွန်ုပ် 'အိတ်ဖောင်း၍
ပြောင်း'သည့် အရေးအခင်းကို နားလည်ခွင့်လွှတ်နိုင်လိမ့်မည် ထင်မိပေ
ကျွန်ုပ် မောင်ဖျောက်ဆိပ်လည်း ဤလောကီဘုံအနှမ်းထဲမှ ငနဲတစ်ဦး
ဖြစ်ပေကြောင်း။) ရှေ့မှောက်၌ ကျုံ့ကျုံ့ကလေး ထိုင်နေကြသူများကား
ယ်ရှယ်အော်ဖာ' 'ဗျူးခွင့်'တောင်းထားသည့် 'ဥမင်္ဂကာဘုမ္မိကုမ္ပဏီ' မှ
ည်းများပေတည်း။

တစ်ယောက်ကား ဦးကုဋ္ဌေချို . . တဲ့။ 'ရှယ်ယာမင်ဘာ ဒါရိုက်တာ
ပင်း'ဆိုပေတကား။ နောက်တစ်ဦးကား 'ရိုက်ျင်နယ်မန်နေဂျာ' ကိုစိန်မြင့်
။ စကားမပြော တုံကျိုဘောစားပြီးအိပ်နေ ဘိက္ခုဝေလုပ်နေသည့် ဖြူဖြူ
ခေါင်းကြီးကြီး ပုကွကွပုဂ္ဂိုလ်ကား ဦးထဆင်ထူးဟုဆိုပေသတည်း။

ကိုင်း . . . ဆက်လက်နားဆင်ပါဘိ။ ရွှေနားနှစ်ဆူ ပန်တော်မူ
ပါ။

ကိုင်စိန်မြင့်ဆိုသူ မည်းမည်းဂင်တိုတို မျက်စိပြူးပြူး လူမိုက်ဂိုက်
ပွေးကိုခဲဖိ'ထားသလို မန်နေဂျာ'မည်းပုတိုဖြူး'က 'ဖော' လေသည်
. . .

''သည်လိုခင်ဗျ . . . အဖေကြီးရဲ့။ ပစ္စည်းပိုင်ရှင်က ဦးသောင်းထွန်း
။ အသက်က ခုနစ်ဆယ်ကျော်ကျော် ရှစ်ဆယ်တွင်း။ ကညွတ်ကွင်း၊
ချောင်းနဖူးမှာ ရွာတွေနဲ့ခပ်လှမ်းလှမ်း၊ ခုနပြောတဲ့ ခလရ ၄၃၉ တပ်



www.burmeseclassic.com

www.burmeseclassic.com



စည်းခရိုးနဲ့ တစ်ခေါ်သာသာလောက်မှာ တစ်ကေ ခွဲလောက်ခြံကြီး ကြီးနဲ့ တစ်သီးတစ်သန့်နေကြတာ။ အဘွားကြီးက ဘွားသန့်တဲ့။ အဘိုး အမယ်ကြီးနှစ်ယောက်နဲ့ လက်တိုလက်တောင်း 'ပေတလူး'နဲ့ 'သံလုံး' နှစ်ယောက်ကိုပဲ အားကိုးနေကြတာ''

''ကျောက်လက်ဝါးသိုက် ဆိုတာကရော . . .''

''သူတို့ခြံက တစ်မိုင်သာသာခရီးဆန့်ရင် 'ရေပြာအိုင်'ရောက် ရော။ 'ရေပြာအိုင်' ကိုကျော်မိမှ မျက်စိတစ်မျှော်မှာ 'ကျောက်လက်ဝါးသို ဆိုတဲ့ ပဲခူးရိုးမရဲ့အဆွယ် တောင်ခေါင်းတုံးလေးဆီ ရောက်တာပ။ ကျေ လက်ဝါးသိုက်နယ်မြေထဲက ကညင်ပင်ကြီးသုံးပင်စုအောက်၊ ၁၅ ေ လောက်ရှိတဲ့ ခြတောင်ပို့ကြီးထဲမှာ အဲဒီပတ္တမြားကြီးက ရှိနေတာခင်ဗျ

''အလို . . . ထူးဆန်းလှချည့်''

''အဲသလောက်နဲ့ ဆန်းတယ်လို့ ပြောရဦးမလားခင်ဗျာ။ ပတ္တ ကြီးက ကြက်ဥကြီးကြီး တစ်လုံးသာသာလောက် ရှိတာခင်ဗျ။ ဘိုးသေ ထွန်းက သိုက်ကလာတဲ့။ အဲဒီပတ္တမြားကြီးကို စောင့်ရှောက်ရတဲ့ ဥစ္စာ အဘိုးကြီးဆိုပဲ။ လူ့ဘဝ လူ့အဖြစ်နဲ့ ရခဲ့တဲ့ ဒုလ္လဘဘဝကို ရနေသ 'လောကသရဖူ'၊ 'လောကရတနာ'၊ 'လောကဥဿျောင်' ဆိုတဲ့ လေ ဘွဲ့တော်နဲ့ စေတီတော်သုံးဆူတည်ဖို့အတွက် အဲဒီပတ္တမြားကြီးကို ရောင်းချဖို့ သိုက်နန်းရှင်များက ခွင့်ပြုခဲ့တာဆိုကိုး။ အဲဒီ ပတ္တမြားကြီးနဲ့အ အဲဒီကျောက်လက်ဝါးသိုက်မှာရှိနေတဲ့ ဘဲဥလောက်အရွယ်ရှိပြီး အ အလွန်ကောင်းတဲ့ 'မြ'ရတနာကြီးကိုတော့ဖြင့် ဘုရားတည်လို့ ပြီး ဌာပနာတော်သွင်းမှာတဲ့ခင်ဗျ''

''အို . . . 'မြ' ကြီးတောင် ရှိသေးတာတဲ့လား''

''ဟုတ်တယ် . . . အဘရေ၊ အဲဒါ ဘိုးသောင်းထွန်းက ရှေ ဘဝက ပဌာန်းဆက်၊ ပါရမီဆက်ရှိတဲ့ ကျွန်တော်တို့ဘောစိ 'ဦးမင်းမ ကို ကာလတန်ဖိုးအတိုင်း ဈေးဖြတ်ရောင်းချပေးဖို့ အပ်ခဲ့နှံခဲ့တာပဲခင်ဗျ

''နို . . . ကျုပ်တို့တွေက . . .''

''အဘိုးကြီးအပြောအရတော့ သိုက်ကပစ္စည်းဖြစ်လို့ သိဒ္ဓိ၊ မ ရှိတဲ့ အထက်ပုဂ္ဂိုလ်များက ပညာနဲ့ချုပ်ထားကာမှ စိတ်ချရမယ်တဲ့။ သို





နန်းရှင်တွေက အဘိုးကြီး ဆုံးပါးကွယ်လွန်တဲ့အခါ ပြန်သိမ်းသွားမယ်ဆိုရင် ယ်သူတွေမှာ နစ်နာဆုံးရှုံးရမယ့်အပြင် ပုံမတော်ရင် နှလုံးသည်းခြေမှက် ဦး ရှူးတောင်ရှူးသွားနိုင်သတဲ့ . . . အဖေကြီးရဲ့။ ဒါကြောင့် . . .''

''ကျုပ်နဲ့ ဟောဒီက ဦးအောင်ဖျာလိပ်တို့က ကိုရင်တို့ပစ္စည်းကြီး ကို သိုက်က ပြန်မသိမ်းနိုင်အောင် ပညာစခန်း၊ ပါရမီလမ်းပေါ်ကနေ ချုပ် ထားပေးရမယ်ဆိုပါတော့ . . . ဟုတ်စ''

''အဲဒီအတိုင်းပါပဲ ခင်ဗျာ၊ ကွက်တိဒက်ထိ တစ်လုံးမလွဲ ဝေကန် အမှန်ပါပဲ ခင်ဗျာ''

''အိမ်း . . .''

'ခုနေများ ဘုန်းကြီးနဲ့လေ့လူး' တွေ့ကြသည်ဟု နှုတ်ကျူးနှုတ် ဖွန် ဆိုလိုက်မိချေက ရေရေလည်လည်ကြီး ဂျပန်ကင်ပေတိုင်နည်းတွေ ဘသီကြီးနှင့် လက်သည်းကိုနှုတ်၊ အရေခွံကို အဆုတ်အခွာခံရပေဦးမည် ရှ။

ဟုတ်၏လော။

'ဥမ္မတ္တက ဘုမ္မိ ကုမ္ပဏီ'မှ ဗိုအိုင်ပီအကောင်းစား ပုဂ္ဂိုလ်ဆိုသဟာ ကြီးတွေနှင့် အကျွန်ုပ်၏မာစတာအာစရိ ဂုရုပဏ္ဍိတ်နှစ်ပါးကို အတိုင်အဖောက် ည်နေပုံကြီးက မြင်ပြင်းကတ်ချင်လောက်အောင် ဖြစ်နေတော့သည်။

သို့သော်လည်းတဲ့ . . . အဲတဲ့။

'ပေတောကုန်း' ရွာသားစစ်စစ်၊ ဗိုက်ပေါ်ကချွဲတွေပင် မခြောက် ဘတ်သေးသည့် တောသားကေနအမှန်၏မျက်စိဉာဏ်မှု တစ်ခုခု တစ်စုံတစ်ရာ အလွဲကြီး လွဲနေသလိုလို။

ကြည့်ဘိဦးပ . . .။ 'ကုရွှေချို'၊ 'စိန်မြင့်'၊ 'ထဆင်ထူး' ဟူဘိ သော ငနဲ့အနိုပ်စား ဆိုသဟာတွေမှာ ပါးစပ်ကသာ ကြက်ဥလုံးလောက် ပတ္တမြား ကြီးဆိုသည်ကို လျှာအလျားသား ထွက်ကျလောက်အောင် ပါးဖြနားဖြ ပါးစပ်ရဲရဲ ပြောနေကြမင့်သော်လည်း သူတို့၏ ဥပမိတွေမှာကား နှမ်းလောက် ခြမ်းကွဲစာမျှ သလင်းကျောက်တစ်စေ့တောင် တော့တော့တင်တင် ရှက်ဝယ် ပိုင်ပိုင် ရှိနိုင်မည့်ပုံမပေါ်။ အစော်မနံလေ ယောင်တကား။



www.burmeseclassic.com

www.burmeseclassic.com



"ဂလိုဆိုမှဖြင့် ကျုပ်တို့က လိုက်ပြီး စီရင်စောင့်ရှောက်ပေးရမှာပလေ။ ကိုရင်တို့မှာ ကားတော့ပါခဲ့ရဲ့မဟုတ်လား"

"ပါခဲ့ပါသော်ကော ခင်ဗျာ။ ဆရာကြီးတို့ဘက်က အိုကေရင် တစ်ပါတည်းသာ ကြွခဲ့ကြပါရော။ ကျွန်တော်တို့ဘောစိ ဦးမင်းမှာကလည်း မျှော်ရှာရော့မယ်"

"နို့ ... ခြေကြွခနဲ့ ပညာပူဇော်ခကို ဘယ်လိုများကျေးဇူးပြုပြီး ချီးမြှင့်ဖို့ စိတ်ကူးရှိကြသတုံးကွယ့်"

"အဲဒီအတွက်တော့ 'သောက' မနေပါနဲ့ခင်ဗျာ။ အကြီးစား အပြင်းစားကြီးတွေနဲ့ကန်တော့ဖို့ အစီအစဉ်ရှိပြီးသားပါ။ ဟဲ ... ဟဲ ... ဟဲ"

"အပြင်းစား ရိုက်ချက်ဆိုတာမျိုးပ ခင်ဗျာ"

"အိမ်း ... ကောင်းကပြီ ... ကောင်းကပြီ။ သွားလိုက်ကြဦးစို့ရဲ့"

ကျွန်ုပ်တို့ တပည့်တပန်း ဧဧနေယျတစ်သိုက်မှာ စိန့်နားကပ်အရောင်ကြောင့် ပါးတွေပြောင်ရသည်ပဲဆိုဆို၊ ပါးစပ်ပြဲကြီးတွေ နားရွက်တက်ချိတ်တော၀်း နှုတ်ခမ်းတစ်လုံး ပန်းတစ်လုံးတွေနှင့် အရုပ်ထဲ၌ ဟန်ထည်၍ ကောင်းလှချည့်။

ရပ်ကွက်ထဲက ခုနစ်ရက်သားသမီးတစ်တွေမှာလည်း မျက်လုံးတွေဝင်းဝင်းလက်လျက် 'အလှူပေက်ဖက်နှင့် လက်ဆောင်တက်' ဆိုသလိုကြီးကို ဟန်ဝင့်မာန်ချီ အကောင်းကြီး ကောင်းနေကြတော့သည်သာ

ဟုတ်ကဲ့။

မှန်တာပြောလျှင် ချမ်းသာပါရစီခင်ဗျာ။

အနှီ 'ကုမ္ပဏီ' ကဆိုသည့် 'ဟိုဒင်း ဟိုဟာ အရာ'တွေ လာပင့်သွားကတည်းက 'အဖေကြီးစိန်မျက်ခုံး' နှင့် 'အဘအောင်ဖျာလိပ်'တို့ နှစ်ဦးသားကို လုံးလုံးကြီး တွေ့ခွင့်မြင်ခွင့်မရတော့ဘဲ ပျောက်ခြင်းမလှကြီး ပျောက်ကွယ်သွားခဲ့သည်မှာကား ဧကန်ဧက အမှန်စစ်စစ်ကြီး ဖြစ်ပေတော့၏။

"ဧတေန သစ္စဝဇ္ဇေန' ... တဲ့။

ဤမှန်သော သစ္စာစကားအလိုကား ... အနှီသို့တည်း။

✿ ✿ ✿

| ၄ |

❑

"မောင် ... မောင်ဖျောက်သိပ်ရေ။ ဟဲ့ ... ဟဲ့ ... မောင်ဖျောက်သိပ်ရဲ့"

"အလို ... အလို ... ရေးကြီးသုတ်ပျာ ကပျာကယာ ချွေးသံတွေနဲ့ရဲ့။ ဖိနပ်လည်း ဗလာနတ္ထိနဲ့ မျက်နှာကြီးရှုံ့မဲ့ပြီး ဘယ်ဂလို ဖြစ်လာရပြန်သတုံး ... ကြီးတော်မဆွဲမိရဲ့"

"ဟဲ့ ... အရေးထဲ သောက်အမေးအမြန်းကလည်း ထူနေသေး။ သောက်မှမေး ... အခုလက်ငင်းတော့ ပြေးတော့ဟဲ့ ... ပြေး ... ပြေး"

"ဘယ့်နှယ် ... ဘယ်လို ..."

"ဘိုးတော် 'စိန်မျက်ခုံး'နဲ့ နှမ်းဆရာ 'အောင်ဖျာလိပ်'တို့ကို လမ်းထိပ်မှာ ရဲကဆွဲစေ့ပြီး ကပ်သွားပတဲ့ ... အကောင်ရဲ့"

"ဗျာ"

"မဗျာနဲ့လေ ... ဂျာနယ်လက်ပွေ့ရောင်းတဲ့ 'ဆယ်လ်'နဲ့ 'အာဗီ'တို့က သေသေချာချာ မျက်စိတပ်အပ်ကြီး တွေ့ခဲ့ကြတာတဲ့ဟဲ့။ လက်ထိတ်ကြီး တန်းလန်းတန်းလန်းကြီးနဲ့တဲ့"

"ဟောဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"မဗျာနဲ့လေ ‥ 'ဘိုးတော်စိန်မျက်ခုံး'ဆိုတာ ဂမ္ဘီရယောင်ယောင်၊ ဘာယောင်ယောင်နဲ့ မြန်မာတစ်ပြည်လုံးကို သက်စေ့ပတ်ပြီး 'လိမ်'စားနေတဲ့ 'အလိမ်စိဇ္ဇာ ငါးမြွေထိုး ငပွေး' ဆိုပဲ"

"ဟင် …"

"ဟင်မနေနဲ့ဦး။ နင့်ဆရာ 'အောင်ဖျာလိပ်' ကလည်း အင်းစိန်ထောင်ထဲမှာ 'ငပွေး'ဆီ တပည့်ခံပြီး ဖိုးတွမ်တီးပညာကို လက်ပူတိုက်ပြီး လက်ထပ်သင်လာခဲ့တဲ့ 'ငပွေး'ရဲ့ ကြရာပါ အမှုတွဲဆိုပဲ"

"ဒုက္ခပါပဲဗျာ … ငရုတ်သီးနဲ့ အပေါင်းမှားလို့ ကြက်သွန်ပါ ရော အထောင်းခံရတော့မယ့် ကိန်းကြီးပါကလား … ကြီးတော်မဆွဲမိရေ"

"အေးဟဲ့ … ရဲက 'ဖမ်းဝရမ်း' ကိုင်ပြီး မြေလှန်ရှာနေတာ ကြာပေါ့တဲ့။ အခုမှပဲ လက်ထောက်ချတဲ့သူရှိလို့ ရဲက သတင်းအတိအကျရပြီး 'ပတ္တမြားကြီးကိစ္စ'နဲ့ 'ခွင်' အပီဆင်၊ သူတို့ရဲ့လောဘတွေ ရွှစ်ထိုးပွထလာအောင် ဆွယ်တရားဟော … ပြီးမှ ဂွခနဲ အပိုင်ဖမ်းခဲ့တာတဲ့ တော်ရေ့"

"နေပါဦး … ဘယ်သေနာကမျှား 'ကမြင်းကြော' ထပြီး လက်ထောက်ချ လျှာအယားဖြေလိုက်သတဲ့လဲ … ကြီးတော်ရဲ့"

"ဟဲ့ … သူ့မယား နဝမမြောက်ကလေးက 'ကိုးနဝင်းကြေ' အောင် လုပ်ခဲ့တာတဲ့ဟဲ့"

"ဟောဗျာ … အဲဒီကောင်မလေးကော …"

"ဘိုးတော်စိန်မျက်ခုံးရှာခဲ့သမျှ အတွင်းအပြင် ပစ္စည်းပစ္စယတွေ အကုန်လုံးကို မယ်ပိုင်စီးပြီး သူ့ငယ်ရည်းစားနဲ့ လစ်ကြပတဲ့"

"ကိုင်း … ကြီးတော်ရေ … ဂလိုဆိုမှဖြင့် ဟာပေါ်ရေမလျှံခင် ကြိုတင်ဦးအောင်ပြေးနှင့်မှ တော်ရော့မကိုး။ သို့သော်လည်းတဲ့ … အဲတဲ့ မပြေးခင် ဆိုင်းဘုတ်ကလေးတစ်ချပ်ကိုဖြင့် ကျုပ်တို့ 'မဟားတရားဂေဟာ' မှာ ကပျာကသီ ချိတ်ခဲ့စမ်းပါရစေဦး"

"အရေးထဲမျှားဟယ်။ ဘယ်လောက်အရေးကြီးတာမို့လဲ … သေနာလေးရဲ့"

"ဟောဗျာ … ကျုပ်ရဲ့ မာစတာ အာစရိက အရေးကြုံတိုင်း မပျက်မကွက်လုပ်ဖို့ 'နံပါတ်ဝမ်း တစ်ဂဏန်းတစ်' အဖြစ်နဲ့ သေသေချာချာ 'စပီ





တဲ့ 'အော်ဒါ' ကြီးပေါ့ရဲ့။ ဒီမလေ … 'တောလေး ဆယ်စေကိုးလုံး ဆက် သိုက်ဆက် ဂမ္ဘီရဓာတ်ဆရာကြီး အဘအောင်ဖျာလိပ် 'သုညတ' ဌာရီ ခရီးထွက်နေသည်။ ပြန်ရောက်လျှင် ထပ်မံကြေညာပေးမည်။ အရေးကြီးကိစ္စများ မည်သူ့ကိုမျှ မတိုင်ပင်ဘဲ ယာယီဆိုင်းငံ့ထားကြ ။ ပုံ … အဘ အောင်ဖျာလိပ်' တဲ့ ခင်ဗျ"

"သေဟဲ့နန္ဒိယ … အသက်ထွက်တာတောင် ဝမ်းကျမရပ်တဲ့ သေနာ အစားထဲကပါလား။ လိမ်စရာမရှိရင် ကိုယ့်နှုတ်ခမ်းမွေး ကိုယ် ကြိုးကျစ်ရောင်းမယ့် အတ္တဘောကြီးကပဲ … ဖွတ်"

ပြောပြောဆိုဆိုနှင့်ပင် ကျွန်ုပ် စပါယ်ရှယ် မောင်ဖျောက်ဆိပ်ခများ သတ္တာဖုံးခွံ ထင်းရှူးပြားအပေါ်၌ မီးသွေးခဲတစ်တိုဖြင့် အထက်အဆိုပါ သာစာကို သွေးရူးသွေးတန်း ကသောကမျော ရေးထည့်ကာ ကျွန်ုပ်၏ င်ရှင်ဆောင် သံသေတ္တာပိန့်'ကလေးကို အသေအချာ တယုတယ ပွေ့ က် … ဟိုဒင်း … ဟိုဟာ … အဇ္ဇာ။ အဲလေ … ဟုတ်ပေါင် … င်လို့။

"ကိုင်း … ရွာစားရေ … မတိမ်းမစောင်းရအောင် ဗိန်းမောင်း ငို့တော်မူစမ်း"

'မုသာဝါဒဆိုင်းဆင့်'ကို ခပ်တည်တည် ကျူးရင့်ပြီးသကာလ ဖနောင့်င်ပါး တသားတည်းကျအောင် ကဆုန်ပေါက်၍ ပြေးခဲ့ရပြန်ပါတော့ သည်း

ရယ်မောသောသူသာ အသက်ရှည်၏

ဤဖေတို့

www.burmeseclassic.com

www.burmeseclassic.com



| ၁ |

❑

အချိန်က လွတ်လပ်ရေးရပြီးစ ၁၉၅၀ ခုနှစ် ဝန်းကျင်ဖြစ်သည်။ အင်္ဂလိပ်တို့ မြန်မာ့မြေပေါ်မှ အပြီးတိုင်ဆုတ်ခွာ၍ ပါလီမာန် ဒီမို စနစ်ကို စတင်ကျင့်သုံးနေချိန်ဖြစ်သည်။ အုပ်ချုပ်ရေးယန္တရားကို မှန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသေးဘဲ သူ သူ ငါတစ်မင်း ဖြစ်ပွားနေကြသော အချိန်ကာလဖြစ်ပါသည်။

ထိုအချိန်တွင် ဟံသာဝတီအနောက်ခြမ်းဒေသတစ်ဝိုက်၌ ဗိုလ်တိုး ခေါင်းဆောင်သော ရဲဘော်ဖြူအဖွဲ့၊ ဗိုလ်အေးမောင်ခေါင်းဆောင် မိုးပြာအဖွဲ့၊ ဗိုလ်သောင်းရွှေနှင့် ဗိုလ်မြကြိုင်တို့ခေါင်းဆောင်သော နီအဖွဲ့၊ စောမောင်တင်ခေါင်းဆောင်သော ကရင်ငြိမ်းချမ်းရေးအဖွဲ့ အဖွဲ့ပေါင်းစုံတို့က မင်းမူအုပ်စိုးနေကြသော အချိန်ဖြစ်သည်။ ထို များအပြင် ဓားပြအဖွဲ့များကလည်း နေ့ရောညပါသောင်းကျန်း၍ လူ ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ မုဒိမ်းကျင့် စသော မကောင်းမှုဒုစရိုက် တို့ကို လိုင်စင်ရလုပ်ငန်းများကဲ့သို့ လုပ်ဆောင်နေကြသည်။

ဘယ်နေ့က ဘယ်ရွာကို ဓားပြတိုက်သွားပြီ၊ ဘယ်သူ့ကိုပြန်ပေး သတ်ပစ်လိုက်ပြန်ပြီ၊ ဘယ်မိန်းကလေးကိုတော့ မုဒိမ်းကျင့်သွားပြီ သော မကောင်းသတင်းများကလည်း နေ့စဉ်နှင့်အမျှ ကြားနေရသော

www.burmeseclassic.com



သတင်းများဖြစ်နေသည်။ ပစ္စည်းရှိသောသူများ၊ ပြေလည်သောသူများ ကိုယ့်အိမ်ကိုယ် မအိပ်ရဲဘဲ ရှောင်ပုန်းပြီး အိပ်ကြရသည်။ အချို့ကြေး… တတ်များက မြို့ပေါ်သို့ ပြောင်းပြေးကြသည်။

အများစုမှာမူ မိမိဒေသရပ်ရွာ လယ်ယာလုပ်ငန်း၊ ကျွဲနွားများ မစွန့်လွှတ်နိုင်သဖြင့် အဆင်ပြေသလိုသာ နေထိုင်ကြရသည်။ လယ်သမား… ဆိုသူများကလည်း ဓားမိုး၍ လယ်လုပ်လျှင် သတ်မည်ဆိုတာတောင် အ… ခံပြီး လယ်လုပ်မည့် လူစားများဖြစ်ကြသည်။

ဟံသာဝတီအနောက်ခြမ်းရှိ ဝါးဘလောက်သောက်၊ နှင်း… ပျားမွှတ်၊ ဘိုဒင်၊ သာယာကုန်း၊ ညောင်ပင်သာ၊ ခရာစု၊ မော်ဘီ၊ ကော… ဒရယ်လူး၊ လက်ခုပ်ကုန်း စသော ရွာများသည် နေ့ညကျီးလန့်စာစား နေထိုင်ကြရသည်။ ရွာကိုအုပ်ချုပ်သော သူကြီးမင်းအပေါင်းတို့ကလည်း ရပ်ရွာလုံခြုံရေးထက် မိမိနှင့်မိမိ၏ မိသားစုလုံခြုံရေးကိုသာ အထူးဂရုစိုက် နေကြရသည်။ ဒုတိယကမ္ဘာစစ်လက်ကျန် လက်နက်ခဲယမ်းမီးကျော… များကလည်း လွန်စွာပေါ်များလှသည်။ ထို့ကြောင့် လူဆိုးဓားပြများ ထင်တိုင်းကြဲနေကြခြင်းဖြစ်သည်။ နေရာတိုင်းတွင် လက်နက်ပုန်းများ ပေါ်များလှသည်။

ကျွန်တော်သည် ထိုအချိန်က အဘဆရာသောင်း၏ နောက်… တပည့်အဖြစ် ဆရာ၏ ဝတ်ကြီးဝတ်ငယ်များကို ပြုစုရင်း ဆရာထံမှ ပညာသင်ယူနေချိန်ဖြစ်သည်။ အဘဆရာသောင်းသည် မြန်မာတိုင်းရင်း ဆေးဆရာကြီးဖြစ်သည်။ အင်္ဂလိဇ္ဇာကျွမ်းကျင်သလို ပယောဂကိုလည်း အထူးနိုင်နင်းသည်။ သမထထိုင် ပုတီးစိတ်ဖြင့် ဂမ္ဘီရခရီးကို အ… ပေါက်ရောက်နေသူဖြစ်သည်။ ဆရာကြီးသည် ဒုက္ခရောက်နေသူ မည်… မဆို ကူညီသည်။ ကုသပေးသည်။ ဒုက္ခရောက်မည့်အရေးကြုံလျှင် အကြ… အမြင်ဖြင့် ဟောပြော၍ လိုအပ်သလို ကူညီတားဆီးပေးသည်။

ဟံသာဝတီအနောက်ခြမ်းတစ်နယ်လုံးသို့ သွားလာပြီး ဆေးကု… ပေးသည်။ ထိုအချိန်က အနောက်တိုင်းဆေးပညာသည် မြို့ပေါ်နှင့် အ… ပတ်ဝန်းကျင်ဒေသလောက်သာ တွင်ကျယ်နေပြီး ကျေးလက်ဒေသ… မဖွံ့ဖြိုးသေးသောဒေသများတွင် ပြည်တွင်းဖြစ် တိုင်းရင်းဆေးဖြင့်လည်း





ကောင်း၊ ဆေးမြီးတိုများဖြင့်လည်းကောင်း ကုသကြလေသည်။ ရောဂါဖြစ်လျှင် ဆေးရုံဆေးခန်းရှိရာ မြို့ပေါ်သို့ သွားရောက်ကုသူ အလွန်နည်းပါးသည်။

ထိုကဲ့သို့သော ကျေးလက်ဒေသများတွင် အဘဆရာကြီးသည် တစ်နယ်လုံး၏ အားကိုးအားထားရာ ဖြစ်တော့သည်။ ကျွန်တော်သည် ဆရာကြီး၏ ဝေယျာဝစ္စများကို လိုက်ပါဆောင်ရွက်ရင်း ပညာသင်ယူလာခဲ့သည်မှာ အတော်ပင် ခရီးရောက်နေပြီဖြစ်သည်။ ဆရာကြီး၏ ဂရုတစိုက် သြဝါဒပေးမှု ကျွန်တော်၏ ကြိုးစားသင်ယူမှုတို့ကြောင့် တော်ရုံကိစ္စဆိုလျှင် ဆရာကြီးကိုယ်တိုင် ကုသရန်မလိုတော့ဘဲ ကျွန်တော့်အား လက်လွှဲနိုင်သည် အထိ ဖြစ်ခဲ့ပါသည်။

မည်သည့်ဒေသကိုရောက်ရောက် ဆရာကြီးနှင့်အတူ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် တရားထိုင်ခြင်း၊ ဘုရားရှိခိုးခြင်း၊ မေတ္တာပို့အမျှဝေခြင်းတို့ကို အမြဲမပြတ်ဆောင်ရွက်ကြသည်။ နေ့စဉ် ဂုဏ်တော်တစ်ထောင် ရအောင် ပုတီးစိပ်ရသည်။ ဂုဏ်တော်ဆိုသည်မှာ ဘုရားဂုဏ်တော်ကိုးပါး ပါသော ဣတိပိသောဘဂဝါမှ စ၍ ဗုဒ္ဓေါဘဂဝါ အဆုံးရွတ်ပြီး ပုတီးတစ်လုံးချ၍ တစ်ထောင်ပြည့်အောင် စိပ်ခြင်းဖြစ်ပါသည်။

ထိုကဲ့သို့ အဘဆရာသောင်း၏ထံပါးတွင် တပည့်ခံ ပညာသင်ယူရင်း ဒေသပေါင်းစုံသို့ ရောက်ရှိခဲ့သည်။ လူပေါင်းစုံကို တွေ့ရ၍ အတွေ့အကြုံပေါင်းစုံကို ရရှိခဲ့တော့သည်။ ယခု ကျွန်တော်တင်ပြမည့်အကြောင်းအရာသည် ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော . . .

– အလွန်မိုက်မဲသော
– အလွန်ဆိုးသွမ်းသော
– အလွန်ရက်စက်ယုတ်မာသော လူတစ်ယောက်အကြောင်း

ဖြစ်ပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

ကျွန်တော်နှင့် အဘဆရာသောင်းတို့သည် အရပ်ဒေသအနှံ့ လှည့်လည်၍ ဆေးကုသရင်း ဟံသာဝတီအနောက်ခြမ်းရှိ သာယာကုန်းရွာကလေးသို့ ရောက်ရှိလာခဲ့တော့သည်။ ထိုနယ်သည် ထိုအချိန်က လူဆိုးများပြ၊ သောင်းကျန်းသူပေါင်းစုံတို့ မင်းမူနေသော အချိန်ကာလဖြစ်သည်။ သို့သော်လည်း တစ်နယ်လုံးက အဘဆရာကြီး၏ တပည့်သားချင်းများ ဖြစ်နေခြင်း၊ အဘဆရာကြီး၏ မေတ္တာစေတနာတို့ဖြင့် ဒုက္ခရောက်နေသူတို့ကို ကယ်တင်ကုသပေးခြင်းတို့ကြောင့် ကျွန်တော်တို့အတွက် ဘေးအန္တရာယ် တစ်စုံတစ်ရာ မရှိခဲ့ပါ။

ကျွန်တော်တို့ကလည်း ရောက်လေရာဒေသတွင် လှည့်လည် ဆေးကုသပေးသလို ကျွန်တော်တို့ အလုပ်ဖြစ်သော ဘုရားရှိခိုး၊ ပုတီးစိပ် တရားထိုင်သောအလုပ်များကိုလည်း မပျက်မကွက် ဆောင်ရွက်ကြသည်။

သာယာကုန်းရွာသို့ရောက်လျှင် ခါတိုင်းတည်းခိုနေသော သူကြီး အိမ်မှာပင် တည်းခို၍ ရွာသူရွာသားများထဲမှ မကျန်းမာသူများကို ဆေးကုသပေးသည်။ အဘဆရာကြီးရောက်သည်ဆို၍ ရွာသူရွာသားများကလည်း အားကိုးတကြီး လာရောက်ပြသကြသည်။ ရှီးရှီးအဖျားအနာ၊ ပယောဂ စုန်း၊ မြွေကိုက်သည်မှအစ လက်ခံကုသပေးသည်။ ဝဋ်နာကံနာမှလွဲ၍ ဆရာကြီးကုသပါက ပျောက်ကင်းသည်က များလေသည်။





ရောဂါကုသရာတွင် ပျောက်ကင်း၍ လူနာရှင်များက ကန်တော့သည့် ငွေကြေးပစ္စည်းကို အကုန်မယူဘဲ တစ်ဝက်ကိုသာ လက်ခံပြီး ကျန်တစ်ဝက်ကို လူနာအားပြန်ပေးသည်။ လက်ခံယူသော တစ်ဝက်ကိုလည်း ဘုရားစေတီကျောင်းဆောက် စသောကိစ္စများကို လှူဒါန်းလေ့ရှိသည်။ ကျောင်းရဲသားများကိုလည်း တတ်အားသရွေ့ ထောက်ပံ့သောကြောင့် တစ်နယ်လုံးက လေးစားကြည်ညိုကြခြင်းဖြစ်သည်။

သာယာကုန်းရွာသို့ရောက်ပြီး တစ်ပတ်ခန့်အကြာတွင် ဖြစ်သည်။ ညနေအပို့ ဆေးကုသခြင်းလုပ်ငန်းပြီးဆုံး၍ အနားယူနေကြသည်။ တည်းခိုသော သူကြီးအိမ်တွင် လက်ဖက်ရည်ကြမ်းဝိုင်းဖြင့် အဘဆရာကြီး၊ ကျွန်တော်၊ သူကြီးမင်းတို့ ထွေရာလေးပါးစကားလက်ဆုံ ကျနေကြသည်။ ထိုစဉ် အရှေ့ခြံစည်းရိုးတံခါးဝမှ ခေါ်သံကို ကြားလိုက်ရသည်။

''သူကြီးမင်း . . .''

''သူကြီးမင်းခင်ဗျား''

''ဟော့ . . . ဘယ်သူတွေလဲကွ ငါ့ကိုခေါ်နေတာ''

''ကျွန်တော်တို့ပါ ခင်ဗျာ''

''ကျွန်တော်တို့ဆိုတာ ဘယ်သူတွေလဲ''

''ရွာအရှေ့ကွင်းက ငစိုးလေးတို့ပါ ခင်ဗျ''

ပြောပြောဆိုဆို ငစိုးလေးနှင့် လူစိမ်းတစ်ဦး ခြံတွင်းသို့ ဝင်လာသည်။

''ညကြီးမိုးချုပ်မှ ဘာကိစ္စရှိလို့လဲကွ''

သူကြီးမင်းက မေးလိုက်သည်။

''ကျွန်တော့်အစ်ကိုတစ်ယောက် အသည်းအသန် ဖျားနေလို့ပါ။ ဒါလည်း ဆရာကြီးရောက်နေတယ်ကြားလို့ လာပင့်တာပါခင်ဗျ။ နွားလှည်းလည်း ပါပါတယ်''

လူနာဟူသော အသံကြားသည်နှင့် အဘဆရာကြီးက ဆေးလွယ်အိတ်ကို ကောက်ပြင်ပြီးဖြစ်သည်။ ညဘက် အချိန်မတော်ဖြစ်နေသောကြောင့် သူကြီးက မလိုက်စေချင်။ သို့သော် လာပင့်သော ငစိုးလေးတို့က အတန်တန် တောင်းပန်နေခြင်း၊ လာခေါ်သူများမှာလည်း မိမိအပိုင်နယ်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှ လူများဖြစ်ခြင်း၊ အဘဆရာကြီးကလည်း ဆေးကုသခြင်းကို တာဆီးမရခြင်းတို့ကြောင့် သူကြီးမင်းမှာ မပြောသာတော့ပါ။ ထို့ကြောင့် ကျွန်တော်နှင့် အဘဆရာကြီးတို့လည်း ဆရာလာပင့်သော နွားလှည်းဖြင့် လိုက်ခဲ့ကြတော့သည်။

တစ်နာရီခန့် နွားလှည်းဖြင့် လိုက်ပါလာပြီးနောက် တဲစုတစ်စု ရောက်ရှိလာခဲ့သည်။ သောက်ရေကန်ကိုဝိုင်း၍ တဲလေးငါးလုံးခန့် ဆောက်ထားသောတဲစုဖြစ်သည်။ နွားလှည်းကိုရပ်ပြီးသောအခါ လူနာလာပင့်သော ဇိုးလေးက ...

''ဆရာကြီး ... ကြွပါခင်ဗျ။ ရောက်ပါပြီ''

''မင်းတို့လူနာက ဘယ်မှာလဲ''

''တဲပေါ်မှာပါခင်ဗျ''

ဇိုးလေးက ဦးဆောင်ပြီး အကြီးဆုံးတဲပေါ်သို့ ခေါ်ဆောင်သွားသည်။ ကျွန်တော်နှင့် ဆရာကြီးတို့ တဲပေါ်သို့ရောက်သွားသောအခါ လူနာဖြစ်သူကို စောင်ခြုံ၍ အိပ်နေသည်ကို တွေ့ရှိလိုက်ရသည်။ ခြုံထားသော စောင်ကို ဖွင့်ကြည့်လိုက်သောအခါ အဖျားကြီးပြီး သတိလစ်နေသော လူနာကို တွေ့ရသည်။ လူနာမှာ အသက် (၄၀) ခန့်ရှိပြီး အရပ်ရှည်ရှည် အသားညိုညိုနှင့် ဥပဓိရုပ်က ကောင်းကောင်းဖြစ်သည်။ အထူးသဖြင့် လူနာမျက်ခုံးနှစ်ဘက်မှာ မည်းမှောင်ထူထပ်နေပြီး နဖူးပေါ်တွင် မျက်ခုံးနှစ်ဖက် ဆက်လုနီးပါးဖြစ်နေသည်။

ထိုလူနာ၏အနီးတွင် လူစိမ်းသုံးဦးက စိုးရိမ်သောကမျက်နှာများဖြင့် ထိုင်နေကြသည်။ ၎င်းတို့၏ ရုပ်သွင်များမှာလည်း ခက်ထန်ကြမ်းတမ်းလှသလို စောင်များကို ခြုံထားကြသည်။ ၎င်းတို့ခြုံထားသော စောင်အတွင်း၌ တစ်စုံတစ်ခုကို ဖက်၍ ကိုင်ထားကြဟန်တူသည်။

ဆရာကြီးက ခေါင်းရင်းခန်း ဘုရားစင်ရှေ့တွင် ထိုင်ပြီး လူနာ၏ နဖူးကို စမ်းကြည့်လိုက်သည်။ ထို့နောက် လက်ကောက်ဝတ်ကိုပါ စမ်းကြည့်လိုက်ပြီး ...

''အဖျားကြီးလို့ သတိလစ်နေတာပါ။ အဘရောက်လာပြီဆိုတော့ မစိုးရိမ်ပါနဲ့''

''ဟုတ်ကဲ့ပါ ... အဘ''





အဘဆရာကြီးက ဘုရားစင်ရှေ့တွင် ဘုရားရှိခိုး၊ ငါးပါးသီလယူပြီး မေ့နေသောလူနာ၏ ပါးစပ်ထဲကို ဆေးတစ်ခွက်ကို ဝင်အောင်တိုက်လိုက်သည်။ ထို့နောက် လူနာ၏မျက်နှာနှင့် ခန္ဓာကိုယ်အပေါ်ပိုင်းကို ဆေးအချို့ကို လူးစေ၏။ (၁၅) မိနစ်ခန့်ကြာသောအခါ လူနာမှာ သတိရလာပြီး ရေတောင်းတော့သည်။ ရေအနည်းငယ်နှင့် ဆေးတစ်ခွက်ထပ်တိုက်လိုက်သောအခါ လူနာမှာပြန်၍ အိပ်ပျော်သွားတော့သည်။

လူနာလာပင့်သော ဇိုးလေးက ...

''ဆရာကြီးခင်ဗျ၊ ကျွန်တော်တို့အစ်ကိုကို အခုလို လာကုပေးတဲ့အတွက် ကျေးဇူးအရမ်းတင်ပါတယ်။ လူနာအတွက် စိတ်ချရအောင် ဒီညတော့ ဆရာကြီးတို့နှစ်ယောက် ဒီမှာအိပ်ပြီး မနက်မှ လိုက်ပို့ပေးပါ့မယ်''

ဟု ပြော၏။

ဆရာကြီးက လက်ခံသဖြင့် ဘုရားစင်ရှေ့တွင် ကျွန်တော်တို့နှစ်ဦးအား အိပ်ရာပြင်ပေးတော့သည်။ ညဉ့်နက်လှပြီဖြစ်၍ ကျွန်တော်က ဘုရားရှိခိုးပြီး အိပ်ရာဝင်ခဲ့သော်လည်း အဘဆရာကြီးက တစ်ညလုံး မအိပ်ဘဲ ပုတီးထိုင်စိပ်နေခဲ့သည်။

နောက်တစ်နေ့နံနက် ရောက်သောအခါ လူနာမှာ ကောင်းစွာသတိရနေပြီဖြစ်သည်။ အဘဆရာကြီးက သုံးရက်စာဆေးပေးပြီး ပြန်မည်ပြုသောအခါ လူနာက ငွေစက္ကူတစ်ထပ်ဖြင့် ထိုင်ကန်တော့သည်။ ထိုအခါ ဆရာကြီးက ...

''ငါ့တူ ... မင်းရဲ့ငွေတွေဟာ မသန့်ရှင်းတဲ့ ငွေတွေဖြစ်လို့ ဆရာ လက်မခံပါရစေနဲ့။ မင်းလိုတဲ့နေရာမှာ သုံးလိုက်ပါ''

လူနာက ခေါင်းငိုက်စိုက်ချနေပြီး ဘာမှပြန်မပြော။

''အခုလိုကြုံတုန်း မင်းကိုငါ စကားတစ်ခွန်းလောက် မှာခဲ့မယ်''

''ဟုတ်ကဲ့ ... မှာပါဆရာကြီးခင်ဗျ''

''လူဆိုတာ ဆိုးရင်ဆိုး၊ မိုက်ရင်မိုက် ဒီအထိ လက်ခံပေးလို့ရတယ်၊ ဒါပေမဲ့ မယုတ်မာနဲ့။ ယုတ်မာလာပြီဆိုရင် ဘယ်သူမှ လက်မခံတော့ဘူး။ အဲဒီလိုဖြစ်လာရင် သဘာဝလောကကြီးက ပြန်ပြီး ဒဏ်ခတ်လိမ့်မယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ . . . အဘ"

အခု မင်းကို အဘရဲ့စရဏအားနဲ့ အာရုံခံကြည့်လိုက်တော့ မကြာခင် မင်းဟာ ယုတ်မာမှုကြီးတွေကို ကမ်းကုန်အောင် ကျူးလွန်တော့ မယ်။ အဲဒီလိုဖြစ်ခဲ့ရင်တော့ မင်းဟာ အဲဒီဒဏ်တွေကို ပြန်ခံရလိမ့်မယ်။ သေခြင်းလေးမျိုးထဲမှာ အဆိုးဆုံးသေခြင်းဖြစ်တဲ့ ဥပစ္ဆေဒကံသေခြင်းမျိုး သေရလိမ့်မယ်။ အဲဒီတော့ အသိကို သတိနဲ့ယှဉ်ပြီး ကိုယ့်စိတ်ကို ကိုယ် ထိန်းပါ . . . လူလေး"

"ဟုတ်ကဲ့ပါ အဘ၊ ကျွန်တော် ဆင်ခြင်ပါ့မယ်"

"အေးပါကွယ် . . . ကောင်းပါတယ်။ ကဲ . . . ကဲ . . . အဘ လည်း ပြန်တော့မယ်"

ထိုအချိန်ထိ အဘဆရာကြီးနှင့် လူနာတို့ပြောနေကြသော စကား များကို ကျွန်တော် လိပ်ပတ်လည်အောင် မသိသေး။ အကြောင်းတစ်ခုခု အဘဆရာကြီး မှာနေမှန်းတော့ သိသည်။ လူနာနှင့် သူ့အပေါင်းအဖော် များမှာ လူကောင်းသူကောင်းများတော့ မဟုတ်နိုင်မှန်း ရိပ်မိသည်။ ကျွန် တော်တို့ကိုလိုက်ပို့သော လှည်းပေါ်တွင် ကျွန်တော်အကျိုးအကြောင်း မေးကြည့်ချင်သော်လည်း လှည်းမောင်းသမား သူစိမ်းပါခြင်းကြောင့်လည်း ကောင်း၊ အဘဆရာကြီး၏မျက်နှာ မကောင်းသောကြောင့်လည်းကောင်း သိချင်စိတ်ကို မျိုသိပ်လာခဲ့သည်။

တည်းခိုရာအိမ်သို့ ပြန်ရောက်ပြီး အမောအပန်းဖြေပြီးသောအခါ အဘဆရာကြီးက . . .

"လူလေး . . . ညက အဘကုပေးတဲ့လူနာအကြောင်း မင်းသိချင် နေတယ်မဟုတ်လား"

"ဟုတ်ကဲ့ . . . သိချင်နေပါတယ်။ ကျွန်တော် အဘကို မမေး လို့ပါ"

"အဲဒီလူနာက ဟံသာဝတီအနောက်ခြမ်းမှာ အလွန်နာမည်ကြီး နေတဲ့ ဓားပြဗိုလ်ကြီး ကျီးကန်းဒေဝင်ဆိုတာပေါ့"

"ဗျာ . . ."

" 'ကျီးကန်းဒေဝင်' . . . ဟုတ်လား အဘ"





"ဟုတ်တယ် . . . လူလေး။ ကျီးကန်းဒေဝင်ဆိုတာ သူပဲ"

ကျွန်တော် အလွန်အံ့သြသွားသည်။ ကျီးကန်းဒေဝင်ဆိုသူမှာ ဟံသာဝတီအနောက်ခြမ်းတွင် အလွန်နာမည်ကြီးနေသော ဓားပြဗိုလ်ဖြစ် သည်။ လူသတ်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ မုဒိမ်းကျင့် စသော ဒုစရိုက် မှုများကို ထမင်းစားရေသောက်လောက် သဘောထားပြီး လုပ်ကိုင်နေ သူဖြစ်သည်။ တပည့်တပန်း ပေါများပြီး လက်နက်အင်အားလည်း တောင့် သည်။ အလွန်ရက်စက်သောကြောင့် တစ်နယ်လုံးက ဖိန့်ဖိန့်တုန် အောင် ကြောက်ကြရသည်။

ကျွန်တော်မှာလည်း နာမည်ကြားဖူးနေသော ဓားပြဗိုလ်ကြီး ကျီး ကန်းဒေဝင်ကို ယခုမှပင် ကိုယ်တွေ့ကြုံခဲ့ရခြင်းဖြစ်သည်။

"ဒါနဲ့များ . . . အဘရယ်၊ ဒီလိုလူမျိုးကို သိရက်နဲ့"

"တော် . . . တော် . . . လူလေး၊ လူလေးပြောချင်တာကို အဘ သိတယ်။ အဘတို့သမားတော်တွေဆိုတာ သတ္တဝါတွေအားလုံးအပေါ် မေတ္တာထားရတယ်။ ကိုယ့်ကို ဆေးကုသဖို့လာပင့်ရင် လူဆိုးလူကောင်း မခွဲဘဲ ကုသပေးရတယ်။ အဲဒီလို မေတ္တာရှေ့ထားမှ ကိုယ့်ရဲ့ကုသမှုက အရောက်မှာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ . . . အဘ"

"ဒါနဲ့ ပြန်ခါနီးဆုံးမစကား ပြောခဲ့တာကရော"

"အေး . . . အဘရဲ့ မနောအာရုံမှာ ထင်လာမှုအရ အဲဒီကျီးကန်း ဒေဝင်ဟာ ရက်စက်ယုတ်မာမှုကြီးတွေကို ကျူးလွန်တော့မယ်။ ဘယ်လိုမှ တားရတော့ဘူး။ အဲဒီလို ယုတ်မာမှုတွေကြောင့်ဘဲ သူ့ဒဏ် သူပြန်ခံတော့ မယ်။ ဘယ်လိုမှ တားလို့မရတော့ဘူးကွယ်။ အင်း . . . သဗ္ဗေသတ္တာ ကမ္မသကာပဲပေါ့ကွယ်"

ကျွန်တော် အဘဆရာကြီး၏စကားကို နားထောင်ရင်း ကျီးကန်း ဒေဝင်၏ ဓားပြဗိုလ်ကြီး၏ ထူထဲမည်းနက်ပြီး ထိလုမတတ်ဖြစ်နေသော မျက်ခုံးမွေးနှစ်ခုကို မြင်ယောင်နေမိတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၃ |

❑

ကျွန်တော်သည် အဘဆရာသောင်းထံတွင် တပည့်ခံပညာသင်ကြားရင်း ဟံသာဝတီတစ်နယ်လုံးသာမက မြန်မာပြည်ဒေသအတော်များများကို ရောက်ရှိခဲ့သည်။ ရောက်လေရာဒေသများတွင် လူနာများအား ဆေးကုသပေးရင်း ပညာယူလာခဲ့ရာ အတော်ပင် အဆင့်မြင့်လာခဲ့ပြီဖြစ်သည်။ ပုပ္ပားတောင်၊ ဇင်းကျိုက်တောင်၊ ကေလာသတောင်များတွင်လည်း လနှင့်ချီ၍ နေထိုင်ရင်း ဆရာတပည့်နှစ်ဦး ပညာရပ်များကို ကျင့်ကြံအားထုတ်ခဲ့ကြသည်။

ဤသို့ဖြင့် အချိန်ကာလ (၅) နှစ်ခန့်ကြာမြင့်ပြီးနောက် ကျွန်တော်နှင့် အဘဆရာသောင်းတို့ ဟံသာဝတီအနောက်ခြမ်းသို့ တစ်ကျော့ပြန်လည်ရောက်ရှိလာကြသည်။ သာယာကုန်းရွာကလေးသို့ ရောက်သောအခါ ယခင်တည်းခိုနေကျ သူကြီးအိမ်တွင်ပင် တည်းခိုကြသည်။ သူကြီးနှင့် သူကြီးကတော်မှာ ခေတ်ပျက်ကာလ ပိုဆိုးလာ၍ မြို့သို့ ပြောင်းရွှေ့သွားကြသည်။ သူကြီးတို့ဇနီးမောင်နှံမရှိသော်လည်း သူကြီး၏တူ ကိုသံလုံးက ကျွန်တော်တို့အား လိုအပ်မှုမရှိအောင် ဂရုစိုက်ရှာသည်။

သာယာကုန်းရွာကလေးသည် ကျွန်တော်တို့ ယခင်အခေါက် ရောက်ခဲ့စဉ်အခါကဲ့သို့ မဟုတ်ဘဲ ခြောက်သွေ့တိတ်ဆိတ်နေသည်။ ရွာ





များမှာလည်း ကျီးလန့်စာစား ဖြစ်နေကြသည်။ ညနေစောင်းသောအခါ သားများနှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲဖြင့် ရွာအနောက်ဘက် သို့ သွားနေကြသည်။ ကျွန်တော်က အကျိုးအကြောင်း သိလိုသဖြင့် ကိုသံလုံးအား ...

"ကိုသံလုံး ... ခင်ဗျားတို့ရွာကလည်း ခါတိုင်းလိုမဟုတ်ဘဲ တိတ်တိတ်နေပါလား"

"ခေတ်ကာလက မကောင်းဘူးလေ ... ဆရာလေးရဲ့"

"လူတွေလည်း ရွာအနောက်ဖက်ကို သွားနေကြပါလား၊ ဘာဖြစ်လို့လဲ"

"ဒီလို ... ဆရာလေးရေ၊ ဒီနယ်မှာလှုပ်ရှားနေတဲ့ ဗိုလ်မြကြိုင်တို့ ယံနီအဖွဲ့က ဓားပြဗိုလ်ကျီးကန်းဒေခင်ကို ဖမ်းမိပြီး ဒီညနေသချိုင်းကုန်းမှာ အပြစ်ပေးမလို့တဲ့"

"ကျီးကန်းဒေခင် ... ဟုတ်လား"

"ဟုတ်တယ် ... ဆရာလေး၊ အဲဒီအပြစ်ပေးတဲ့ပွဲကို တစ်ရွာလုံး တစ်အိမ်တစ်ယောက် လာကြည့်ရမယ်၊ မကြည့်ရင် ကျီးကန်းဒေခင်နဲ့ရောပြီး အပြစ်ပေးမယ်ဆိုလို့ သွားနေတာ"

ကျီးကန်းဒေခင်ဆို၍ လွန်ခဲ့သော ငါးနှစ်ခန့်က ကျွန်တော်နှင့် အဘဆရာကြီးတို့ ဆေးကုသပေးပြီး ဆုံးမခဲ့သော မျက်ခုံးထူထူနှင့်လူအား ပြေးသတိရလိုက်သည်။ ထို့ကြောင့် ကျွန်တော်လည်း အိမ်ရှင်ကို သံလုံးနှင့်အတူ သချိုင်းကုန်းရှိရာ ရွာအနောက်ဘက်သို့ ထွက်လာခဲ့တော့သည်။

သုသာန်သို့ရောက်သောအခါ လူအုပ်က အတော်ပင် များနေပြီဖြစ်သည်။ တစ်အိမ်တစ်ယောက် မဖြစ်မနေ လာရမည်ဆို၍ လာကြခြင်းဖြစ်သည်။ ကျွန်တော်လည်း လူအုပ်ကို တိုးဝှေ့၍ ရှေ့သို့ရောက်အောင် သွားလိုက်သည်။ လူအုပ်အလယ်တွင် ကျင်းတစ်ကျင်းတူးထားပြီး ထိုကျင်းထဲတွင် လူတစ်ယောက်ကို လက်ပြန်ကြိုးတုပ်၍ ဒူးထောက်လျက် အနေအထားဖြင့် တွေ့လိုက်ရသည်။

၎င်း၏အနီးတွင်လည်း လက်နက်ကိုင်လူ (၁၀) ယောက်ခန့်ကိုတွေ့လိုက်ရသည်။ လက်ပြန်ကြိုးတုပ်လျက် ဒူးထောက်နေသူကို သေချာကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သောအခါ တွေ့ပါပြီ။ သေချာပါသည်။ ကျွန်တော်တို့ ဆေးကုသပေး အဘဆရာကြီး ဆုံးမစကားပြောခဲ့သူပင် ဖြစ်ပါသည်။ နဖူးပေါ်တွင် လက် ခန့်ရှိသော တုတ်ခိုင်မည်းနက်သည့် မျက်ခုံးမွှေးနှစ်ခုက ထိလုမတတ်။

ထိုအချိန်တွင် အလံနီခေါင်းဆောင်ဖြစ်သူ ဗိုလ်မြကြိုင်က ...

ရွာသားတွေအားလုံး နားထောင်ကြပါ။ ဟောဒီဓားပြ ကျီးကန် ဒေဝဟာ လူသတ်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ မုဒိမ်းကျင့် စတဲ့ ယုတ် ရက်စက်တဲ့လုပ်ငန်းတွေကို နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့သူဖြစ်တယ်။ ကြောင့် တစ်နယ်လုံး ပူဆွေးဝမ်းနည်းကြေကွဲပြီး ဒုက္ခရောက်ခဲ့ကြ တယ်။ ကျုပ်တို့အုပ်ချုပ်တဲ့ နယ်မြေအတွင်းမှာ ဒါမျိုးတွေကို လက်မခံနိုင် ဘူး။ ဒါကြောင့် ပြည်သူလူထုကိုယ်စား ကျုပ်တို့အဖွဲ့က ကျီးကန်းဒေဝ် သေဒဏ်ပေးလိုက်တယ်''

ဟု ရွာသူရွာသားများအား ပြောဆိုလိုက်သည်။ ထို့နောက် ဗို က ဆက်လက်၍ ...

အခုလာကြည့်နေတဲ့ ခင်ဗျားတို့ရွာသားတွေထဲမှာ ဟောဒီ ယုတ်မာကျီးကန်းဒေဝ်ကြောင့် ဘဝပျက်ရသူတွေ၊ မျက်ရည်ပေါက်ကြီးငယ် ကျခဲ့ရတဲ့သူတွေ ပါကောင်းပါလိမ့်မယ်။

''သိပ်ပြီးနာကြည်းလို့ ကိုယ်တိုင်စီရင်ချင်တယ်ဆိုရင် ထွက်ခဲ့ ကျုပ်တို့ ခွင့်ပေးမယ်''

ဟု ရွာသားများကို ပြောလိုက်သည်။ ပထမအကြိမ် ပြော ရွာသားများထဲမှ ဘာသံမှထွက်မလာ။ ဒုတိယအကြိမ် အော်ပြောသေ အခါ ...

''ကျုပ်သတ်မယ်''

''ကျုပ်ကို စီရင်ခွင့်ပေးပါ''

ဟူသော အော်သံနှင့်အတူ လူအုပ်ထဲမှ လူတစ်ယောက်ထွ လာခဲ့သည်။ ထိုသူကို မြင်သောအခါ ...

''ဟာ ...''

''ဟယ် ...''

''အလို ...''

''သောင်းစိန် ...''





''ဘုရား ... ဘုရား ...''

ရွာသားများထဲမှ အသံပေါင်းစုံ ထွက်လာကြသည်။ ထွက်လာ သူကို ကြည့်လိုက်တော့ အသက် (၁၅) နှစ်ခန့်ရှိ လူငယ်လေးတစ်ဦး။ မျက်လုံးအစုံမှ မျက်ရည်များစီးကျနေပြီး အံကို တင်းတင်းကြိတ်ထားသည်။ အလံနီဗိုလ်မြကြိုင်ရှေ့ ရောက်သောအခါ ...

''ကျုပ်သတ်မယ် ... ဗိုလ်ကြီး''

''မင်း တကယ်သတ်မှာလား''

''ဟုတ်တယ် ...။ ကျုပ်လက်နဲ့ ကိုယ်တိုင်သတ်ပါရစေ။ ပြီးတော့ သူ့ကို ကျုပ်ဘက်လှည့်ပေးပါ။ သူမျက်နှာကိုကြည့်ပြီး သတ်ပါရစေ''

ထိုအခါ အလံနီအဖွဲ့ဝင်များက ကျီးကန်းဒေဝ်ကို လက်ပြန်ကြိုး ချုပ်လျက်အနေအထားဖြင့် တူးထားသောကျင်းကို ကျောပေး၍ ဒူးထောက် နေစေသည်။ မောင်သောင်းစိန်လည်း ဓားကြီးတောင်ဓားကို ကျစ်ကျစ် အောင် ဆုပ်ကိုင်၍ ကျီးကန်းဒေဝ်ကို စေ့စေ့ကြည့်လိုက်သည်။ မျက်လုံး အစုံတွင် မျက်ရည်များတွေတွေစီးကျလျက် အံကို တင်းတင်းကြိတ်လိုက် ...

''ကျုပ် ဒီလိုနေ့မျိုးကို စောင့်နေတာ ကြာပြီ''

''ကဲကွာ ...''

''ဗိုး ...''

''ခွပ် ...''

''အား ...''

ကျီးကန်းဒေဝ်၏ ခေါင်းပေါ်သို့ ဓားကိုခုတ်ချလိုက်သည်။ ဓားက ခေါင်းအတွင်းသို့ နှာခေါင်းထိအောင် နက်ရှိုင်းစွာ ဝင်ရောက်သွားသည်။ ဓားကိုလက်ဖြင့် ပြန်နုတ်ရာမရသဖြင့် လက်နှစ်ဖက်ဖြင့် ဓားကိုစုံကိုင်ပြီး ခြေထောက်ဖြင့် ရင်ဝကို အားကုန်ဆောင့်ကန်လိုက်မှ ဓားကကျွတ်ပြီး အလောင်းကြီးမှာ တူးထားသောကျင်းထဲသို့ ကျသွားတော့သည်။

အလံနီအဖွဲ့ဝင် သုံးလေးဦးက အလောင်းကို မြေဖြင့်ဖိုင်းဖို့လိုက် ရာ သချိုင်းကုန်းတွင် မြေပုံအသစ်တစ်ခု တိုးသွားသလို ကျီးကန်းဒေဝ်ဆို သော လူဆိုးလူမိုက်ကြီးတစ်ဦးလည်း လူလောကမှ ထွက်ခွာသွားတော့လေ သည်။



www.burmeseclassic.com

www.burmeseclassic.com



လာရောက်ကြည့်ရှုကြသော ရွာသားများလည်း ပြန်ကုန်ကြ ဖြစ်သည်။ ကျွန်တော့်ရင်ထဲတွင် မရှင်းလင်းသည့်အချက်များ ကျန်နေ သည်။ သတ်သူနှင့် သေသူတို့အကြောင်း၊ ၎င်းတို့၏ ပတ်သက်ဆက်နွယ်မှု ကို စဉ်းစားမရ ဖြစ်နေသည်။ ဘေးမှ ကိုသံလုံးက ကျွန်တော့်ကို လက်ကုပ် လိုက်ပြီး ...

"ဆရာလေး ... လာ ... လာ ... ပြန်ကြရအောင်။ ဆရာလေး ဒီအကြောင်းတွေကို သိချင်နေတယ်မဟုတ်လား။ အိမ်ကျမှ ကျွန်တော် ပြောပြမယ်"

ပြောပြောဆိုဆို ကိုသံလုံးက ကျွန်တော့်လက်ကိုဆွဲ၍ အိမ်သို့ပြန် လာခဲ့ကြသည်။

✿ ✿ ✿

[ ၄ ]

❑

အိမ်သို့ပြန်ရောက်ပြီးနောက် ကိုသံလုံးက အကြောင်းစုံကို ပြော ပြတော့သည်။

ဒီလိုဆရာလေးရဲ့ ... ဒီကျိုးကန်းဒေဝ်ဆိုတဲ့လူက ငယ်ငယ်လေးက တည်းက ဆိုးတယ်၊ ပေတယ်၊ မိုက်ကန်းတယ်။ မိဘညီအစ်ကိုမောင်နှမ ဘယ်သူမှ ပြောလို့မရဘူး။ မိဘတွေကိုတောင် သူအလိုမကျရင် မိုက်မိုက် ရိုင်းရိုင်းဆဲတာ။ ကျောင်းကဘုန်းကြီးတောင် မနိုင်လို့ လက်လျှော့ထားရတာ ထိစ်ခနဲဆို ရိုက်လိုက်၊ နှက်လိုက်နဲ့။ ငယ်ငယ်ကတည်းက ဘယ်သွားသွား ဓားတစ်ချောင်းကို အမြဲဆောင်သွားတာ။





သူ့နာမည်က မြဒင်။ အမည်အရင်းကို ဘယ်သူမှမခေါ်ဘူး။ ဆိုး လွန်း၊ မိုက်လွန်း၊ ယုတ်မာလွန်းအားကြီးလို့ ကျိုးကန်းဒေဝ်လို့ခေါ်ကြတာ။ သူကလည်း ဒီနာမည်ကို သဘောကျတယ်။ အသက် (၁၅) နှစ်မပြည့်ခင် အရက်ကို နှစ်နှစ်ခြိုက်ခြိုက်သောက်နေပြီ။ နွားခိုးပေါ်တယ်။ ဓားပြတွေကို ဆက်ထောက်ချတယ်။ အသက်နှစ်ဆယ်လောက်ကျတော့ ကိုယ်တိုင် ဓားပြ တိုက်နေပြီ။

ပြန်ပေးဆွဲတယ်။ သူများသမီးပျိုတွေကို လက်နက်အားကိုးနဲ့ အဓမ္မကျင့်တယ်။ ပြန်ပေးဆွဲပြီး ငွေတောင်းတယ်။ ငွေနဲ့လာရွေးတာတောင် စိတ်မထင်ရင် သတ်ပစ်တယ်။ ဟောဒီဟံသာဝတီအနောက်ခြမ်းမှာ သူ ဓားပြမတိုက်ဖူးတဲ့ရွာ မရှိဘူး။ လူ့အသက်တစ်ချောင်းကို ကြက်ကလေး၊ ငှက်ကလေးတွေလောက်တောင် တန်ဖိုးမထားဘူး။

မကောင်းမှုတွေကို အကုန်လုပ်ပေမဲ့ လူကတော့ ဆရာလေးမြင် တဲ့အတိုင်း လူချော၊ လူဖြောင့်။ အရပ်ကလည်း (၆) ပေလောက်မြင့်တယ်။ မိန်းမတွေကလည်း သူမကောင်းမှန်းသိပေမယ့် သူ့ကို ကြိုက်ကြတာပဲ"

"ဒါနဲ့ မောင်သောင်းစိန်နဲ့က ..."

"လာမယ်လေ ... ဆရာလေးရဲ့"

သူ ပထမဆုံးယူတဲ့ မယားကြီးက မထားခင်တဲ့။ တော်တော်ချော တာ။ အသားလေးက ဖြူဝင်းပြီး ဆံပင်တွေများ ဖြန့်ချလိုက်ရင် ဒူးကောက် ကွေးအထိ ရောက်တယ်။ အဲ့ဒီမယားကြီးနဲ့က သမီးလေးတစ်ယောက်မွေး တယ်။ မသန်းခင်တဲ့။ မအေလိုပဲ ချောလိုက်တာ မှလို့။ သူ့မယားကြီးက သူ့ကိုသိပ်ချစ်တာ။ အနှံအနာလည်း ခံတယ်။ သမီးလေး (၁၅) နှစ်လောက် မှာ မထားခင် ဆုံးသွားတယ်။ အသတ်ခံရတာ"

"ဗျာ ... အသတ်ခံရတယ် ... ဟုတ်လား"

"ဟုတ်တယ် ... ဆရာလေး။ သတ်တဲ့သူကိုသိရင် ပိုပြီးတောင် အံ့သြသွားဦးမယ်"

"ဒါဆိုရင်လည်း ပြောပါဦး သတ်တဲ့လူကို"

"သတ်တဲ့လူက သူသိပ်ချစ်ရတဲ့ သူ့ယောကျာ်း ကျိုးကန်းဒေဝ် ကိုယ်တိုင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



''ဗျာ . . .''

''ဟုတ်တယ် . . . ဆရာလေး၊ နားရှုပ်သွားပြီလား။

အဲဒီအချိန်တုန်းက ဒီနယ်မှာ ကျက်စားနေတဲ့ သောင်းကျန်းသူအဖွဲ့တွေက ဓားပြကျီးကန်းဒေင်ကို အသေရရ၊ အရှင်ရရ လိုက်ရှာနေလို့ ကျီးကန်းဒေင်လည်း ရှောင်ပုန်းနေရတယ်။ အဲဒီ ပုန်းနေတဲ့နေရာကို သူ့မယားမထားခင်က ထမင်းသွားပို့ရတယ်။ တစ်နေ့ ဖြစ်ချင်တော့ လူအလစ်ကိုစောင့်ပြီး ကမန်းကတန်းနဲ့ ထမင်းသွားပို့ရာမှာ သောက်ရေမေ့ကျန်နေခဲ့တယ်။

အဲဒါကို ကိုယ်တော်ချောက ထမင်းလာပို့တာ သောက်ရေမပါရကောင်းလားဆိုပြီး ဓားနဲ့ထပိုင်းလိုက်တာ မထားခင် ပွဲချင်းပြီး သေသွားတယ်။ ကိုယ်ယူထားတဲ့ ကိုယ့်အပေါ် အရမ်းအနစ်နာခံတဲ့မိန်းမကို ကိုယ်တိုင်သတ်ပစ်လိုက်တယ်။ မိုက်ရိုင်းလိုက်တာ ဆရာလေးရာ''

''ဟုတ်ပါ့ . . . ကိုသံလုံးရယ်''

''အဲဒီအချိန် ခုန သချိုင်းကုန်းမှာ သူကို ဓားနဲ့ခုတ်သတ်ခဲ့တဲ့ မောင်သောင်းစိန်က မယားကြီးမထားခင်ရဲ့ တူအရင်း။ ငယ်ငယ်ကတည်းက မိဘတွေဆုံးသွားလို့ မထားခင်က မွေးစားထားတာ။ မထားခင်ကို အမေရင်းလိုပဲ သိပ်ချစ်ကြတယ်။ အတူတူနေကြတယ်။ မထားခင် အသတ်ခံရတော့ မောင်သောင်းစိန်တစ်ယောက် ရူးမတတ်ဖြစ်သွားတယ်။

ကျီးကန်းဒေင်ကို ငယ်ကြောက်ဖြစ်လို့ ပြန်မတုံ့ပြန်နိုင်ခဲ့ပေမဲ့ သူ့ရင်ထဲမှာတော့ ဖြေဖျောက်လို့မရတဲ့ အမုန်းတရားအစိုင်အခဲတစ်ခု ဖြစ်ပေါ်လာခဲ့တယ်။ အဲဒီမယားကြီးဆုံးတော့ အစ်မဖြစ်သူ မသန်းခင်နဲ့အတူဆက်နေကြတယ်။ အစ်မဖြစ်သူကိုလည်း မောင်သောင်းစိန်က အလွန်ချစ်ပြီး မောင်နှမနှစ်ယောက် လုပ်ကိုင်စားသောက်ကြတယ်။ ကျီးကန်းဒေင်ကတော့ ဆိုးရင်းပေရင်းမိုက်ရင်းနဲ့ မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက် ယူတယ်။ ယူပြီးရင် ပစ်ထားလိုက်တယ်။ တစ်နယ်လုံးကလည်း သူ့ကို အော့ကြောလန်နေကြပြီ။

သူတို့ဓားပြအဖွဲ့ကလည်း လက်နက်အင်အား၊ လူအင်အားတောင့်တော့ တော်ရုံနဲ့ သွားပြီး မနှိမ်နင်းရဲကြဘူး။

စိတ်ကူးသစ်စာပေ



ဒီလိုနဲ့ သမီးလေးမသန်းခင် အရွယ်ရောက်လာတယ်။ မအေအတိုင်းပဲ ချောလိုက်တာ ကွမ်းတောင်ကိုင်အဆင့်၊ မြို့က ခတ်ရှင်မင်းသမီးတွေထက်တောင် သာသေးတယ်။ တစ်နယ်လုံးမှာ နာမည်ကြီးပဲ။ လိုချင်သူတွေ ဝိုင်းဝိုင်းလည်လို့ပေါ့။ ဒါပေမဲ့ ဖခင်လူဆိုးကြီး ကျီးကန်းဒေင်ကို ကြောက်လို့ ဘယ်သူမှ သွားမစရဲကြဘူး။

အဲဒီအချိန်မှာပဲ သူ့ရဲ့ယုတ်မာမှုက ကမ်းကုန်တော့တာပဲ . . . ဆရာလေးရေ၊ ပြောရမှာတောင် ပါးစပ်က မထွက်ရဲဘူးဗျာ။ သူမွေးထားတဲ့ သူ့သမီးအရင်းကို မူးမူးနဲ့ သူကိုယ်တိုင် မယားအဖြစ် ပြန်ယူလိုက်တယ်''

''ဗျာ . . .''

''ကိုသံလုံး . . . သမီးအရင်းကို ဟုတ်ရဲ့လားဗျာ''

''ဟုတ်တာပေါ့ . . . ဆရာလေးရယ်။ ယုတ်မာလိုက်တာ ဟိုဇာတ်ထဲက မင်းသားပြောသလို အတိုင်းတိုင်းအပြည်ပြည်မှ ကြားလို့မသင့်တော်ဆိုသလိုမျိုးပဲ။ မောင်နှမအရင်းတွေ ပြန်ယူတာတို့၊ တစ်ဝမ်းကွဲတွေ ယူတာတို့ကို ကြားဖူးပါတယ်။ အခုဟာက ကိုယ်မွေးထားတဲ့ သမီးအရင်းကို ပြန်ယူတာတော့ မကြားဝံ့မနာသာဘဲ . . . ဆရာလေး''

''ဟုတ်ပါ့ . . . ကိုသံလုံးရယ်''

''အဲဒီလို သူ့ရဲ့ ယုတ်မာပက်စက်စွာ လုပ်လိုက်တဲ့ကိစ္စကြောင့် နယ်သူနယ်သားတွေ၊ သူ့ရဲ့ ဆွေမျိုးသားချင်းတွေ၊ တပည့်ငယ်သားတွေဟာ ကျီးကန်းဒေင်ကို လုံးဝမုန်းတီးသွားကြပြီး လက်မခံကြတော့ဘူး။

သူ့မယားအဖြစ် ပေါင်းသင်းခဲ့တဲ့ သူ့သမီး မသန်းခင်လည်း ရှက်လွန်းလို့ဆိုပြီး ကြိုးဆွဲချသေသွားတယ်။ သူ့လုပ်ရပ်ကို မသင့်တော်ဘူးလို့ ပြောတဲ့သူကို နေရာမှာတင် ပစ်သတ်တယ်။ ထင်ရာစိုင်းတော့တာပဲ။

ပထမအကြိမ် အမေလို့သတ်မှတ်ထားတဲ့ အဒေါ်အရင်း မထားခင်ကို သတ်ခဲ့တုန်းက ရင်ထဲမှာ အစိုင်အခဲဖြစ်ခဲ့တဲ့ မောင်သောင်းစိန်ရဲ့ မုန်းတီးစိတ်ဟာ အခု အစ်မဖြစ်သူ မယားအဖြစ် ပေါင်းသင်းခံရလို့ ရှက်ပြီး ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချပြီးသေသွားရော ဘယ်လိုမှ ခံစားလို့မရတော့ဘူး''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ . . . ကိုသံလုံးရယ်"

ဒီမှာတင် မောင်သောင်းစိန်က ကျီးကန်းဒေဝိကို လက်စားချေ စိုင်းပြင်းတော့တယ်။ အဲဒီအချိန်မှာ သောင်းကျန်းသူတွေကလည်း ကျီး ကန်းဒေဝိကို မြေလှန်ရှာနေကြတဲ့အချိန် သူ့တပည့်တွေကလည်း သူ့ရဲ့ ယုတ်မာမှုကြောင့် စွန့်ခွာသွားတဲ့အတွက် တစ်ယောက်တည်း ဖြစ်နေတယ် ပြေးလွှားရှောင်ပုန်းနေရတာပေါ့။

ဒါကို မောင်သောင်းစိန်က ဖွဲကောင်းကောင်းနဲ့ မရမနေလိုက်ရှာ ပြီး သောင်းကျန်းသူအဖွဲ့ကို သတင်းပေးလိုက်တယ်။ အလံနီအဖွဲ့က ဝိုင်း ဖမ်းတော့ သူ့ကိုမိပြီး သချိုင်းကုန်းမှာ အပြစ်ပေးမယ်လုပ်တာ။

ဒါကို အစ်မနဲ့ အဒေါ်အတွက် အခဲမကျေတဲ့ မောင်သောင်းစိန်က သူကိုယ်တိုင် သတ်ပါရစေဆိုပြီး သတ်လိုက်တာ . . . ဆရာလေး။ ဒီလောက် ယုတ်မာတဲ့လူတစ်ယောက် သေသွားတာကို ကျွန်တော်တို့တစ်နယ်လုံး ဝမ်းတောင်သာကြရဦးမှာ။ သူ့ကြောင့် နှစ်ပေါင်းများစွာ တစ်နယ်လုံး အသည်း ဒုက္ခ ရောက်ခဲ့ကြတာ"

"အဖြစ်ကတော့ ဒါပါပဲ . . . ဆရာလေး"

ကိုသံလုံးက စကားကို နိဂုံးချုပ်လိုက်ပြီး ရေနွေးကြမ်းခွက်ကို ကောက်ကိုင်လိုက်သည်။ ကိုသံလုံး၏ စကားဆုံးသွားတော့ ကျွန်တော် ဘာ မှ မပြောနိုင်တော့။ ရင်ထဲတွင် နင့်နင့်နဲနဲ ခံစားလိုက်ရသည်။

ဒီလိုလူဆိုး၊ လူမိုက်၊ လူယုတ်မာမျိုးတွေ ခေတ်အဆက်ဆက်မှာ ရှိခဲ့ကြသည်။ ဆိုးသည့် မိုက်သည့်အပေါ် ယုတ်မာမှုက ထပ်ပြီးပေါင်းထည့် လိုက်တော့ ဩကာသလောကကြီးက လက်မခံတော့။ သူ့တရားကို သူပြန် စီရင်သွားရသည်။ ဒီလိုလူယုတ်မာမျိုးတွေ ရှိနေသေးရင်လည်း လူတွေ ဒုက္ခ သုက္ခ ရောက်ကြရဦးမည်။

ဂေါတမမြတ်စွာဘုရားရှင် လက်ထက်က ဆိုးသွမ်းယုတ်မာမှု ကြောင့် အရှင်လတ်လတ် မြေမျိုခံရသူငါးဦး ရှိခဲ့သည်။

(၁) သုပ္ပဗုဒ္ဓမင်း = ဘုရားရှင် ဆွမ်းခံကြွရာလမ်း၌ မဖယ်ပေး၍ ကပ္ပိယ ဝတ်ပြည့်၌ မြေမျိုခြင်း။

စိတ်ကူးသစ်စာပေ



(၂) ဒေဝဒတ် = မြတ်စွာဘုရားကို အမျိုးမျိုးပစ်မှား၍ သာဝတ္ထိပြည် ရေကန်အနီး မြေမျိုခြင်း။

(၃) စိဉ္စမာနဝိကာ = ဘုရားကို ကိုယ်ဝန်ဖြင့်စွပ်စွဲ၍ ဇေတဝန်ကျောင်း တော်အနီး၌ မြေမျိုခြင်း။

(၄) နန္ဒသတို့သား = ဥပ္ပလဝဏ်-ရဟန္တာမကို တောကျောင်း၌ မေထုန် မှုပြုလုပ်၍ မြေမျိုခြင်း။

(၅) နန္ဒကဘီလူး = ရှင်သာရိပုတ္တရာမထေရ်ကို ဂိဇ္ဈကုဋ်တောင်၌ တရား ထိုင်နေစဉ် ဦးခေါင်းကိုပုတ်ခတ်၍ မြေမျိုခြင်း။

အဲဒီငါးယောက်လိုပဲ ကျီးကန်းဒေဝိဟာ ယုတ်မာလွန်းအားကြီးလို့ အသတ်ခံရပြီး မြေမြှုပ်ခံခဲ့ရတယ်။ သူယုတ်မာခဲ့တဲ့ ပြစ်မှုတွေဟာ ဒီဘဝ ခံစားပြီး သေခြင်းနဲ့ ပေးဆပ်ခဲ့ရပေမဲ့ မကျေနိုင်လောက်ဘူး။ နောင်ဘဝ ပေါင်းများစွာ သံသရာမှာနည်းမျိုးစုံနဲ့ သူ့မိုက်ပြစ်ကို ပေးဆပ်နေရဦးမှာ

အတွေးပေါင်းမြောက်မြားစွာဖြင့် ထိုညက ညဥ့်နက်မှ ကျွန်တော် အိပ်ပျော်သွားခဲ့သည်။ နောက်တစ်နေ့တွင် ကျွန်တော်နှင့် အဘဆရာကြီး သည် သာယာကုန်းရွာကလေးမှ ပြန်လည်ထွက်ခွာလာခဲ့ကြတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

ကျွန်တော်လည်း အဘဆရာကြီးနှင့်အတူ မြန်မာပြည်အနှံ့အပြား သို့ ခရီးထွက်ပြီး ဆေးကုသခြင်း၊ တရားထိုင်၊ ပုတီးစိပ်ခြင်း၊ ကိုးထောင် စေတီများ တည်ထားခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်ကြသည်။ ဤသို့ နှစ်ပေါင်း (၂၀) ခန့် ကြာမြင့်လာခဲ့သည်။ ဆရာကြီးလည်း ကျွန်တော့် သင်ကြားပေးအပ်သည့် ပညာတို့ကို သင်ကြားပေးပြီးနောက် ဂန္ဓာရီစခန်း ကြွမြန်းသွားခဲ့သည်။

ကျွန်တော်လည်း အသက်အရွယ် အတော်ရလာခဲ့ပြီဖြစ်သည်။ အဘဆရာကြီး သင်ကြားပေးခဲ့သော ပညာရပ်များကို ကျင့်ကြံအားထုတ် ခဲ့သည်မှာ အဘ၏ခြေရာကို အတော်နင်းနိုင်ခဲ့ပြီဖြစ်သည်။ ဤကဲ့သို့ အဆ အနှံ့ လှည့်လည်၍ ဆောင်ရွက်လာခဲ့ရင်း ဟံသာဝတီအနောက်ခြမ်းရှိ သ ယာကုန်းရွာကလေးသို့ တစ်ကျော့ပြန်ရောက်လာခဲ့သည်။

နှစ်ပေါင်း (၂၀) ကျော် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ဤဒေသ ဤရွာကလေးမှာ ပြောင်းလဲမှု သိပ်မရှိသေး။ ကျွန်တော်လည်း လူသွားလမ်း လေးအတိုင်း လျှောက်လာခဲ့ရာ ရွာအနောက်ထိပ်ရှိ သင်္ချိုင်းအစပ်သို့ ရောက်ရှိလာခဲ့သည်။ ခြေလျင်လျှောက်လာခဲ့ရခြင်း၊ နေခင်းဘက် အပူ ပြင်းခြင်းတို့ကြောင့် အနည်းငယ် မောပန်း၍ ရေငတ်လာသည်။





ထို့ကြောင့် ရွာအဝင်အနောက်ထိပ် သုသာန်ဝတွင် တွေ့ရှိရသော ရကျောင်းကလေးဆီသို့ လျှောက်လာခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း ကျော်က ဒီနေရာတွင် တောရကျောင်းကလေးက မရှိသေး။ ကျောင်း မှာ သစ်ရိပ်ဖြင့် နွေဘက်ဖြစ်သော်လည်း အေးမြနေသည်။

ကျောင်းရှေ့တွင် ပုတီးစိပ်၍ စင်္ကြံကြွနေသော သက်တော် (၄၀) ရဟန်းတစ်ပါးကို ကြည်ညိုစွာဖူးတွေ့လိုက်ရသဖြင့် ကျွန်တော်က ထိုင် ချလိုက်သည်။ ထိုအခါ ရဟန်းက ...

''ဒကာကြီး ... ခရီးပန်းလာတယ်ထင်တယ်။ ဟိုရေအိုးက ရေကို က်လိုက်ပါ''

''တင်ပါ့ဘုရား''

ကျွန်တော်လည်း ရေသောက်ရင်း ဦးဇင်း၏မျက်နှာကို သေချာစွာ ရှုလိုက်သည်။ ကြည့်ရင်းကြည့်ရင်း ဒီမျက်နှာကို ငါ မြင်ဖူးပါတယ်ဟု နေသည်။ ဇဝေဇဝါလည်း ဖြစ်နေသည်။ ကျွန်တော့်ဖြစ်ပုံကို မြင်တော့ က ...

''ဒကာကြီး ... ကိုယ်တော်ကို မြင်ဖူးတယ်ဆိုပြီး ဇဝေဇဝါဖြစ် တယ်မဟုတ်လား''

''တင့်ပါ ဘုရား''

''ဒကာကြီးကို ကိုယ်တော် ကောင်းကောင်းသိပါတယ်။ ဟိုအရင် က ဒီနယ်မှာ ဒကာကြီး ဆေးလာကုနေတာ မဟုတ်လား''

''တင့်ပါဘုရား''

''ကိုယ်တော်ကတော့ လွန်ခဲ့တဲ့ အနှစ်(၂၀)လောက်က ဒီသင်္ချိုင်း မှာ လူဆိုးလူမိုက်ကျီးကန်းဒေင်ကို ဓားနဲ့ခုတ်သတ်ခဲ့တဲ့ မောင်သောင်း လေ''

''ဗျာ ...''

''မောင်သောင်းစိန် ... ကိုယ်တော်က ... မောင်သောင်းစိန်''

''ဟုတ်တယ် ... ဒကာကြီး၊ အဲဒီ မောင်သောင်းစိန်ဆိုတာ ကိုယ် တော်ပဲ''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လွန်စွာ အံ့အားသင့်သွားခဲ့ရသည်။ လွန်ခဲ့သည့် အနှ
(၂၀) လောက်က အစ်မနှင့် အဒေါ်အတွက် လက်စားချေ သတ်ဖြတ်ခဲ့သေ
မောင်သောင်းစိန်ဆိုသည့် လူငယ်လေးကို သူသတ်ခဲ့သောနေရာတွင် ရဟန်
တစ်ပါးအဖြစ် ပြန်တွေ့ရ၍ဖြစ်သည်။

''ဟုတ်တယ် . . . ဒကာကြီး။ ဟိုတုန်းကတော့ လူငယ်စိတ်လည်
ဖြစ်ပြန်၊ သိပ်ချစ်ပြီး အမေလိုအားထားရတဲ့ အဒေါ်နဲ့အစ်မကလည်း ယု
မာစွာ ကျင့်ကြံသတ်ဖြတ်ခံရတော့ မခံချင်စိတ်နဲ့ ကျီးကန်းဒေင်ကို လက်
ချေခဲ့တယ်။ အဲဒီနောက်ပိုင်းလည်း အလံနီအဖွဲ့ထဲဝင်ပြီး (၁၀)နှစ်လော
ဆိုးပေနေခဲ့တယ်။

နောက်တော့ ငါလုပ်နေတဲ့အလုပ်တွေဟာ မကောင်းတဲ့ အကုသို
အလုပ်တွေပဲ။ ပစ္စုပ္ပန်ရော၊ နောင်သံသရာမှာပါ ကောင်းဖို့ မရှိနိုင်ဘူးဆို
တွေးမိတော့ လက်ရှိဘဝကို စက်ဆုပ်ရွံမုန်းလာတယ်။ အဲဒီတော့ နော
သံသရာအတွက် ဘဝကူးကောင်းအောင်လုပ်တော့မယ်လို့ ဆုံးဖြတ်ပြီး အ
အဖွဲ့ကထွက် ရဟန်းဝတ်ခဲ့တယ်။

ပြီးတော့ ဘာပဲဖြစ်ဖြစ် ကျုပ်ပယောဂကြောင့် သေဆုံးခဲ့ရတဲ့ 
ကန်းဒေင်အတွက် ကုသိုလ်ကောင်းမှုရအောင်ဆိုပြီး သူ့ကိုသတ်ခဲ့တဲ့ တော
သချိုင်းကုန်းမှာပဲ တောရဆောက်တည်ပြီး တရားဘာဝနာ ပွားများနေ
တော့တယ်။ သူ့ကိုလည်း နေ့စဉ်နေ့တိုင်း မေတ္တာပို့ အမျှဝေပေးနေ
တယ်။

''ကဲ . . . ကဲ . . . ကျုပ်လည်း တရားထိုင်ဖို့ အချိန်ကျပြီ။ ဒကာ
လည်း လိုရာကို ကြွပေရော''

''ကျန်းမာချမ်းသာပါစေ''

''တင်ပါ့ဘုရား''

ကျွန်တော်လည်း ဆရာတော်ကို ဦးချ၍ တောရကျောင်းဝိုင်း
အတွင်းမှ ပြန်ထွက်လာခဲ့တော့သည်။ ကျောင်းဝိုင်းအတွင်းမှ ပြန်လာ
သော်လည်း တစ်လမ်းလုံး လွန်ခဲ့သည့်အနှစ် (၂၀) ခန့်က အဖြစ်အပျ
တွေက တရေးရေး ပြန်၍ပေါ်လာတော့သည်။

**စိတ်တူးသစ်စာပေ**



''ဟယ် . . . ဘယ်တတ်နိုင်မလဲ''


''ကံစီမံရာပေါ့''

လွန်ခဲ့သော နှစ်ပေါင်း (၄၀) ကျော်ခန့်က ဖြစ်ရပ်မှန်တစ်ခုကို ရွာအမည်များ ပြောင်းလဲရေးဖွဲ့ထားခြင်းဖြစ်ပါသည်။

ဝင်းနိုင် (ရွှေပြည်သာ)

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

❑

ပြာရီမှိုင်းစပြုနေသော ကောင်းကင်အောက်တွင် တိမ်လိပ်တိမ်တိုက် ...ိုးသည် အဆုပ်လိုက် အခဲလိုက် ရွေ့လျားလွင့်ပါးနေကြသည်။ ကောင်းကင် ...ည် လိမ္မော်ရောင်နေခြည်အသွေးနှင့် နေမင်းကြီးကိုပင် ဖုံးအုပ်ရန် ...းနေသော်လည်း သူရိန်နေမင်းက အနောက်ဘက်တောအုပ်ကြီးအတွင်း ...ဘက် မိုးကုပ်စက်ဝိုင်းကြီးဆီသို့ တအိအိ တိုးဝင်တော့မည်အချိန်၊ ရိုးမ ...သည် အစိမ်းတစ်ဝက် အဝါတစ်ဝက် ရောဖက်ထားသည်။

လေပြင်းကလေးများတို့က တဖြူးဖြူးတိုက်ခတ်နေသဖြင့် အစိမ်း ...ဝါရောထွေးနေသော ရိုးမရင်ခွင်ကြီးသည် ရော်ရွက်ညှောင်းတို့က လေ ...တူ လွင့်မျောပြန့်လွင့်နေသည့် မြင်ကွင်းသည် ညနေအိ နေရီချိန်သို့ ...က်နေသည့်အလား သဘာဝလွန် ပန်းချီကားတစ်ချပ်သဖွယ် လွန်စွာ ...လွန်းနေသည်။

ရိုးမရိုင်းရိုင်းကြီး၏ ရင်ခွင်တွင်း သစ်ရိုင်းပင်ကြီးများ၊ တောအုပ် ...များ ချုံနွယ်ပိတ်ပေါင်း၊ လျှိုမြောင်ချောက်ကမ်းပါးများအပြင် တောင်...ို ...င်သွယ်တောင်တန်းကြီးများတို့နှင့်အတူ သူ့သဘာဝအတိုင်း လှပရေး ...ယ်နေသည်ကလည်း လွန်ကဲနေသည်မို့ သိက္ခာတစ်ခွဲသားရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် အရွယ်မျိုးစုံပါဝင်သော တောဆင်ရိုင်းတစ်အုပ်
တစ်ကောင်၏ကျောပေါ်သို့ နောက်မှကပ်လိုက်လာသည်။ နောက်တစ်
က သူတို့၏နှာမောင်းကြီးကိုတင်လျက် အရှည်လိုက်ကြီး တန်းစီ
လှမ်းနေကြရင်းမှ တစ်နေရာဆီသို့အရောက်တွင် သစ်ရိုင်းပင်အမြင့်ပိုင်း
ရှိနေကြသော သူတို့စား၍ရမည့် သစ်ရွက်၊ သစ်ခက် အညွန့်အဖူးများတို့
နှာမောင်းကြီးများတို့နှင့် လှမ်း၍ဆွဲယူကာ စားသောက်နေကြသော်
သူတို့နှင့် ရောထွေးကာ ပါလာကြသည့် ဆင်ပေါက်ငယ်ငယ်ကလေးတို့
တောချုံပင်များတို့အထက်တွင် ရှိနေကြသည့် ရွက်နုများတို့ကိုပင်
ခဲဆစ်လှမ်းဆွဲကာ တပျော်တပါး စားသောက်နေကြသည်။

အမှန်တော့ သည်ဝန်းကျင်သည် သူတို့အုပ်စုအတွက် ဘေးအန္တရာ
မရှိနိုင်။ သူတို့နှင့်ပါလာကြသည့် ဆင်ငယ်ဆင်ပေါက်များတို့အတွက်
ဘေးကင်းရာဟုသောအထင်ဖြင့် တပျော်တပါး စားသောက်နေကြသော်
သူတို့နှင့်ပါလာသော ဆင်ပေါက်ကလေးများကို သစ်ရိုင်းပင်ကြီးတစ်
အကိုင်းကြီးထက်ဆီမှ သွားစွယ်ကြီးများ တို့အဖွေးသားနှင့် အောက်
ကိုငုံ့လျက် ချောင်းမြောင်းစောင့်ကြည့်နေသော သစ်ဆင်ကြီးတစ်ကောင်
သူတို့ သတိပြုလိုက်မိကြဟန်မတူ။

သစ်ဆင်ကြီးကား အကောင်ကြီးပြီး အရိုင်းစိတ်အပြည့်ရှိနေသ
သတ္တဝါမို့ သူ့အတွက် အခွင့်အရေးရပါက တောဆင်ရိုင်းပေါက်လေး
ကောင်ကောင်ကို ခုန်အုပ်ကိုက်ခဲရန် စိတ်ရှည်လက်ရှည် ငြိမ်သက်စွာ
စားနေသည့်သဏ္ဌာန်။

ကောင်းကင်ပြင်သည် စောစောကအစိမ်းအဝါ ရောထွေးနေသ
အနေအထားမှ အပြာရောင်ဘက်ဆီသို့ ပြောင်းသွားရင်း တစ်မုဟုတ်ချင်း
ဆိုသလို အုံ့မှိုင်းကာ အခါမဟုတ်ဘဲလျက် လျှပ်ပန်းလျှပ်နွယ်များတို့
ပြိုးပြိုးပြက်ပြက် လင်းလက်လာကြသည်နှင့်အတူ မိုးခြိမ်းသံကြီးများ
ကိုလည်း ဆင့်ကာဆင့်ကာ ကြားလာခဲ့ရပြန်သည်။

မကြာမီ မိုးသားများတို့က မည်းသွားပြီး တောင်မကြီးဘက်ဆီ
တိုက်ခတ်လိုက်သော လေပြင်းများနှင့်အတူ သစ်ရိုင်းရွက်ကြီးများတို့မှာ
တိုးသံများတို့နှင့် သောသောညံကာ လှုပ်ရှားသွားပေသည်။





တောဆင်ရိုင်းများတို့ကား ပြိုတော့မည့်မိုးကို ငုံ့လင့်နေ၍လားတော့
သိ၊ စောစောကထက် ပိုမိုမြူးကြွ ပျော်ရွှင်လာကြပုံရသည်။ ဆင်ပေါက်
လေးများတို့မှာ မိခင်ဆင်မကြီးများတို့ ဗိုက်အောက်ဆီ တိုးဝင်လိုက်၊ ဘေး
များတို့ဆီသို့ ပြေးထွက်ဆော့ကစားလိုက် လုပ်ကြရင်း မိခင်ဆင်မကြီး
နို့ကို နှာမောင်းကလေးများတို့နှင့် ဖမ်းဆွဲလိုက်၊ ပါးစပ်ဖြင့် ငုံလိုက်၊
သို့ ပြေးထွက်လိုက်နှင့် ပျော်ရွှင်စွာ ဆော့ကစားနေကြစဉ် ...

✿ ✿ ✿

| ၂ |

❑

ရွာခံလမ်းပြမုဆိုး ‘ပေါလု’ သည်ပင် သည်ရိုးမကြီးကို ကျွမ်းလှပါ
ည်ဟုဆိုစေကာမူ အနက်ရှိုင်းဆုံးသောနေရာဖြစ်သဖြင့် အပြန်လမ်းကို
တွေ့။ ဝေဝေဝါးဝါးဖြစ်နေရသည့်အထဲ ရုတ်တရက် ရွာချလိုက်သော
ကြောင့် ရိုးမကြီးတစ်ခွင်လုံး အမှောင်ဘက်ဆီသို့ လှနေသလို၊ လတ်
လာ ပြိုးပြိုးပြက်ပြက် လင်းလက်လာသော လျှပ်ပန်းလျှပ်နွယ်များတို့
ကြောင့် အလာတုန်းက မှတ်သားထားခဲ့သော အမှတ်အသားများကိုပင် မတွေ့
။ မထူးတော့ပြီမို့ မိုးခိုရန်အတွက် အကာအကွယ်ရနိုင်မည့်နေရာကို
င်း စွန့်စွန့်စားစား တောကြီးအတွင်းတိုးဝင်နေခဲ့သည်မှာ အတွင်းပိုင်း
သို့ ရောက်ရှိလာခဲ့ကြသည်ကို နှစ်ဦးစလုံးမသိခဲ့တာက အမှန်။

ရွာခံမုဆိုး ပေါလု၏ အရိပ်အကဲကိုကြည့်ရင်း ကျွန်တော်က ဖိ
ာင်ထားသော သေနတ်၏မောင်းထိန်းခလုတ်ကို ရှေ့သို့တွန်းပို့ကာ
ရှိက အသင့်ပစ်ခတ်နိုင်ရန် အနေအထားနှင့် နောက်မှပါသော လိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားနေမိသည်။ ပေါလုက သူရောက်ရှိနေသောနေရာ တောင်ကုန်း အထ
က်ဆီမှ ကျွန်တော့်ထံသို့ နောက်ပြန်လှည့်ကြည့်လိုက်ရင်း သူ့ထံသို့ အမြန်
ဆုံးတက်လာရန် အချက်ပြနေသဖြင့် အမြန်တက်လိုက်ပြီး သူ့နည်းအတိုင်း
မြေပြင်တွင် ဝမ်းလျားမှောက်လျက် အနိမ့်ပိုင်းမြေပြင် ချိုင့်ဝှမ်းကြီးအတွင်း
ဆီသို့ လှမ်းကြည့်လိုက်တော့ တွေ့မြင်လိုက်ရသည့် မြင်ကွင်းက တုန်လှုပ်
စရာ။

အရွယ်မျိုးစုံပါဝင်သော တောဆင်ရိုင်းအုပ်ကြီးတစ်အုပ်အပြင် သူတို့
အလယ်တွင် ထီးထီးကြီးပေါက်နေသည့် 'မယ်ဇယ်ပင်'ကြီး၏ ကြီးမားသော
အကိုင်းကြီး တစ်ကိုင်းအထက်ဆီတွင် ဗိုက်ရှုပ်ကပ်လျက် ဝပ်စင်းရင်း အလယ်
အဝိုက်တွင် အောက်ဘက်ဆီရှိ တောဆင်ရိုင်းကြီးများတို့အကြားမှ ဆင်ပေါက်
ကလေးများတို့ကို ခုန်အုပ်ကိုက်ခဲဖို့ အောက်သို့ငုံ့ကာ အာရုံစိုက်နေသည့်
သစ်ဆင်ကြီးတစ်ကောင်တို့၏ မြင်ကွင်းပင်။

မိုးကလည်း သည်းနေသလို လေပြင်းကလည်း တိုက်နေသည့်ကြား
တောဆင်ရိုင်းအုပ်ကြီးအတွင်းမှ ဆင်ပေါက်ကလေးများကား ပျော်ရွှင်ဝမ်းသာ
နေပုံနှင့် သူတို့၏နှာမောင်းကလေးများတို့ကို ဦးကင်းဆီသို့ကပ်လိုက်၊ မိုးပေါ်
သို့ ပင့်မြှောက်လိုက်ကြရင်း 'တဝူးဝူး ‥ တကျည်ကျည်' အော်ရင်း မပီမသ
ဟစ်ကြွေးနေကြသည်။

တောဆင်ရိုင်းအကောင်ကြီးများတို့ကား 'မယ်ဇယ်ပင်'ထက် သစ်
ကိုင်းကြီးပေါ်တွင် သူတို့အုပ်စုအတွင်းမှ ဆင်ပေါက်ကလေးများတို့ကို အန္တရာယ်
ပေးမည့် သစ်ဆင်ကြီးတစ်ကောင် ငြိမ်သက်စွာ ပုန်းကွယ်ချောင်းမြောင်းနေ
သည်ကို ရိပ်မိပုံမရသလို၊ မိုးဒဏ်နှင့်လေဒဏ်တို့ကြောင့် အနံ့အသက်များ
ကို ရကြပုံမပေါ်သလို ရိပ်မိပုံလည်းမရကြသဖြင့် လတ်တလောရွာချလိုက်
သည့် မိုးရွာသွန်းလိုက်မှုအပေါ် အပျော်ကြူးရင်း စားကောင်းမည့် သစ်ရွက်
သစ်ညွန့်များတို့ကို နှာမောင်းများနှင့် ဆွဲယူချိုးဖဲ့ကာ စားသောက်နေကြ
သည်မို့ ကျွန်တော်က တောဆင်ရိုင်းအကောင်ကြီးများနှင့် အတန်ငယ်
အလှမ်းဝေးသောနေရာတွင် ရောက်ရှိပျော်မြူးနေကြသည့် ဆင်ပေါက်ကလေး
တစ်ကောင်အား ခုန်အုပ်တော့မည့် သစ်ဆင်ကောင်ကြီးအား ကိုင်ဆောင်ထား
သည့်သေနတ်နှင့် ပြောင်းတန်းကာ ချိန်ရွယ်ထားလိုက်မိပေတော့သည်။





ထိုစဉ် မိုးခြိမ်းသံများနှင့်အတူ လျှပ်တစ်ချက် ဝင်းလက်သွားပြီး
မိုးကြိုးပစ်ချလိုက်သည့် အသံကြီးနှင့် သဲသဲမဲမဲရွာချနေသော မိုးကြောင့် ရှိုးမ
ကြီးကား ကြောက်စရာအသွင်မျိုးနှင့် မည်းမှောင်ကာ လေပြင်းတိုက်ခတ်သံ
နှုန်းကလည်း ပိုလာသည်။

ကျွန်တော်တို့နှစ်ဦး တောင်ကမ်းပါးယံထက် အမိုးအကာမဲ့ကြားမှ
သစ်ဆင်ကောင်ကြီး၏ လှုပ်ရှားမှုကို အလွတ်မပေးစတမ်း စူးစူးစိုက်စိုက်
ကြည့်နေလိုက်ကြစဉ်အတွင်း သစ်ဆင်ကောင်ကြီးက လတ်တလော ရာသီဥတု
ဖောက်ပြန်နေမှုကို အခွင့်အရေးယူလျက် ဆင်ပေါက်ကလေးတစ်ကောင်ကို
ခုန်အုပ်ကိုက်ခဲဖို့ သစ်ကိုင်းကြီးထက် ပြားနေအောင်ဝပ်စင်းနေရာမှ အမြီး
ကို တယမ်းယမ်းလှုပ်ရှားရင်း သစ်ကိုင်းထက်မှ အားယူလိုက်စဉ် ‥‥

"ဒိုင်း"

အငြိုးအတေးကြီးစွာ ရွာချနေသောမိုးနှင့် တိုက်ခတ်နေသည့်
လေပြင်းတို့အကြားမှ ကျွန်တော်ကိုင်ဆောင်ထားသော သေနတ်၏ပေါက်ကွဲ
သံကြီးက အောင်မြင်စွာ ထွက်ပေါ်သွားပေသည်။ သေနတ်သံကြီးနှင့်အတူ
ကြောက်စရာအကောင်းဆုံးသော တောရိုင်းတိရစ္ဆာန် သစ်ဆင်ကောင်ကြီး
က သူ့အထက်တွင် အနီးကပ်ရန်သူရှိနေသည်ကို မသိလိုက်ရခြင်းအတွက်
ဒီဟာ ခဂ်ညှံညှံ့ အကောင်တစ်ကောင်ပါလားဟူသော အတွေးကို ဆုံးခန်း
တိုင်အောင် တွေးမသွားနိုင်ရှာဘဲ အထက်ထက်ပြင်နှစ်ခုကြားကို ချုပ်ပြီး
အပေါ်စီးမှ ပစ်သွင်းခံလိုက်ရသော ကျည်ခဲလုံးများ၏ဒဏ်ကြောင့် ပြင်းထန်
သောဝေဒနာကို ခံစားလိုက်ရသည့်အသွင်နှင့် ကျောကော့ကာ ဓသယေဖော
ပြင် အသံနက်ကြီးနှင့် ငယ်သံငယ်ရင်းပါအောင် ကျူးကာအော်ဟစ်လိုက်ရင်း
မြေပြင်ထက်ဆီသို့ ဖွဲ့အိတ်ကြီးတစ်အိတ် ပစ်ချလိုက်သည့်ပမာ 'ဗုန်း'ခနဲ
ပြုကျသွားပြီး မချိမဆံ့နှင့် နာနာကြည်းကြည်း ဟိန်းဟောက်ရင်း သွေး
သွေးလူးဖြင့် မြေပြင်တွင် လူးလိမ့်နေပေသည်။

တခုပ်တမဲ့ အစာကိုအငမ်းမရဆွဲယူကာ စားသောက်နေကြသည့်
တောဆင်ရိုင်းအုပ်သည် ယခုမှပင် အသိတရားဝင်ပြီး အိပ်ရာမှ နိုးထလာ
ကြသူများတို့ပမာ သူတို့အတွက် အနီးကပ်အန္တရာယ် ရှိနေကြပြီဟူသော
အသိကြောင့် စားလက်စအစာများကိုစွန့်လျက် သူတို့ ထိန်းကျောင်းနေကြ



www.burmeseclassic.com

www.burmeseclassic.com



သည့် ဆင်ပေါက်ကလေးများရှိရာဆီသို့ ကဆုန်စိုင်း စုပြုပြေးလွှားလာခဲ့ကြ ပေသည်။

ဆင်ပေါက်ကလေးခမျာ သူ့တွင် အန္တရာယ်လက်တစ်ကမ်းတွင် ရှိနေသည်ကို သိရှိပုံမပေါ်ဘဲ ကောင်းကင်ထက်မှ အရှိန်အဟုန်နှင့် ပစ်ဆ လာပြီး ရှုးရှူးဝါးဝါးမြေပြင်တွင် သွေးသံရဲရဲတို့နှင့် အော်ဟစ်နေသော အကော ကြီးကို ...

"ဟ ... ငါတို့နဲ့လည်း မတူပါလား။ ဘယ်လိုအကောင်တ က ကြားလိုက်ရတဲ့အသံကြီးကြောင့် ယခုလိုအဖြစ်မျိုးကို ရောက်နေ ကလား"

ဟူသော ရှုးရှူးစမ်းစမ်းအတွေးမျိုး၊ အကြည့်မျိုးနှင့် ငူငူငိုင်ငိုင်ကြ နေစဉ် သစ်ဆင်ကောင်ကြီးမှာ သူ၏ဝန်းကျင်တွင် စက်ဝိုင်းသဏ္ဍာန်ဝိုင်းပ ကာ နေရာယူထားကြသော တောဆင်ရိုင်းအုပ်ကြီးအတွင်းမှ ဖောက်ထွ နိုင်ဖို့ ရုန်းထလိုက်စဉ် ဝေါခနဲ တောဆင်ရိုင်းအုပ်ကြီး၏ နှာမောင်းများန ရိုက်သံ၊ တိုးဝှေ့နင်းချေခံလိုက်ရသဖြင့် အရိုးများကျိုးသံ၊ အစွယ်များတို့န ဝိုင်းကာ အထိုးခံလိုက်ရသည့်အကြားတွင် အသက်ပျောက်ကာ ပြားချပ်ခ ပုံစံ ဖြစ်သွားသည့်မြင်ကွင်းကို တွေ့မြင်လိုက်ရပေတော့သည်။

✿ ✿ ✿

[ ၃ ]

❑

အမှတ်မထင်ရှာချလိုက်သော မိုးနှင့်လေဒဏ်တို့ကြောင့် ဝေ့ဝေ့ ါဖြစ်နေသည့် လမ်းအမှတ်အသားများက ပို၍ပင် ပျက်စီးကုန်ကြ ပြီ။

ဆင်အုပ်ကြီးအတွင်းမှ တောဆင်ရိုင်းငယ်ကလေးအသက်ကို အကာ ွယ်ပေးခဲ့ပြီး တောဆင်ရိုင်းအုပ်များနှင့် လွတ်ရာလွတ်ကြောင်းရွေးကာ ဦးသား ထွက်ပြေးလာခဲ့ရသည့်မို့ မောဟိုက်ကာ ပင်ပန်းသည့်အပြင် အေးဒဏ်၏ဖိစီးခြင်းကိုလည်း ခံလာရပြန်သည်။ ပို၍ဆိုးသည်က အချိန် တ် မိုးရွာချလိုက်ခြင်းကြောင့် ဘယ်ကဘယ်လို ထွက်လာကြမှန်းမသိ ာ တောခြင်ရိုင်းကြီးများ၊ တောဖြုတ်ကောင်များတို့၏ ကိုက်ခဲခံရခြင်း က မသက်သာ၊ တစ်ကိုယ်လုံး အဖုအပိမ့်များတို့ထွက်ကာ ယားယံခြင်း ကို ခံရသည့်ဒဏ်ကပိုဆိုးသည်။ ယခုထက်တိုင် လမ်းစကိုရှာမရသေး။

တောဆင်ရိုင်းအုပ်က သူတို့၏သားကလေးအသက်ကို ကယ်တင် သည့် ကျေးဇူးရှင်ကိုသိမည်မဟုတ်၊ ကျွန်တော်တို့ကိုတွေ့လျှင် ရန်သူ ဆင်နှင့် လိုက်လာကာ ရန်ရှာနိုင်သေးသည်။ အသက်ဘေးမို့ ပင်ပန်းသော် ည်း မနားရဲ။ လမ်းစကို ရှာနေရသေးသည်။

ယခု ကျွန်တော်တို့နှစ်ဦး ရောက်ရှိနေသည့် ရိုးမအတွင်းပိုင်းကြီး ည် ရွာခံလမ်းပြမုဆိုး ပေါလု ပါသည်ဆိုသော်လည်း မည်သို့မျှ မ သလို ကျွန်တော့်အတွက်ကလည်း အစိမ်းသက်သက်မို့ အရှေ့အနောက်



www.burmeseclassic.com

www.burmeseclassic.com



တောင်မြောက်မမှန်းဆနိုင်သဖြင့် နှစ်ဦးစလုံးအဖို့ ဝက်ပါထဲ မျက်စိလည် နေကြသလိုပင်။

မိုးသက်လေပြင်းများ၏ဒဏ်ကြောင့် သစ်ကိုင်းသစ်ခက်များ ပြိုလဲ ကျိုးကျကုန်သလို ချောက်ကမ်းပါးယံများတို့လည်း ပြိုကျသဖြင့် လမ်းစကို လုံးဝရှာမရ။ ဗိုက်ထဲမှ ဆာလောင်မွတ်သိပ်သည့်ဒဏ်ကိုလည်း တင်းခံထော ထားသော်လည်း လေကအောင့်လာပြီး လမ်းပင်မလျှောက်နိုင်တော့။ ပေါလု အိတ်အတွင်းပါလာသော အရက်ပုလင်းကို ထုတ်ယူပြီး နှစ်ဦးသား မော့ လိုက်ကြပေသည်။ ပြီးမှ အတန်ငယ် နွေးထွေးလာကြသဖြင့် လမ်းစကိုရှာ ရန် ဆက်လက်လျှောက်လှမ်းလိုက်ကြပေသည်။

တောအုပ်ကြီးအတွင်းမှ လွန်မြောက်တော့ မြက်ရိုင်းတောကြီးက ရှေ့မှဆီးကြိုနေပြန်သည်။ မိုးရေများစိုထားသော မြက်ရိုင်းခြောက်များက ထူထပ်နေသဖြင့် လမ်းကို ပိုမိုဂရုစိုက်နေကြရသည်။ ထိုစဉ် ...

"ရှီး ...ဖျိုး ...ဖျိုး ...ဖျိုး"

နှစ်ဦးသား မြက်ရိုင်းတောကြီးအတွင်း သတိထားကာ ဖြတ်သန်း နေကြစဉ်အတွင်း လက်ဝဲဘက် ကျူပင်၊ ကိုင်းပင်များနှင့် ရောထွေးနေသည့် မြက်ရိုင်းတောကြီး အထက်ပိုင်းဆီမှ မာန်ဖီ ရန်လိုသံကြီးတစ်သံကို ကြား လိုက်ရသဖြင့် အသံကြားလိုက်ရာဆီသို့ ကိုင်ဆောင်ထားသည့်သေနတ်နှင့် ထိုးချိန်ရွယ်လိုက်ရင်း လှမ်းကြည့်လိုက်ရာ အပင်ခြောက်များစုပုံနေသည့် အပုံ ကြီးဘေးဘက်ဆီမှ ပါးပျဉ်းကြီးကိုထောင်ကာ ခွက်လျက် ကျွန်တော်တို့ နှစ်ဦးအား လှမ်းပေါက်ဖို့ရန်မူနေ သည့်မြွေကြီးတစ်ကောင်ကို တွေ့မြင် လိုက်ရသဖြင့် ပစ်ခတ်တော့မည်အလုပ် ...

"ဘိုလေး ...နောက်ဆုတ်၊ နောက်ကိုပြန်ဆုတ်၊ သွားမပစ်လိုက်နဲ့၊ အသိုက်ဝင်နေတာ။ တောကြီးမြွေဟောက်မျိုးဗျ။ အားကြီးရန်လိုတဲ့ အကောင်မျိုးတွေ"

ပေါလုက တထိတ်တလန့်နှင့် လှမ်းတားလိုက်သည်မို့ သေနတ်နှင့် လှမ်းမပစ်လိုက်တော့ပဲ နောက်ကိုပြန်ဆုတ်လိုက်ပြီး လာလမ်းကို ပြန်လည် ဦးတည်လိုက်ကြရပြန်ပေသည်။

မြွေကြီးကား မသေးလှ။ လုံးပတ်က ကွမ်းသီးပင်လုံးခန့်၊ ရှည်ရှည်





ဝိုင်းနေသောပါးပျဉ်းခွက်၊ မည်းနက်ရှည်လျားသော လျှာနှစ်ခွ၊ နီရဲရဲလို နေသော မျက်လုံးအစုံ၊ ဘေးဘက်ဆီသို့ကားထွက်၍ ချွန်ထက်ရှည်လျား သော သွားစွယ်၊ သားဖောကပ်ကာ ဒေါသပွနေသည့်အသွင်။

သူ၏ ခန္ဓာကိုယ်က နက်ပြောင်ချောမွေ့နေပြီး အားကောင်းမောင်း သန်မြွေတစ်ကောင်ပင်။ အဆိပ်လည်း ပြင်းမည်။ ကြောက်စရာကောင်း သည့် အကောင်ကြီးတစ်ကောင်ပင်။

ကျွန်တော်တို့နှစ်ဦး သူ့ကိုနောက်ကြောင်းပြန်ဆုတ်၍ ရှောင်ကွင်း များသည့်တိုင် သားဖောကပ်ကာ ဒေါသထွက်နေသည့်မို့ နောက်ကြောင်း မလှည့်။ အတော်ကလေးလိုက်လာပြီး သူ့ကိုကျွန်တော်တို့ ရန်မပြုတော့ မှ နောက်ကြောင်းလှည့်သွားပေသည်။

ယခုအချိန်မှပင် အငြိုးကြီးစွာ ရွာနေသောမိုးက စဲသွားသလို လေ ကလည်း အတန်ငယ်ငြိမ်သွားသည်။ ကျွန်တော်တို့နှစ်ဦးစလုံး အချိန်ကြာ မြင့်စွာ မိုးရေစိုရွှဲခြင်း ခံထားရသည့်ဒဏ်ကြောင့် ခိုက်ခိုက်ပင် တုန်နေခဲ့ကြ ပြီ။ သို့သော် အပြန်လမ်းစကို ရှာမတွေ့သေး။ သည်အတိုင်းဆိုလျှင် စခန်း ရာဆီသို့ ပြန်မရောက်နိုင်တော့သည်မို့ သည်တောကြီးတစ်နေရာတွင် အိပ်စက်ကြရပေတော့မည်။

"ပေါလု ..လမ်းစရှာမရရင် နားဖို့နေရာကြည့်တော့။ မိုးကလည်း စိတ်မချရသေးတော့ သစ်ပင်ပေါ်ထက် ဂူလိုနေရာက ပိုကောင်းမယ်။ အချိန် မှီတော့ဘူး ချမ်းလည်း ချမ်းလာပြီ"

နှစ်ဦးသား တစ်ညတာကုန်လွန်ရေးအတွက် လမ်းစကိုလည်း ရှာ နေသည့်အဆုံး သက်သောင့်သက်သာနားခိုရင်း တစ်ညတာ လွန်မြောက်နိုင် မည့်ဘက်ဆီသို့ ဦးတည်ရပေတော့သည်။

တောကြီးစိမ်းစိမ်းမို့ နေဝင်လာသည်နှင့်အမျှ အမှောင်ဘက်ဆီ သို့ လှလာသည်။ မိုးကား အလွန်အမင်းရွာချထားသည်မို့ အအေးဓာတ်က လည်း ပိုကဲနေသည်။ သောက်ထားသော ပါစကတို့ကလည်း အန်မတုနိုင်။ အဝတ်အစားများတို့ကလည်း စိုရွှဲနေကြသည် မဟုတ်ပါလား။

"ဘိုလေး ...ဟိုနေရာ မကောင်းဘူးလား နောက်ချာလုံ သယ်"



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လု လက်ညှိုးထိုးပြလိုက်ရာဆီသို့ ကျွန်တော် လှမ်းကြည့်လိုက်ရာ မြင့်မားသော ကျောက်ကမ်းပါးယံကြီး၏ ပါးတစ်ရိုက်ခန့်အမြင့်တွင် အတွင်းဘက်ဆီသို့ ဂလိုင်ပုံစံ ခွက်၍ဝင်နေသော လူလေးငါးဦးခန့် နား အိပ်စက် လဲလျောင်းနိုင်သည့် နေရာမျိုးမို့ ...

"အေး ...ကောင်းတယ်ကွ၊ ဂလိုင်ဆိုတော့ ဘေးဘယ်ညာ အထက်အောက် လုံတယ်။ မျက်နှာစာတစ်ခုပဲ ဂရုစိုက်ရမယ်။ မင်းတက် ကြည့်စမ်း အခြေအနေကို ..."

ကျွန်တော်ပြောလိုက်သည့်အတွက် ပေါ်လုက လှေကားထစ်သဖွယ် ပြုလုပ်ထားသည့် အထစ်များဆီမှ အထက်သို့တက်သွားကာ အတန်ကြာ ကြည့်လိုက်ရင်း အောက်တွင်ရပ်နေသည့် ကျွန်တော့်အား ခေါင်းငုံ့ကြည့်ကာ ပြောလိုက်ပုံက ...

"နေရာကတော့ ဂွတ်ရှယ်ဗျို့။ အရင်လူတွေ ဒီမှာ စခန်းချသွား ပုံပဲ။ မီးဖိုနဲ့ ထင်းခြောက်တွေတောင် ကျန်နေသေးတယ်ဗျ"

ပေါ်လုက လှမ်းပြောလိုက်သဖြင့် ကျွန်တော် အလွန်အမင်းဝမ်းသာသွားမိသည်။ နှစ်ဦးသား ကျောက်ကမ်းပါးယံ လိုဏ်အတွင်းဆီသို့ လှေကားထစ်များမှတက်ရောက်ပြီး နေရာယူလိုက်ကြသည်။ ပါလာသော ဖယောင်းတိုင်တိုကို မီးတို့ကာ အသင့်ရှိနေသော ထင်းခြောက်များနှင့် မီး ကြီးတစ်ဖိုကို မီးမွှေးလိုက်ပြီး မိုးစိုနေကြသော အဝတ်အစားများကိုချွတ်ကာ အပူငွေ့နှင့် ခြောက်အောင် လှမ်းလိုက်ကြပေသည်။ ထိုအချိန် ပေါ်လုအိတ် အတွင်းရှိနေသည့် အရက်ပုလင်းကိုဖွင့်ကာ နှစ်ဦးသား အချမ်းပြေသောက် နေလိုက်ကြစဉ် ...

"တ-ကု ...ကူး ...ကူး ...ကူး"

အသံကို သုံးဆင့်ဆွဲလျက် ချွဲချွဲနွဲ့နွဲ့နှင့် အုပ်လိုက်နားနေရင်း အဆက်မပြတ်ကူသံပေးနေသော 'ချိုးငှက်ကူသံ'ကို ကြားလိုက်ရသည်မို့-

"ပေါ်လု ...ဂျွန်တိုးသံ ကြားရတယ်ကွ။ လက်ကျန်အရက်ကလေး နဲ့ဆို လိုက်ဖက်ညီတယ်ကွ"

ပေါ်လုက ကျွန်တော်ပြောလိုက်သည့်စကားကို နားလည်ဟန်မတူသဖြင့် ...





"ဘာလဲ ဂျွန်တိုးတယ်ဆိုတာ"

"ခြော်ကွာ ...ဂျွန်တိုးတယ်ဆိုတာ ချိုးတွန်သံကြားနေရတာကို ပြောတာကွ။ ပစ်လို့ရရင် အကောင်းသား။ ချိုးကင်ကလေးနဲ့ လက်ကျန် အရက်ကလေးဆို လိုက်မှလိုက်။ အဆာလည်း ပြေတာပေါ့ကွာ"

ပေါ်လုက ကျွန်တော့်စကားအဆုံးတွင် လိုဏ်အတွင်းမှ လေးဖက် ထောက်ကာ ထွက်လိုက်ရင်း ချိုးတွန်သံများကြားရာဆီသို့ လှမ်းကြည့်ပြီး နောက်ကလည်း ...

"ချိုးအိပ်တန်းနဲ့တော့ တိုးနေပြီဗျို့။ မိုက်ဖြည့်ဖို့အတွက် ပူမနေ နဲ့၊ နည်းနည်းလေးမှောင်ရင် ချိုးသားအဝစားဖို့အတွက် ကျွန်တော်တာဝန် ယူတယ်"

"ဘာလဲ ...မင်းက သွားပစ်မလို့လား။ စရိတ်ကျည်မှ မရှိတာ ဒဲ"

"ဘယ်ပစ်ပါ့မလဲဗျာ ...ဒီကောင်တွေနေတဲ့ အနေအထားကို ကြည့်ပြီး ကျည်ကုန်ခံလို့။ အိပ်တန်းမှာ သွားရိုက်ယူမှာဗျ။ ရိုက်ယူမှာ"

သူပြောလိုက်သည့် စကားများတို့ကြောင့် ကျွန်တော်လည်း လေး ဖက်ထောက်ကာ သွားလိုက်ရင်း ချိုးတွန်သံများကြားရာဆီသို့ စောင်းငဲ့ ကြည့်လိုက်သည်။ ဝါးပင်ပေါက်အထက်ပိုင်းများတွင် တန်းစီ၍ နားခိုနေကြ သော ချိုးအိပ်တန်းကို တွေ့လိုက်ရသဖြင့် ...

"အေးကွ ...တို့တစ်တွေကံကောင်းရင်တော့ ချိုးအိပ်တန်းနဲ့ ဘာတိုးနေတာပဲ။ ပေါ်လုရေ ထင်းရှာလိုက်ကြရအောင်။ တစ်ညလုံးအတွက် ထင်းမလောက်နိုင်ဘူးကွ"

"ထင်းရှာဖို့က သိပ်ဝေးဝေး မသွားရပါဘူး။ ဟိုမှာ ထင်းတုံးကြီး တွေ၊ ဟိုလူတွေရှာပြီး ဖြတ်ထားခဲ့တာနဲ့တူတယ်။ ကျွန်တော် အောက် ကိုဆင်းပြီး မ,တင်ပေးမယ်။ ဘိုလေးအပေါ်က လှမ်းယူ။ လိုရမည်ရ သေနတ် ကို အဆင်သင့် ဘေးမှာချထားနော်"

ပေါ်လုက ပြောပြောဆိုဆို အောက်ကိုဆင်းသွားပြီး ခပ်လှမ်းလှမ်း တွင်ရှိနေသည့် ပေါင်လုံးသာသာခန့် ရေစိုနေသော သစ်ကိုင်းခြောက်လုံးကြီး များကို မ,ယူလာပြီးပေးနေသည်မို့ ကျွန်တော်က အပေါ်မှလှမ်းယူပြီး မီးပို



www.burmeseclassic.com

www.burmeseclassic.com



ကြီးဘေးတွင် စုပုံထားလိုက်သည်။ ကျွန်တော်တို့နှစ်ဦးသား ထင်းများသယ်နေကြသဖြင့် အထိုက်အလျောက် အသံများထွက်သွားသည်ကြောင့် ဝါးကိုင်းများတွင်နားခိုရင်း အိပ်တန်းတက်ရန် ဟန်ပြင်နေကြသောချိုးအုပ်က လန့်ကာပျံသန်းသွားကြသော်လည်း မကြာမီ လေထဲတွင် ကွေ့ဝိုက်ပျံသန်းရင်း ထိုနေရာတွင် ပြန်လည်နားခိုလိုက်ကြသည်ကို တွေ့လိုက်ရပေသည်။ ထင်းများကား ယခင် စခန်းချသွားသူများတို့က သည်နေရာတွင် စုပုံထားခဲ့ဟန်ယ်ကျွန်တော်တို့နှစ်ဦးအတွက်မူ အဆင်ပြေလိုက်သည့်ဖြစ်ခြင်းရယ်သာ။

ကိုင်ဆောင်လာကြသည့် သေနတ်များကား ကျွန်တော်တို့နှစ်ဦးတွင် နှစ်မျိုးယူဆောင်လာခဲ့ကြသည်။ ပေါလုကိုင်ဆောင်လာသော သေနတ်မှာ ၃၀.၀၆ (စပရင်းဖီးလ်) ရိုင်ဖယ်ဖြစ်ပြီး ကျွန်တော်က လက်စွဲတော်နှစ်လုံးပြူးသေနတ်ဖြစ်သည်။ ထိုစဉ် ခပ်လှမ်းလှမ်း ကျူပင်ရိုင်း၊ ကိုင်းပင်ရိုင်းများရောထွေးနေသည့် တောချုံပုတ်ကြီးအတွင်းဆီမှ 'ဟဲ'ခနဲ မာန်ဖီသံကြီးတစ်သံကို ကြားလိုက်ရသည့်အတွက် နှစ်ဦးသား ခေါင်းမှဆံပင်မွေးများတို့ပင် ထိုးထိုးထောင်ထောင်၊ ကြက်သီးများထသွားကာ သေနတ်များကို လှမ်းယူပြီး ပစ်ခတ်ရန်အနေအထားမျိုးနှင့် ပြင်ဆင်လိုက်မိကြပေသည်။

သို့သော်လည်း ထိုမာန်ဖီသံကြီးတစ်ချက်ကို ကြားလိုက်ရပြီးနောက်ပိုင်း ထူးခြားမှုမရှိသည့်အတွက် စိတ်ပူပင်စွာနှင့် ...

''ပေါလု ... ဒီအခြေအနေမျိုးဆို မင်းချိုးရိုက်ဖို့ကိစ္စက စိတ်ချရပါ့မလား''

''အခြေအနေကို စောင့်တော့ ကြည့်ရမယ်လေ။ ဒီအကောင်ကြီးက ကျွန်တော်တို့ကို တွေ့သွားလို့ ကပ်နေသလားပဲ။ သူ အစာရှာထွက်တဲ့အချိန်ကို စောင့်ရမှာပဲ''

သူပြောလိုက်သည့်စကားကြောင့် ကျွန်တော် သားကောင်ကြီးအသံကြားလိုက်ရာဘက်ဆီသို့ စူးစူးစိုက်စိုက် ကြည့်လိုက်မိပြန်သည်။ မြက်ရိုင်းတောကြီးဆိုသော်လည်း ကျူပင်ရိုင်း၊ ကိုင်းပင်ရိုင်း၊ မြက်ရိုင်းပင်ကြီးများတို့နှင့်ရောထွေးနေပြီး အပင်များတို့က တုတ်ခိုင်သန်စွမ်းပြီး လူနှစ်ရပ်စာပါးလောက် မြင့်မားနေကြသည်ကို သတိပြုမိပေသည်။

မီးဖိုကြီးအတွင်းမှထွက်နေသော မီးခိုးများတို့၏ သွားရာလမ်း





ကြောင်းကို ကြည့်လိုက်တော့ မြက်ရိုင်းတောကြီးဘက်ဆီသို့ လွင့်ပါမသွားကြောင်းကို တွေ့မြင်လိုက်ရသဖြင့် တော်နေသေးသည်ကအမှန်။

ကျွန်တော်တို့ ထိုင်နေရာဆီမှ သားကောင်ကြီး ဟိန်းဟောက်သံကြားလိုက်ရာဆီကို သတိထားလိုက်တော့ ဘေးဘယ်ညာများတို့ဆီတွင် အပင်များပါးသည့် နေရာများကရှိနေသဖြင့် အကယ်၍များ သားကောင်နှင့်ဆီတိုက်တွေ့မြင်ရပါက ပစ်ကွင်းကသာနေသဖြင့် တော်နေသေးသည်ဟုဖြေလိုက်ရပေသည်။

အတန်ကြာ စောင့်ကြည့်အကဲခတ်နေလိုက်တော့ စောစောက ကြားလိုက်ရသော သားကောင်ကြီး၏အသံကို လုံးဝမကြားရတော့သဖြင့် အစာရှာထွက်ပြီး အဝေးဆီသို့ထွက်သွားဟန်ထင့်။ ထိုစဉ် ပေါလုထံမှ အသံခပ်တိုးတိုးနှင့်ပြောလိုက်သည်က ...

''ဘိုလေး ... ချိုးဘယ်နှစ်ကောင်လောက်ရရင် တော်ပြီလဲ။ အကောင်နှစ်ဆယ်လောက်ရရင် တော်ပြီလား။ နောက်ထပ်ယူဦးမှာလား''

ပေါလုက အခြေအနေကိုချိန်ဆကာ ကျွန်တော့်ကို အပိုင်ပြောနေသည်မို့ ...

''ဟ ... ပေါလုရဲ့ မင်းဟာက ဟုတ်ကောဟုတ်ရဲ့လားကွ''

''ကြည့်လေ ... စောင့်ကြည့်ပေါ့။ ပေါလုဆိုတဲ့အကောင်က မပိုင်ရင် ခြင်ထောင်ထဲဝင်နေတဲ့ခြင်ကိုတောင် မရိုက်ဘူး။ ဒါနဲ့ မေးကြည့်ဦးမယ်။ ဝါးရုံပင်ထိပ်ဖျားမှာ အိပ်တန်းတက်တဲ့ချိုးက ဘယ်နှစ်မျိုးလဲ ... သိလား''

''ဟေ ... ချိုးပဲကွာ ဘယ်နှစ်မျိုးရှိမလဲ။ ငါသိသလောက်တော့ နှစ်မျိုးလောက်ပဲရှိတာ''

''မဟုတ်ဘူး ... ဘိုလေးရဲ့။ ချိုး ငါးမျိုးရှိတယ်ဗျ''

''ဘာ ... ငါးမျိုးရှိတယ် ... ဟုတ်လား။ အဲဒီငါးမျိုးကို ပြောပြဦး။ ဘာတွေလဲ။ ဘယ်လို ခွဲခြားတာလဲကွ''

''အကြမ်းအားဖြင့်ပေါ့ဗျာ ... ချိုးစိမ်း၊ ချိုးပိန်းတူး၊ ချိုးလည်ပြာ၊ ချိုးလည်ပြောက်နဲ့ ချိုးနီပုဆိုပြီး ငါးမျိုးရှိတယ်ဗျ။ သူတို့ကတော့အသံတို လိုက်ပြီး အမျိုးအစားခွဲတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား . . . သူတို့တွန်တဲ့အသံတွေက ဘယ်လိုမျိုးခွဲတာ ဗဟုသုတအဖြစ် ပြောပြပါကွာ။ မှတ်သားလောက်ပါတယ်"

"ဒီလိုဗျ။ ချိုးစိမ်းဆိုတဲ့အကောင်မျိုးရဲ့ တွန်သံက (တကု . . . ကူး . . . ကူး . . . ကူး)ဆိုပြီး သုံးဆင့်တဲ့ ကူတယ်ဗျ။ ချိုးပိန်းတူ (တကု . . . ကူး) ဆိုပြီး လေးလေးနက်နက်နဲ့ ပျင်းစရာကောင်းတဲ့အသံ နဲ့တွန်တယ်။ ချိုးလည်ပြောက်က သူ့အသံက ပျော့ပျောင်းညင်သာတယ် ချိုးလင်းပြာအသံက အေးတယ်။ ချိုးနီပု သူ့အသံက ဆန်းတယ် (တကု ကုကူကူး)လို့ အသံရှည်နဲ့ ဆက်အော်သံကို ခွဲခြားနားထောင်ပြီး အ အစားကို ခွဲရတာပေါ့"

"အေးပါ . . . ပေါလုရယ်၊ မင်း အခုလိုရှင်းပြလို့ ငါ့အတွ ဗဟုသုတရပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ ဒါနဲ့ မင်းဒါတွေကို အ လိုသိသလဲ"

"ကျွန်တော် ခုလိုအမဲမလိုက်ခင်က ချိုးထောင်စား၊ ရိုက်စား သူမို့ အတွေ့အကြုံအရ သိနေတာပေါ့"

ထိုအချိန်သည် ဝန်းကျင်တစ်ခွင်လုံးတွင် ဝိုးတဝါးအလင်းရော ကြောင့် မှုန်ဝါးဝါးသစ်ပင်ကြီးတို့ထက်ဝယ် ညငှက်များတို့၏ တေးသီသံ တောကြက်ဖငယ်များတို့၏ ဟိုအနား သည်အနားတို့ဆီမှ တွန်သံများ၊ ရင် ကြီးများတို့၏ အတောင်ခါသည့် 'တဒီဒီး' အသံများ ကိုကြားနေရသည်။

ထိုအသံများနှင့်အတူ ဖြူကောင်များ၏မာန်ရစ်သံ၊ မိတ်ခေါ် သံများအပြင် ဖားအော်သံ၊ မြွေတွန်သံများတို့အပြင် ရှီးမရှိုင်းရှိုင်းကြီး ရင်ခွင်သည် အအေးဘက်ဆီသို့ အားသာစပြုလာခဲ့ပြီမို့ မီးဖိုကြီးဘေးတွင် အခြောက်လှမ်းကာ အပူငွေ့ပေးထားသည့် အဝတ်အစားများကို ပြန်လည် ဝတ်ဆင်လိုက်ကြပြီး ထင်းတုံးကြီးများကို ဆိုင်း၍ ထည့်လိုက်ကြရင်း ဗိုက်က ဆာလောင်လွန်းသဖြင့် 'တဂွီးဂွီး'နှင့် လေထသံကို ကြားလိုက်ဟန်ထင် ပြောလိုက်သည်က . . .

"ဘိုလေး . . . မလိုက်ခဲ့နဲ့။ သေနတ်ကို အသင့်ကိုင်ရင်း ဒီကစော် နေ။ ထူးရင် မီးလှမ်းထိုး အချက်ပြလိုက်မယ်။ ကျွန်တော် တစ်ယောက်တည် သွားရိုက်မယ်"





ပေါလုက သူ့လွယ်အိတ်အတွင်းမှ သုံးတောင့်ထိုးဓာတ်မီးကို ထုတ် ပြက် မီးအစုအကျဲကိုစမ်းကာ ကျွန်တော်ကိုင်ဆောင်သည့် နှစ်လုံးပြူး နတ်နှင့် သူ့သေနတ်ကိုလဲကာ ပုဆိုးတွင်လွယ်ရင်း အောက်ဆီသို့ ဆင်း သည်ကို ကြည့်နေလိုက်မိသည်။ ဆေးပေါ့လိပ်ကို မီးတို့ ဖွာရှိုက်နေ စဉ်အတွင်း လေပြည်တစ်ချက် သုတ်ဖြူးလိုက်မှုနှင့်အတူ ပုစဉ်းရင်ကွဲ ၏ ဝိုင်းကာ အော်လိုက်ကြသည့်အသံများတို့နှင့် ညံသွားပေသည်။

နေ့ခင်းဘက်ဆီမှ သဲသဲမဲမဲ ရွာချလိုက်သော မိုးရေများတို့ကို တဝ ဘက်သုံးရင်း အဆေးအကြောခံထားလိုက်ရသဖြင့် သစ်ရိုင်းပင်တို့နှင့် နိုင်းလွင်ပြင်ကြီးကား စိမ်းစိမ်းစိုစိုနှင့် တုတ်ခိုင်သန်စွမ်းပြီး လူနှစ်ရပ် မြင့်မားသည့် ကျူပင်ရိုင်း၊ ကိုင်းပင်ရိုင်းများတို့ထက်ရှိ ကိုင်းပွင့် များတို့က လေအတိုးတွင် ယိမ်းထိုးလှုပ်ရှားနေကြသည်ကို တွေ့မြင်နေ ည်။ သောက်လက်စရှမ်းဖက်လိပ်ကို ဘေးတွင်ချထားလိုက်ရင်း ပေါလု ဘက်ဆီမှ ထူးခြားမှုတစ်စုံတစ်ရာ ရှိမရှိကို စောင့်စားကြည့်ရှုနေ သည်။

တောခြင်ရိုင်းများနှင့် ဖြုတ်ကောင်များကား လူကို အတင်းဝင် ကိုက်ခဲသွေးစုပ်ဖို့ ကြိုးစားနေကြသော်လည်း မီးဖိုကြီးဆီမှ ထွက်ပေါ် သော မီးခိုးငွေ့များ၏ဒဏ်ကြောင့် အရာကားမထင်။ ကျောက်လိုဏ် အား ဝင်ပေါက်ထွက်ပေါက် တစ်ပေါက်တည်းသာရှိနေသဖြင့် တော်နေ သည်။

"ကစ် . . . ကစ် . . . ကစ်"

ကမ်းပါးယံအောက်ခြေမှ အချက်ပေးသံနှင့် ကျွန်တော့်ကို မီးလှမ်း ခြင်းကို ခံလိုက်ရသဖြင့် ပေါလု ပြန်ရောက်လာပြီဟူသော အသိနှင့် က်မှတက်ရောက်လာသောသူ့ကို လက်နှင့်လှမ်းဆွဲလျက် အပေါ်သို့ ရောက်ရှိလာသောသူ့ကို ကျွန်တော်က . . .

"ဘယ့်နှယ်လဲ . . . ပေါလု။ အဆင်ပြေခဲ့ရဲ့လားကွ"

"အကောင်အစိတ်လောက်တော့ ရိုက်ယူခဲ့တယ်။ ဒီညစားကြဖို့"

"ဟာ . . . နည်းသလားကွ၊ အကောင်အစိတ်ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"အကောင်ကြီးတဲ့ ချိုးစိမ်းတွေကိုပဲ ရွေးရိုက်လာတာ။ မုဆိုးလုပ်[...] တစ်ယောက်အဖို့ ဒါလေးတွေက အသေးအဖွဲလေးပါဗျာ"

သူကပြောနေရင်း လွယ်အိတ်အတွင်းမှ ချိုးအသေကောင်[...] ကို အောက်သို့ သွန်ချလိုက်သဖြင့် ကျွန်တော်က ငါးကောင်တစ်စုံတွဲ[...] ရေတွက်ကြည့်လိုက်တော့ စုစုပေါင်း (၂၇)ကောင်ဖြစ်နေသည်ကို တွေ့[...] ရပေသည်။

"မင်း မီးထိုးမလားလို့ ငါ လိုက်ကြည့်နေတာ။ မီးမထိုးပါ[...] ကွ"

"ဟုတ်တယ် ... မီးမထိုးဘဲ လ,ရောင်ကိုခံပြီး ရိုက်လာ[...] လေ"

ရရှိလာသော ချိုးများအား နှစ်ဦးသား အမွေးနုတ်၊ ရင်ခွဲ၊ ကလီ[...] များထုတ်ပြီး ဝါးညှပ်များတွင်သီကာ မီးပုံကြီးတွင် ကင်လိုက်ချိန်သည် [...] နာရီပင် ကျော်ခဲ့ပေပြီ။

ပေါ်လုတစ်ယောက် ချိုးရိုက်သည့် အတွေ့အကြုံအတော်ပင် [...] ထားသူတစ်ယောက် ဖြစ်ပေသည်။ သူက မီးဖိုကြီးအတွင်းမှ မီးအလင်း[...] နှင့် လွယ်အိတ်ကိုလှမ်းဆွဲကာ ပုလင်းတစ်လုံးကို ဆွဲထုတ်လိုက်သ[...] ယခုမှပင် ကင်ထားသော ချိုးသားနံ့ကလေးများ ရလာသည်နှင့်အတူ အ[...] ဖွင့်လျက် ရင်ပုံသား နူးညံ့ညံ့ကလေးများကိုဖဲ့ယူလျက် သောက်စားနေ[...] ကြပေတော့သည်။

ကျွန်တော်တို့နှစ်ဦးနားခိုနေသော ကျောက်လိုဏ်ကြီး ရှေ့မျက်[...] သည် မြက်ရိုင်းတောကြီးဖြစ်သဖြင့် အပင်များ ရောထွေးယှက်လိမ်ထ[...] ပြီး လူနှစ်ရပ်ခန့် မြင့်မားနေသလို ရှေ့မျက်နှာပြင် အတော်လှမ်းလှမ်း[...] အထက်စီးမှ လှမ်းမြင်တွေ့နေရသည့်အပြင် နောက်ကျောလည်း လုံ[...] နေရာပင်။

တောကြီးခေါင်ခေါင်အတွင်းဆီမို့ အမှောင်ထုက သိပ်သည်း[...] သည်နှင့်အမျှ အအေးကလည်း ပိုကဲလာသည်နှင့်အတူ မျက်စိအောက်[...] စောစောပိုင်းဆီက မြင်တွေ့နေရသော မြက်ရိုင်းတောကြီးသည် ယခု[...] လ,တစ်ခြမ်းပုံကလေး၏ အလင်းရောင်အောက်တွင် ချောက်ချားဖွယ်[...]





[...]သွင်မျိုးကို ဆောင်လာခဲ့ပေသည်။ အဖော်တစ်ဦးကရှိပြီး သေနတ်က [...]ည်း လက်ထဲတွင်ဆုပ်ကိုင်ကာ အရက်အရှိန် ကလေးများတို့နှင့်မို့ စိတ်ကို [...]ငြိမ်အောင် ထိန်းထားရသော်လည်း အလွန်ချောက်ချားစရာ ကောင်း[...]သည့်အသွင်မျိုး။

ယခုအချိန်ကျမှ မြက်ရိုင်းတောကြီး၏ ဟိုမှာဘက်နှင့် သည်မှာ [...]များဆီမှ 'တစ်တီတူးငှက်'များ၏ အော်ဟစ်လိုက်ကြသည့် အသံများ [...]နှင့်အတူ၊ သားကောင်ကြီးများ၏ ဟိန်းဟောက်လိုက်သံများကို ကြား[...]သလို မြွေတွန်သံများ၊ ဖားအော်သံများနှင့် ချိုးချိုးချွတ်ချွတ်အသံ[...]ကို ကြားလာရပြန်သည်။

အချို့သံများတို့သည် ကျွန်တော်တို့နှစ်ဦး တက်ရောက်နေသည့် [...]ဏ်ကြီး၏ အောက်ခြေလောက်ဆီမှ ကြားလိုက်ရသဖြင့် ချိုးသားများ [...]ားခဲ့သည့်အနံ့နှင့် ကျွန်တော်တို့လူနံ့ကို ရသွား၍ ဖြစ်နိုင်သည်။ သို့ [...]လည်း ယခုအချိန်မှ မတတ်နိုင်ပြီ။

ပေါ်လုက မီးဖိုကြီးတွင် မစားရသေးသော ချိုးကင်များကို သိမ်း[...]လိုက်ပြီး လက်နှိပ်ဓာတ်မီးဖြင့် ဟိုအနား သည်အနားများဆီသို့ လိုက် [...]ကြည့် ရှာဖွေနေရင်းမှ ...

"ဘိုလေး ... ဒီညတော့ ပွဲကြီးပွဲကောင်းနဲ့ တိုးမယ်နဲ့တူတယ်။ [...]ကို လက်ကမချနဲ့နော်"

"အေးကွာ ... ဒီအချိန်ကြီးရောက်မှတော့ နေရာပြောင်းဖို့လည်း [...]ယ်ဘူး။ အဖွဲ့သားတွေကို မျှော်လို့ကလည်း ရမှာမဟုတ်ဘူး။ ကြုံ[...] ရင်ဆိုင်ကြတာပေါ့။ တို့အတွက် ဒီနေရာက မျက်နှာစာတစ်ခုတည်း [...]တာ ကောင်းနေတယ်ကွ"

ညဉ့်သည် အတော်နက်လာတော့ အသံများ ပါးသွားသည်။ အစာ[...]ကြဟန်ပင်။ သို့သော် စောစောက အနီးကပ်ကြားနေရသော နေရာ [...]ခန်းပီသံကြီးကို ကြိမ်ဖန်များစွာ ထိုနေရာဆီမှ ကြားနေရသည်မို့...

"ပေါ်လု ... ဒီအနားက အကောင်ကြီး သိပ်မခွာဘူးကွ။ တို့ အိပ်[...]ကို ချောင်းနေတာ သေချာတယ်ဟေ့။ အလစ်မပေးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုကြီးအတွင်းမှ ထင်းတုံးကြီးများတို့ကို ဆိုင်ပေးလိုက်ရင်း အဝ ရောင်အားကိုမြှင့်ကာ ပြောလိုက်သည်မို့ . . .

''ဟုတ်တယ် . . . ဟိုအကောင်တွေ အစာရှာ ထွက်သွားကြ ဒီအကောင်က အနံ့လည်း ရဟန်တူတယ်။ လူကိုလည်း မြင်သွားပုံရ ဒါကြောင့် အလစ်မှာ ဒီအပေါ်ခုန်တက်ပြီး လူကိုကိုက်ဖို့ ချောင်းနေတဲ့ ရှေ့ကမီးပုံရှိနေလို့ သူ မလှုပ်ရှားသေးတာ''

''အမှန်တော့ ဒီအကောင်မျိုးတွေက မီးကိုကြောက်တာမဟုတ် ကွ။ လူကိုသာကြောက်ကြတာ။ လူဆိုတာက သူတို့ထက် အသိဉာဏ် တယ်လေကွာ။ လှုပ်လှုပ်ရှားရှားသာနေကွ''

''မီးတိုးရှာပြီး ရင်ဆိုင်လိုက်ကြမလား''

''အခြေအနေကို ခဏ စောင့်ကြည့်လိုက်ကြတာပေါ့''

ညဉ့်သည် ကြယ်တာရာ အစက်အပြောက်များတို့နှင့် တစ် ပဲ့ လ,အကွေးကလေးတို့၏ အလင်းရောင်ကြောင့် အတန်ငယ် လင်း သည်။ ကျွန်တော်တို့မျက်နှာမူရာ တွေ့မြင်နေရသော မြက်ရိုင်းတောကြီး မှုန်ဝါးဝါးသာ မြင်တွေ့နေရသည်။ မီးဖိုကြီးအတွင်းမှ မီးအလင်းရောင် ကြောင့် အနွေးဓာတ်ကို ရရှိနေသေးသဖြင့် တော်နေသေးသည်။

ထိုစဉ် . . .

''ပိညှပ် . . . ပိညှပ် . . . ပိညှပ်''

သားကောင်ကြီးရှိသည်ဟု ခန့်မှန်းထားရာဆီမှ တောကြက် အကောင်ပေါက်ကလေးများတို့ မိခင်နှင့်ရုတ်ခြည်း ကွဲကွာသွားကြ မိခင်ပျောက်ကို အားကိုးရာမဲ့ အသံပေးရှာသည့်အသံမျိုးနှင့် အော် လိုက်သည့်အသံများကို ကြားလိုက်ရသည်။ မီးဖိုကြီးအတွင်း ထင်းတုံး များကို မီးရောင်အလျှံမပြတ်စေရန် ထပ်မံ၍ ထိုးထည့် အရှိန်မြှင့်လိုက် တွင် . . .

''ထရိန် . . . ထရိန် . . . ထရိန် . . .''

တောကြက် အကောင်ပေါက်ကလေးများ ကြားလိုက်ရာဆီ ဆတ်တစ်ကောင် တစ်လိုက်သံကို ထပ်မံကြားလိုက်ရပြန်သည်မို့ ပေါ ကျွန်တော့်ကို တစ်တောင်နှင့်တို့လျက် ဘယ်လိုဖြစ်တာလဲဟူသော အ





နှင့် လှမ်းမေးနေသဖြင့် အသာလက်ကာပြပြီး စကားမပြောဘဲ ငြိမ်နေ လိုက်စဉ် . . .

''အဟမ်း . . . အဟမ်း . . . အဟမ်း''

လူကြီးတစ်ယောက် ချောင်းဟန့်လိုက်သံကြီးက ထိုနေရာဆီမှပင် ထွက်ပေါ်လာပြန်သည်။

သေချာပေပြီ။

ဒီလောက် မာယာများနေသော အကောင်မျိုးသည် ဟင်းမျိုးလို ကျားသတ္တဝါများမှလွဲ၍ ဘာကောင်မျှ မဖြစ်နိုင်သည်ကို ကျွန်တော် သိ ပေပြီ။ သားကောင်ကား ဖိုထားသောမီးပုံကြီးကြောင့် ရှေ့ကိုတိုးကာ တက်ရန်မှုဖို့ ကြိုးစားမရသဖြင့် နည်းမျိုးစုံပေးလျက် နည်းပရိယာယ် မျိုးဆင်ကာ အသံပေးလျက် ကျွန်တော်တို့ကို မြှူဆွယ်ပြီး အောက်သို့ ခိုင်းနေပေပြီ။

''ပေါလု သတိထားနော်။ သားကောင်ကြီးက ငါတို့ကို အသံမျိုးစုံ ပြီး အပြင်ကိုထွက်အောင် ခေါ်ထုတ်နေတယ်။ သူ့ ပရိယာယ်က အံ့ဩ နော်''

ကျွန်တော်က စောစောက သူမေးသည့်အဖြေကို ယခုမှ တစ်ပေါင်း စု၍ အဖြေပေးလိုက်သည်ကြောင့် သူက . . .

''ဟုတ်ပါ့ဗျာ . . . လူတွေကို ပြောပြရင် ယုံမှာတောင် မဟုတ်ဘူး ''

ကျွန်တော်ပြောလိုက်သော စကားတို့ကြောင့် ပေါလုတစ်ယောက် မျိုး (ခေါ်) ကျားသတ္တဝါတို့၏ ပရိယာယ်နှင့် ဉာဏ်များတတ်ကြပုံ ကိုယ်တွေ့မျက်မြင် ဖြစ်သွား၍တော့ဖြင့်မသိ သိမ့်သိမ့်ခါအောင် အံ့ဩ သည်ကို ကြည့်နေလိုက်စဉ် ခပ်ဝေးဝေးနေရာဆီမှ . . .

''ပျို . . . ပျို . . . ပျို . . .''

မြက်ရိုင်းတောကြီး လက်ယာဘက် အမှောင်ထုကြီးအတွင်းဆီမှ တစ်ကောင် 'ပျူ'သံကို ကြားလိုက်ရသည်နှင့်အတူ . . .

''ဝေါ . . . ဗျော . . . ဗျော . . . ဗျော''



www.burmeseclassic.com

www.burmeseclassic.com



လျှပ်တစ်ပြက် မြက်ရိုင်းတောကြီးအတွင်း တောတိုးပြေးလွှား ကြီးကို ကြားလိုက်ရပြီး ခုန်အုပ်ကိုက်ခဲသံ၊ အစာမာန်ဖီသံ၊ သားကော တစ်ကောင်၏ သေငယ်ဇောနှင့် နာနာကြည်းကြည်း အော်ဟစ်လိုက်သံ ကိုပါ ဆက်တိုက်ကြားလိုက်ရပေသည်။

ကျွန်တော်ကိုင်ဆောင်ထားသည့် သေနတ်မှာ နှစ်လုံးပြူးသေနတ် ဖြစ်ကာ ကြားနေရသောအသံက အတန်လှမ်းပြီး သေနတ်တစ်ကမ်း သည်မို့ ပေါလုကိုပစ်ခတ်ရန် တံတောင်နှင့်တို့ထိကာ မီးစိမ်းပြလိုက် လေးခဲထိုးခုတ်မီးကို ကောက်ကိုင်လိုက်ရင်း အော်ဟစ်သံကြီးကြားလိုက် ရာဆီသို့ လှမ်း၍ထိုးလိုက်ပေသည်။

မှုန်ဝါးဝါးအလင်းရောင်အောက်တွင် မည်းမည်းမှောင်နေသော မြ ရိုင်းတောကြီးအတွင်း လက်နှိပ်ဓာတ်မီးအလင်းက ထိုးဖောက်ဝင်ရော လျက် ကျူပင်နှင့် ကိုင်းပင်ရိုင်းများတို့နှင့် ရောထွေးကာ အဆုံးသတ်သ နေရာမီးရောင်တွင် မီးကျီးခဲလို ရဲရဲနီစွေးနေသော မျက်လုံးအစုံကို မြင်လိုက်ကြရသည်မို့ ပေါလုကိုင်ဆောင်ထားသော (၃၀. ၀၆ စပရင်းဖီး ရိုင်ဖယ်)မှ အောင်မြင်စွာ ပေါက်ကွဲသံကြီးက ဝန်းကျင်တစ်ဝိုက်အား ပွဲ သံကြီးကိုဖြစ်စေလျက် ဟိန်းထွက်သွားစေတော့သည်။

ကျည်ဆန်ထိပ်ဖူးကား သူ့တာဝန်ကို သူထမ်းဆောင်ပြီးမို့ တာ က ကျေပွန်သည်။ မျက်လုံးရဲရဲနှင့် သားကောင်ကြီးမှာ မြေပြင်ထက်ဆီ နိမ့်ခနဲ စိုက်ကျသွားပြီး မြက်ရိုင်းတောကြီးအတွင်း ဘယ်ညာလူးလိမ့် စူးရှကျယ်လောင်စွာ အော်ဟစ်လိုက်သည့် အသံကြီးကြောင့် ဝါးပင်ထ များဆီတွင် အိပ်တန်းတက်နေကြသည့် ချိုးအုပ်များနှင့် အခြားသော ကျေး များ၏ တထိတ်တလန့် ပျံသန်းပြေးထွက်သံများကို ကြားလိုက်ရသည့်အ ပေါလုက သေနတ်၏ဘိုးလ်တံကို နောက်ပြန်ဆွဲလျက် ကျည်သစ်တစ်တော ထပ်မံထိုးသွင်းထားလိုက်သည်ကို တွေ့လိုက်ရပေသည်။

မီးအလင်းတန်းအောက်တွင် ဟင်းကောင်ကြီးမှာ မြေပြင်သို့ မှ တုပ်ကာကျသွားပြီး မြေပြင်ထက်တွင်ပင် လူးလိမ့်ကာ ဒေါသသံ၊ နာကြ ခံပြင်းရန်လိုသံ၊ မာန်သွင်းသံကြီးများနှင့်အတူ လူးလိမ့်နေသည်မှာ ဘေးတို အနေအထားမျိုးသို့ ရောက်ရှိလာချိန်တွင် ...





"ဒိုင်း ..."

မီးရောင်အောက်တွင် လူးလိမ့်နေသော ဟင်းမျိုးကြီးအား စခန်း သိမ်းပစ်လိုက်သော သေနတ်သံကြီးက မြက်ရိုင်းတောလွင်ပြင်ကြီးကို ဖုံး လွှမ်းသွားကာ ပွဲတင်သံကြီးကိုပင် ရှည်လျားစွာ ကြားလိုက်ရပေတော့သည်။ ပစ်လွှတ်လိုက်သည့် ကျည်ဆန်ထိပ်ဖူးကား နာကြည်းစွာ လူးလိမ့်ရင်း ဟစ် အော်နေသော ဟင်းမျိုးကောင်ကြီး၏ နှလုံးသားရှိရာဆီကို ဖြတ်ဖောက်သွား ခန့်တူသည်။ နောက် ထပ်ပြီးအော်ဟစ်သံနှင့် လူးလိမ့်လှုပ်ရှားသံကို မကြား ရတော့။

ဟင်းမျိုး(ခ)ကျားကြီးကား စခန်းသိမ်းသွားခဲ့ပြီမို့ မီးအလင်းတန်း ကိုပြန်ပိတ်ကာ မိုးမလင်းမချင်း နောက်ထပ် ဘယ်လိုဖြစ်လာနိုင်မည့်အရေးကို တွေးတောရင်း မိုးအလင်းကို ဆက်လက်စောင့်စားနေလိုက်ကြပေသည်။

အကယ်၍များ မိုးလင်းလာခဲ့ပြန်သော်လည်း လမ်းစပျောက်ပြီး ရှာ ဖြစ်နေသော ကျွန်တော်တို့နှစ်ယောက်အဖို့ ယခု ပစ်ခတ်ရရှိထားသည့် ကျားကြီးနှင့် သူကိုက်သတ်ထားသော ဒရယ်ကောင်တို့ကို ဘယ်လိုသယ် ဆောင်သွားကြရမလဲဟူသောအတွေးကို ဆက်လက်တွေးတောရင်း လက်ကျန် အရက်ကလေးနှင့် ကျန်ရှိသော ချိုးသားငှက်ကင်ဖြင့် ဆက်ရက်မင်းစည်းစိမ် ကိုယူလိုက်ကာ နှစ်ဦးသားရှေ့တွင် အလျှံညီးညီး တောက်လောင်နေသော မီးပုံကြီးအတွင်းမှ တောက်လောင်နေသော မီးများကို စူးစူးစိုက်စိုက်ကြည့် နေလိုက်ရင်း စိတ်တွင်းမှ အတွေးများတို့ကား ...

'သြော် ... ဝါသနာအရ မုဆိုးလုပ်နေကြသူများအဖို့ ယခုကဲ့သို့ ရင်ခုန်ရလောက်သည့်အဖြစ်မျိုးက စာဖွဲ့လောက်စရာမဟုတ်ပါလား။ မုဆိုး သံသရာတွင် သည်လိုဖြစ်ရပ်မျိုးနှင့် ဆက်ကာဆက်ကာ ရင်ဆိုင်ကြရဦး မှာပါကလား'ရယ်လို့ တွေးတောလိုက်ရင်း မိုးအလင်းကို နှစ်ဦးသား စောင့် စားနေလိုက်ကြပေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

နေ့သစ်တစ်နေ့ကို သာယာလှပခြင်းများနှင့်အတူ ကူးပြောင်းထော… မှာမို့ ငှက်သံတစာစာ၊ တောကြက်တွန်သံ တစာစာများကိုပင် ကြားရ… နေပါပြီ။

"ကျွန်တော်တို့ အပြန်လမ်းမှာ တောပုန်းချောင်းရင်း ပစ်သွား… ရတယ်နော်။ သတိထား"

ကျွန်တော်တို့နှစ်ဦး လင့်ထက်မှ မဆင်းကြသေးသော်လည်း နော… ကျောဘက်ဆီရှိ ဝါးတောကြီးအတွင်းမှ အောက်ချင်းငှက်တစ်အုပ်၏ အော်… များနှင့် ငှက်ဝါးယောင်းတစ်အုပ်တို့၏ အော်ဟစ်သံများကို ကြားနေရ… သည်။ ကျွန်တော်က နံနက်ခင်း မြူနှင်းများတို့အကြားမှ အပြန်လမ်းရှိ… ဟု ထင်ရသောနေရာများဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။ ကျွန်တော်… မျက်စိထဲတွင် မြူနှင်းများအကြား ကွေ့ကွေ့ကောက်ကောက်နှင့် လူသွ… လမ်းတစ်ခုကို လှမ်းတွေ့မြင်လိုက်ရသည့်အတွက် ...

"ပေါလု ... မင်းကြည့်စမ်း၊ ဟိုမှာ ခပ်ရေးရေး လှမ်းမြင်နေရ… ငါတို့ပြန်ရမယ့် လမ်းကြောင်းများလားလို့"

ကျွန်တော့်စကားကြောင့် သူလှမ်းကြည့်နေလိုက်သော်လည်း အ… ကိုတော့ဖြင့် မပေးနိုင်ရှာသေး။ ဝေ့ဝေ့ဝါးဝါးမို့ စဉ်းစားနေဟန်ပင်။ နံ… ကြီးကား နံနက်ခင်းမြူနှင်းများတို့ ဆွတ်ဖျန်းထားခြင်း ခံထားရမှုအပြင် အ… မထင် ရွာချလိုက်သော မိုးရေများတို့ကြောင့် စိမ်းလန်းစိုပြည်နေကြပြီး သ… ရိုင်းပင်မြင့်ကြီးများ၊ ဝါးရုံတောကြီးများ၊ ကြိမ်နွယ်တောကြီးများ၊ ချုံနွ… တောကြီးများတို့က အပြိုင်းအရိုင်းပေါက်ရောက်လျက် အောက်ခြေတွင် … နွယ်တောကြီးများတို့က ထုထည်နှင့် စိုးမိုးမင်းမူထားသော တောကြီး… သလို စိမ့်၊ မြိုင်၊ ဂနိုင်တို့ပါ ရောပြွမ်းထားကာ အချိုး၊ အဆစ်၊ အငယ်…





အကောက်၊ အတက်၊ အဆင်း၊ အမော်အလိုက်များ ရှိနေကြသလို လျှို… မြောင်၊ ချောက်ကမ်းပါးတို့ကလည်း များစွာရှိနေကြသည်။

ရိုးမကြီးတစ်ခွင်လုံးကို ခြုံငုံကြည့်လိုက်ပါက တောတွင်းနေသတ္တဝါများတို့အတွက် ခိုအောင်းအိပ်စက်နားခိုရန် နေရာကောင်းဖြစ်သလို ကျွန်တော်တို့နှစ်ဦးအတွက် အပြန်လမ်းသည်လည်း အန္တရာယ်နှင့် အချိန်မရွေး တိုးနိုင်သည့်အတွက် အလွန်အမင်း သတိထားကာ ပြန်ရမည့်အနေအထားမျိုး။

မိုးကား စင်စင်လင်းခဲ့ပြီမို့ နှစ်ဦးသား လင့်ထက်မှဆင်းကာ မြက်ခိုင်းတောကြီးအတွင်းမှဖြတ်လျက် ခပ်စောစောက လှမ်းမြင်တွေ့ထားသည့် လမ်းကြောင်းဘက်ဆီသို့ ဦးတည်ကာ လျှောက်လှမ်းလာခဲ့ကြပေသည်။

"ဒီး ... ဒီး ... ဒီး ..."

နှစ်ဦးသား လျှောက်လှမ်းခဲ့ရာ လက်ဝဲဘက်ဝါးရုံတောကြီး အတွင်းဆီမှ ရစ်ဖကြီးတစ်ကောင် အတောင်ခါရင်း ပြိုင်ဘက်ကို စိန်ခေါ်နေသည့် အသံကြောင့် ပေါလုက သွားရောက်ပစ်ခတ်ချင်၍လားတော့ဖြင့်မသိ၊ ကျွန်တော့်မျက်နှာကိုကြည့်ကာ မေးတိုးပြနေသည်မို့ ကျွန်တော်က ခေါင်းခါပြလိုက်သည်။ အဘယ်ကြောင့်ဆိုသော် ယခုအချိန်သည် ကျွန်တော်တို့လက်ဝယ် သားကောင်နှစ်ကောင်ရနေပြီး အပြန်လမ်းက ပျောက်နေသေးသလို ဖြစ်နေသည့်အတွက် ဦးစားပေးကာ သွားရောက်ပစ်ခတ်ဖို့ကို အချိန်မပေးနိုင်သေး။ လမ်းစရှာတွေ့ရေးကို ဦးတည်ကြရပေဦးမည် မဟုတ်ပါလား။

"ဘိုလေး ... ဒီမှာ ခဏရပ်နေ။ ကျွန်တော် ကမ်းပါးယံထက်ကို တက်ပြီး လမ်းအခြေအနေကို ကြည့်လိုက်ဦးမယ်"

အတူလျှောက်လှမ်းနေသူ ပေါလုက ကျွန်တော့်ကို တားလိုက်ရင်း ရှေ့တွင်ရှိနေသော ကျောက်ကမ်းပါးယံကြီးဆီကို လက်ညှိုးထိုးပြကာ ကမ်းပါးယံအခြေတွင် ကပ်၍ပေါက်နေသော အပင်ငယ်များကို ဆွဲလျက် အပေါ်သို့ တက်ရောက်သွားသည်ကို ကြည့်နေလိုက်ရင်း အိတ်ကပ်အတွင်းမှ ရှမ်းဖက်လိပ်ကို မီးတို့ဖွာရှိုက်ရန် မီးညှိတော့မည်အလုပ် ...

"ကစ် ... ကစ် ... ကစ်"

ရှမ်းဖက်လိပ်ကို မီးနှင့်တို့ကာ ဖွာရှိုက်တော့မည်အလုပ် ကမ်းပါးယံထက်ဆီသို့ရောက်နေသော ပေါလုထံမှ အချက်ပေးလိုက်သံ ကြားလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် လှမ်းကြည့်တော့ သူ့ဆီသို့ အမြန်ဆုံးလာရောက်ရန် လက်ယပ်ခေါ် သဖြင့် ဆေးလိပ်ကိုမဖွာတော့ဘဲ အိတ်ကပ်အတွင်း ထိုးထည့်ပြီး ကမ်းပါး အခြေသို့သွားကာ သူကဲ့သို့ အပင်ငယ်များကို လက်နှင့်ဆုပ်ကိုင် တွယ်တက် သွားလိုက်ပေတော့သည်။

အပေါ်သို့ရောက်ပြီး သူ လက်ညှိုးထိုးပြရာ တောင်ကမ်းပါး အောက်ခြေ အနိမ့်ပိုင်းဆီသို့ လှမ်းကြည့်လိုက်တော့ တွေ့မြင်လိုက်ရသည့် မြင်ကွင်းက ...

ကျွန်တော့်လို မုဆိုးဝါသနာရှင်တစ်ဦး၏ ပစ်ချက်သည် ငြိမ်သက် နေသောပစ်မှတ်ကို ထိမှန်နိုင်သလို၊ ယခု လှုပ်ရှားနေသည့် သားကောင် နှလုံးသားကို ထိမှန်နိုင်သည်ဆိုတာ ကိုယ့်ကိုယ်ကိုယ် အသိဆုံးဆိုပေ လည်း ယခုတွေ့မြင်နေရသည့် (ပစ်မှတ်) ထားရာ သားကောင်ကိုမူ ကိုင် ဆောင်ထားသည့် သေနတ်၏ပစ်ခလုတ်ကို ဆွဲဖြုတ်လိုက်ဖို့က ကျွန်တော့် အတွက် အလွန်အမင်း ဝန်တာကြီးသွားရသည်ကတော့ အမှန်ပင်။

မြင်တွေ့လိုက်ရသည့် မြင်ကွင်းကိုလည်းကြည့်ဦးလေ။ ကျွန်တော့် ပစ်မှတ်ထားရာ သားကောင်ကြီးသည် ချေ (ဂျီ)ပေါက် အသေတစ်ကောင် ကို လည်ကုပ်မှဆွဲလျက် သူ့ကို မည်သည့်သားကောင်မျိုးမှ အန္တရာယ်မပေး နိုင်မည့် ထင်တစ်လုံးဖြင့် တန့်နွဲ့နွဲ့နှင့် ဂူဝဆီသို့ လျှောက်လှမ်းလာနေသည် ဂူဝဆီမှလည်း မိခင်ကြီးပြန်အလာကို စောင့်စားလျက် ငေးနေကြသော သားပေါက်ငယ်ကလေး သုံးကောင်ကလည်း မိခင်ကြီး၏ အနံ့အသက် ရသွားဟန်ထင့်။ သူတို့မိခင်ကြီး ပြန်လည်ရောက်ရှိလာပြီဟူသော အသိ အားရဝမ်းသာ ခနော်ခနဲ့ ယိုင်တီးယိုင်တိုင် ပြေးထွက်လာကြပြီး ဆီးကြို ကြရှာသည်။

အနီးသို့ မိခင်ကြီးရောက်လာတော့ ဝမ်းဗိုက်အောက်မှ နို့ တစ်ကောင်နှင့်တစ်ကောင် ပတပ်ရပ်ကာ ထိုးဇော့ငုံခဲ သောက်စို့နေလိုက် ပေသည်။ မိခင်ဖြစ်သူ ကျားမကြီးကား အတန်ငယ်ငြိမ်နေလိုက်ပြီးခါမှ သူ ပါးစပ်တွင် ကိုက်ခဲလာသော ချေကို မြေပြင်သို့ လွှတ်ချလိုက်ရင်း ခေါ ဖြင့် တစ်ချက်ဟိန်းလိုက်ကာ ရှေ့လက်နှစ်ချောင်းနှင့် နောက်ခြေနှစ်ချောင်း ကို နီးကပ်နိုင်သမျှ စုစည်းလိုက်ပြီး သူ၏ကိုယ်ထည် ခါးကျောရှည်ကြီး





ဖြဲ အပေါ်ကို မြှောက်တင်လိုက်သည်မို့ နို့ချိုကို အငမ်းမရသောက်စို့နေ သည့် အကောင်ပေါက်လေးသုံးကောင်မှာ နောက်သို့လန်၍ လဲပြိုသွားကြ သလို ဘေးတိုက်အနေအထားမျိုးနှင့်လည်း လဲပြိုသွားကြသည်ကို တွေ့မြင်ရ ပေသည်။ သားကောင်ကြီး၏ မာန်ဖီလိုက်သံကြောင့် ပတ်ဝန်းကျင်တစ်ခွင် ၌ သိမ့်သိမ့်တုန်ခါသွားသလို အဆက်မပြတ် အော်မြည်သံပေးနေကြသော ငှက်ရင်ကွဲ အော်သံများပင် 'တိ'ခနဲ ရပ်တန့်သွားကြပြီး ဝါးရုံပင်အောက် စာကောက်နေသည့် ကြက်သားအုပ်မတစ်စုတို့ပင် 'ကတောက်သံ' ညံ အောင်ပေးရင်း အဝေးဆီသို့ ပျံသန်းပြေးထွက်သွားကြသည်ကိုလည်း သတိ ပြုလိုက်မိပေသည်။

ကျွန်တော့်ဘေးတွင် အတူရှိနေသည့် ပေါလုက ကျွန်တော် ထို သားကောင်ကြီးကိုပစ်ခတ်ဖို့ ဝန်လေးနေမိသည့်အခြေအနေကို ကြည့်နေ ၍ စိတ်မရှည်နိုင်တော့သဖြင့် တံတောင်နှင့်တို့ထိကာ ပစ်ခတ်တော့ဖို့ သတိ ပေးနေသည်က ယခုအခါနှင့်ဆိုလျှင် သုံးကြိမ်ထိတိုင်အောင်ပင်။

ထိုကဲ့သို့ သူသတိပေးနေသည့်တိုင် ကျွန်တော်ကလည်း သားကောင် ကြီးကို ပစ်ခတ်လိုက်မိလျှင် မှားများမှားသွားလေရော့မလား၊ ရက်စက် ရာများ ကျနေမည်လားဟူသော အတွေးများနှင့် ချီတုံချတုံ စိတ်ကို တုံချ ဆုံးဖြတ်ချက်ချလို့က မရသေး။ တော်နေသေးသည်က နှစ်ဦးပေါင်း ၌ သေနတ်ကြီးကတစ်လက်တည်း ပါလာခဲ့ခြင်းပင်။ ထိုသားကောင်ကြီးကို ပစ်ခတ်လို့ရမည့် သေနတ်ကလည်း ကျွန်တော့် လက်တွင်းတွင်မို့သာ။

ကျွန်တော်သည် ဝါသနာအရ သားကောင်များကို ပစ်ခတ်ချင်လွန်း သဖြင့် ဒုက္ခမျိုးစုံ၊ အပင်ပန်းအဆင်းအရဲနှင့် ငွေကုန်ကြေးကျ များစွာခံပြီး သားရဲပေါသော တောကြီးများကိုသာ ရွေးချယ်ပြီး လိုက်လံပစ်ခတ်နေသော မုဆိုးတစ်ဦး လုပ်နေသူတစ်ဦးအဖို့ ယခုလိုအချိန်ကျတော့မှ 'ချစ်ခြင်းမေတ္တာ၊ သနားကရုဏာ၊ ကိုယ်ချင်းစာနာတတ်မှုနှင့် မုဒိတာပွားများ' နေမှုအပေါ် အံ့တသြနှင့် မယုံကြည်နိုင်လောက်သော အကြည့်မျိုးနှင့် ညင်သာသော သက်ပြင်းမောကလေးများကို ရှိုက်ထုတ်လိုက်ရင်း စူးစူးစိုက်စိုက် ကြည့်နေ သည်ကိုလည်း သတိထားလိုက်မိလေသည်။

ကျွန်တော့်အနေနဲ့ ဝါသနာအရ တောတောင်များအတွင်း သား



www.burmeseclassic.com

www.burmeseclassic.com



ကောင်များကို လိုက်လံပစ်ခတ်ပြီး မုဆိုးဘဝ ခံယူထားသူတစ်ယောက်… သော်လည်း ယခု မြင်တွေ့နေရသည့်ကိစ္စက ကျွန်တော်မလွန်ပါ။ တကာ… လည်း မလွန်ပါ။

မြင်ကွင်းကိုလည်း ပြန်ကြည့်ဦးလေ ...

ပစ်မှတ်ထားရာသားကောင်ကြီးက ချေပေါက်တစ်ကောင် (အ… ကို ကိုက်ဆွဲလျက် သားငယ်များတို့ဆီသို့ပြန်အလာ၊ သားငယ်ကလေး… က မိခင်ကြီး ကိုက်ချီယူဆောင်လာသည့် သားကောင်ကို တန်ဖိုးထား… ကောင်းမှန်းမသိ။ သူတို့အသိက မိခင်၏ နို့ချိုရည်လောက်ကိုသာ အ… တန်ဖိုးထားတတ်ကြသူများမို့ အစာကို အာသာရမ္မက်မရှိဘဲ နို့ချိုကိုသာ အာ… ငမ်းငမ်းတက် ဖြစ်နေကြသည့်အတွက် စိတ်အလိုမကျနှင့် ဟိန်းဟော… မာန်မဲလိုက်ဟန်ထင့်။

မိခင်သားကောင်ကြီးမှာ သူ၏ခါးကျောကိုရှုံ့လျက် အပေါ်ကို မြှော… တင်လိုက်သဖြင့် ရင်သွေးငယ်သုံးကောင်မှာ ဘေးတိုက်နောက် ပြန်လဲ… သွားသည်ကို အောက်မေ့ဖြင့် တစ်နေရာတည်းသို့ ပြန်လည်စုစည်း… ပါးစပ်ဖြင့်ငုံ့ကာ လျှာဖြင့် ပွတ်သပ်သည်။ နမ်းရှုပ်သည်။ တစ်ကောင်ချင်း… ကိုယ်လုံးများကို လျက်ပေးသည်။ ချော့မြှူသည်။

ပြီး နောက်သားငယ်သုံးကောင်ကို သူ၏နှာခေါင်းဖြင့် တစ်နေ… ဆီသို့ တွန်းပို့လိုက်ပြီး နို့အုံဆီမှ ပန်းထွက်လာသော နို့ရည်များကို အ… တွင်ရှိနေသည့် သစ်ရွက်ခြောက်များတို့ပေါ်ဆီသို့ ညှစ်ထုတ်သွန်ချလို… သဖြင့် ဖြူဖွေးသောနို့ရည်များ သစ်ရွက်ခြောက်များပေါ်သို့ ပန်းထွက်… သည်ကိုလည်း တွေ့မြင်လိုက်ရပေသည်။

ဖက်ရွက်များပေါ်တွင် ပန်းထွက်လာသော အဖြူရောင်နို့ရည်မျ… တို့သည် ဖက်ရွက်များပေါ်တွင်တင်ရှိကာ မကြာမီအချိန်အတွင်း ပြင်ပ… ကြောင့်လားရယ်တော့ဖြင့်မသိ၊ အညိုရောင်အသွင်သို့ ပြောင်းသွား… ကိုလည်း တအံ့တသြအသွင်နှင့် တွေ့မြင်လိုက်ရပေသည်။

ထိုအချိန် အကောင်ငယ်ကလေးသုံးကောင်က မိခင်ကြီးလျှာ… လျက်ကာ ချော့မြှူနေသည့်အကြားမှ အတင်းထိုးထွက်ကာ သစ်ရွက်ခြော… များအပေါ်တွင် တင်ရှိနေသည့် နို့ရည်မည်းမည်းများကို သူ့ထက်ငါ အ…





…အောင် လုယက်ကာ လျှာဖြင့်လိုက်လံလျက်ကြရင်း စားသုံးနေကြသည် …ကို တွေ့မြင်လိုက်ရပြန်ပေသည်။

မိခင်ကြီးသည် သားငယ်များ သစ်ရွက်ခြောက်များထက်ထားသော …ရည်တို့အပေါ် အာရုံရောက်ကာ စားသောက်နေကြစဉ် မြေပြင်တွင် …အားတိုက်လဲလျောင်းနေရာမှ ကျုံးထလိုက်ပြီး သူကိုက်ချီယူဆောင်လာခဲ့ …သော ချေသေကောင်၏ ဝမ်းဗိုက်သားကို စတင်ဖောက်စားသောက်နေပေ …တော့သည်။

အကောင်ငယ်ကလေးများတို့ကား သစ်ရွက်ခြောက်များတို့ …ပေါ်ရှိ နို့ရည်များကုန်သွားသလို သွေးညီနို့များကိုလည်း ရသွားကြဟန် …တဲ့ မိခင်ကြီး စားသောက်နေသည့်နေရာဆီသို့ ဆောင့်ကြောင့်ထိုင်လျက် …ကြောင်ကြောင်နှင့် ငေးမျှော်ကြည့်နေကြရင်း အတန်ကြာတော့ မိခင်ကြီး …သောက်နေရာဆီသို့ တိုးကပ်သွားကြကာ ဝမ်းတွင်းသား အစအနများ …သွေးများတို့ကို နှာခေါင်းဖြင့် နမ်းကြည့်သည်။ လျက်ပြီး အရသာခံကြည့် …သည်၊

အတန်ကြာတော့ ထိုအရာသည် စားကောင်းသည့်အစာဖြစ်သည် …သဘောပေါက်သွားကြသဖြင့် သုံးကောင်သား အလုအယက် ကိုက်ဖဲ့ …သောက်နေကြပေတော့သည်။

သားငယ်သုံးကောင်၏အဖြစ်ကို မိခင်ကျားမကြီးက နောက်သို့ …လှမ်းလောက်ဆုတ်လိုက်ရင်း မြေပြင်တွင်ဖင်ထိုင်ကာ စောင့်ကြည့်နေ …သည်၊ သူ၏အမြီးကိုလည်း မြေပြင်တွင် တဘုတ်ဘုတ်ရိုက်ရင်း ကျေနပ်စွာ …ပေးနေသည့်အသွင်မျိုး။

သူ့အသွင်ကို ကြည့်ရသည်မှာ သူ၏ရင်သွေးများကို 'သင်ခန်းစာ–၁၊ …ကျင့်ခန်း – ၁ ကို စတင်သင်ကြားပေးလိုက်ရသဖြင့် အားရကျေနပ်နေ …သည့် 'ကျားလားမြောက်' လာတော့မည့် သားကောင်ငယ်များတို့အတွက် …သာပီတိဟန် အပြည့်။ ထိုသို့ သားကောင်ငယ်များတို့ အစာကိုစာ… …သောက်နေကြသည်ကို ဝမ်းသာပီတိအပြည့်ဖြင့် ကြည့်နေစဉ် သူ… …တို့ကို ပိုင်းပိုင်းကလေးနစ်ခုက ဘေးညာဆီသို့ ကွေ့ပိုက်ပြီး …ကျင် …လေ့လာစူးစမ်းနေပုံလည်း ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမြင်ကွင်းနှင့် ခံစားချက်တို့ကြောင့် ကမ်းပါးယံအထက် ပစ်ခတ်ရန် သေနတ်ကိုအရန်သင့် ပြောင်းခင်းထားရာမှ သေနတ်ကို အထက်သို့ပင့်တင်လိုက်ရင်း ပစ်ခတ်ရန်စိတ်ကူးလိုက်သော်လည်း သေနတ်မောင်းခလုတ်ကိုဆွဲမဖြုတ်သေး။ ပစ်ခလုတ်ကို ဆွဲမဖြုတ်ရက်။

ကျွန်တော့်လို မုဆိုးတစ်ယောက်၏ပစ်ချက်သည် ယခုလို ငြိမ်သက်နေသည့်ပစ်မှတ်ကို ထိမှန်နိုင်သလို လှုပ်ရှားနေသော သားကောင်ကောင်ကိုလည်း ထိမှန်နိုင်သည်ဆိုသည်ကိုသိထားပြီး ကိုယ့်လက်အကြောင်းကို ကိုယ်တိုင် ယုံကြည်စိတ်ချသော်လည်း ယခုမြင်တွေ့နေရသော (ပစ်မှတ်)ထားရာ သားကောင်ကြီးကိုမူ၊ သေနတ်၏ ပစ်ခလုတ်ကို ဆွဲဖြုတ်ဖို့က ကျွန်တော့်အတွက် အလွန်အမင်း ဝန်တာကြီးနေမိသည်က အမှန်။

အမှန်တော့ ဝါသနာအရ ကျွန်တော်တစ်ယောက် သားငှက်များကို လိုက်လံပစ်ခတ်နေသူတစ်ဦးဆိုပေမဲ့ ယခုကိစ္စတွင် ပစ်ခတ်ဖို့ ဝန်လေးနေမိသူ ကျွန်တော်မလွန်ပါဟု ဆုံးဖြတ်ချက်ကို ပိုင်ပိုင်ချလိုက်ရင်း ပြောင်းတန်းထားရာမှ ပြန်လည်ရုပ်လိုက်ကာ ဘေးသို့လှဲချလိုက်ပြီး ကောင်းကင်ထက်ရှိ မိုးသားတိမ်တိုက်များကိုကြည့်ရင်း သက်ပြင်းမောတို့ကို မှုတ်ထုတ်ပစ်နေလိုက်မိပေသည်။

ပေါလုကား ကျွန်တော့်ဆုံးဖြတ်ချက်ကို သဘောပေါက်သွားပြီမို့ ဘာတစ်ခွန်းမျှ စောဒကထပ်တက်မနေတော့ဘဲ မြေပြင်တွင် ကျွန်တော်ကဲ့သို့ ကျောခင်းကာ ကောင်းကင်ထက်ဆီသို့မော့ကြည့်ရင်း သက်ပြင်းမောတို့ကို ရှိုက်ထုတ်နေသံကို ကြားလိုက်ရပေသည်။

ပေါလုတစ်ယောက် ကျွန်တော့်ကို မကျေနပ်ဘူးဆိုသည်ကို ဘာမေးခွန်းဆရာကိုမျှ သွားမေးနေစရာ မလိုတော့ပေ။

ထိုအချိန်တွင် ကျွန်တော်တို့အောက်ဘက် ကမ်းပါးယံအောက်ခြေဆီမှ ကျားမကြီးဆီမှ မာန်ဖီလိုက်သံကြီးတစ်ချက် ကြားလိုက်ရသည်နှင့်အတူ နေရာဆီမှအဝေးသို့ တစ်ဟုန်ထိုးပြေးထွက်သွားသည့်အသံ၊ အကောင်ပေါက်ကလေးသုံးကောင်က မိခင်ကြီးနောက်ဆီသို့ သူ့ထက်ငါ အပြိုင်အဆိုင်ပြေးလိုက်သွားကြသံများကို ကြားလိုက်ရပေသည်။

✿ ✿ ✿

[ ၅ ]

❑

နံနက်ခင်းပေမို့ ကျေးငှက်သံ၊ မျောက်အော်သံ တစာစာတို့နှင့်အတူ ရိုးမကြီးတစ်ခွင်တစ်ပြင်လုံး မြူနှင်းများ ရစ်သိုင်းလျက်ရှိသည်။ ခပ်အဝေးဆီတွင် လှမ်း၍မြင်နေရသော 'မဟူရာတောင်' မြင့်ကြီးပေါ် သူ၏တောင်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံး ထွက်ပြူစနေရောင်နှင့် ဘော်ငွေရောင်အဆင်းနှင့် လှပနေသည်။

တောင်မကြီးဘေးတွင်ကပ်လျက် စီးဆင်းသည့် တောင်ကျချောင်းဖြစ်သော မဟူရာချောင်းသည်ပင် တစ်ချက်တစ်ချက် ဖြတ်သန်းတိုက်ခတ်လိုက်သော လေနုအေးကလေးများကြောင့် လက်ကျန်ချောင်းရေကြည်ကြည်ကလေးများတို့အပေါ်တွင် ရုပ်ပြေးလှိုင်းကလေးများတို့ တပြောင်ပြောင်လဲ့လဲ့။ ရိုးမရိုင်းကြီး၏ နေ့သစ်တစ်နေ့၏ နံနက်ခင်းအလှကို အစွမ်းကုန်လှပအောင် ဖော်ဆောင်နေသည့်နှယ်။

နှစ်ဦးသား လမ်းစပျောက်နေကြသဖြင့် ရှာဖွေရင်း စခန်း(အထိုင်ချ)ဆီသို့ပြန်ခဲ့ကြရာ သည်နေရာရောက်တော့မှ ပြန်ကြရမည့်နေရာကို နှစ်ဦးသား သိလိုက်ရပေသည်။ တကယ်တမ်း ထိုနေရာသည်ကား သားကောင်ပေါများသော ဤတောင်ကျချောင်းရိုးတစ်လျှောက်တွင် ကျွန်တော်တို့အဖွဲ့ အမြဲတမ်း တောပုန်းခြောင်းကာ လှည့်လည်ပစ်ခတ်နေသည့် နေရာများပင်၊



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း မာကျောသိပ်သည်းသော မြေနီလမ်းကလေးအတိုင်း နှစ်ဦးသား သေနတ်များကို အရေးရှိကပစ်ခတ်ကြရန် အသင့်ကိုင်ဆောင် ကြရင်း စခန်းချရာ အပြန်လမ်းစကို ရှာဖွေပြန်ခဲ့ကြရာ တွေ့လိုက်ရသည့် သားကောင်ကြီးသည် ကလေးများမွေးကင်းစ ကျားမကြီးတစ်ကောင် ဖြစ် နေသည့်အတွက် မပစ်ဘဲ ပြန်ခဲ့ကြခြင်းပင်။

အပြန်လမ်းကား တိတ်ဆိတ်လွန်းလှသည်။ အလွန်စကားများ သည့် တပည့်ဖြစ်သူ ရွှာခံမုဆိုးပေါလုသည်ပင် ယခုအချိန်ထိ စကားမပြော နားညည်းအလွန်သက်သာနေသလို သစ်ရိုင်းပင် မြင့်မြင့်ကြီးများထက်ဆီ ကျေးငှက်သံတစာစာများအပြင် လင်သက်ငိုမတို့၏ မိတ်ခေါ်သံ၊ မိတ်ဆော် များကို ပြက်ပြက်ထင်ထင်ပင် ကြားနေရသည်။ ကျွန်တော်ကား အလွန်အေး စိတ်ချမ်းသာစွာနှင့် အပြန်လမ်းကို လျှောက်လှမ်းနေစဉ်အတွင်း . . .

''ဒိုင်း''

နှစ်ဦးသား လျှောက်လှမ်းနေကြသည့် လမ်းကလေး၏ ဝဲဘက် ဝါးတောကြီးအတွင်းဆီမှ ကျယ်လောင်စွာ ပေါက်ကွဲမြည်ဟိန်းသံကြီး တစ် ချက်ကို ကြားလိုက်ရသလို သားကောင်ကြီးတစ်ကောင်၏ ဒေါသတကြီး မာန်ဖီလိုက်သံကြီးနှင့်အတူ မြေပြင်တွင် ဝရုန်းသုန်းကား လူးလိမ့်လိုက်သည့် အသံကြီးများကို ဆက်တိုက်ကြားလိုက်ရသည်မို့ နှစ်ဦးသား လှမ်းလက် ခြေလှမ်းများကို တိုင်ပင်မထားဘဲ ပြိုင်တူရပ်တန့်ကာ အသံလာရာဆီသို့ နားစွင့် အခြေအနေကို အကဲခတ်လိုက်မိကြပေသည်။

အခြေအနေက မကျွမ်းကျင်သော သေနတ်သမားတစ်ယောက်က ကျားသစ်လိုအကောင်မျိုးကို သွားပစ်မိချေပြီဟု အထင်ရောက်လိုက်သည်။ ကျားသစ်တစ်ကောင်ကလည်း ဒဏ်ရာနှင့် တောချုံတစ်ခုကို ခုန်၍ တော တွင်းဘက်ဆီသို့ ပြန်လည်တိုးကာ ဝင်ရောက်သွားသလို သေနတ်သမား နှင့် အဖော်လိုက်လာသည့် ခွေးနှစ်ကောင်ကလည်း ကျားသစ်ကောင်ပြေး ထွက်သွားရာဆီသို့ တစ်ဟုန်ထိုး ပြေးလိုက်သွားကြသံများကိုပါ ဆက်တိုက် ကြားလိုက်ရသည်။

များမကြာမီ အချိန်အတွင်း ကျားသစ်နောက်ဆီသို့ တိုး၍ ပြေး လိုက်သွားကြသော ခွေးနှစ်ကောင်၏ ငယ်သံငယ်ရင်းပါအောင် အော်ဟစ် ညည်းညူသံများကိုပါ တစ်ဆက်တည်း ကြားလိုက်ရပြန်သည်။





ခွေးနှစ်ကောင်ကား ကျားသစ်ကောင်၏ ပြန်လည်တိုက်ခိုက်ခြင်း ကိုခံလိုက်ရပြီး လူကိုပါ ပြန်လည်အန္တရာယ်ပေးတော့မည်ဖြစ်သည်ကို အတွေ့ အကြုံများတို့အရ သိထားလိုက်သဖြင့် တပည့်ကျော်ပေါလု မျက်နှာကို လှမ်း ကြည့်ကာ ထိုနေရာဆီသို့ အမြန်သွားရန် မေးငေါ့ပြလိုက်မှုကြောင့် သေနတ် များကို အသင့်ကိုင်ဆောင်ကြရင်း နှစ်ဦးသား ပြေးလွှားသွားလိုက်မိကြပေ တော့သည်။

ဦးစွာ တွေ့မြင်လိုက်ရသည့်မြင်ကွင်းကား အမဲလိုက်ခွေးနှစ်ကောင် သည် ကျားသစ်၏ပြန်လည်ကုတ်ခြစ်ခြင်းကို ခံလိုက်ရပြီး မြေပြင်တွင် အူမွှင့် ထွက် ဘေးတိုက်လဲကျ အသက်ငင်နေရင်းမှ နှုတ်မှ 'တအိုင်အိုင်'ညည်းညူ နေရှာသည်ကို တွေ့မြင်လိုက်ရပေသည်။ သေနတ်သမားကား ကျားသစ် ကောင်ဝင်ရောက်ပုန်းခိုနေသော တောချုံပုတ်အတွင်း မျက်နှာမူလျက် ပစ် ခတ်တော့ရန် အသင့်အနေအထားဖြင့် မှဆိုးဒူးထောက် အထိုင်ပုံစံမျိုးဖြင့် အသင့်အနေအထားနှင့် စူးစူးစိုက်စိုက်ကြည့်ကာ သားကောင်ထွက်မည့် နေရာကို သေနတ်နှင့် လိုက်လံချိန်ရွယ်နေသည်ကို တွေ့လိုက်ရသည်။

ထိုစဉ် သူမျက်နှာမူထားရာ တောချုံပုတ်ကြီးအတွင်းဆီမှ ဒဏ် ရာရ ကျားသစ်တစ်ကောင်က ထိုသူကို လျှပ်တစ်ပြက် ခုန်ထွက်လှမ်းအုပ် လိုက်သလို သေနတ်သမားကလည်း လျှပ်တစ်ပြက်လှည့်လိုက်ကာ မျက်နှာ ချင်းဆိုင်အနေအထားနှင့် ကိုင်ဆောင်ထားသည့် သေနတ်ကို ဆွဲဖြုတ်ချ လိုက်သော်လည်း . . .

''ချောက် . . . ချောက်''

သူကိုင်ဆောင်ထားသည့် သေနတ်ကျည်ဆန်က ထွက်မလာ။ သူ မျက်လုံးပြူးနေစဉ် . . .

''ဒိုင်း . . . ဒိုင်း . . .''

အရည်ပျော့သားကောင်တစ်ကောင်အဖို့ (၆)လုံးကျည် တစ်တောင့် တည်းပင် လုံလောက်သော်လည်း ယခု ကျွန်တော်ပစ်ခတ်လိုက်သည့် ကျည်အနှံ က (၂)တောင့်မို့ ကျည်ခဲလုံး (၁၂)လုံးတို့က ကျားသစ်ကောင်၏ ခန္ဓာကိုယ် တစ်ခုလုံးကို ဖြတ်ဖောက်သွားခြင်းကို ခံလိုက်ရပြီမို့ မြေပြင်ထက်ဆီသို့ ဖွဲ့အိတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးပစ်ချခံလိုက်ရသည့်နှယ် ဗုန်းခနဲ ပစ်ကျသွားပြီး တုပ်တုပ်ပင် မလှုပ်နိုင်တော့ပေ။

ကျွန်တော်က သေနတ်ဇက်ကို လျင်မြန်စွာချိုးလိုက်ပြီး ကျည်သင်နှစ်တောင့်ကို ပြောင်းရင်းအတွင်းသို့ ထိုးထည့်လိုက်ကာ သေနတ်သမားကို လှမ်းကြည့်လိုက်မိသည်။ မြင်ကွင်းအရ အမှန်တကယ် အံ့သြသွားရသူမှာ ကျွန်တော် ရယ်ပါ။ အကြောင်းမူ မြင်တွေ့လိုက်ရသည့် သေနတ်သမားကား နုငယ်ပျိုရွယ်သော မိန်းမပျိုကလေးတစ်ဦး ဖြစ်နေခြင်းကြောင့်ပင်။

''ဘုရား ... ဘုရား ... တောမှောက်ခံရပြီလား၊ တောခြောက်ခံရလေပြီလား။ သူယောင်မယ်လည်း မဟုတ်လောက်ပါဘူး''

နှုတ်ဖျားမှ ထွက်ပေါ်လာသော စကားတော့မဟုတ်။ စိတ်တွင်းမှ တွေးတောလိုက်ရင်း မုဆိုးထိုင်အနေအထားမျိုးနှင့် တစ်လုံးထိုးသေနတ် (တူမီးသေနတ်)ကိုင်ဆောင်ကာ ကျားသစ်သေကြီးကို ငူငူငိုင်ငိုင်ကြီးအသွင်မျိုးနှင့် စူးစိုက်ကြည့်နေသော မိန်းမငယ်အနီးဆီသို့ တိုးကပ်သွားရင်း နှုတ်ကလည်း ...

''ကလေးမက ဘယ်လိုလုပ် ဒီတောကြီးထဲကိုရောက်လာပြီး ဒီကျားသစ်ကို လိုက်ပစ်နေရတာလဲ။ အန္တရာယ်ရှိမယ်ဆိုတာကော မသိဘူးလား။ ငါတို့နှစ်ယောက်နဲ့ တွေ့ပေလို့ တော်သေးတာပေါ့''

ကျွန်တော့်အမေးကြောင့် မိန်းမငယ်မှာ အသက်ဝင်လှုပ်ရှားလာသော်လည်း အတုန်တုန်အချည့်ချည့် အထစ်ထစ်အငေါ့ငေါ့နှင့် ပြန်ဖြေပုံက ...

''ဟို ... ဟို ... ဟိုလေ ကျွန်မ ပုဏ္ဏရွာကပါ''

''ဟေ ... ပုဏ္ဏရွာက ... ဟုတ်လား။ ဘယ်သူ့သမီးလဲကွ''

''ကျွန်မ မုဆိုးဦးအောင်သူ သမီးပါ''

''ဟုတ်လား ... မုဆိုးအောင်သူမှာ သမီးရှိတယ်လို့ ငါတို့ မကြားမိပါလားကွ''

''ဟုတ် ... ဟုတ်ပါတယ် ... အဖေကြီးရယ်၊ ကျွန်မက အမေ့မြို့မှာ လိုက်နေတာပါ။ ခု အဖေ့ကို သတိရလို့လာလည်ရင်း အဖေ့ သေနတ်နဲ့ အနီးအနား သားကောင်ငယ်တွေ ပစ်ဖို့ထွက်လာရင်း ဒီအကောင်ကြီး





တိုးရတာပါ။ အဖေကြီးကို ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်မမှာ အခေါ်ကြီးပေးတဲ့အသက်ပဲ ရှိပါတော့တယ်။ ချေးနှစ်ကောင်ကိုစွက်ကိုလည်း အဖေ့ကို ဘယ်လိုပြောရမှန်းတောင် မသိဘူး။ အဖေ့အတွက် သိပ်အားကိုးရတဲ့ ခွေးတွေလေ''

ကျွန်တော်က အသက်အရွယ်ကြောင့်အပြင် သူမ၏အသက်ကိုပါ ကယ်တင်လိုက်နိုင်သဖြင့် ကျေးဇူးတင်လွန်းသဖြင့် 'အဖေကြီး'ဟု ခေါ်လိုက်ဟန်ထင့်။ ထိုအချိန် နောက်ကျောဘက်ဆီတွင်ရှိနေသည့် ပေါလုအသံက ခြတ်ကျော်ခုန်ပေါက် တိုးဝင်လာသည်။

''ခွေးနှစ်ကောင်အတွက်တော့ စိတ်ချပါ။ အစ်ကို့မှာ ချင်းပြည်နယ်ဘက်ကဝယ်လာတဲ့ ခွေးနှစ်ကောင်ရှိတယ်။ ပြန်အစားပေးပါ့မယ်။ အမဲလိုက်နိုင်အောင်တော့ လေ့ကျင့်ယူရမှာပေါ့။ ဒီကျားသစ်ကောင်ကိုလည်း ညီမအတွက် အမှတ်တရလက်ဆောင်အဖြစ် အစ်ကိုပေးပါတယ်။ ဒီအကောင်ကိုထမ်းပြီး ညီမအိမ်လိုက်ပို့ပေးရင်း ညီမအဖေ ဦးအောင်သူကိုလည်း ရှင်းပြမှာပါ။ လူ့အသက်ထက် ဘာမျှပိုအရေးကြီးပါဘူး။ စိတ်အေးအေးသာထား''

ပေါလုတစ်ယောက် သွက်လက်ထက်မြက်နေပုံက အဲသလိုမျိုး။ ကျားသစ်ကောင်ကိုထမ်းကာ အိမ်အထိလိုက်ပို့ဦးမတဲ့။ သေသွားသော ခွေးနှစ်ကောင်ကိုလည်း ပြန်အစားပေးဦးမတဲ့လေ။ အဲဒီ ခွေးနှစ်ကောင်ဆိုတာကလည်း သူ့ခွေးများမဟုတ်။ ကျွန်တော်ရွှေစက်တော်သို့ ဘုရားဖူးသွားရင်း ချင်းလူမျိုးတို့ လာရောက်ရောင်းချသည့် အမဲလိုက် အနံ့ခံအလွန်ကောင်းသည့် အမဲလိုက်ခွေးနှစ်ကောင်။ သူတို့နှစ်ကောင်၏ အမည်များကလည်း 'နိုင်ယာနှင့်ဘွတ်ပလုံ'ဆိုပြီး သူတို့နာမည်ပေးထားသည့် ခွေးများပင်။ ကျွန်တော်က ထိုချင်းခွေးနှစ်ကောင်ကို ဝယ်ယူလာခဲ့ပြီး အမဲလိုက်လေ့ကျင့်ရစေရန် သူ့ထံသို့ပို့ထားပြီး လေ့ကျင့်ခိုင်းထားသည့် ခွေးများပင်။

ယခုတော့ ထိုချင်းခွေးနှစ်ကောင်ကို ကျွန်တော့်ရှေ့တွင်ပင် သူ့ခွေးအမှတ်နှင့် မိန်းမငယ်ကလေးကို အစားပြန်ပေးဦးမည်တဲ့လေ။ တစ်လမ်းလုံး ကလေးသုံးကောင်၏မိခင် ကျားမကြီးကို မပစ်ခတ်သဖြင့် မကျေမနပ်နှင့် ကျွန်တော့်ကို အစာမကြေဖြစ်ကာ စကားတစ်လုံးမျှ မပြောခဲ့သော ပေါလုတစ်ယောက် ယခုအခါ မုဆိုးအောင်သူ၏သမီးကို တွေ့လိုက်ပြီး သေနတ်



www.burmeseclassic.com

www.burmeseclassic.com



ကို ဖော်ထမ်းထမ်းကာ ဟန်ပါပါနှင့် သွက်လက်နေသော သူ့ကို လှမ်းကြည့်လိုက်ရင်း ကျွန်တော် ပြုံးနေလိုက်မိသည်။ ကျွန်တော့်ကို မျက်စိတစ်ဖက် မှိတ်ပြလိုက်ရင်း သူဆက်ပြောနေသည့် စကားတို့က . . .

"ဒီက ညီနာမည်က ဘယ်လိုခေါ်သလဲဟင်။ ညီမအဖေ ဦးအောင်သူနဲ့တော့ မကြာခဏဆိုသလို ဆုံခဲ့ဖူးပါတယ်။ တွဲပြီးလည်း ပစ်ခဲ့ဖူးတယ်။ သူ့အိမ်မှာလည်း ထမင်းစားခဲ့ဖူးတယ်။ အဲဒီတုန်းက ညီမကို မတွေ့ခဲ့ဘူးလေ"

"ညီမ့နာမည်က စံပယ်ပါ။ အများကတော့ ချစ်စံပယ်လို့ ခေါ်ကြတယ်လေ"

"သြော် . . . ချစ်စံပယ်တဲ့လား။ နာမည်ကလေးက ချစ်စရာကောင်းသလို လူကလည်း လှပါတယ်လေ"

ပေါလုပြောလိုက်သည့် စကားများကြောင့် မိန်းကလေးမှာ ရှက်သွေးဖြာသွားဟန်ထင့်။ ပါးပြင်တို့က ရဲခနဲဖြစ်သွားသည်ကို တွေ့မြင်လိုက်ရပေသည်။ ယခုမှပင် ပေါလုတစ်ယောက် အာသွက်နေရခြင်း အကြောင်းအရင်းကို ကျွန်တော် သဘောပေါက်လိုက်မိသည်။ သူအာသွက် မည်ဆိုကလည်း သွက်လောက်ပေသည်ကိုး။

မိန်းကလေးကို ယခုမှပင် အသေအချာ ကြည့်လိုက်မိသည်။ ညိုညက်ညက်အသားအရေနှင့် နဖူးလန်းဆန်းနေပြီး သူမ၏ မျက်ခုံးများတို့က စင်ရော်တောင်များသို့နှယ်။ ကြည်လဲ့ဖြူဝင်းသော မျက်ဝန်းအစုံတို့၏အောက် ချွန်မြသောနှာတံ၊ ခပ်ဖူးဖူးကလေးအသွင် နှုတ်ခမ်းရဲရဲကလေးတို့၏ပိုင်ရှင် မှန်နံ့သာမခြယ်ဘဲ သူမ၏အလှတို့က လင်းသလိုလဲ့သလိုနှင့် ကျစ်လစ်ခိုင်ခံ့သော ကိုယ်ကာယအလှပိုင်ရှင်မလေး တစ်ယောက်ဖြစ်နေသည်ပဲကိုး။

ယခုကဲ့သို့တွင် ကိုယ်ကိုယ်တိုင် လူကြီးတစ်ယောက်အသွင်နှင့် အမဲအထားမျိုးအပြင် သူမကလည်း အဖေဟု အခေါ်ခံထားရခြင်းဖြစ်သူမို့ ကိုယ့်အတန်းအစားနှင့် ကိုယ့်သိက္ခာကိုထိန်းလိုက်ရင်း စိတ်ကို ဖြေသိမ့်လိုက်ရသည်က လူငယ်တွေဆိုသည်က သည်လောက်တော့ ရှိကြပေမပေါ့ဟုသော ဘက်ဆီသို့ရောက်အောင် တွေးယူလိုက်ရင်း မိန်းကလေးကိုင်ဆောင်ထားသည့် တူမီးသေနတ်ဘက်ဆီသို့ အတွေးကို ဦးတည်လိုက်ရပြန်သည်။





တူမီးသေနတ်ဆိုသည်က ကျွန်တော်တို့လက်ထဲ ယခုကိုင်ဆောင်ထားသည့် သေနတ်မျိုးမဟုတ်။ သားကောင်ကို တစ်ချက်တည်း အပိုင်လှဲနိုင်ရသည့် သေနတ်မျိုးပင်။ ပို၍ ရှင်းအောင်ပြောရလျှင် (လုပ်သေနတ်) ဖြစ်သက်။ ကျွန်တော်တို့ ကိုင်ဆောင်ပစ်ခတ်နေသည့် ကျည်တောင့်ထိုးကာ ပစ်ခတ်လို့ရသည့် သေနတ်မျိုးမဟုတ်။

လုပ်သေနတ်ဖြစ်သည့်အတွက် သားကောင်ကို တစ်ချက်ပစ်ခတ်ရန်အတွက် ဦးစွာပထမ သေနတ်ပြောင်းအတွင်းသို့ ယမ်းမှုန့်လောင်းထည့်ရသည်။ ဥပမာ ထိုယမ်းမှုန့်ကို (ပယ်နယ်စလင်ပုလင်း တစ်ပုလင်းခန့်)ထောင်းတံဖြင့် ထိုယမ်းမှုန့်ကို ထောင်းရသည်။ နောက်ထပ် အုန်းဆံများကိုသွင်းကာ ထောင်းရပြန်သေးသည်။ ထိုလုပ်ငန်းများပြီးတော့ (ကျည်စိုက်) ထည့်ကာ ထောင်းရပြန်သည်။ ထိုသို့ လုပ်ဆောင်ပြီးခါမှ ကျည်ခဲလုံး ထည့်ရသည်။ အုန်းဆံဖတ်များ ထည့်ရသည်။ ထောင်းရသည်။ ထိုသို့ တစ်ချက်ကောင်း ပစ်ခတ်နိုင်ဖို့အတွက် လုပ်ဆောင်ချက်များတို့ကရှင်ဆင့်၊ သားကောင်ကို ပစ်ပြန်တော့လည်း သေကွင်းသေကွက်ကို ချိန်စောင့်ကာ တစ်ချက်ကောင်းပစ်ခတ်ရသည့် သေနတ်မျိုး။

သို့အတွက် ထိုသေနတ်မျိုးတို့ကို ကိုင်ဆောင်ပစ်ခတ်ကြသည့် မုဆိုးများ သာမန်မုဆိုးများမဟုတ်။ စိတ်ဓာတ်ကြံ့ခိုင်ပြီး သားကောင်များတို့၏ စရိုက်သဘာဝကို အတော်အတန် လေ့လာကျွမ်းကျင်ထားကြသူများဖြစ်သည့် ဝါရင့်မုဆိုးကြီးများတို့သာ ကိုင်ဆောင်ပစ်ခတ်ကြသည့် သေနတ်မျိုး။

ယခုမူ သူမကိုင်ဆောင်ထားသည့် သေနတ်မှာ တူမီးသေနတ်ဖြစ်သည့်အတွက် သူမဖခင် မုဆိုးကြီးဦးအောင်သူဆိုသည်မှာ ဘယ်လိုမုဆိုးမျိုးရှိသူဆိုသည်ကို ကိုင်ဆောင်သည့်သေနတ်ကို ကြည့်ခြင်းအားဖြင့် ခန့်မှန်းနေသည့် ကျွန်တော်ကအသိ။

အထက်က တင်ပြခဲ့သလို သားကောင်ကြီးတစ်ကောင်ကို လင့်ထက်မှသော်လည်းကောင်း၊ အခြားသော တောချုံပုတ်တစ်ခုခုအတွင်းမှသော်လည်းကောင်း ပစ်ခတ်မည်ဆိုပါက သေကွင်းကိုမှန်းဆကာ အပိုင် ချိန်ရွယ်ပစ်ခတ်ကြသည့် သေနတ်မျိုးပင်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ အပိုင်ချိန်ရွယ်ပစ်ခတ်ပါသော်လည်း သားကောင်က ကိုယ် မှန်းဆထားသလိုမသေဘဲ (မီးခိုးကြွက်လျှောက်) လူကို ပြန်လည်အန္တရာယ် ပေးသဖြင့် နောက်တစ်ချက် ထပ်မံပစ်ခတ်ရန် လိုအပ်သည့်အတွက် ပစ်ခတ် ဖို့လုပ်ပြန်တော့ အချိန်ကာလက အနည်းဆုံး (၇)မိနစ်လောက်ကြာတော့ ပစ်ခတ်လို့ရသည့် သေနတ်အမျိုးအစားပင်။

ယခု ထိုသူငယ်မက ထိုသေနတ်ကိုကိုင်ပြီး တောကောင်ငယ်များ ကိုပစ်ရန် အဖော်ဖြစ်သူ ခွေးနှစ်ကောင်ကိုခေါ်ပြီး ထွက်လာခဲ့သော်လည်း အမှန်တကယ် သူတွေ့မြင်ရသည့် သားကောင်က သူမ ထင်ထားသ သားကောင်ငယ်မဟုတ်ဘဲ ကျားသစ်ကြီးတစ်ကောင်ဖြစ်နေပြီး လူကို ပြန် လည်အန္တရာယ်ပေးနေသည်ကို မျက်ဝါးထင်ထင် ကျွန်တော် တွေ့မြင်လိုက် ရသဖြင့် အကာအကွယ် ပေးလိုက်နိုင်ခဲ့သော်လည်း ကျွန်တော်နှင့် မ လိုက်ပါလျှင်၊ အကယ်၍များ ကျွန်တော်တို့နှစ်ယောက် ဝင်ရောက်မ နိုင်ခဲ့ပါလျှင် ...

ထိုကဲ့သို့ တောင်စဉ်ရေမရ အတွေးများတို့ကို လွှတ်ထားလိုက် တက်ကြွနေသည့် သူ၏အသံက ထပ်မံထွက်ပေါ်လာပြန်သည်က ...

"ကဲ ...ညီမ အစ်ကို ကျားသစ်ကိုထမ်းမယ်။ ညီမတို့ ပုတ္တရွာကအိမ်ကို သွားလိုက်ကြရအောင်နော် ...ဘိုလေး"

အမှန်တော့ ချစ်စံပယ်ဆိုသည့် မိန်းကလေးအပေါ် သူက တော ပိုပြီး ကျွန်တော့်ဘက်လှည့်ကာ စစ်ကူတောင်းလိုက်ခြင်းပင်။ တတ် တတ်နိုင်သည့် မုဆိုးပါကလား။ တောသားရဲတော့ ကျွန်တော်ပင် ဘယ် ဆွဲထုတ်ရမှန်းမသိသဖြင့် ဘာစကားတစ်ခွန်းမှ ပြန်လည်မပြောသာ မို့ မချိသောအပြုံးကလေးနှင့်သာ ပြန်လည်ခေါင်းညိတ် ပြလိုက်မိပေ သည်။ သူ ဘာကိုရည်ရွယ်ပြီး ဒီလောက် သဘောကောင်းနေသည် သဘောပေါက်နေပေမဲ့ လူကြီးမို့ မသိဟန်ဆောင်နေလိုက်စဉ် သူက ကျား သေကောင်ကြီးကို ခွေ့ခနဲ ပခုံးထက်တွင် မနိုင်မနင်းထမ်းလိုက်ရင်း သေ နှစ်လက်ကိုထမ်းကာ သူ့နောက်မှလိုက်နေသည့် ချစ်စံပယ်နောက်က လျှောက်လိုက်ခဲ့ရင်း လျှောက်လှမ်း နေမိပေသည်။

✿ ✿ ✿

[ ၆ ]

❑

သေနတ်ကို တစ်စချင်းဖြုတ်လျက် ပွတ်တိုက်ဆီကျွေးအပြီး ပြောင်း အတွင်းရှိ ချေး(ကျီး)များကို ကတ္တီပါစသန့်သန့်နှင့် ပွတ်တိုက်ဆွဲယူသန့်စင် နေစဉ်အတွင်း ကျွန်တော့်အနီးသို့ ပေါ်လုတစ်ယောက် ရောက်လာသည်။ သူ ၏မျက်နှာကို ကြည့်လိုက်တော့ မချိုမချဉ်။ သူက ကျွန်တော်တို့ထိုင်နေရာ နောက်ကျောရှိ ရှီးမတောကြီး၏ ဟိုမှာဘက် ပြေပြေလျှောလျှော နိမ့်ကျနေ သည့်ကုန်းစောင်းနှင့် သက်ငယ်တော၊ ဗျိုက်တောကြီးများကိုပင် လှမ်းပြီး ငေး ကြည့်နေသည်ကို ကျွန်တော် သတိပြုလိုက်မိသည်။ ထုံးစံအတိုင်း အဘ ကောင်းက သေနတ်များကို ပြန်လည်တပ်ဆင်နေရင်း မျက်မှန်ထောင့်မှ ကြည့်ကာ ပြောလိုက်သည်က ...

"ပြောစမ်းပါဦး ... ပေါ်လုရဲ့။ မင်းက ဘာပြောချင်လို့တုံး။ ငါ့ကို ရှင်းအောင်ပြောစမ်းကွာ"

လက်တွဲလာခဲ့ကြသည့် ကာလတစ်လျှောက်လုံးတွင် ယခုအချိန် လောက်သာ ထူးထူးခြားခြား ပြောလာခဲ့သော ပေါ်လု၏စကားကြောင့် ညဘက် မီးထိုးကာ အမဲလည်ရန်အတွက် လေးခဲထိုးဓာတ်မီးကိုပြင်နေသော အဘ ကောင်းက သူတပ်ထားသော မျက်မှန်အတွင်းမှ မျက်လုံးအစုံကို အသာ ညီ့ လှန်ကြည့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ညပိုင်း အဘကောင်းနဲ့ မီးလည်မလိုက်တော့ဘူး"

"ဟေ ... ဘာဖြစ်လို့တုံးကွ"

"စားပင်သွားစောင့်မလို့"

"ဘယ်မှာလဲ။ ဘာစားပင်လဲ။ ဘာကောင်ဝင်စားလဲ။ ဝင်ချိန်ထွက်ချိန်ကော မှန်ရဲ့လား။ ဘယ်သူနဲ့ သွားမှာလဲ"

မေးခွန်းတွေက များလှသည်ဟု ထင်ရပေမဲ့ ယခုကဲ့သို့ စားပင်စောင့်ပြီး ပစ်ခတ်ကြမည့်သူတိုင်းကို မေးရိုးမေးစဉ်အတိုင်း မေးခွန်းများ ကျွန်တော်က ဘာတစ်ခွန်းမျှ ဝင်မပြောဘဲ ငြိမ်၍ နားထောင်နေလိုက်သည်။

"ပုတ္တရွာဘက်မှာ။ သားကောင်ခြေရာကို ကြည့်တော့ ဝင်ချိန်မှန်မယ် ထင်တယ်။ အကောင်ကလည်း သူယောင်မယ်ကောင်ဆိုတော့ ..."

"ဘာကွ ... ပစ်ရမယ့်အကောင်က သူယောင်မယ်ကောင် ... ဟုတ်လား"

ပေါလုစကားကြောင့် ကျွန်တော်က သဘောပေါက်သွားကာ ဟားတိုက်ရယ်မောလိုက်မိသည်။ ထိုအချိန် အဘကောင်းက ကျွန်တော်တို့နှစ်ယောက်ကိုကြည့်ရင်း ပြောလိုက်သည်က ...

"သူယောင်မယ်ကောင်ဆိုတာကို ငါအမဲပစ်လာခဲ့တဲ့ သက်တမ်းလည်း ကြာခဲ့ပြီ။ ကြားလည်း မကြားမိဘူး။ ပစ်လည်း မပစ်ခဲ့သေးဘူး မြင်တောင် မမြင်ဖူးဘူး။ ပုတ္တရွာရဲ့ ပစ်ရမယ့်ခွင်က ဘယ်အနားမှာလဲ"

"မုဆိုးကြီး ဦးအောင်သူခွင်မှာ"

ပေါလုက မဆိုင်းမတွပင် ပြန်ဖြေလိုက်သံကြောင့် ကျွန်တော် မနေနိုင်တော့ဘဲ ဒုတိယအကြိမ် ရယ်မောလိုက်မိပြန်သည်။ အကြောင်းကို မသိသေးသော အဘကောင်းက သူ့ကို ကျွန်တော်ကပါဝင်ပြီး နောက်ပြောင်နေသည်ဟု အထင်ရှိသွားသောကြောင့် ကျွန်တော့်ကို မျက်စောင်းတစ်ချက်လှမ်းထိုးကာ သူ့ထုံးစံအတိုင်း ရှူးရှူးရှဲရှဲဖာတ်လမ်းက သည်။ ထိုအချိန်တွင် သတ်ပုံကို မကြေညက်သော ပေါလုက ကွန့်လိုက်သည်က ...





"ဟုတ်တယ် ... အဘရဲ့၊ အဘမြင်ရင် အံ့ဩသွားမယ်။ တကယ်ပဲ ဘုရားစူး"

"နေစမ်းပါဦးကွ။ မင်းသွားစောင့်မယ့်စားပင်က ပုတ္တရဲ့ဘယ်နေရာလောက်မှာရှိမလဲ။ အောင်သူ လှည့်သွားစောင့်နေကျ ကျောတွေကို ငါအတော်များများ သိနေပါတယ်။ ခု မင်းပစ်မယ့်သူယောင်မယ်ဆိုတဲ့ အကောင်က ဘာသီးကို ဝင်စားနေတာလဲ။ ဘယ်လိုအကောင်မျိုးလဲ။ ငါ့လည်း ရှင်းပြဦး"

"အဲဒီအကောင်က ခြေနှစ်ချောင်း လက်နှစ်ချောင်းရှိတယ် ... အဘရဲ့"

"တယ် ... ငါကလေ်တုတ်လိုက်ရ။ ပေါလုနော် ... နင် နာတော့မယ် ... တင်း"

ပေါလုတစ်ယောက် အဘကောင်းကို နောက်ပြောင်နေသလို မသိချင်ဟန် ဆိုးဝါးလွန်းလှသော အဘကောင်းကိုကြည့်ရင်း တတိယအကြိမ် ကျွန်တော် ဟားတိုက်ရယ်လိုက်မိပြန်တော့သည်။ ကျွန်တော် ရယ်လိုက်သည့်အတွက် အဘိုးကြီးက ပိုမိုဒေါပွလာခဲ့ပြီမို့ သူ သဘောပေါက်နားလည်အောင် အခြေအနေကို အကျဉ်းချုပ်ကာ လိုရင်းတိုရှင်း ပြောပြလိုက်မိပေသည်။ ဒါတောင် အဘိုးကြီးက ...

"ဟုတ်ကောဟုတ်ရဲ့လား ... ပေါလုရ၊ အောင်သူမှာ သမီးရှိတယ်လို့ ငါမကြားမိပါဘူး။ သူ့မယား မိစိမ်းကလည်း မပြောဖူးပါဘူး။ ဒီဘက်မှာ သူယောင်မယ်တွေရှိနေလျက်နဲ့ ရန်ကုန်ကလာတဲ့ သူယောင်မယ်ကျမှ ဘယ်လိုဖြစ်ပြီး သောက်ဖြစ်သည်းနေရတာလဲ။ အေးလေ ... မိန်းမယူဘူးသေးတဲ့ကောင်ဆိုတော့ ဒီလိုပဲဖြစ်မှာပေါ့"

"မတူဘူးလေ ... အဘရဲ့။ မြို့ကသူယောင်မယ်ဆိုတာ ဓာတ်မြေဩဇာထည့်ထားတော့ အသီးကလည်း ထွားတယ်။ ချိုလည်း ပိုချိုတယ်၊ အရသာလည်း ပိုရှိတယ် ... အဘရဲ့"

"ဟာ ... ခွေးကောင် တော်တော့ကွာ။ ကလေးကလားစကားတွေနဲ့ ငါ့ကို လာပြောနေတယ်"

www.burmeseclassic.com



အဘကောင်းက ဆဲဆိုလိုက်ရင်း နေရာက ထသွားသည်။ ပေါ အား သူတို့လူငယ်တွေ၏ အခြေအနေကို မေးမြန်းလိုက်တော့ သည်ရ ပိုင်းအတွင်းတွင်ပင် အတော်အတန် ခရီးရောက်နေကြပြီမို့ အဖေကြီး အခေါ်ခံထားရသည့် ကျွန်တော့်တွင် တာဝန်ကရှိနေပြီ မဟုတ်ပါလားဟု တွေ တောနေလိုက်စဉ် အဘကောင်း ပြန်ရောက်လာသည်မို့ ကျွန်တော်က နော ပြောင်ကျီစယ်လိုသဖြင့် လှမ်းစလိုက်မိသည်။

''ဒါနဲ့ အဘကောင်းကို မေးဦးမယ်။ စိတ်တော့မဆိုးနဲ့နော်''

''အေး . . . မေးလေကွာ၊ စိတ်မဆိုးပါဘူး။ ငါသိသလောက် ပြ ဖြေမှာပေါ့''

''တကယ်နော် . . . အဘ''

''အေးပါကွာ . . . မဆိုးပါဘူးဆိုနေမှ၊ ဘယ်လိုဖြစ်နေတာလဲ''

ပါးစပ်ကသာ စိတ်မဆိုးပါဘူးဆိုသော်လည်း ယခုကတည်းကဆ ဆိုးချင်ချင်ပင်။

''ဒီလိုပါ . . . အဘရယ်။ မိန်းမတွေနဲ့ ပတ်သက်လာရင် အမရာ ကိန္နရီ မဒီ၊ သမ္ဘူဆိုပြီး တော်ဝင်တဲ့ မိန်းမလေးဦးရှိတယ်လို့ဆိုတယ်။ အဲ တော်ဝင် မိန်းမလေးယောက်ဟာ ဖြူသလား၊ မည်းသလား၊ ပိန်သလား ဝသလား၊ ပုသလား၊ ရှည်သလား။ အဲဒါကို ကျွန်တော် မသိဘူး အဘရဲ့ ဒီတော့ အိမ်ထောင်ပြုခဲ့ရင် အဲဒီလိုတော်ဝင်တဲ့ မိန်းမမျိုးဖြစ်အောင် ဘယ် လိုရွေးရမလဲဆိုတာ သိချင်လို့ ပြောပြပါလား . . . အဘရဲ့''

ကျွန်တော်မေးလိုက်သည့် မေးခွန်းကိုနားထောင်ပြီး အတော်ကြ ကြာ စဉ်းစားသည်။ အတန်ကြာတော့မှ သူ ပြန်ဖြေလိုက်ပုံက း . .

''အဲဒီ ပြဿနာကို ငါငယ်ငယ်တုန်းက ငါ့ဆရာကို မေးခဲ့ဖူးတယ် ကွ။ သူပြန်ဖြေတဲ့အတိုင်း မင်းမေးခွန်းကို ငါပြန်ဖြေပြမယ်။ မှတ်ထားနော်

မင်းမေးတဲ့မေးခွန်းကို ငါ့အတွေ့အကြုံအရ မင်းမေးလို့ ငါ ပြ ဖြေပြမယ်တဲ့။ လောကမှာ မိန်းမနဲ့ ပတ်သက်လာရင် ဖြူတာလည်းကောင်း တယ်။ မည်းတာလည်းကောင်းတယ်။ ပိန်တာလည်းကောင်းသလို ဝတ လည်းကောင်းတယ်။ ပုတာလည်း တစ်မျိုးကောင်းသလို ရှည်တာကျ





တော့လည်း ကောင်းပြန်ရောကွ။ အိုကွာ . . . တိုတိုပြောရရင် မကောင်းလို့ ထွင့်ပစ်ရတဲ့အရာ တစ်ခုမျှ မရှိဘူးတဲ့။ သူ့ဟာနဲ့သူ ကောင်းကြတာချည်း ပဲလို့ ဖြေခဲ့တယ်။ အခု မင်းမေးတဲ့မေးခွန်းကို ငါ့ ဆရာဖြေသလို ပြန်ဖြေ လိုက်တယ်ကွာ။ မှတ်ထားကြ''

သူ့အဖြေကြောင့် အနီးတွင်ရှိနေကြသည့် အဖွဲ့သားများက 'ဝါး' ခနဲ ပွဲကျသွားကြပေတော့သည်။

✿ ✿ ✿

| ၇ |

❑

ပေါလုတစ်ယောက် မင်္ဂလာဆွဲခံပွဲအတွက် အဖေကြီးဟု အခေါ်ခံ ထားရသည့် ကျွန်တော်နှင့် အဖွဲ့သားများတွင် တာဝန်ကကျ ရောက်လာခဲ့ ပြန်သည်။ သို့အတွက် ထိုအခမ်းအနားတွင် ညွှေ့ခံကျွေးမွေးရန်အတွက် သားကောင်ကို ရှာကြရပေဦးမည်။

ဖြတ်သန်းလာခဲ့ကြသော လမ်းတစ်လျှောက်လုံး သစ်ရိုင်းပင်ကြီး များထက်ဆီမှ ကျေးငှက်များတို့၏ တွန်ကျူးသံများ၊ မျောက်အုပ်တို့၏ အော်သံများမှအပ အခြားသောသားကောင်များ၏ အော်ဟစ်သံကို မကြား ရသော်လည်း ဝါးရုံကိုင်းဖျားထက်ဆီမှ တောကြက်ဖငယ်တစ်ကောင်၏ သံပြတ်နှင့် တွန်သံကိုတော့ ကြားနေရသည်။ ခပ်ဝေးဝေးဆီမှ တောခွေးများ



www.burmeseclassic.com

www.burmeseclassic.com



တို့၏ တအိန်အိန်နှင့် ညည်းညူသံများကိုလည်း ကြားနေရပေသည်။ တို့အုပ်ဖွဲ့ကာ အစာရှာနေကြသည့်အသွင်ပင်။

တောခွေးဆိုသည့်အကောင်မျိုးက (ခွေးအ)များတို့ကဲ့သို့ ကြ။ တစ်အုပ်လျှင် အကောင်သုံးဆယ်လောက်ထိ ရှိတတ်ကြသည်။ တောနက်ကြီးများအတွင်း လှည့်လည်ပြီး နေ့ရောညပါ အစာရှာတတ် သည်။ အလွန်အမင်း ရက်စက်ကြမ်းကြုတ်ပြီး ကျား၊ ကျားသစ်၊ ဝံတို့ တောဆင်ရိုင်းကြီးများလို အကောင်ကိုပင် တိုက်ခိုက်စားသောက်ပစ် ကြသည်။

ခေါင်းနှင့်ကိုယ်ထည်မှာ အရှည်နှစ်တောင့်ထွာလောက်ရှည်ပြီး တို့၏အမြီးက တစ်တောင့်ထွာခန့်ရှည်သည်။ ကိုယ်အလေးချိန်က (၁၅)ပိ ခန့်။ ထို့ထက်ပိုကြီးသည့် အကောင်များလည်း ရှိကြပြန်သေးသည်။

အရောင်အဆင်းက နီညိုရောင်။ သူတို့၏အမြီးက ညိုသည် ထင်ရသော်လည်း အနက်ဘက်ဆီသို့ အားသာသည်။ ထိုတောခွေးတို့ မဟောင်ကြသလို အူလည်းမအူကြ။ တအိန်အိန်နှင့် အသံပြုတတ် သဖြင့် သူတို့အသံကိုကြားလိုက်ရုံဖြင့် မည်သည့်အကောင်မျိုးဆိုသည် ကျွန်တော်တို့က သိရှိနေသည်။ အကောင်ကြီးသလို ချွန်ထက်သော စွယ်ကြီးများနှင့် အတိရှိပြီး ကြံ့ခိုင်သန်စွမ်းသလို အလွန်အမင်းရက် သော အကောင်မျိုးပင်။

တောဆင်ရိုင်းအုပ်၊ ပြောင်အုပ်နှင့် စိုင်အုပ်များအတွင်း အား သည့်အကောင်မျိုးကို ချောင်းမြောင်းတိုက်ခိုက် စားသောက်တတ်ကြသ သူတို့၏သွားစွယ်နှင့် သွားများတို့က ချွန်ထက်ပြတ်ရှလွန်းသည့် အကော မျိုးပင်။

အဘကောင်း၊ အစ်ကိုကြီး ဦးသိန်းလွင်နှင့် ကျွန်တော်တို့ သုံး သား ယခုရောက်ရှိသောနေရာမှ သေနတ်များကို အသင့်ကိုင်ဆောင်လို ကြရင်း သင်္ကာမကင်းသော ဂူပေါက်တစ်ခုဆီသို့ လှမ်းကြည့်နေလိုက် သည်။ အဘကောင်းပစ်ခတ်လိုက်သော ဆတ်ကြီးကား ထိုဂူပေါက် အတွင်းဆီသို့ ဝင်ရောက်သွားသည်က အသေအချာ။ မြေပြင်တွင်နှင့် သစ်





ပင်များတို့တွင်ရှိနေသော သွေးစများတို့က မှန်ကန်ကြောင်းကိုလည်း သက် သေခံနေသည်ပဲ မဟုတ်ပါလား။

ကျွန်တော်တို့သုံးဦးစလုံး သေနတ်များကို အရေးရှိက ပစ်ခတ် အတွက် အသင့်ကိုင်ဆောင်ထားကြရင်း ဂူဝတွင် ခပ်ခွာခွာ အနေအထား နှင့် ရင်ပေါင်တန်းကာ ရပ်တန့်နေရာယူလိုက်ကြရင်း ဂူအတွင်းဆီသို့ ဝင် ရောက်သွားသော သားကောင်အခြေအနေကို ခန့်မှန်းတွက်ဆနေကာ အတွေး များကို ဖြန့်ထုတ်နေလိုက်မိပေသည်။

မုဆိုးလုပ်ကြသူများဆိုသည်က သားကောင်များကို ပစ်ခတ်သတ် ဖြတ်ကြသူများချည်းပင်။ သားကောင်များဆိုသည်ကလည်း အမျိုးမျိုး ရှိကြ သည်က ယခုကဲ့သို့ သေနတ်ဒဏ်ရာရရှိခဲ့လိုက်ရပြီး အသေခံတတ်ကြ သည့် သားကောင်မျိုး။ နောက်တစ်မျိုးက ဒဏ်ရာကြောင့် ပစ်ခတ်လိုက် သူကို ပြန်လည်ရန်မူတတ်သည့် သားကောင်မျိုးနှင့် ရရှိလိုက်သည့်ဒဏ်ရာ ကို အပြင်းအထန်ခံစားပြီးခါမှ တွေ့မြင်ရာ လူနှင့် ကျွဲ၊ နွား တိရစ္ဆာန်များကို ပြန်လည်ဒုက္ခပေးတတ်ကြသည့် သားကောင်မျိုးတို့ရှိကြရာ ယခုသားကောင် မှာ ဆတ်ကြီးတစ်ကောင်ဆိုသည်ကို သိရှိထားပြီး အန္တရာယ်မပေးနိုင်သည့် သားကောင်တစ်ကောင်ဖြစ် သိထားသော်လည်း သူဝင်ရောက်ခိုအောင်းရာဂူ ကို စိတ်တွင်းက သင်္ကာမကင်းရှိနေသည်မို့ သတိတော့ကြီးစွာ ထားရပေ သည်ပင်။ ထိုအနေအထားကို ကျွန်တော်သာမက သူတို့နှစ်ဦးလည်း သဘော ပေါက်ထားကြဟန် ရှိနေသည်။

အဘကောင်းကား သေနတ်ကို အသင့်ကိုင်ထားရင်းမှ အခြေအနေ ကို သုံးသပ်လျက် ရှိသည်။ ပြီးမှ ကျွန်တော်တို့ဘက်ဆီသို့ လှည့်ကာ မျက်စိ မှိတ်ပြလိုက်သည့်ကြောင့် အစ်ကိုကြီးဦးသိန်းလွင်က အနီးစပ်ဆုံး ဂဝကျစ်စာ ခဲတစ်လုံးကို ကောက်ယူလျက် ဂူအတွင်း ပစ်သွင်းလိုက်ပေသည်။

"ဘုတ် ..."

"ဖျော ဖျော ... ဝေါ ဝေါ"

ဂူတွင်းသို့ ကျောက်ခဲလုံး ပစ်ကျသွားသည့် အသံကြီးနှင့်အတူ အတွင်းမှ သားကောင်ကြီးတစ်ကောင် ထိုးထွက်လာသည့်အသံကြီးကို ကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရပြီး ကျောက်စွန်းကိုကွေ့ပတ်လျက် အနောက်ဘက် 'ချိုက်တော'ကြီး အတွင်းဆီသို့ ပြေးလွှားတိုးဝင်သွားနေသည့် မြွေကြီးတစ်ကောင်ကို မြင်လိုက်ရသည်မို့ တအံ့တဩနှင့် ကိုင်ဆောင်ထားသည့် သေနတ်ကို ပစ်ခလုတ် ဆွဲဖြုတ်လိုက်ကြဖို့ကိုပင် သတိမရလိုက်ကြ။ သတိရ၍ ပစ်ခလုတ်ကို ဆွဲဖြုတ်တော့မည်အလုပ် မြွေကြီးကား ကျွန်တော်တို့ကို မျက်ကွယ် သွားပေပြီ။ မြန်လိုက်သည့်ဖြစ်ခြင်း။

မြွေကြီးကား ဝါကြန့်ကြန့် အနက်ကွက်ကြီးများနှင့်မို့ စပါးအုံး မြွေ ကြီးတစ်ကောင်ပင်။ လုံးပတ်က ကျွန်တော့်ခြေသလုံးထက်ပင်ကြီးမည့် အ ကောင်းမောင်းသန် မြွေကြီးတစ်ကောင်ပင်။

"ဝင်ကြည့်လိုက်ကြရအောင်။ အထဲမှာ ဟိုအကောင် လဲနေပြီ ထင်တယ်"

ကျွန်တော်တို့သုံးဦးသား ရင်ပေါင်တန်းကာ ဂူအတွင်းဆီသို့ ဝင် လိုက်ကြပေသည်။ ဂူအတွင်းတွင် အတန်ငယ်မှောင်နေသဖြင့် အရာအားလုံး ကို သဲကွဲစွာ မမြင်ကြရသေး။ အတန်ကြာတော့ မျက်လုံးများ ကျင့်သား ရသွားကြပြီမို့ သေချာစွာကြည့်လိုက်ရာ ဆတ်ကြီးမှာ သေနတ်ဒဏ်ကြောင့် ဖြင့် မြေပြင်တွင် လျှာကိုတစောင်းကိုက်လျက် ဘေးတိုက်လဲကျ သေဆုံး နေသည်ကို တွေ့မြင်လိုက်ကြရပေသည်။ ဆတ်ကြီးကား ဆတ်ကျွဲကြီး တစ်ကောင်ပင်။ ပိဿာချိန် (၇၀)အထက်ပင်။

❀ ❀ ❀

[ ၈ ]

❑

တရိပ်ရိပ်နှင့် ပြေးလွှားနေသော ကားကလေးသည် ရေနက်ကြီး နှင့် မရမ်းချောင်း၊ ဥတိုကျေးရွာများကို ဖြတ်ကျော်လျက် မင်းကုန်းရဲဘက် ဆေးနီးဟိုမှာဘက် ရန်ကုန်-မန္တလေး အမှတ် (၃)အမြန်လမ်းမကြီးအတိုင်း စေတုံးတောင်းဘက်ဆီသို့ မှန်မှန်ကလေးပင် မောင်းနှင်လာခဲ့ကြပေသည်။

ကားပေါ်တွင် ပါလာခဲ့ကြသည့် အဖွဲ့သားများကား ဘာတစ်ခွန်း မျှ စကားမပြောကြဘဲ အတွေးကိုယ်စီနှင့် လိုက်ပါလာခဲ့ကြပေသည်။ ကား လမ်းမကြီးဘေးဘက်များရှိ သီဟိုဠ်ပင်များတို့အကြား ဝါးရုံတောကြီးများ ၏ ကိုင်းဖျားများထက်ဆီတွင် ချိုးလင်းပြာမောင်နှံများတို့က တူယှဉ်တွဲ လျက် သူတို့၏သဘာဝအလျောက် ချစ်တေးကို သီဆိုကျူးရင့်နေသယောင်။ အမှတ်မထင် ကားနောက်ခန်းကို နောက်ကြည့်မှန်မှ လှမ်းကြည့်လိုက် တော့ ချစ်သူနှစ်ဦး နောက်ခန်းတွင် အတူယှဉ်တွဲလိုက်ပါလာကြသည့် 'ပေါလု နှင့်ချစ်စံပယ်' နှစ်ဦးက တစ်ဦးမျက်နှာ တစ်ဦးက အရည်လဲ့သော မျက်လုံး များနှင့် ကြည့်နေကြသည်ကို တွေ့မြင်လိုက်ရပေသည်။

ယခုတစ်ခေါက် ပစ်ခတ်လို့ရရှိခဲ့ကြသည့် သားကောင်များကို ရောင်း ချကာ သူတို့ချစ်သူဘဝ ရှေ့ရေးအတွက် မင်္ဂလာလက်ဖွဲ့အဖြစ် ပေးအပ် လိုက်ကြရသည်မို့ သားကောင်များ၏အသားများ ပါမလာခဲ့ကြသော်ငြား ယခုအခါ ကားပေါ်တွင်တင်ဆောင်လာခဲ့သည့် 'မနုဿသားကောင်' ကား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လုတစ်ယောက်တည်းနှင့် သက်ဆိုင်သော သားကောင်မို့ မိဘနေရာ
တွင် တာဝန်ယူထားကြရသည့် ကျွန်တော်တို့အဖွဲ့က သူတို့နှစ်ဦး ရှေ့
ဆက်လက်လျှောက်လှမ်းကြမည့် အိမ်ထောင်ရေး ခရီးလမ်းသာယာဖြော
ဖြိုးရေးအတွက် ဆက်လက်ပံ့ပိုးကြရမည့် တာဝန်ပိုင်းများကို တွေးတော
လိုက်ရင်း ကားစက်ရှိန်ကို မြှင့်လိုက်ပေတော့သည်။

လေးမောင်



www.burmeseclassic.com

www.burmeseclassic.com

❑

ဂျပန်ခေတ်ပျက်၊ ဂျပန်တွေကို တော်လှန်အံ့ဆဲဆဲ မတ်လအ
ကြီးမှာ ရွှေကွင်းမြို့လေး၌ ဦးကျော်ဆိုသော လူလတ်ပိုင်းရွယ်တစ်ယော
ရှိ၏။ ဦးကျော်က ခေတ်ပျက်ကြီးမှာ စီးပွားရေးလိုက်လုပ်နေ၏။ ရွှေ
မြို့လေးနှင့် တောင်ငူမြို့မှာ မိုင်(၅၀)ကျော် ကွာဝေး၏။

ဦးကျော်က ရာလေးစက်ဘီးဖြင့် ရွှေကွင်းနှင့် တောင်ငူမြို့ကို
ကူးနေ၏။ ခေတ်ကာလကလည်း မကောင်း၊ လမ်းပန်းဆက်သွယ်
လည်း ခက်ခဲသဖြင့် ကားအသွားအလာ နည်းပါးလွန်း၏။ ဦးကျော် အ
ဖြစ်နေ၏။ ရွှေကွင်းမြို့က ထွက်ကုန်ပေါတာတွေ တောင်ငူကို သယ်
၏။ ညနေစောင်းသောအခါ တောင်ငူမြို့က ထွက်ကုန်ပေါတာတွေကို
နှင့် ပြန်သယ်တာ ရွှေကွင်းပြန်၏။ တစ်ယောက်တည်း သတ္တိရှိရှိ လုပ်
သော ဦးကျော် (ခေါ်) ဘကြီးကျော်ရဲ့ သည်းထိတ်ရင်ဖို စွန့်စား
က ကိုယ်တွေ့ဖြစ်၍ အလွန်နားထောင်ကောင်းလှ၏။

ခရီးမထွက်ဖြစ်သော လသာညတွေဆို တူသားနောင်မယ်
တွေကို သူ့အတွေ့အကြုံတွေ ပြောပြတတ်၏။ ဘကြီးကျော် စီးပွား
ကောင်း၍ ရွှေကွင်းမြို့မှာ တိုက်ကြီး (၂)လုံးပင် ဆောက်နိုင်လာခဲ့၏။
ကျော်ရဲ့ဇနီး ဒေါ်သီကလည်း အကွက်စေ့၏။ စီးတဲ့ရေ ဆည်တဲ့ကန်
လုပ်တတ်၏။

ငါးသလဲထိုး (၁၀) သားပင် သုံးလေးရက် စားသောက်
မချမ်းသာ ဘယ်နေတော့မလဲ။ ထွက်ငွေကို စစ်ကုပ်ပြီး ဝင်ငွေက ရသ





သာ ကုပ်စုနိုင်ကြတာကိုး။ ဘကြီးကျော်ဆိုလျှင် တောင်ငူသွားသည့်အခါ
င်ငှက်ပျောသီးနှင့် ရေဘူးသာ ထည့်သွား၏။ အဲ့ဒါပဲ တစ်နေကုန် စား
ာက်၏။ အပိုဝင်ငွေ လုံးဝ မသုံးစွဲ။ အရက်၊ လောင်းကစား၊ မိန်းမ
ာ ဝေးလာဝေး။ ကွမ်းစား၊ ဆေးသောက်ပင် မရှိခဲ့။

ဘကြီးကျော်ရဲ့ စက်ဘီးက ဘာမျှသာမဟုတ်ပေမဲ့ အတော်ဆန့်
 တုတ်တွေ၊ ကြိုးတွေ၊ ချိတ်တွေနှင့် တင်လိုက်လျှင် ဆိုက္ကားတစ်စီးစာ
 တင်နိုင်သေး၏။ ဘကြီးကျော်ကလည်း သူတစ်ထိုင်လေးနှင့် မိုင် (၅၀)
ကို ရအောင်နင်းနိုင်၏။ ရွှေကွင်းမြို့ကလူတွေက ဘကြီးကျော်ကို အာဃ
ကျော်ဟုပင် ခေါ်ကြ၏။ ဘကြီးကျော်ဟု စာရေးသူခေါ်ဆိုသော ဦးကျော်
က်သုံးဆယ်အရွယ်က ဖြစ်ပျက်ခဲ့သည့်အကြောင်းကို ရေးဖွဲ့တင်ပြ
ခြင်းဖြစ်ပါသည်။

ဂျပန်ကို တော်လှန်အံ့ဆဲဆဲ။ မြန်မာပြည်သူပြည်သားတွေခမျာ
ဆစ်ဂျပန်ရဲ့ နှိပ်စက်သတ်ဖြတ်ဖိနှိပ်မှုဒဏ်ကို ကျောကော့အောင် ခံစား
၍ အခဲမကြေ သူသေကိုယ်သေ ပြန်တိုက်ဖို့ အံခဲအံကြိတ်နေကြချိန်
…။

ဂျပန်ငပုတွေကလည်း မိန်းကလေးတွေကို မုဒိမ်းကျင့် စကားပြန်
 လက်ညိုးညွှန်တဲ့ကောင်ကို တော်လှန်ရေးသမားဆိုပြီး သတ်နည်း
ုံနှင့်သတ်၊ ပြည်သူတွေကြား ဆက်ဆံရေး အခန့်မသင့်လျှင် သတ်နေ
 သူခိုး၊ ဂျပိုး၊ ဓားပြများပင် ဂျပန်ကိုမှန်းတီးပြီး တော်လှန်ဖို့ အခွင့်ချောင်း
ကြီးမှာ …။

ဦးကျော်တစ်ယောက် သူ့မူမပျက် ရွှေကွင်းမြို့က ထွက်ကုန်တွေ
င် ဆားအိတ်ပါတင်ပြီး တောင်ငူကို ရောင်းဝယ်ဖို့ ထွက်လာခဲ့၏။
ွင်းမြို့မှာ ဦးကျော်လို လိုက်လုပ်နိုင်သူမရှိ။ လိုက်လံမလုပ်ရဲကြ။ ကူး
ရောင်းဝယ်ဖောက်ကားမှု သိပ်မရှိသောကြောင့် ကုန်ပစ္စည်းတွေ ပြတ်
ပါးနေ၏။ တောင်ငူမှာ ရွှေကွင်းက ဘာကုန်ပါတယ်ဆိုတာနဲ့ ပြိ
န်ပြီးသား။ ရွှေကွင်းမှာလည်း တောင်ငူက ဘာကုန်ပါတယ်ဆိုတာနဲ့
အယက်ဝယ်ကြလို့ တန်းပြီးကုန်တာ များ၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေကွင်းမြို့က ထွက်ကတည်းက လမ်းပေါ်မှာ လူရှင်းနေ၏။ ဆေ
ကာလ မကောင်းသောကြောင့် အသွားအလာဆင်ချင်ကြ၏။ တစ်မြို့တစ်ရွ
ကို သွားခဲလာခဲ၏။ ဂျပန်စစ်တပ်က ရွှေကွင်းမြို့ရဲ့ အချက်အချာနေရာ
တပ်စွဲထား၏။ ချက်ပလက်တား၊ ဆော်ရီကားတွေကို ဂျပန်တပ်က ဆွဲသ
ထား၏။ ဂျပန်တပ်ဆိုသော်လည်း တပ်စိတ်တစ်စိတ်စာသာ ရှိ၏။ ဖြ
ဖေယျာဝတီ၊ အုတ်တွင်း၊ ကျွဲပွဲ၊ ခပေါင်း အစရှိသဖြင့် ဂျပန်စစ်တပ်ကိုတ
သည့်နေရာတွေကို ဦးကျော် ရှောင်နင်း၏။

လမ်းမှာ ဂျပန်စစ်ကား၊ မော်တော်ဆိုင်ကယ် ဘေးကွဲတွေလာ
အဝေးကမြင်လျှင် လမ်းဘေးကုက္ကိုပင်၊ တဲတားအောက်၊ ချုံပုတ်တွေ
ဆင်းဆင်းပုန်း၏။ ဂျပန်လိုစစ်ဆေးခံရမှာ စိုး၏။ မဖြေတတ်လျှင် ပါး
ခံရမည်။ ရွှေးတပ်ဆွဲခံရမည်။ သတ်ပစ်ချင်လည်း သတ်ပစ်ကြလိမ့်
ဂျပန်တွေနှင့် ကင်းကင်းဝေးဝေး နေနိုင်လေကောင်းလေပင်။ ဦးကျော်
လာရင်း ညောင်ပင်သာအဝင်မှာ ဂျပန်စစ်လော်ရီကားတစ်စင်းနှင့် ဆိုင်
ဘေးတွဲကိုတွေ့၍ လမ်းဘေးကို အမြန်ရှောင်လိုက်၏။

ဂျပန်တွေ ညောင်ပင်သာမှာ ရိက္ခာရှာတာပေါ်တာဆွဲတာ လုပ်
လောက်ပြီ။ အချိန် ကြန့်ကြာနိုင်၏။ ရထားလမ်းဖက်အခြမ်းက မ
အနောက်ရိုးမဘက်အခြမ်းက ဆင်းပြီး တောလမ်းတွေကို ခက်ခက်ခဲခဲ ဖြ
ကျော်ရ၏။ စက်ဘီးမှာ ဂေါ်ရခါးဓားကောက်ကြီး ချိတ်ဆွဲထား၏။
မရှိဘဲ ချုံပိတ်နေလျှင် ဓားနှင့် ခုတ်ထွင်သွားရ၏။ စက်ဘီးနှင့် ကုန်
သောကြောင့် ခရီးဖင့်နှေး၏။ တောင်ငူကို တစ်ခါတလေ သုံးရက်ကြာမှ
ချင်ရောက်၏။ မြန်တဲ့နေ့ဆို နေ့ချင်းပြန်နိုင်၏။ လိုရမည်ရ ထမင်းချ
တွေ ထည့်ယူလာ၏။ ကြုံရာအိပ်ပြီး ကြုံရာစားပေါ့။ ဓာတ်မီးလည်း
သေး၏။

ဒီနေ့တော့ ရှောင်ရကွင်းရနှင့် တောင်ငူကို မိုးချုပ်မှ ရောက်
ထင်၏။ ဦးကျော်က ဘုရားစာတော်တော်များများ အလွတ်ရ၏။ အ
လျှင် ဘုရားစာ ဖိရွတ်၏။ အရဟံဂုဏ်တော်ကိုလည်း နာနာပွားမ
ဂုဏ်တော်အစွမ်းတွေကြောင့် အန္တရာယ်ပေါင်း မြောက်မြားစွာက ထွ
ခြင်းဖြစ်၏။





ညောင်ပင်သာရွာကို တကွေ့တပတ်ကြီး ကွေ့ပတ်ကျော်လွန်လာ
၏။ ဖြူးနားရောက်ခါနီးမှာ ဂျပန်စစ်တပ်ရှိ၏။ ဖြူးကျော်လှမှ သက်ပြင်း
ချမိ၏။ မောင်းထိုင်နားပြီး ငှက်ပျောသီးစား၊ ရေသောက်ရ၏။ နေ့ဝက်
ုးနေပြီ ခရီးမတွင်သေး။ ကတ္တရာလမ်းအတိုင်းသာ တောက်လျှောက်
င်းလိုက်ရလျှင် တောင်ငူ ရောက်နေလောက်ပြီ။

ဖေယျာဝတီမြို့ကို ကွေ့ပတ်ဖြတ်လာစဉ် လမ်းဘေးချုံကွယ်မှာ
းကျက်ထိုင်လူစုကို တွေ့၍ အမြန်ပုန်းရှောင်ရသေး၏။ ဓားပြတွေ၊ ဖေယျ
တီမြို့နားက ရွာတစ်ရွာကို ဝင်တိုက်ဖို့ တိုင်ပင်နေကြခြင်းပင်။ တချို့ဓားပြ
ွေက မိုက်လုံးကြီးနေဆဲ။

အရဟံရွတ်ဖတ်ပြီး ဓားပြတွေကို ကျော်လွန်လာ၏။ တောင်ငူမြို့
ရောက်တော့ မိုးစုန်းစုန်း ချုပ်လေပြီ။ တောင်ငူမြို့ရဲ့ ဆင်ခြေဖုံးရပ်ကွက်
လေးက အသိအိမ်မှာ သွားတည်းရ၏။ မြို့ထဲကို ရမ်းသန်းမဝင်ရဲ။ ဂျပန်
တပ်အခြေအနေကို မေးမြန်းရသေး၏။

ဂျပန်တွေ စစ်ပွဲအတွက် ပြင်ဆင်နေ၏။ အင်္ဂလိပ်ကို တိုက်ရမည်
ု ဂျပန်တွေထင်နေ၏။

မြန်မာတွေကို ရွှေရည်စိမ်လွတ်လပ်ရေး အခရေချိုပေးပြီး နားလှည့်
က်ခဲ့သည့် ဂျပန်တွေကို မြန်မာတွေကလည်း အင်္ဂလိပ်နှင့် လျှို့ဝှက်ပြန်
င်းပြီး တိုက်ဖို့ စီစဉ်နေလေပြီ။ ဒါကို ဂျပန်စစ်ပုလိပ်တွေမသိ။ ဗိုလ်ချုပ်
ာင်ဆန်းက မိန့်ခွန်းပြောရာမှာ …

'ရဲဘော်တို့ အနီးကပ်ဆုံး ရန်သူကို ရှာပြီးတိုက်ကြ' ဟု ဂျပန် စစ်
ယ်ချုပ်တွေရှေ့မှာ ရဲရဲတောက်ပြောကြားခဲ့၏။ ဂျပန်ကြီးတွေက ပြုံးနေ
သူတို့ကို ဆော်မှာမသိကြ။ အနီးကပ်ဆုံးရန်သူဟု ဗိုလ်ချုပ်က ဥပါယ်
ည်နှင့် ပြောတာကို သူတို့ သဘောမပေါက်ကြ။ အတော်တုံးတဲ့ ဂျပန်
တွေ ဝဲပြန်လည်ခံရခြင်းပင်။

စစ်ဖြစ်လျှင် တော်လှန်ရေးတပ်ထဲဝင်ဖို့ လျှို့ဝှက်စာရင်းပေးပြီး
ဖြစ်သော ဦးကျော်မှာ စစ်သင်တန်းလည်း တောထဲမှာ ခိုးတက်ခဲ့ဖူး
ျန်တွေကို သေနတ်လုပ်ကိုင်ရ၏။ စစ်ပွဲကျမှ သေနတ်ပေးမည်ဟု ပြော
ငပုတွေကို ပစ်ချင်တာမှ လက်ကိုယားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



''ဈေးကြီးမှာ သွားမရောင်းနဲ့၊ ဈေးလေးမှာပဲရောင်းခဲ့။ ဂျပ
တပ်ရဲ့ ရိက္ခာအဝယ်တော်တွေ ခွေးပါးဝနေတာကြာပြီ။ သူ့ကိုပေးတဲ့
နဲ့ ရောင်းရင်ရောင်း၊ မရောင်းရင် ဂျပန်တွေကို လိုက်သိမ်းနိုင်းတော့တ
ခင်ဗျားကုန်တွေ အလကားသိမ်းသွားလိမ့်မယ်''

ဦးကျော် တွန့်သွား၏။ ဂျပန်စကားပြန်၊ ဂျပန်အလိုတော်ရိ
စစ်တပ်ရဲ့ရိက္ခာ၊ အဝယ်တော်တွေဆိုတာ ကိုယ့်အမျိုးသားတွေပင်။
နှင့်ပေါင်းပြီး အချင်းချင်းပြန်ဆော်နေကြသော မျိုးဖျက်သစ္စာဖောက်
အဲ့ဒီကောင်တွေအကြောင်းကို တွေးမိပြီး ဦးကျော် တောက်ခေါက်မိ

နောက်နေ့ မိုးလင်းသည်နှင့် ဈေးလေးမှာပင် ပစ္စည်းရောင်
တန်ဖိုးမရှိသော ဂျပန်ငွေအထပ်လိုက်ကြီးကို လက်ထဲ မကိုင်ချင်။ အမြန်
ပြန်ဝယ်ပစ်၏။ ကလေးတစ်ယောက် မုန့်စားရင်တောင် ဂျပန်ငွေအများ
သယ်ရ၏။ ကာတွန်းဦးဘဂျမ်းက ကာတွန်းနှင့် လှောင်ပြောင်သရော်
သေး၏။

ကလေးတစ်ယောက် ကျောင်းသွားတာ မုန့်ဖိုးကို ဂုန်နီအိတ်
ထမ်းပိုးသယ်သွားပုံလေးဖြစ်၏။ ငွေစက္ကူတွေ စက်နှင့်ရိုက်ထုတ်ပြီး သူ
သုံးချင်သလို သုံးနေကြခြင်းပင်။

ကုန်ပစ္စည်းတွေ ပြန်ဝယ်ပြီးသောအခါ ထီးလှိုင်အရပ်က မိတ်
ကိုဌေးဝင်းကိုနှုတ်ဆက်လက်ဆောင်ပေးပြီး မြို့ပြင်လမ်းက ပြန်ထွက်
ရ၏။

တပင်ရွှေထီး၊ ဘုရင့်နောင်တို့ နန်းစိုက်ခဲ့ရာမြို့ရိုးဟောင်း
ကို ကြည့်ပြီး ကိုယ့်ထီးကိုယ်နန်း ကိုယ့်ကြငှန်းနှင့် နေထိုင်ခဲ့သည့်
မြန်မာ ကြီးတွေကို လွမ်းမိသေးတော့၏။

ဦးကျော်တို့လက်ထက်ကျမှ သုံးရမှာလား။ သူ့နိုင်ငံသား၊
စားမှ၊ တို့မားတုံးမည်။ မှတ်တုံ့တည်လော့ဆိုသည့် ကဗျာတစ်ပုဒ်ကို အ
ပြီး မျိုးချစ်စိတ်တွေ တဖွားဖွား၊ တော်လှန်စိတ်တွေ တကားကား
၏။ တစ်ယောက်တည်း ချွန်ပြီး သွားတိုက်ပြန်ရင်လည်း ဂျပန်ရိုင်
သေနတ်စာ မိသွားဦးမည်။ သူတို့ရဲ့ လက်နက်ကြီးတွေကလည်း ချွန်ည
၏။ ဒီကြားထဲ ငပုတွေက ဂျူဒိုဆိုလား၊ ကရာတေးဆိုလား၊ ကိုယ်ခံပ





က တတ်ထားသေး၏။ သူ့ထက်အင်အားကြီးတဲ့ ရုရှားကိုတောင် ဆော်
တဲ့ကောင်တွေ။ ဘာကောင်တွေဖြစ်ဖြစ် မျိုးချစ်စိတ်နှင့် တော်လှန်
င် အောင်ရမည်မှာ မလွဲပါ။ ပျောက်ကြားစစ်မှာ နာမည်ကြီးသော ဂျပန်
ပျောက်ကြားနည်းနှင့် ပြန်ဆော်ရမည်။ စကြာတံဆိပ်နှင့် ဟစ်တလာ
လာ၍ မြန်မာတွေ အားတက်ခဲ့ကြသေး၏။ လောကကို ကယ်တင်မည့်
ကြာမင်းသားဟု ဟစ်တလာကို တင်စားမိခဲ့ကြ၏။ နောက်တော့မှ မင်းသား
င်းစွပ်ထားသည့် ဘီးလူးကြီးမှန်းသိ၍ အော့နှလုံးနာကုန်ကြ၏။

ဦးကျော်တစ်ယောက် အပြန်လမ်းမှာ ဂျပန်တပ်တွေ လှုပ်ရှား
ှောင်းလဲနေတာနဲ့ချည်း ဆုံတိုးပြီး လမ်းမအတိုင်းပင် မသွားနိုင်။ မြို့တွေ
ကွင်းပြီး တောလမ်းကနေ လစ်ရ၏။ သံလိုက်အိမ်မြှောင် အားကိုးနှင့်
နေရ၏။ အနောက်ရိုးမတောင်တန်းကြီး ရှိနေ၍ ဘယ်လိုမှ လမ်းမမှား
ဧယျာဝတီ နောက်ကျောကိုဖြတ်တော့ မှောင်နေပြီ။ လယ်ကန်သင်းရိုး
ချောင်းတွေ၊ ရိုးတွေဖြတ်တဲ့အချိန် ကြာသွား၏။ ဖြူးချောင်း၊ ခပေါင်း
ချောင်းတွေကို လှေနှင့် ကူးခွင့်ရ၍ တော်သေး၏။

လှေသမားတွေက သွားနေကျမို့ အခက်အခဲမရှိ လိုက်ပို့ကြ၏။
တုန်းကဆိုရင်တော့ လှေသမားတောင်းသလောက်ကို မပေးနိုင်လျှင်
ဘောင်းပန်ပြောရ၏။ နောက်တော့ လှေသမားတွေအကြိုက် ဝယ်လာပြီး
က်ဆောင်ပေး၍ ပြောဆိုခင်မင်သွား၏။ ခပေါင်းချောင်းက လှေသမား
လက်ဖက်ခြောက်ကြိုက်၏။

ဖြူးချောင်းက လှေသမားဟာ ငါးခြောက်ငါးခြမ်း ကြိုက်နှစ်သက်
၏။

ဧယျာဝတီကျော်လွန်ပြီးသောအခါ လမ်းတွေ မှားကုန်၏။ ရွှေ
က်တိုးလေ၊ ဝါးတော၊ စိမ့်တောထဲ ပိုရောက်လေပင်ဖြစ်၏။ ကေန္တ
ဘာမှောက်သလို လမ်းမှားလာပုံရ၏။ ရွှေ့ဆက်သွားလေ ခက်ခဲလေဖြစ်
၏။ နီးစပ်ရာ လယ်တဲ၊ ယာတဲ လိုက်ရှာပြီး တစ်ညတာတည်းဖို့ ဆုံးဖြတ်
ိုက်၏။ မနက်လင်းမှ လမ်းရှာပြီး သွားတော့မည်လေ။

တောင်ခြေဖက်နားမှာ မီးရောင်တွေ အများအပြားတွေ့၍ ဦးကျော်
ည့်သြသွား၏။ ဒီနေရာမှာ စစ်တပ်လာစခန်းချတာလား။ ရွာတစ်ရွာလား။



www.burmeseclassic.com

www.burmeseclassic.com



သွားနေလာနေကြပေမဲ့ ဒီဘက်ကို မရောက်ဖူးခဲ့။ ဒီဘက်ရောက်လာရ... ကလည်း အကြောင်းရှိ၏။ လမ်းဟောင်းအတိုင်းက ချုံတွေ ပိတ်ပြီး ... သစ်လေး ပေါ်နေ၏။ လမ်းသစ်လေးက ဖောက်ထားတာမကြာသေး။ ... ကောင်းလေးပေါ်က ကုန်တွေနဲ့စက်ဘီးကို သက်သက်သာသာလေး ... လာရင်း ဒီဘက်ထဲကို ရောက်လာရခြင်းဖြစ်၏။

မီးရောင်တွေက ရွာတစ်ရွာစာလောက် ရှိ၏။ တစ်နေရာမှာ... လင်းထိန်နေ၏။ လှုပ်လှုပ်ရွရွနှင့် ပွဲတော်တစ်ခု ကျင်းပနေ၏။ ကရင်... တွေများလား။ နှစ်သစ်ကူးနေ့လည်း မရောက်သေး။ ဘာလဲဆိုတာ... အောင်၊ တစ်ညတာတည်းလို့ရအောင် မီးရောင်တွေရှိရာ သွက်သွက်... လာမိ၏။ လမိုက်သော်လည်း ကြယ်ရောင်တွေ ရှိနေ၏။ ကောင်းကင်... လင်းဖျဖျ မှောင်ရီမှိုင်းကာ တချို့နေရာတွေမှာ မဲနက်နေ၏။

စက်ဘီးကို တွန်းလာရာ နဘူးချုံကွေ့လိုနေရာက လူနှစ်ယောက်... ထွက်လာတာကို ဓာတ်မီးရောင်နှင့် တွေ့လိုက်ရ၏။ သူတို့ ဝတ်စား... က ပဒေသရာဇ်ခေတ်က ဝတ်စားဟန်မျိုးတွေနှင့်။

"ဗျို့ ... နောင်ကြီးတို့ ခဏလေးပါဗျာ"

ဦးကျော် ခေါ်လိုက်၍ လှည့်ကြည့်လာကြ၏။ သူတို့မျက်နှာ... က မျက်နှာသေတွေ၊ နားမှာလည်း ကျောက်စိမ်းလို နားကပ်ကြီးတွေ ... ထားကြသေး၏။ ဦးကျော်က ...

"နောင်ကြီးတို့ ... ဘယ်သွားကြမှာတုံး။ ဟိုရှေ့က မီးရောင်... က ဘာတွေတုံးဗျ"

"ကျုပ်တို့ ဓာတ်ပွဲသွားမလို့။ အဲ့ဒါဓာတ်ပွဲပဲ။ ထီးရိုးရွာမှာ ... ဓာတ်ပွဲကနေတာ သိပ်စည်တာ၊ လိုက်ကြည့်ပါလား"

"အတော်ပဲ အဖော်ရတာပေါ့။ လိုက်မယ်ဗျာ"

"မိတ်ဆွေက ဘယ်ကလာပြီး ဘယ်ကိုသွားမလို့လဲ။ အထုပ်အ... တွေနဲ့ ချွေးသံတွေလည်း ရွှဲလို့။ ပင်ပန်းလိုက်တာဗျာ"

"ကျုပ်က ခရီးသွားပါ။ ရွှေကွင်းမြို့မှာ နေတယ်။ တောင်ငူက ... ဝယ်ပြီး ပြန်လာ၏။ ဂျပန်တွေ လမ်းပေါ်မှာ ရှုပ်နေတာနဲ့ ဒီဘက်က ...





…ည့်စီးပြန်လာတာဗျ။ ဒီဖက်ဒေသရော အခြေအနေ ငြိမ်အေးရဲ့လား။ တော…ကောင်တောကြောင်တွေ ဆူပူသောင်းကျန်းတာမျိုး ရှိသေးလား"

"ဘာလဲဗျ ... တောကောင်တောကြောင်ဆိုတာ"

"ဩော် ... တောမီးလောင် တောကြောင် လက်ခမောင်းခတ်ဆို…ဲ့ ဆိုရိုးစကားလည်း အရှိသားမဟုတ်လား။ တောကောင်ဆိုတဲ့ လူဆိုး…ကြောင်ဆိုတဲ့ ဓားပြတွေ အနုကြမ်းစီးသူတွေ သောင်းကျန်းနေသလား …ို့ မေးကြည့်တာပါဗျာ"

"ဘာမှမရှိဘူး။ အေးချမ်းတယ်။ မိတ်ဆွေပါတဲ့ ကုန်ပစ္စည်းတွေ …ရောင်းရင် ရောင်းရမှာ ဘာတွေပါလဲ"

"အချိုမှုန့်တွေ မျိုးစုံပါတယ်။ ဈေးကြီးတဲ့ ငါးသေတ္တာ၊ အသား…ည်သွပ်ဘူးတွေပါတယ်။ ကွမ်းသီးနဲ့ကွမ်း၊ ကျန်တာ အမယ်စုံ နည်းနည်းစီ…ာပေါ့ဗျာ"

"ကြိုက်ဈေးသာ ပြောရောင်း၊ မကုန်မှာ မပူနဲ့"

ဦးကျော်လည်း အကြံပေါက်သွား၏။ အလေးခံပြီး ကုန်တွေ သယ်…နေချင်တော့။ ပိုက်ဆံကိုသာ မိမိရရဆုပ်ကိုင်ပြီး ပြန်ရလျှင် ရလွယ်၏။ …ောင်ကလည်း မှောင်နေပြီမို့ မနက်ကျမှ ခရီးဆက်မည်။ ပွဲမှာ တစ်ညနိုဗို…တ်သွားလိုက်၏။

ပွဲဈေးတန်းကြီးက အကျယ်ကြီး။ မုန့်ဆိုင်တန်းတွေ၊ လှည်းတန်း…တွေ၊ လူတန်းတွေနှင့် စည်ကားလှ၏။ ဓာတ်စင်ကြီးကလည်း ကြီးမား၏။ …သုရိန်ဓာတ်ခုံလောက် ရှိမည်။ ဦးကျော် ရန်ကုန်ကိုသွားလည်တုန်းက နေသူ…နှံ့မှာ ပြဇာတ်ဝင်ကြည့်ခဲ့ဖူး၏။

စိန်ပဒေသာကပွဲတဲ့။ ဓာတ်နာမည်လည်း ရွှေဖော်စာလုံးနှင့် ရေး…ထား၏။ ရွှေမန်းတင်မောင်ဓာတ်၊ စိန်အောင်မင်းဓာတ်နှင့် နင်လား ငါ…ယ်။ ရေနံဆီ၊ ကညင်ဆီမီးတိုင်တွေနှင့်။ အောက်လင်းဓာတ်မီးကြီးတွေ …ိုင်ဆိုင်ဆိုင် ထွန်းထား၏။ ဗလာဓာတ်မှ လိုက်ကာတွေက ကွင်းပြင်… တဟူးဟူးတိုက်ရာ လွင့်မျောနေ၏။

ဓာတ်စင်ရှေ့မှာလည်း ပရိသတ်တွေက စည်ကားလှ၏။ ပေါင်းပေါင်း… ဓာဆက်တွေနှင့် လူတွေရဲ့မျက်နှာက တည်တဲ့သူများ၏။ အရွယ်



www.burmeseclassic.com

www.burmeseclassic.com



ငယ်သူ ကာလသား၊ ကာလသမီးတွေလောက်သာ အပျော်မျက်နှာနှင့် ကလေးတွေက သော့ကစားနေကြ၏။ ဦးကျော်လည်း ဓာတ်စင်ကို မြင်ရသည့် နေရာမှာ စက်ဘီးဒေါက်ထောက်ပြီး ပါတာလေးတွေကို လပတ်ခင်းကာ ဖြန့်ခင်းလိုက်၏။ အော်ဟစ်၍ပင် မရောင်းလိုက်ရ အုပ်ကြီး ဝိုင်းလာပြီး သူတို့ကြိုက်ရာမုန့်တွေ သူတို့ဘာသာ ဝယ်စား ၏။ ဦးကျော်ဆိုတဲ့ဈေးကို တန်းပေးပြီး ဝယ်ကြ၏။ တစ်ယောက်မှ မဆစ်။ ရောင်းကောင်းလိုက်သည့်ဖြစ်ခြင်း။

ပွဲထွက်ပြီး အော်ပရာလာနေစဉ်မှာ ဦးကျော်ပစ္စည်းတွေ အကုန် ပြောင်သွား၏။ အိမ်နေရင်းဝတ်ဖို့ ပင်နီဖျင်စလေးတွေပါ မကျန်။ အကုန် ဝယ်သွား၏။ လူနှင့် စက်ဘီးကိုရောင်းမည်ဟု အော်လျှင်ပင် လာဝယ် မည့်လူတွေ။ ဒီလိုနေရာမျိုးမှာ သုံးလေးလ စီးပွားရှာရုံနှင့် သူ့ငွေ လက်ထဲမှာ ထောင်မလဲ။ သဲကော် ဂျပန်ပိုက်ဆံတစ်ထပ်ကြီးကို ဂုန်နီအိတ် ထဲ သွတ်ထည့်နေရ၏။ ဂုန်နီအိတ်ကြီးအပြည့် ပိုက်ဆံရ၏။ ဂျပန်ပိုက်ဆံ တွေ ဖောင်းပွနေပုံများ။

စက်ဘီးမှာ ပိုက်ဆံအိတ်ကြီးချိတ်ပြီး ပွဲဈေးတန်းကို ဖြတ်ကြ ၏။ လက်ထဲ ငွေအပြည့်ဆိုတော့ ပီတိဖြစ်ပြီး ပျော်သလိုလို ပျော်နေ အကြော်ဆိုင်မှာ အကြော်နှစ်ပြားဖိုးစား၏။ တောင်ငူ၊ ဖြူး၊ ကညွတ်ကွင်း ဘက်မှာသာရသော ဟင်းကျဲမုန့်ဟင်းခါးတစ်ပွဲကို ငါးပြားပေးပြီး ဝယ်စား ၏။ သကြားချောင်းကို ကိုင်စုပ်စဉ် ကလေးတစ်ယောက်က အတင်းတောင်း သွား၏။ ဦးကျော် ဘာမှမပြော။ ဘာမှမလုပ်။ ကလေးတွေကိုပင် ဒါနပြု ပြီး ဇီးသီးတွေ၊ ပြောင်းဖူးပြုတ်တွေ၊ ဝယ်ကျွေးလိုက်သေး၏။

ဇနီးသည်အတွက် ပုလဲပုတီးကြိုးလုံးကြီး ဝယ်၏။ အစုဆိုင်က လည်း အစစ်ပမာ။ အဲဒါကြီး လည်ပင်းဆွဲပြီး ဦးကျော်ပွဲခင်းထဲ တိုးလာခဲ့ ၏။ မင်းသားကလည်း အသံအောင်လှ၏။ မိုက်ခွက်မပါ။ ဓာတ်စင်ပေါ်က အော်ဆိုလိုက်တာ တစ်ကွင်းလုံး မင်းသားအသံဖုံးသွား၏။ ပြဇာတ်ကလည်း လည်း ရွှဲကုန်သည်လိုပြဇာတ်၊ တံခါးမှူးဒတ္တဇာတ် ကောင်းလိုက်သည့် ဖြစ်ခြင်း။ ဦးကျော် သဘောကို ကျနေ၏။ မင်းသမီးတွေကလည်း အသံ စီပြီး ညံနေ၏။ ဓာတ်ကြည့်ရင်းနှင့် ဦးကျော် ငိုက်လာ၏။





ဓာတ်ပွဲရှေ့မှာ ကျင်းလေးထောင့်ရှည်ရှည်ကြီး တူးထား၏။ ဆိုင်း ဝိုင်းကို ကျင်းထဲမှာ ထား၏။ ဆိုင်းဝိုင်းနောက်မှာ ဓာတ်ဝင်ပေါ်၏။ ဦးကျော် ရှေ့ဆုံးရောက်အောင် နည်းမျိုးစုံနဲ့တိုးသွားပြီး ဆိုင်းဝိုင်းသေတ္တာခုံကို မှီ ကြည့်နေခြင်းဖြစ်၏။

ငိုက်ခနဲဖြစ်သွားစဉ် ဘေးနားက ပွဲကြည့်ပရိသတ်တွေ ဝေါခနဲ ရယ်၍ သူ့ကို ရယ်တာလားလို့ အိပ်မှုန်စုံမွှားဖြင့် စိုက်ကြည့်လိုက်၏။

''အောင်မလေးဗျ . . .''

ရုပ်တွေက မျိုးစုံ၊ လန့်ကြောက်စရာကြီးတွေ။ နွားတွေ၊ ကျွဲတွေ၊ ဆင်တွေ၊ ဆိတ်တွေ၊ ပုတ်သင်ညိုတွေ၊ တိရစ္ဆာန်ခေါင်းနဲ့ လူခန္ဓာကိုယ်တွေ ကြည့်နေခြင်းဖြစ်၏။ သေချာပြန်ကြည့်လိုက်တော့ လူပုံစံတွေ ပြန်ဖြစ် ၏။

ဦးကျော် သူ့ဘာသာ အိပ်မှုံစုံမွှားဖြင့် မြင်မိမြင်ရာ မြင်နေတာဟု ထင်သွား၏။ လူရွှင်တော်ကြီးတွေ ထွက်နေ၍ ပရိသတ်က ဝါးဝါး တဟား ဟား ဖြစ်နေကြ၏။ ဦးကျော်လည်း ငိုက်ကြည့်ရင်း မှေးခနဲ ငိုက်ချင်လာ ၏။

လူရွှင်တော်တွေ ပြက်လုံးထုတ်နေသည်မှာ . . .

''ဟေ့ကောင် . . . ပဝါထပ်ကြေးလောင်းမယ်။ စကားနိုင်လုမယ် ကွာ။ အဖေနဲ့အမေ ဘယ်ဟာက အထက်ကကျသလဲ''

''အဲ . . . အဖေက အထက်က ကျတာပေါ့''

''စားတယ်၊ မင်း မှားတယ်။ အမေက အထက်က ကျတယ်။ အမြဲ့လိုပဲ ရှိတယ်။ ဖေမြို့လို့ မရှိဘူး''

ဝါးခနဲ ပရိသတ်က ရယ်ကုန်ကြ၏။ ခံလိုက်ရသော လူရွှင်တော် က . . .

''ဩော် . . . ဒီလိုလား၊ ရတယ်လေ။ ဟေ့ကောင် . . . မောင်းနဲ့ ကြေးစည် ဘယ်ဟာက ပိုမြတ်သလဲ''

''ကြေးစည်က အသံသာတယ်။ ကြေးစည်မြတ်တယ်ကွာ''

''မှားတယ်၊ စားတယ်။ လောကဝိဒူလို့ပဲရှိတယ်။ လောကစည်နောင် လို့ မရှိဘူး။ မောင်းက မြတ်တယ်''



www.burmeseclassic.com

www.burmeseclassic.com



ဝါးခနဲ ရယ်ကုန်ကြပြန်၏။ ပြန်အစားခံလိုက်ရသော လူရွှင်တော်က ...

"ဒီလိုကိုး ရတယ်လေ၊ မင်းကို ငါမေးမယ်။ အပေါ်ယံအကာ... ဖြူ။ အထဲကအနှစ်က အဝါ၊ အဲ့ဒါ ဘာဥလဲ"

"ဟား ... ဟား ... ပါးပြီးသားပါကွ။ ငါက ကြက်ဥလို့ပြော... မင်းက ဘဲဥပြောမယ်။ ဒီတော့ ရှိသမျှဥ အကုန်ပြောမယ်။ ဘဲဥ၊ ကြက်... ငုံးဥ၊ ငန်းဥ၊ ငန်းတော်ကြီးဥ၊ ငှက်ဥ၊ ငှက်ကုလားအုတ်ဥ၊ သန်းဥ"

ဥအတော်များများကို လူရွှင်တော်က ပြောသွား၏။ စကား... ဝှက်သည့် လူရွှင်တော်က ...

"စားတယ်။ မင်းပြောတာ မှားတယ်"

"ဟော့ကောင် ... ဘာမှားလို့လဲ။ ဒါဆို ဘာဥလဲ ပြော"

"မှတ်ထား ... လဥ"

"ဟင် ..."

ဝါးခနဲ ထရယ်ကုန်ကြ၏။ လူရွှင်တော်က ...

"လိပ်ကဥတဲ့ဥ၊ လဥလို့ ပြောတာကွ"

လူရွှင်တော်တွေ ပြက်လုံးပြက်ပြီးသောအခါ မင်းသားနှင့်မင်းသမီး... တွေ နှစ်ပါးကကြပြန်၏။

"အပျိုလေးတို့ချစ်တဲ့ ××× မင်းသားစိန်မောင်စိန်လူပျိုချော... အားကျရတဲ့ ××× မင်းသားစိန်မောင်စိန် စိန်စိန်စိန် ××× ပျိုတိုင်းကြိုက်... မောင်စိန် ××× လူတိုင်းကြိုက်တဲ့မောင်စိန် ××× ရတနာထဲမှာ အဖိုး... ဆုံးစိန် ××× ကတဲ့နေရာမှာ အတော်ဆုံး စိန်မောင်စိန်"

မင်းသားမောင်စိန်ရဲ့ သီချင်းကိုပင် ဦးကျော်နားထဲ စွဲသွား... အိပ်ချင်မူးတူးဖြင့် ငိုက်ခနဲဖြစ်ရာက ဝါးခနဲ အသံတွေကြောင့် ဘေး... လူတွေကို ထပ်မံကြည့်လိုက်မိပြန်၏။

ကြက်သီးတွေဖြန်းခနဲ၊ ကျောထဲ ချမ်းခနဲ၊ ခေါင်းနားပန်းကြီး... သွားကာ ပုတ်လောက်ကြီးလောက်ရှိမည်။ အသံတစ်စပင် မထွက်... နိုင်။ မြင်လိုက်ရသည့် လူတွေက အသားမရှိ။ အရိုးခေါင်းတွေ၊ နံရိုး အရိုး...





...င်းတွေ၊ အရိုးစုတွေ။ ဦးကျော် ကြောက်သေးဖြန်းဖြန်း ပါချမိတတ် ...ပ်မက်ထဲမှာလား။ သေချာ မျက်လုံးပွတ်ကြည့်လိုက်တော့ လူတွေပြန်ဖြစ် ...ပြန်၏။

နောက်ဆုံးတစ်ချီ ဦးကျော်ငိုက်ကျရာက အိပ်မောကျသွားတော့ ... ဘယ်လောက်တောင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လိုက်မှန်း မသိရ။

"ဟိတ်လူ ... ဟိတ်လူ ... ထထ ... ဒီမှာ ခင်ဗျားပစ္စည်း ...မှ မဟုတ်လား။ ပြန့်ကျဲနေတာပဲ။ ဟိုစက်ဘီးက ခင်ဗျားဟာလား"

လူတစ်ယောက်က လှုပ်နှိုးမှ လန့်နိုးလာ၏။ လာနှိုးသူက နွား ...ကျောင်းသားပုံစံနှင့်။ ဦးကျော်ထက် အသက်ပိုကြီးရင့်၏။ ဦးကျော် ဘေးဘီ ...ကြည့်လိုက်တော့ သင်္ချိုင်းကုန်းဟောင်းကြီး ဖြစ်နေ၏။ မှတ်တိုင်တစ်ခု ...မှီပြီး အိပ်ပျော်နေခြင်းပင်။

"ကျုပ် ... ကျုပ် ... ဘယ်ရောက်နေတာလဲ။ ပွဲခင်းရော၊ လူ ...တွေရော ဘယ်ရောက်ကုန်ပြီလဲ။ ဟာ ... ကျုပ်ငွေအိတ် ... ငွေအိတ်၊ မေ့ ...စက်ဘီးချိတ်ထားမိတာ ကုန်ပြီနဲ့ တူပါတယ်"

ဦးကျော် အတင်းကုန်းထပြီး စက်ဘီးမှာ ချိတ်ထားသော ငွေအိတ် ...သွားကြည့်၏။ ကြိုးချည်ရာ မပျက်။ ကြိုးဖြည်ပြီး အထဲကို ငုံ့ကြည့် ...လိုက်၏။

"ဟာ ... ဟင် ... ဟောဗျာ ... ဒါ ... ဒါ ..."

"ဘာတွေဖြစ်နေတာလဲ ... ကျုပ်ကို ပြောပြစမ်းပါဗျို့"

"ညက ... ညက ဒီနေရာမှာ ဇာတ်ပွဲကြီး၊ လူတွေ အားကြီးပဲ။ ...ကျုပ်ငွေတွေ ဒီမှာကြည့်ဦး။ သစ်ရွက်ခြောက်တွေ ဖြစ်နေတယ်။ ခင်ဗျား ယူ ...လဲထားတာမဟုတ်လား။ ပြန်ပေးဗျာ ... ခင်ဗျား"

"ဟာဗျာ ... ကြံကြီးစည်ရာ ခင်ဗျားမှားနေပြီ။ ခင်ဗျားညက ...တွေ့ခဲ့တာ ကျတ်တွေဗျ။ ဒါ ကျတ်တီးကုန်း။ သင်္ချိုင်းဟောင်း။ ဒီမှာ ကျတ် ...တွေ ပွဲလုပ်တတ်တယ်။ ခင်ဗျား အညာမိသွားတာပဲ။ ကျတ်တွေက လူ ...ယောင်ဆောင် စနောက်တတ်ကြတယ်"

"ညက ကျုပ်ဆီဝယ်စားတာ ဂျပန်ပိုက်ဆံတွေဗျ"



www.burmeseclassic.com

www.burmeseclassic.com



''ကျတ်တွေက သစ်ရွက်ခြောက်ကို ပိုက်ဆံလုပ်ပေးတာ
ပေါ့။ ဒါမျိုး တောလိုက်မုဆိုးတွေတောင် ခံရဖူးတယ်။ ကျုပ်က နွားကျော
သား တောင်ခြေကပဲ။ ဖြူးမြို့ဆေးရုံနောက်မှာ ကျုပ်နေတယ်။ ဒီမှာ
လာလုပ်နေတာ။ အခု နွားလာကျောင်းနေတာ။ သချိုင်းထဲမှာ ကုန်
တွေ အများကြီး ပြန့်ကျဲနေတာ မသင်္ကာလို့ လာကြည့်တော့ ဒီမှာ ခင်
အိပ်နေတာ တွေ့ရတာပဲ''

''ဟင် ... ဟုတ်လား''

ဦးကျော် ဂုန်နီအိတ်ကြီးနှင့် သူ့ပစ္စည်းတွေ အမြန်လိုက်
၏။ တချို့မုန့်တွေက ဖောက်စားထားပြီးပြီ။ တချို့က မဖောက်ရသေ
သေတ္တာ လေးငါးဘူး ဖောက်စားထား၏။ ကျန်တာတွေ ပြန်ရသော်
ငါးခြောက်ပြားတွေ တစ်ပြားမှပြန်မရတော့။ ဦးကျော်ခမျာ လောဘ
မိသော သူ့အဖြစ်ကို ငိုလည်း ငိုချင်၊ ရယ်လည်း ရယ်ချင်သွားမိ၏
နိုင်ပါ။ ကုန်ပစ္စည်းတွေ စက်ဘီးပေါ်ပြန်တင်ပြီး ဆုံးရှုံးသွားတာတွေ
တောက်တခေါက်ခေါက် ဖြစ်နေမိ၏။ နွားကျောင်းသားလူကြီးက ...

''ခင်ဗျား အသက်ပါမသွားတာဘဲ ကံကောင်းတယ်မှတ်။
ဆို ဒီနေရာကို ... မှတ်ထား။ ကျတ်တီးကုန်းမြေ၊ ကျုပ်တို့လို
တွေတောင် ဝေးဝေးရှောင်တယ်။ ကျုပ်တဲကနေ လှမ်းမြင်တာ ကျ
ထိန်နေတာပဲ။ ကဲ ... ကဲ ... ခင်ဗျား ခရီးကို ဆက်ပေဦးတော့''

ဦးကျော်လည်း အောင့်သက်သက်နှင့် စက်ဘီးနင်းထွက်
လည်ပင်းကို သတိထားမိတော့ ညကဝယ်ထားသည့် ပုလဲပုတီးက
ပုတီးဖြစ်နေ၍ ဆွဲဖြုတ်ပြီး လွှင့်ပစ်လိုက်ရ၏။ ကျတ်တီးကုန်းမြေတို့
လည်ပြန်ကြည့်ရင်း အခါခါ မှတ်သားနေမိ၏။ ဘဝတစ်သက်မှာ
လောက် ထူးဆန်းအံ့ဩဖွယ်ရာ မရှိပြီ။ ဦးကျော်တစ်သက်တာ အ
အမှတ်ရစရာ နေရာကြီးကို ဦးကျော် နောက်တစ်ခါ ဘယ်တော့
မရောက်ဖြစ်တော့ပါလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

❑

လောကကြီးတွင် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များရှိပါသည်။ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များကို တချို့က ဂမ္ဘီရဆန်သည်ဟု ဆိုကြပါသည်။

စင်စစ် ဂမ္ဘီရဆန်ခြင်းဆိုသည်မှာ လျှို့ဝှက်နက်နဲခြင်း၊ ထူးခြားဆန်းကြယ်ခြင်းသဘောတို့ပင် ဖြစ်သည်ဟု ထင်မြင်မိပါသည်။

ထူးခြားဆန်းကြယ်လှသည်ဟု ထင်မိသော အကြောင်းကလေးတစ်ခုကို စာဖတ်သူတို့အား ကျွန်မ ပြောပြလိုပါသည်။

'အတိတ်နိမိတ်' ဟူသော စကားကို စာဖတ်သူတို့ ယုံကြည်ကြပါသလား။ မယုံကြည်ဟု ဆိုပါလျှင် စာဖတ်သူတို့ကို အပြစ်မတင်လိုပါ။

ကျွန်မကိုယ်တိုင် တစ်ချိန်က 'အတိတ်နိမိတ်'ဟူသော စကားကို မယုံကြည်ခဲ့သောကြောင့် ဖြစ်ပါသည်။ 'အတိတ်နိမိတ်' ဟူသည် လျှို့ဝှက်တတ်သော သဘောရှိပါသည်။ ထူးခြားဆန်းကြယ်တတ်သော သဘောရှိပါသည်။

ထို့ကြောင့် 'အတိတ်နိမိတ်' ဟူသည်မှာ ဂမ္ဘီရဆန်သော သဘောရှိသည်ဟု ဆိုချင်ပါသည်။

''ညက အိပ်မက်မက်တယ်၊ အဲဒီအိပ်မက်ကို အတိတ်နိမိတ် ကောက်ပေးစမ်းပါ''

ကျွန်မ တက္ကသိုလ်ကျောင်းသူအရွယ်က ကျွန်မ၏ သူငယ်ချင်းမိန်းကလေးများက ဤကဲ့သို့ပင် သူတို့၏ အိပ်မက်ကို ကျွန်မအား အတိတ်နိမိတ်ကောက်ခိုင်းတတ်ကြပါသည်။





ကျွန်မကလည်း အတိတ်နိမိတ် ကောက်ပေးတတ်ပါသည်။ အတိတ်နိမိတ်ကောက်ခြင်းပညာရပ်သည် ဂမ္ဘီရပညာရပ်တစ်ခု ဖြစ်ပါသည်။ အတိတ်နိမိတ်ကောက်ခြင်းပညာရပ်၌ 'အယူတော် မင်္ဂလာဦးနိုး'သည် နာမည်ကျော် ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ပါသည်။

'အတိတ်နိမိတ်' ကောက်ခြင်း ဂမ္ဘီရပညာရပ်၌ အိပ်မက်များကို အတိတ်နိမိတ် ကောက်ခြင်းပညာရပ်အား ပို၍ လူသိများပါသည်။ စင်စစ် အတိတ်နိမိတ်ကောက်ခြင်း ဂမ္ဘီရပညာရပ်သည် လွန်စွာ လျှို့ဝှက်နက်နဲသော ပညာရပ်ဖြစ်ပါသည်။

အယူတော်မင်္ဂလာဦးနိုးက 'ယေဘုယျအားဖြင့် သာမန်ထက် ပိုသော သာမန်မျှမဟုတ်သော သာမန်အနေအထားထက် ပိုလွန်သော အမြင်၊ အကြား၊ အထိ၊ အတွေ့၊ အနံ့၊ အရသာ အာရုံတို့ကို ကြည့်ရှုသုံးသပ်ကာ အတိတ်နိမိတ် ကောက်ယူနိုင်ပေသည်။

တစ်နည်းအားဖြင့် ဖြစ်ရိုးဖြစ်စဉ်၊ မြင်ရိုးမြင်စဉ်၊ ကြားရိုးကြားစဉ် မဟုတ်သော ရုတ်တရက် တွေ့ကြုံရသည့် အာရုံတို့ကို ကြည့်ရှုကာ အတိတ်နိမိတ်ကောက်ယူနိုင်ပေမည်' ဟု ဆိုခဲ့ဖူးပါသည်။

ကျွန်မစိတ်ထင် ပြောရလျှင် အတိတ်နိမိတ်ဟူသည်မှာ 'မကြာမီ အနာဂတ်တကယ် ဖြစ်ပျက်တော့မည့် အဖြစ်အပျက်များအတွက် ကြိုတင်ဖော်ပြခြင်းပင်ဖြစ်သည်' ဟု ထင်မိပါသည်။

ထိုသို့ ကြိုတင်၍ ပြသောနိမိတ်များကို သတိမမူ လျစ်လျူရှုခဲ့ကြခြင်း ဝမ်းနည်းကြေကွဲဖွယ်ရာ ဂမ္ဘီရဆန်သော ဖြစ်ရပ်တစ်ခုကို ရေးသားဖော်ပြလိုက်ပါသည်။

ကျွန်မတို့ရပ်ကွက်အတွင်း၌ တလောက လူတစ်ယောက်ရောဂါတစ်ခုဖြင့် ကွယ်လွန်ခဲ့ပါသည်။ ထုံးစံအတိုင်း ထိုကွယ်လွန်သူ၏ရုပ်အလောင်းကို ထိုအသုဘအိမ်၌ (၃)ရက်ထားရှိပြီး (၃)ရက်မြောက်သောနေ့တွင် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ရန် စီစဉ်ကြပါသည်။

ဤနေရာ၌ ပြောစရာအကြောင်းတစ်ခုက ပေါ်လာပါသည်။ ထိုအကြောင်းမှာ အခြားမဟုတ်ပါ။ ထိုအသုဘအိမ်၏ ခေါင်းရင်းရှိ အိမ်တစ်အိမ်မှ အမျိုးသမီးကြီးတစ်ယောက်၏ အကြောင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီးကြီး၏အမည်မှာ ဒေါ်ခင်အေးဖြစ်ပြီး ဒေါ်ခင်အေးသည် သူတို့ခြေရင်းအိမ်ရှိ အသုဘအလောင်းကို သဂြိုဟ်ခြင်း မပြုမီ တစ်ညအလို[...] အိပ်မက်တစ်ခု မြင်မက်ခဲ့ပါသည်။

သူမ၏ အိပ်မက်ထဲ၌ ဝတ်ဖြူစင်ကြယ်ဝတ်ဆင်ထားသော အဘိုး[...] တစ်ဦးသည် အိမ်ရှေ့ရှိ ညောင်ပင်ကြီးပေါ်မှ ဆင်းလာပါသည်။ ထိုသို့ ဆင်း လာပြီးနောက် သူမအား စေ့စေ့ကြည့်ကာ အသုဘအိမ်ဘက်သို့ လက်ညှိုး ထိုးပြလျက် ...

''မနက်ဖြန် ဟိုအိမ်ကို နင်မသွားနဲ့ ကိုယ့်အိမ်မှာ ကိုယ်နေ''

ဟု ပြောသည်။

ဒေါ်ခင်အေးက အဘိုးအိုကို အံ့ဩသလို ကြည့်နေမိစဉ် အဘိုး[...] မှာ ညောင်ပင်ကြီးပေါ်သို့ ပြန်လည်တက်ရောက်ပျောက်ကွယ်သွားပါသည်။

မနက်မိုးလင်းသောအခါ ဒေါ်ခင်အေးမှာ ညက အိပ်မက်ကြော[င်း] စိတ်ထဲတွင် စနိုးစနောင့်ကြီးဖြစ်နေကာ အသုဘအိမ်သို့ သွားရကောင်း[လား] မသွားရကောင်းနိုး တွေဝေနေမိသည်။

ထို့နောက် အိမ်ထဲ ပြန်ဝင်ကာ လုပ်စရာရှိသည့် အိမ်အလုပ်[...] ကို ဆက်လုပ်နေမိသည်။ မွန်းတည့် (၁၂) နာရီနီးပါးခန့်ရှိသောအခါ သ[...] ဖြစ်သူ မျိုးတင့်က ဒေါ်ခင်အေးအား ...

''အမေရေ ... ဟိုဘက်အိမ်က အသုဘ ကျွန်တော် လိုက်ပို့[...] အမေပါ လိုက်ဦးမလား''ဟု ပြောလာသည်။

ဒေါ်ခင်အေးမှာ တစ်ဖက်အိမ်နှင့် အိမ်နီးနားချင်းများ ဖြစ်[...] လွန်စွာ ရင်းနှီးနေကြသူများဖြစ်သောကြောင့် အသုဘလိုက်မပို့ရမှာ အား[...] နေမိသည်။

သို့သော် စိတ်အားတင်းကာ ...

''အိပ်မက်က အိပ်မက်ပဲ။ အိပ်မက်ဆိုတာ တကယ်မှမဟုတ်[...] အသုဘအိမ်သွားတာပဲ ဘာဖြစ်တာမှတ်လို့ ''

ဟု တွေးလိုက်မိသည်။

အသုဘအိမ်ဘက်သို့ ရောက်သောအခါ အသုဘချရန် ပြင်[...] လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။ လိုက်ပါပို့ဆောင်မည့်သူများကို[...] တွေ့ရသည်။





မကြာမီ အသုဘချရန် ကြေးစည်ထုလေသည်။

''ဒူဝေ ... ဝေ ... ဝေ ... ဝေ ...''

''ဒူဝေ ... ဝေ ... ဝေ ... ဒူ ... ဝေ ... ဝေ ... ဒူ ... ဒူ ... ဟူ ...''

ကြေးစည်ကြီးမှာ ထုနေရင်းမှ ရုတ်တရက် ထူးဆန်းစွာ ကွဲအက်သွားလေသည်။

''ဟာ ... ကြေးစည်ကြီး ကွဲသွားပြီ''

တစ်ယောက်က အလန့်တကြား အော်သည်။

''ဒီကြေးစည်ကြီးက တော်တော်ကြီး ဟောင်းနေပြီပဲဥစ္စာ ကွဲတော့ မှာပေါ့ဗျာ ''

တစ်ဦးက ဝင်ပြောသည်။

''ကြေးစည်ကွဲတာများ ဘာဆန်းလို့လဲ ''

တစ်ယောက်က ပြောပြန်သည်။

''ကြေးစည်ကွဲတယ်လို့ တစ်ခါမှ မကြားဖူးပါဘူး''

''ခုကြားဖူး ရုံတင်မကဘူး၊ မြင်ဖူးပြီ မဟုတ်လား''

''ကြေးစည်ကွဲရင် နိမိတ်မကောင်းဘူးတဲ့''

''အသုဘအိမ်ပါဆိုမှတော့ ဘာနိမိတ်မကောင်းစရာ လိုသေး လဲဗျာ ''

တစ်ယောက်တစ်ပေါက် ပေါက်ပေါက်ဖောက်သလို ပြောဆိုနေကြ သည်။

ဒေါ်ခင်အေးမှာ ကွဲအက်သွားသော ကြေးစည်ကို ကြည့်လိုက်မိ ရင်းမှ မျက်လုံးအစုံက အမှတ်မထင်ပင် လမ်းမတစ်ဖက်ရှိ ကြီးမားစွာ အုံ့ဆိုင်းနေသော ညောင်ပင်ကြီးကို လှမ်းကြည့်လိုက်မိသည်။ ညောင်ပင်ကြီး၏ သစ်ရွက်သစ်ခက်များအကြားတွင် အဖြူရောင်အရိပ်တစ်ခုခုကို မြင်လိုက်မိ သလိုလို စိတ်က ထင်လိုက်သည်။

''အို ... ညက အိပ်မက်ကို စိတ်ကစွဲနေလို့ ဖြစ်ပါလိမ့်မယ်''

စိတ်ထဲက ထိုသို့ တွေးလိုက်မိရင်းမှ အသုဘပို့ကား[တစ်စီး]ပေါ် တက်ထိုင်နေလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီအသုဘအခေါင်းကို လူရွယ်လူငယ်တစ်ချို့က အသေ တင် ယာဉ်ရှိရာဆီသို့ ထမ်းထုတ်လာကြရာ အခေါင်းမှာ ထမ်းလာသူ လက်မှ မြေကြီးပေါ်သို့ ပြုတ်ကျသွားသည်။

''ဟာ . . . အသုဘအခေါင်းကြီး မြေကြီးပေါ် ပြုတ်ကျသွား လုပ်ကြပါဦး''

တစ်ယောက်က အလန့်တကြား အော်လိုက်သည်။

သေဆုံးသူမှာ လူရွယ်တစ်ဦးဖြစ်ရာ အခေါင်းထမ်းသူများမှာ သေ ဆုံးသူ၏ သူငယ်ချင်းများဖြစ်သဖြင့် အရက်မူးမူးနှင့် နောက်ပြောင်ကြ မှ အခေါင်းကြီးမှာ မြေပြင်ပေါ်သို့ လွတ်ကျသွားခြင်း ဖြစ်ပေသည်။

''ဟာ . . . ဘယ်လိုဖြစ်တာလဲ၊ အဲဒီလို မလုပ်ကြနဲ့လေ၊ သေ ချာချာ အခေါင်းကို ထမ်းကြမှပေါ့''

လူကြီးတစ်ယောက်က ထပြောသည်။

''ကျွန်တော်တို့လည်း ကောင်းကောင်းထမ်းတာပဲ။ သူ့ဘာသာ ပြုတ်ကျသွားတာတော့ မတတ်နိုင်ဘူး''

အခေါင်းထမ်းသူ လူငယ်တစ်ယောက်က ပြန်ပြောသည်။

ထိုစဉ် အခေါင်းနောက်မှ လိုက်ပါလာကြသော လူငယ်တစ် ကွယ်လွန်သူ၏ နာမည်ကိုခေါ်ကာ . . .

''စောလွင်ရေ . . . မင်းသွားနှင့်တော့ သွားနှင့်တော့၊ ငါတို့ နောက်လိုက်ခဲ့မယ်''

ဟု အော်နေသည်။

ထိုစဉ် လူကြီးတစ်ယောက်က . . .

''ဟေ့ကောင်တွေ . . . အဲဒီလို 'နိမိတ်မရှိ၊ နမာမရှိ' စကား မပြောကြပါနဲ့''

ဟု ပြောဆိုဟန့်တားလိုက်မှ ငြိမ်သွားကြသည်။

သို့ဖြင့် အသုဘအခေါင်းမှာ အသုဘယာဉ်ပေါ်သို့ ရောက်ရှိသွား ပြီး အသုဘပို့ယာဉ်တန်းမှာ စတင်ထွက်ခွာလာလေတော့သည်။

ဒေါ်ခင်အေးမှာ ကားပေါ်တွင်ထိုင်၍ လိုက်ပါလာရင်းမှ စိတ်ထဲ ဘာကြောင့်မှန်းမသိ တထင့်ထင့်ဖြစ်နေမိသည်။ ပြီးတော့ ညက အိပ်





သည်း သူ့စိတ်ကို စနိုးစနောင့်ကြီးဖြစ်စေသည်။ သူလိုက်ပါလာသည့် ၏ ရှေ့ပေါက်ဝတွင်မူ သူ၏ သမက်ဖြစ်သူ မျိုးတင့်က တွယ်ပြီး လိုက်ပါ သည်ကို တွေ့ရသည်။

ကားက တစ်နာရီနီးပါးကြာမျှ မောင်းနှင်ပြီးသောအခါ သုသာန် ရောက်ရှိသွားသည်။ သုသာန်တွင် အလောင်းအား သဂြိုဟ်ခြင်းပြုပြီး က် အသုဘပို့ကားများက ပြန်လည်ထွက်ခွာလာကြသည်။

အပြန်လမ်းတွင် အသုဘပို့ကားများက တစ်စီးနှင့်တစ်စီး အပြိုင် မောင်းနှင်ကြသည်။ ဒေါ်ခင်အေးမှာ ရင်တထိတ်ထိတ် ဖြစ်နေမိသည်။

ကားရှေ့ပေါက်သို့ ကြည့်လိုက်သောအခါ အပေါက်ဝတွင် သူ၏ သမက်ဖြစ်သူ မျိုးတင့်တစ်ယောက် တွယ်၍လိုက်ပါလာသည်ကို တွေ့မြင် သည်။

ထို့ကြောင့် ဒေါ်ခင်အေးက . . .

''ဟဲ့ . . . မျိုးတင့်၊ အပေါက်ဝမှာ မတွယ်နဲ့၊ အထဲဝင်စီးပါလား''

ဟု အမှတ်မထင် လှမ်းအော်ပြောလိုက်မိသည်။ မျိုးတင့်က . .

''ရပါတယ် . . . အမေရဲ့၊ အထဲမှာ ထိုင်စရာမှမရှိတာ ''

ဟု ပြောသည်။

ဒေါ်ခင်အေးတို့စီးသော ကားမှာ ရှေ့ကကားကို ကျော်တက်ရန် ကြိုးစားနေသည်။ ရှေ့က ကားကလည်း ကျော်တက်မခံ။ တအားမောင်း သည်။

''ဘုရား . . . ဘုရား . . .''

ဒေါ်ခင်အေး ဘုရားတနေမိသည်။ မကြာမီ သူတို့ကားက ရှေ့မှ ကို မီလာပြီး ကျော်တက်လိုက်လေရာ အရှိန်လွန်ပြီး လမ်းဘေးချိုင့် သို့ ထိုးကျသွားလေသည်။

''ဒုန်း''

''ဂလုန်း''

''ဘုန်း''

''ဟာ . . . တို့ကားကို ကျော်တက်တဲ့ကား မှောက်သွားပြီဟေ့''

''ဘုရား . . . ဘုရား . . . ဟို အသုဘပို့တဲ့ကားကြီး မှောက်သွား လုပ်ကြပါဦးတော်''



www.burmeseclassic.com

www.burmeseclassic.com



ကျော်တက်ခံလိုက်ရသော ကားပေါ်မှလူများက ထိတ်လန့်တကြား အော်လိုက်ကြသည်။ တိမ်းမှောက်သွားသောကားအတွင်း၌ ပါရှိသွား သည့်လူများမှာ ဆန်ကောထဲက ဆီးဖြူသီးများပမာ ဖြစ်သွားကြသည်။

ချက်ချင်းပင် ကမ္ဘာပျက်သည့်အလား ထင်မှတ်လိုက်ရသည်။ တရ ချုပ်လိုက်သောအခါ တိမ်းမှောက်သွားသော ကားထဲတွင်ပါသွားသည့် များထဲမှ ခြောက်ယောက် သေဆုံးပြီး အများအပြား ပြင်းထန်စွာ ဒဏ် ရသွားကြသည်။

ဒေါ်ခင်အေးတစ်ယောက်မှာမူ အသက်မသေခဲ့ပါချေ။ အသက် မသေသော်လည်း ညာဘက်နားရွက်တစ်ဖက် ပြတ်ထွက်သွားခဲ့ပြီး ဖွ ဒဏ်ရာများနှင့်အတူ ညာဘက်လက်တစ်ချောင်း ကျိုးသွားခဲ့သည်။

ကားအရှေ့ပေါက်ဝတွင် တွယ်စီးလာသော ဒေါ်ခင်အေး၏ သ ဖြစ်သူ မျိုးတင့်မှာမူ ကားမှောက်သည့်နေရာမှာပင် ပွဲချင်းပြီး သေဆုံးသွ ပါသည်။

ဘယ်ဘက်လက်တစ်ဖက်မှာ လက်မောင်းရင်းမှ ပြတ်ထွက်သွ ပြီး မျက်နှာတစ်ခုလုံး စုတ်ပြတ်သတ်ပျက်စီးသွားပါသည်။ ဒေါ်ခင်အေး သမီးကြီး သန္တာအေးမှာ ကလေး (၃)ယောက်နှင့် မုဆိုးမဖြစ်ကာ ကျန် ရရှာပါသည်။

''စောလွင်ရေ ... မင်းရှေ့က သွားနှင့်၊ ငါတို့ နောက်က လို လာခဲ့မယ်''

ဟု ပြောဆိုခဲ့သော လူငယ်အုပ်စုအတွင်း (၂)ယောက် သေဆုံး (၃)ယောက် ပြင်းထန်စွာ ဒဏ်ရာရသွားခဲ့ပါသည်။

ဒေါ်ခင်အေးမှာ သူ့သမက်အတွက် စုတ်တသပ်သပ်နှင့် ဖြစ် သည်။

''ငါ စိတ်ထဲမှာ ဒီတစ်ခါ အသုဘပို့ရတာ စိတ်ထဲမှာ စနိုးစနော ကြီးဖြစ်နေမိတာ အမှန်ပဲ။ ပြီးတော့ ... အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြ ညောင်ပင်ကြီးပေါ်က ဆင်းလာတဲ့အဘိုးအိုက မနက်ဖြန် အသုဘအိ မသွားနဲ့လို့ တားတယ်။ အဲ့ဒါကို ငါက အလေးမထား ဂရုမပြုဘဲ သွား တယ်။ ကံကောင်းလို့ ငါမသေတာ။ ဒါပေမဲ့ ငါ့သမက်ကတော့ သေသွာ ရှာပြီ''





ဒေါ်ခင်အေးမှာ ဝမ်းနည်းကြေကွဲစွာ ပြောဆိုနေလေသည်။

ကျွန်မစိတ်ထဲတွင် ထိုဖြစ်ရပ်သည် ထူးခြားဆန်းကြယ်၍နေသည် ဟု ထင်ပါသည်။ အသုဘပို့သော ကားမှောက်တော့မည်၊ လူအများသေဆုံး ဒဏ်ရာရကုန်တော့မည့် အတိတ်နိမိတ်များသည် အသုဘမချမီကပင် ကြို တင်၍ နိမိတ်ပြနေခဲ့ကြပါသည်။

အသုဘကြေးစည် ကွဲအက်သွားခြင်း၊ အခေါင်းပြုတ်ကျသွားခြင်း နှင့် သေသူအလောင်းအား 'မင်းသွားနှင့်တော့ မင်းနောက်က ငါတို့ လိုက် လာမယ်'။

ဟု ပြောဆိုခြင်း စသည့်အချက်များသည် အသုဘပို့စဉ် တစ်စုံ တစ်ရာဖြစ်ပျက်တော့မည်မှန်း ကြိုတင်ပြသသည့် နိမိတ်များပင် ဖြစ်ပါ သည်။

သို့သော် ထိုအချက်များကို မည်သူတစ်ဦးတစ်ယောက်ကမှ လေး လေးနက်နက် သဘောမထားခဲ့ကြပေ။ ညက နိမိတ်ပြအိပ်မက် မြင်မက်ခဲ့ သော ဒေါ်ခင်အေးကိုယ်တိုင်ပင် သတိမမူခဲ့မိပေ။

ထို့ကြောင့်ပင် ကားတိမ်းမှောက်မှုဖြစ်ပေါ်ကာ အသက်များစွာ လူ များစွာ သေကျေဒဏ်ရာရခဲ့ကြပေသည်။ အံ့ဖွယ်ကောင်းလှပါတော့သည်။

ဒေါ်ခင်အေးက အိပ်မက်ထဲ၌ 'မနက်ဖြန် အသုဘအိမ်ကို မသွားနဲ့' ဟု ကြိုတင်ကာ ဟန့်တားခဲ့သော ညောင်ပင်ကြီးပေါ်မှ အဘိုးအိုမှာ မည် သို့သော ပုဂ္ဂိုလ်များပေနည်း။

ဒေါ်ခင်အေးနှင့် ထိုပုဂ္ဂိုလ်တို့ မည်သို့ ဆက်စပ်ပတ်သက်နေကြ သနည်း။

အံ့သြစရာ ကောင်းလှပါသည်။

ကွယ်လွန်သူ မောင်စောလွင်သည် သူတစ်ယောက်တည်း သွားရ သည့်ခရီးသို့ နောက်ထပ် လူခြောက်ယောက်ကိုပါ အဘယ့်ကြောင့် အဖော် အဖြစ် ခေါ်ဆောင်သွားရလေသနည်း။

ကားမှောက်၍ သေဆုံးရသူ လူခြောက်ယောက်တို့၏ ကံဇာတ၌ မောင်စောလွင် အသုဘချမည့်နေ့တွင် သူတို့သေရလိမ့်မည်ဟု ဇာတာ ပါရှိခဲ့လေသလော။



www.burmeseclassic.com

www.burmeseclassic.com



(သို့တည်းမဟုတ်)

တစ်ခုသော အတိတ်ဘဝက မောင်စောလွင်နှင့် ကားမှော သေဆုံးရသူ (၆)ဦးတို့သည် အတူတကွ သေဆုံးခဲ့ကြဖူးသဖြင့် ယခု ဘဝ၌ ထိုအတိတ်ဘဝကံကြောင့် ထပ်မံ၍ နောက်ထပ်တစ်ခါ အတူ သေဆုံးကြရခြင်းပေလော။ ဤသည်ကိုပင် အထုံရေစက်ဟု ခေါ် လော။

အံ့ဩစရာ ကောင်းလှပါသည်။

သေရမည့် သူသည် သေရမည်သာ ဖြစ်ပါသည်။ ဘယ် သေမည်၊ ဘယ်နေရာမှာ သေမည်၊ ဘယ်အကြောင်းဖြင့် သေမည် မသိနိုင်ပါချေ။

ထို့ကြောင့်လည်း ကြိုတင်၍ နိမိတ်ပြခြင်းတို့ကို မည်သို့မျှ ရှားနိုင်ခြင်း မရှိခဲ့ကြပေ။ ဒေါ်ခင်အေးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ပြီး သမက်မှာမူ ပွဲချင်းပြီး သေဆုံးခဲ့ရပေသည်။

သူမမှာ သေနေ့မစေ့သေးသဖြင့် သေကံမရောက် သက်မပျောက် ခဲ့ပါပေ။ ပို၍ အံ့ဩစရာကောင်းသည်မှာ မောင်စောလွင် ရက်လည် ညတွင် ဒေါ်ခင်အေး အိပ်မက်တစ်ခုကို မြင်မက်ခဲ့ခြင်းဖြစ်ပါသည်။

အိပ်မက်ထဲတွင် ဟိုတစ်နေ့ညက မြင်မက်ခဲ့ရသည့် ဝတ်ဖြူ ကြယ်နှင့် အဘိုးအိုကို တွေ့ရပါသည်။ ထိုအဘိုးအိုနှင့်အတူ နောက် ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအိုတစ်ဦးကိုပါ တွေ့ရပြန်သည်။

''ပထမအဘိုးအိုက ဒုတိယအဘိုးအိုကို ထိုင်၍ ကန်တော့ သည်''

ဒုတိယအဘိုးအိုက ဒေါ်ခင်အေးဘက် လှည့်ပြီး စေ့စေ့ ကာ ...

''ဝဋ်ကြွေးရှိရင် ခံရတယ်။ အကြွေးရှိရင် ဆပ်ရတယ်။ အခု နားရွက်တစ်ဖက် ပြတ်သွားပြီမဟုတ်လား။ အဲ့ဒါ အကြွေးဆပ်ရတာ။ ဘဝက နင်ဟာ မုဆိုးတစ်ယောက်ဖြစ်ခဲ့တယ်။ တစ်နေ့ အမဲလိုက် ယုန်တစ်ကောင်ကို မိတယ်။

ဒီပြင် အမဲကြီးတွေကို မမိဘဲနဲ့ ဘာမဟုတ်တဲ့ ဒီယုန်ကိုပဲ မိ မလားဆိုပြီး နင်ဟာ စိတ်ဆိုးဆိုးနဲ့ အဲဒီယုန်ကိုမသတ်ခင် သူ့နားရွက်





နဲ့ လှီးဖြတ်ပစ်လိုက်တယ်။ ပြီးတော့ ယုန်ရဲ့လက်တစ်ဖက်ကို နှိပ်ချိုး လိုက်တယ်။

အဲ့ဒီကို ရက်ရက်စက်စက်လုပ်ပြီးမှ နင်ဟာ ဒီယုန်ကို တောထဲ လွှတ်လိုက်တယ်။ အခု အဲဒီဝဋ်ကြွေး နင်ဆပ်ရတာပဲ''

ဟု ပြောသည်။

ဒေါ်ခင်အေး အိပ်မက်မှနိုးသောအခါ ရင်ထဲတွင် တဒိတ်ဒိတ် ခုန်သည်။ အိပ်မက်မှာ အံ့ဩစရာ ကောင်းလှသည်။ သူမက ဝဋ်ကြွေးကို ဆပ်လိုက်ရတာဟုဆိုလျှင် ပွဲချင်းပြီး သေဆုံးသွားရသည့် သူမ၏ သမက် ရော တစ်စုံတစ်ရာသော အတိတ်ကံဝဋ်ကြွေးကို ပေးဆပ်လိုက်ရ ခြင်းပေလော။

ကားမှောက်သေဆုံးခဲ့ကြရသောသူ (၆) ဦး စလုံးတို့သည်ပင်လျှင် အတိတ်ဘဝက တစ်စုံတစ်ရာပြုခဲ့မိသော အကုသိုလ်ကံဝဋ်ကြွေးတို့အတွက် လည်ပေးဆပ်လိုက်ကြရခြင်းပေလော။

ယခုအခါ ဒေါ်ခင်အေးမှာ အတိတ်ဘဝ ဝဋ်ကြွေးနှင့် အကုသိုလ်ကံ တို့ကို ကြောက်ရွံ့ ထိတ်လန့်ကာ ဝိပဿနာတရားအားထုတ်လျက် ရှိနေ သည်။

ကျွန်မသည် အတိတ်နိမိတ်၊ အထုံရေစက်၊ ဝဋ်ကြွေး၊ အကုသိုလ် ကံ၊ အိပ်မက်၊ သံသရာ လူတို့၏ သေဆုံးရပုံနှင့် သေခြင်းတရား စသည်တို့ ကို တွေးတောစဉ်းစားရင်း သတိသံဝေဂတရားဖြင့် ထိုအဖြစ်အပျက် အံ့ဩ မိပါတော့သည်။

**မြဘုန်းထက်**

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

❑

ကမ်းတစ်လျှောက်မှာ လမုသမဲ့ ကန့်မလာနှင့် ခရာဖျိုက်ချုံတို့ အစီအရီ ပေါက်ရောက်နေကြသည်။ ထိုအပင်ကြီးများ၏ မြစ်ခြေတွင် ကိုက်သရိုက်သရောဒိုက်တို့က တွယ်ကပ်နေပြီး ထိုအမြိုက်တို့ကိုပင် မှီတွယ် ပ်အောင်းနေကြသော ငါးပုစွန်တို့က လူ့အတွက် ရေထွက်ရတနာများပဲ သည်။

ချောင်းရိုးနှင့်တာရိုးက ကန့်လန့်ဖြတ်ရှိပြီး တာရိုးနှင့်ချောင်းကလေး အစွဲပြုပြီး တာရိုးချောင်းရွာဟု ဖြစ်လာသော ရွာ၊ ချောင်းနှင့်တာ ရှိနေ ဖြင့် လယ်ယာအလုပ်ခြံစိုက်ခြင်းများ ဖြစ်ထွန်းသည်။ ဆန်ရေစပါးနှင့် ငါးပုစွန် ပေါများသော ဒေသဖြစ်သည့်အတိုင်း လယ်ပိုင်ယာပိုင်သူနှင့် ဝေါင်ပိုက်တို့ဖြင့်လည်း ငါးပုစွန်အလုပ် (တံငါ) လုပ်ကြသူများ ပေါ သည်။

ဒေါ်ခင်လေးက တာရိုးချောင်းရွာတွင် လယ်ယာ၊ ဥယျာဉ်ခြံမြေ လုပ်သလို ငါးလုပ်ငန်းလည်း မလုပ်၊ တောရွာမှာနေပြီး တောအလုပ်ကို လုပ်တော့၊ ဘာလုပ်သလည်းဟု မေးစရာဖြစ်သည်။ ဒေါ်ခင်လေး၏ အဘ လက်ထက်ကပင် ချောင်းရိုးတစ်လျှောက် လှေတစ်စီးနှင့် မီးဖိုချောင်သုံး ခြောက်များကို ရောင်းချသည့်အလုပ်ကိုပဲ လုပ်ကိုင်ကြသည်။

www.burmeseclassic.com



ယခု ဒေါ်ခင်လေးမဖြစ်မီ ခင်လေးဆိုသည့် ငယ်ရွယ်စဉ်ကပင် မိဘများနှင့် ဈေးရောင်းလိုက်ပြီး မခင်လေးဟု အပျိုကြီးဖားဖား ဖြစ်လာတော့လည်း မိဘများက အသက်ကြီး၍ နားနားနေနေနှင့် ဥပုသ်သီလစောင့်သည့်အခါတွင် ကိုယ့်လှေကိုယ်လှော်ပြီး ရွာစဉ်ဈေးပဲ ရောင်းခဲ့သည်။ မိဘကို ထိုင်ကိုင်ရှာဖွေလို့ ကျွေးခဲ့သည်။ အဖေနှင့်အမေတို့ ကွယ်လွန်ပြီး သားအောင်ထိုက်ကို မွေးပြီးသည့်မှ ယနေ့ ကိုဉာဏ်ဦးမရှိတော့ဘဲ ဒေါ်ခင်လေးဘ၀ ရောက်သည်အထိ လှေတစ်စီးနှင့် ဈေးပဲရောင်းသည်။ ဦးဉာဏ်ဦးဆုံးပါးပြီး သားအောင်ထိုက်နှင့် သားအမိနှစ်ယောက် ဈေးပဲရောင်းသည်။ အောင်ထိုက်မှာ အသက်နှစ်ဆယ် ပြည့်တော့မည်။ ဒါကြောင့် ချောင်းရိုးနှင့်လှေ၊ လှေနှင့် ဒေါ်ခင်လေးက ခွဲခြားမရခြင်းဖြစ်သည်။ တာရိုးချောင်းရွာမှ သပြေတန်းရွာ အင်းရွာ၊ ဖယ်ခုံရွာ၊ ဓနိတောရွာများက တစ်ဆက်တစပ်တည်း လှေနှင့်တော့ သွားရသည်။ ကုန်းကြောင်းခရီးနှင့် လှည်းလမ်းမပေါက်သည်တော့ ချောင်းရိုးထဲမှ လှေကလေးနှင့် ဈေးရောင်းသော ဒေါ်ခင်လေးမပါလျှင် တာရိုးရွာချောင်းက အမည်ပါပြောင်းရမည်ဖြစ်သည်။

သည်ချောင်းရိုးထဲမှ လှေကလေးနှင့် ဈေးရောင်းသော ဒေါ်ခင်လေးရော အောင်ထိုက်ကိုပါ ချောင်းဘေးမှ တဲကလေးများကရော၊ ကွင်းထဲမှ လယ်တဲကလေးများကပါ မျှော်ကြသလို ရွာထဲမှလည်း ကလေးလူကြီး ယောက်ျားမိန်းမတို့ကပါ မျှော်ကြသည်၊ ဒေါ်ခင်လေးတို့သားအမိ ဈေးလှေကလေးက ရေပ်သီး၊ ကြက်သွန်၊ ဆီ၊ ဆား၊ လက်ဖက်ခြောက်၊ အချိုမှုန့် ဖယောင်းတိုင်၊ မီးခြစ်၊ ကွမ်း၊ ထုံး၊ ကွမ်းသီး၊ ဆေးရွက်ကြီး၊ ဆေးလိပ် ကလေးသွားရည်စာမုန့်၊ အ၀တ်အထည်၊ မိန်းကလေး အသုံးအဆောင် များအောင်ပါသည်။ ဒါတွေကို ငွေကြေးပိုက်ဆံနှင့်လည်း ရောင်းသလို ငါး၊ ပုစွန် ဆန်၊ ဘဲဥ၊ ကြက်ဥများနှင့်လည်း ပစ္စည်းချင်း ဖလှယ်သည်။

အဲဒီတော့ ထိုထိုရွာကလေးများအတွက် ဒေါ်ခင်လေးနှင့်သား အောင်ထိုက်တို့က မရှိမဖြစ် လူသားများဖြစ်သွားသည်။ ဖယ်ခုံရွာနှင့် ဓနိတောရွာဆိုလျှင် တော်ရုံဈေးသည်မလာ၊ မြို့ကို ဈေးတက်၀ယ်ဖို့ကလည်း အသွား အပြန်နှစ်ညအိပ်ခရီး၊ လှေရှိမှ ဖြစ်ဦးမည်။ ရွာမှာရှိသည့် ကုန်ခြောက်ဆိုင် ခြောက်ခြောက်ကပ်ကပ်။ သည်တော့ လှေနှင့်ရေမိုးကြားမှ ဈေးလာ





ရောင်းသော ဒေါ်ခင်လေးတို့ သားအမိကို ကျေးဇူးပင် တင်နေကြသည်။ မြို့ဈေးကို တစ်ပတ်တစ်ခေါက်သွားသော အောင်ထိုက်က ရောင်းရန် ကုန်ပစ္စည်း၀ယ်ရင်းမှ မိခင်ကြီးအတွက်ကို ကောင်းနိုးရာရာများကိုပါ ၀ယ်ချင်သည်။ မိခင်ကြီးကလည်း ...

"သားရယ် ... အမေက ထမင်းနဲ့ဟင်းကို စားနိုင်တာပဲ။ ငါ့သားအတွက် ၀ယ်ပါ၊ ၀တ်ပါ ... သားရယ်"

"ဟာ ... အမေကလည်း သားအတွက် ပင်ပန်းခဲ့တာ၊ အ၀စရာရာ ခြိုးခြံခဲ့ရတာ အမေစားပါ။ နောက်ကိုလည်း အမေ နားတော့၊ သားရှာကျွေးမယ်"

"သားရယ်"

ပီတိသံ မျက်ရည်ကြည်များ ဝေ့ဝေ့ဝဲဝဲနှင့် သားမျက်နှာကိုကြည့်သာခေါ်လိုက်မိသည်။ အောင်ထိုက်က မိခင်၏ကျေးဇူး၊ ဖခင်၏ကျေးဇူးကို အလေးဂရုပြု၍ အဖေမရှိတော့ပေမဲ့ အမေကျန်နေသေးသည်ကို ကုသိုလ်ကောင်းလှပြီလို့တွက်ပြီး အမေကြီးကို အရိပ်တကြည့်ကြည့်နှင့် ခြေဆုပ်လက်နယ်ပြုသည်။ အောင်ထိုက်အတွက် အားလုံးသည် အမေက ပထမဖြစ်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

တာရိုးချောင်းရွာမှ ရွာလူကြီး ဦးဖိုးစံက အောင်ထိုက်ကို သ
ကျသည်။ ရပ်ရွာကိစ္စများကိုပင် အားသည့်အချိန်တွင် ခေါ်၍ပြောဆို
ကိုင်ခိုင်းသည်။ အောင်ထိုက်အတန်းစာ အတန်းကျောင်းရှစ်တန်းအထိ
သည် သင်ဖူးသည်။ မြို့ကျောင်းတွင် ရှစ်တန်းစာမေးပွဲ ဖြေနေရင်း
ကြီးဆုံးပါးသွားသဖြင့် ရှစ်တန်းဖြေနေလျက် ကျောင်းပါမတက်နိုင်
သည်။ မိခင်နှင့် သားနှစ်ယောက်ပဲရှိတော့သဖြင့် ဖေးမကူပံ့ရမည်ဟု
လည်သော အောင်ထိုက် ကျောင်းထွက်လိုက်ရသည်။

ရွာလူကြီး အားလုံး၏အခေါ် သူကြီးဖိုးစံတွင် သားလှကွ
သမီးမြညွန့်တို့ မောင်နှမရှိပြီး သူကြီးကတော် ဒေါ်အေးမြိုင်က စည်
စည်းကမ်းရှိသည်။ သမီးမြညွန့်ကလည်း အမေ၏ သွန်သင်မှုနည်းနာ
သည်၊ လှကွန့်က အောင်ထိုက်ကို ညီလေးတစ်ယောက်လို ချစ်ခင်သ
နောက်ဆုံးနှမမြညွန့်နှင့်ပင် သဘောတူသည်။ ဖွင့်တော့ မပြောပေ။

''အောင်ထိုက် ... မင်း ဒီလိုပဲ လေ့နဲ့ ရွာစဉ်လှည့် ဈေးပဲ
နေမှာလား''

''အစ်ကိုကွန့်ရယ် ... ဒီလိုမှမလုပ်ရင် ဘယ်မှာလဲ လယ်
ကိုင်းတို့မှ မရှိပဲဗျာ''





ကိုလှကွန့်က အောင်ထိုက်ကို စီးပွားရေး အခြေကျစေချင်သည်။
နေပူမိုးရွာလုပ်နေသည်ကို မကြည့်ရက်လို့ ပြောခြင်းဖြစ်သည်။

''ငါဆိုလိုတာက အိမ်မကွာ အိုးမကွာနဲ့ နေမိုးဒဏ်မခံရဘူးပေါ့။
ဆိုင်လိုမျိုးကွာ''

''ဟုတ်ပါတယ် ... အစ်ကိုကွန့်ရယ်၊ အမေကလည်း အသက်ကြီး
ကျန်းမာရေးကပါမကောင်းတော့ ကျွန်တော် ဈေးရောင်းထွက်ရင် အမေ့ကို
တစ်ယောက်တည်း ထားခဲ့ရတာ။ ဒါပေမဲ့ ဝယ်နေကျလူတွေကို အားနာ
ယ်။ ကျွန်တော်မှာ အဲဒါ ခက်နေတယ်''

အောင်ထိုက်ပြောစကားကြောင့် ကိုလှကွန့်က ငြိမ်၍ နားထောင်
...

''အေးပါကွာ ... အေး ... အေး ...''

မကြာသောအချိန်တွင် အောင်ထိုက်၏အမေ ဒေါ်ခင်လေးတစ်
ောက် ရာသီဥတုသဘာဝ၏ဒဏ် ဖရာ၏ ချို့ယွင်းမှုတို့ကြောင့် အိပ်ရာထဲ
နေရသည့် အခြေဖြစ်သွားသည်။ အောင်ထိုက်မှာ မိခင်ကြီးကို ပြုစုနေရ
ဖြင့် ဈေးရောင်းပင် မထွက်နိုင်။ ဝယ်ထားသော ရောင်းကုန်တွေက
ည်း လက်ကျန်တွေ များနေသည်။

ဈေးရောင်းလှေ မထွက်နိုင်သည်မှာ တစ်ပတ်ရှိပြီဖြစ်သည်။ ကို
ကွန့်နှင့် ဖိုးကျောက်၊ မောင်ချီတို့က အောင်ထိုက်၏အိမ်ရှေ့တွင် ဈေးဆိုင်
း တည်ဆောက်ပေးလိုက်သည်။ ရောင်းကုန်ပစ္စည်းများကို နေရာချ
ပေးလိုက်ပြီး ရောင်းပေးမည့်လူက လိုလာပြန်သည်။ အောင်ထိုက်က မိခင်
ကို ပြုစုနေရ၍ လှည့်ပင်မကြည့်နိုင်။ ဖိုးကျောက်က ...

''အစ်ကိုလှကွန့် ... မအိကိုပဲ ဈေးရောင်းပေးဖို့ အကူအညီတောင်း
ကြည့်ပါလား''

''အေးကွာ ... ငါက မြညွန့်ကို ကူရောင်းခိုင်းမလို့ကွ။ တော်ကြာ
ည်း သူကြီးသမီးက ဈေးရောင်းပြီးတော့ ဘာညာဆိုတာမျိုးလည်း အပြော
ောက ရှိသေး။ ကျောက်ကြီးရာ ... မင်းပြောသလိုမျိုး မောင်ချီအစ်မ
ကိုပဲ အကူအညီတောင်းကြည့်ပေါ့ကွာ''

သူကြီးသားကိုလှကွန့်၏ အစီအမံကို အားလုံးက သဘောတူပြီး
ောင်ချီကပါ လက်ခံသည်။ အောင်ထိုက်၏ အိမ်ရှေ့ခြံဝန်းထဲတွင် ဈေးဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ကလေးဖြစ်သွားသည်။ ဈေးရောင်းသူကမအိ၊ အောင်ထိုက်အတွက် အဆော... အကူဖြစ်သည်။

ဒေါ်ခင်လေး၏ ကျန်းမာရေးက တစ်နေ့ထက်တစ်နေ့ ဆိုး... သည်။ ကိုလှကွန့်နှင့် မောင်ချို၊ ဖိုးကျောက်တို့ အမြဲလိုလာကြပြီး မမြညွ... တစ်ခါတစ်ရံက ရောက်၍ လုပ်ကိုင်ပေးသည်။ သူကြီးဦးဖိုးစံနှင့် ဒေါ်အေး... တို့က အားလပ်သည့်အခါမှ လာနိုင်ကြသည်။ ဘေးဝန်းကျင်၏ အကူအ... အပံ့အပိုးတွေ ဘယ်လောက်များများ သားဖြစ်သူ အောင်ထိုက်၏ ဂရု... မှုကလည်း ဘယ်လောက်ပဲ လိုလေသေးမရှိအောင် ပြည့်စုံစွာ ပြုစု... သေချင်းတရား၏ သဘာဝကိုတော့ မဟန့်တား မပိတ်ပင် မတားဆီး... သဖြင့် ဒေါ်ခင်လေးတစ်ယောက် ဘဝတစ်ခု ချုပ်ငြိမ်းသွားတော့သည်။

ဒေါ်ခင်လေး၏ နာရေးကိစ္စက ပြည့်စုံစွာ ပြီးသွားသည်။ အော... ထိုက်၏ ရင်ထဲတွင် လစ်ဟာ၍ ကျန်ခဲ့ပြီး ဘဝအရိပ် ပျောက်ကွယ်သွား... သည်ကိုဖြင့် အလူးအလဲခံစားရသည်။

"ကဲ ... အောင်ထိုက်၊ မင်း ဘာလုပ်မလဲ။ အိမ်ဆိုင်ပဲ ... တည်မလား၊ လှေနဲ့ပဲ ထွက်ရောင်းမလား"

တွေတွေငေးငေးဖြစ်နေသော အောင်ထိုက်ကို ကိုလှကွန့်က ... လိုက်သည်။ ဘေးမှမအိတို့၊ မမြညွန့်တို့ကလည်း ကြည့်နေကြသည်။ အ... နှစ်ယောက်၏ ရင်တွင်ဖြစ်ပေါ်နေသော ကရုဏာစိတ်တို့က မျက်ဝန်း... ပေါ်နေသည်။

"အင်း ... ကျွန်တော် ညက မိုးလင်းပိုင်းမှ မှေးခနဲ အိပ်... သွားတယ်။ အစ်ကိုကွန့် အဲဒီမှာ အမေ့ကို အိပ်မက်မက်တယ်။ လှေနဲ့ ... ရောင်းထွက်ဖို့ လှေထဲမှာ စောင့်နေတယ်"

"ဟင် ..."

"အဲ ..."

မအိနှင့် မမြညွန့်တို့၏ နှုတ်မှထွက်သွားသောအသံ ကိုလှကွန့်... ဒါကကွာ မင်းက အမေကို ချစ်လည်း ချစ်၊ ဂရုလည်း စိုက်လို့ စိတ်နဲ့... တာပါကွ"





"အင်း ... ကျွန်တော်စိတ်ထဲလည်း မကောင်းဘူး ... အစ်ကိုကွန့်ရယ် ... ဒီအတိုင်းပဲ အိမ်ဆိုင်ဖွင့်ထားပြီး ဒီတစ်ပါတ် ဈေးကူးပြီးမှ လှေနဲ့လေး ငါးရက်လောက် ပြန်ထွက်လိုက်ဦးမယ်။ ပေးစရာရှိတာရော ရစရာရှိတာရော ရှင်းသွားအောင်ပါ။ မအိကို ဒုက္ခပေးသလိုများ ဖြစ်နေသလား၊ ကျေးဇူးတင်ပါတယ်"

မအိက အောင်ထိုက်၏အပြောကြောင့် မျက်လုံးအိမ်တွင် ရွှန်းလဲ့သောမျက်ရည်ကြည်တို့ကို မမြညွန့်က ဘာကြောင့်လဲဆိုတာကို သိလိုက်သလို အရောင်လက်သွားသော သူ၏မျက်လုံးကိုတော့ မျက်နှာကို တစ်ဖက်လှည့်၍ ဖုံးကွယ်လိုက်သည်။

အောင်ထိုက်တစ်ယောက် မနက်ဖြန်တွင် လှေနှင့်မြို့ကို ဈေးဝယ်သွားရန်လှေကို အသင့်ပြင်ပြီး မအိကိုပဲ တစ်နေ့လုံး ကြည့်ရောင်းပါဟု ပြောသည်။

"မအိ ... ဘာမှာဦးမလဲ"

"ဘာမှ မမှာတော့ပါဘူး။ အိမ်နဲ့ဆိုင်က မအိတို့ ရှိပါတယ်။ စိတ်ချပါ။ အောင်ထိုက်သာ ခရီးကို ဂရုစိုက်ပါ"

ဒါက မအိပြန်ပြောခြင်း အမှာစကားကတော့ ရင်မှာလာသော ရိုက်ခတ်သံပင် ပြီးတော့မှ လိုအပ်သည့်ပစ္စည်းများကို ထည့်ပေးထားရန် မှာ၍ သူကြီးဦးဖိုးစံအိမ်ကို အောင်ထိုက် ထွက်လာသည်။

"အရီးမြိုင် ... မြို့ကို ဘာမှာဦးမလဲ၊ မနက် မြို့သွားမလို့ ... အရီး"

"မှာစရာမရှိပါဘူး ... မောင်ထိုက်ရယ်၊ မင်းနှမကများ မှာစရာရှိမလားမသိဘူး မေးကြည့်လေ"

"ဟုတ်ကဲ့ ... အရီး"

အဝတ်ချုပ်ခုံနှင့် အဝတ်ချုပ်နေသော မမြညွန့်ကို ...

"မြလေး ... ကိုထိုက် မနက်မြို့သွားမလို့ ဘာမှာဦးမလဲ ဘာဝယ်ခဲ့ဦးမလဲ"

"အထွေအထူး မှာစရာမရှိပါဘူး။ ကိုထိုက်သာ အသွားအလာ သတိထားပါ။ အိပ်ရေးတွေပျက်ပြီး ကျန်းမာရေး ထိခိုက်မှာစိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



စေတနာပါသော အပြောကို အောင်ထိုက်သိပါသည်။

''ဒါဆိုရင် ကိုထိုက်သွားမယ်၊ တစ်ခုခုတော့ ဝယ်လာမယ်။ မြဲအောင် အတွက်ပါ''

အောင်ထိုက်က ပြောပြီးတော့ အိမ်ကြီးပေါ်မှ ပြန်ဆင်းလာ သည်။ မပြည့်ဇွန်ရဲ့ 'အော် ... ကိုထိုက်' ဆိုသည့် အသံထွက်ပေါ်မလာ မဲ့ သည့်ထက်မကသော စကားလုံးများကို ရင်ထဲက ပြောလိုက်တာကို အောင်ထိုက် မကြားမိလိုက်ပါ။

မြို့မှ ဈေးဝယ်ပြီးအပြန်တွင် မိခင်ကြီးနှင့် ဈေးရောင်းဖူးသော ရွာ လေ့ဆိပ်တွင် ခေတ္တနားရန်ဟု ဝင်ကပ်လိုက်သည်။

''ဟော့ ... သူငယ်၊ မင်းက ဒီနေ့တော့ တစ်ယောက်တည်းလား တစ်နေ့ကလည်း မင်းအမေ တစ်ယောက်တည်းလေ။ တို့ရွာဆိပ်ကို မကပ် ပါဘူးတော်''

''ဗျာ ''

သည်ရွာက အောင်ထိုက်၏အမေဆုံးသည်ကို မသိကြဘဲ အမေ ကို လေ့နှင့် တွေ့လိုက်သည်ဟုပြောခြင်းပင် အောင်ထိုက်က ဘာပြန်ပြော မှန်းမသိဘဲ 'ဗျာ ...' ဟုသာ ဖြစ်သွားရသည်။ ထိုအဒေါ်ကြီးက အောင် ထိုက်တို့သားအမိ၏ ဈေးလေ့ဖောက်သည်ဖြစ်သည်။

ထိုရွာမှ ပြန်ထွက်လာပြီး ချောင်းမကြီး၏ တစ်နေရာတွင် ပုစွန် ဖောင်တစ်ခုရှိရာ ဖောင်၏ဘေးမှ လှေကိုကပ်၍ လှော်လိုက်သည်တွင် ဖောင်ပေါ်မှ ...

''ဟော့ ... ညီလေး၊ အဒေါ်ကြီး မပါဘူးလား။ မနေ့ကတော့ အဒေါ်ကြီးတစ်ယောက်တည်း ဟိုတက်ရွာကို လှော်သွားတာတွေ့တယ်။ ဟင်း စားယူသွားဦးကွ''

''ဗျာ ... ဟို ... ကျေးဇူးပဲ အစ်ကိုကြီး၊ နောက်တစ်ခေါက်မှ ယူမယ်''

ပုစွန်ဖောင်မှ အစ်ကိုကြီးကို နှုတ်ဆက်၍ လှေကိုလှော်ပြီး ထွက် လာခဲ့ပေမဲ့ အမေ ဘယ်ဝများရောက်နေ၍ လှေနှင့် ဈေးလျှောက်ရောင်း





နေသည်ကို မသိနိုင်။ ရွာကိုသာ ပြန်ရောက်လာသည် အမေ့အကြောင်းကို သာ အောင်ထိုက် တွေးနေမိသည်။

ဈေးပစ္စည်းများကို ထမ်းပိုးသည်နေစဉ် မောင်ချီရောက်လာပြီး ဝိုင်းကူသယ်ပေးသည်။

''မောင်ထိုက် ... နားပြီး ထမင်းစား။ အရီးတင်တို့တော့ စားပြီးပြီ ကွဲ''

မအိနှင့် မောင်ချီ၏အမေ ဒေါ်တင်က ဈေးပစ္စည်းများ နေရာချ နေရင်းမှ ပြောလိုက်သည်။ အောင်ထိုက်က ခေါင်းညိတ်ပြလိုက်သည်။ ထမင်း ဝိုင်းတွင် အောင်ထိုက်နှင့်မအိတို့ နှစ်ယောက်ပဲ စားကြသည်။ ဟင်းက အောင် ထိုက်၏ ထမင်းပန်းကန်ထဲတွင် ပိုပိုလျှံလျှံ။ အောင်ထိုက်ကိုယ်တိုင် ခပ်ထည့် ခြင်းတော့မဟုတ်ပါ။

''အရီးတင် အပြန်မှာ နားနေကျရွာမှာ လေ့စိုက်တော့ အဒေါ်ကြီး တစ်ယောက်က အမေ့ကို လေ့နဲ့လာတာ တစ်နေ့တွေ့တယ်လို့ ပြောတယ်။ ပုစွန်ဖောင်က အစ်ကိုကြီးကလည်း အမေ့ကို လေ့နဲ့တွေ့တယ်လို့ ပြောတယ် အရီးတင်''

''ဟင် ... ဝါ့သူငယ်ချင်းက အကုသိုလ် ကင်းပါတယ်ကွယ်။ အင်း တစ်ခုတော့ ရှိတယ်။ အစွဲအလမ်းကြောင့်တော့ဖြစ်မယ်။ သံယောဇဉ်ပေါ့ ကွယ်''

ဒေါ်တင်က စိတ်မကောင်းသံနှင့် ပြောလိုက်သည်။ မအိကလည်း အောင်ထိုက်၏ မျက်နှာကို ကြည့်နေသည်။ အောင်ထိုက်က ထမင်းစား ရပ် သွားသည်။

''ကျွန်တော်အမေ့အတွက် အလှူထပ်လုပ်ချင်တယ် အရီးတင်''

''ကောင်းတာပေါ့ကွယ်၊ မိဘအတွက် ရည်စူးပြီး အလှူလုပ်တာ ပေါ့ ... မခင်လေး ... စိတ်စွဲ ... အင်း ...''

မအိက ထမင်းစားခြင်းကို လက်စသတ်၍ သိမ်းလိုက်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

❑

ညဉ့်၏ လရောင်မှောင်မိုက်သော အချိန်တွင် ငါး၊ ပုစွန် ရှာသော လှေတို့မှ မီးရောင်ကလေးများက ကျိုးကျိုးကျဲကျဲ ရေပြင်ပေါ်တွင် ဟိုတစ်လက် သည်တလင်းနှင့် ရှိသည်။ အောင်ထိုက်၏လှေက ဝါးတိုင်တွင် သံကြိုးနှင့် သော့ခတ်၍ချည်ထားသည်။ ပိုက်ကိုထမ်းလာသော လူနှစ်ယောက်က အောင်ထိုက်၏လှေကို သံကြိုးချည်ထားလျက်မှ ရအောင်ဖြုတ်၍ လှေပေါ်တက်ပြီး လှေထွက်လိုက်ကြသည်။

ပိုက်မရှိလှေမရှိသော အိုးနှင့် ခင်စောတို့ပင်ဖြစ်သည်။ ငါးမ… ပိုက်ကို ငှားလာပြီး လှေက တွေ့ရာလှေ (အောင်ထိုက်လှေ)ကို ဆွဲယူသော်… ကြသည်။ ကွန်ပစ်၍ ရသမျှသော ငါးပုစွန်ကို ရောင်းချပြီးရသည့် ငွေကြေး… က အရက်သောက် ဖဲရိုက်သည်ပင်။

"ဟော့ကောင် …အိုးရှေ့ကို လှော်ပါကွ၊ ဘာလို့ နောက်ပြန် လှော်နေတာလဲ"

"ဟာ …ဒီခင်စောတစ်ပိုင်းစီ သောက်ပြီး မင်းက ပိုမူးနေတာလား၊ ငါ ရှေ့ကို လှော်နေတာကွ၊ လာ …မင်း နောက်ကလှော်"

အိုးနှင့် ခင်စောတို့မှာ လှေကို လှော်နေရင်းနှင့် ရှေ့မတိုး၍ တစ်ယောက်ကိုတစ်ယောက် ယစ်နေကြသည်။ ခင်စောက လှေပဲ့ကို ကွန်း… လှော်လိုက်သည်၊ လှေက ရှေ့ကို တိုးသွားသည်။





"ဟော့ကောင် …အိုး …တွေ့လား …မူးကြောင်ရှူးကြောင်နဲ့ …င်"

"အေးပါကွာ …အေးပါ …"

လှေက ပြန်ပြီး ရပ်သွားသည်။ အိုးက မှောင်ထဲတွင်ပင် နောက်…ကို လှည့်ကြည့်လိုက်ရာ လှေဝမ်းအလယ်တွင် ထိုင်နေသည်ကို ခပ်ဝါးဝါး …မြင်လိုက်သဖြင့် …

"ဟ …ခင်စောလှေက ရပ်သွားပါတယ် မှတ်တယ်၊ မင်းက …လှမလှော်ဘဲ ဝမ်းထဲ ဘာထိုင်လုပ်နေတာလဲ"

"ဟော့ကောင် …အရှူး …အဲ …မူးအိုး …ငါပဲ့မှာ ထိုင်လှော် …နေတာကွ"

အိုးက ဆက်မပြောတော့ဘဲ ပစ်ကွန်ကို လှမ်းယူ၍ ခါးအိတ်ကို …ကိုင်လိုက်ပြီး လှေ၏ ရှေ့တစ်လံကျော်လောက်ကို ပစ်လိုက်သည်။

ပိုက်က မပြန့်ဘဲ လုံးထွေးကျပြီး ပြန်ဆွဲလိုက်ရာ ဘာကောင်မှ …သဖြစ်၍ အိုးက ကွန်ပစ်ကျွမ်းကျင်သည်၊ နောက်တစ်ကြိမ် ထပ်ပစ် …လိုက်ရာ လူရော၊ ကွန်ပါ ရေထဲကို ကျသွားသည်။

"ဟ …ဟော့ကောင် …ခင်စော၊ မင်းအမေလိုပဲ ကွန်ပစ်မှ …ကို လှော်ရသလားကွ"

"ဟာ …မူးရဲ့ ငါက ကလေးလေးလား၊ မင်း ဘာပြောတာလဲ …က် …လှေပေါ်ကို ငါကွန်ပစ်မယ်"

ရေထဲမှ အိုးကို ဆွဲတင်ပြီး ပိုက်ကို ယူလိုက်သည်။ အိုးက …ပွစိနှင့် လှေပဲ့တွင် ထိုင်လိုက်သည်။ လှေကို ရှေ့ရောက်အောင် လှော် …လိုက်သည်။ ခင်စောက ခါးအိတ်ကိုစိ၍ ကိုင်လိုက်ပြီး သေချာစွာ ပစ်လိုက် …သည်၊ ကွန်က ပြန့်ပြန့်ပြူးပြူးနှင့် ကျသွားသည်။ ခဏစောင့်ပြီး ဆွဲကြည့် …စီးစီးပိုးပိုးရှိပြီး ကွန်ကိုဆွဲတင်ရာ တစ်ဝက်အပေါ်တွင် ရေထဲမှ လှုပ်ရှား …များ ကြားရသည်။ ငါးတွေ၊ ပုစွန်တွေ ပါသည့်သဘော။ ခင်စော မျော်… …သည်။ ကွန်ကို ခပ်ဖြည်းဖြည်း ဆွဲတင်လိုက်ရာ အိုးကလှေထဲမှ အောင် …တို့ ရှေးရောင်းသည်တွင် ထွန်းသည့် မီးခွက်ကြီးကို မီးညှိလိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



မီးလင်းပြီး ပြန်ငြိမ်းသွားသည်။ နောက်တစ်ကြိမ် ထပ်၍ မီးညှိရာလင်းလာ ပြန်ငြိမ်းသွားပြန်သည်။

"ဟာ ... ကဲကွာ ... ကဲ ..."

အုံး၏ ညစ်ညစ်ပတ်ပတ်ဆဲဆို၍ မီးကိုထပ်ညှိရာ လင်းလာသ ခင်စောက ကွန်ကို အကုန်ဆွဲတင်လိုက်ရာတွင် ကွန်ထဲတွင် ငါးဟူ၍ လက်သန်းဖျားလောက်အကောင်ပင်မပါ။

"တောက် ... ဘာဖြစ်တာလဲကွာ"

"အဟတ် ... ဟတ် ... ဟား ဟား ဟား ... ငါးကြီး ကွန်ပေါက်က ထွက်သွားတာကွ"

"ဟေ့ကောင် ... မင်းနော် ... မင်း ..."

ခင်စော၏ ဆဲသံထွက်ပေါ်လာပြီး လှေက နောက်ကို ရွေ့သွား ခင်စောမှာ ယိုင်သွားသည်။ လှေကလည်း နောက်ခပ်ဝေးဝေးကို ပြန် သွားသည်။

"ဟာ ... ခင်စော၊ လှေကို မင်းတွန်းလိုက်လား"

"ငါ မတွန်းဘူး။ မင်းလည်း မလှော်တာ ငါသိတယ်"

"ဒါဆိုရင် တို့လှေကို မိကျောင်းများ ကျောပေါ်တင်ထွန်းနေ လား"

"ဟာကွာ ... မင်းကလည်း ..."

ပြောနေစဉ် လှေက လူးသွားသည်။ ထိုင်နေသူ ထလိုက် ထနေသူက ပစ်ထိုင်ချလိုက်သလိုမျိုး ခင်စောနှင့်အုံးမှာ အမူးပင် ဖြေ သည်။

"ဟေ့ကောင် ... အုံး၊ မင်းကို ဒီအောင်ထိုက်လှေကို မယူ လို့ပြောတာ အခု ငါတို့ကို ဒေါ်ခင်လေး ဒုက္ခပေးနေပြီ"

"ဟာကွာ ... ဘာ ဒေါ်ခင်လေးလဲ သွားစမ်းပါ။ ကွန်ပေး ငါ မယ်"

ခင်စောက ကွန်ကို အုံးကိုပေးပြီး လှေပဲ့တွင် ထိုင်လိုက်သ အုံးက ကွန်ကိုပစ်ရန် သေချာကိုင်လိုက်သည်။ ပဲ့ပိုင်းမှ ခင်စော ရေထဲ သွားသည်။





"အောင်မလေး ..."

"ဘွမ်း"

အုံးက ကွန်ကိုကိုင်လျက် လှည့်အကြည့် အရှိန်လွန်ပြီး ရေထဲ ကျသွားသည်။

"ဟာ ..."

"ဘွမ်း"

ခင်စောနှင့်အုံးတို့ ပိုက်ကွန်ကိုဆွဲ၍ ချောင်းလယ်မှ ကမ်းနားကို ကူးလာကြသည်။

မနက်မိုးလင်းတော့ ငါးမရသော ငမူးနှစ်ယောက်ဖြစ်သည့် အုံး ခင်စောတို့၏ ပြောစကားက ရွာထဲတွင် ပျံ့နှံ့သွားသည်။ အောင်ထိုက်၊ ောင်ချို၊ ကိုလှကွန့် ကျောက်ပါကမ်းနားလှေဆိပ်ကို ဆင်းလာကြရာ အောင် က်၏လှေထဲ ဆင်းကြည့်ရာ သံကြိုးနှင့် သော့ခတ်ထားသောလှေမှာ သံ ိုးနှင့်သော့ ပြုတ်နေပေမဲ့ ရေစီးနှင့် မျောမသွားဘဲ ဝါးတိုင်နားတွင် ကပ် သည်။ အောင်ထိုက်၏စိတ်ထဲတွင် အမေသည် လှေကလေးကို အတော် စွဲလမ်းသည်ဟု တွေးလိုက်မိသည်။

နောက်တစ်နေ့တွင် ရွာဦးကျောင်းမှ ဆရာတော်ကိုလျှောက်၍ သူကြီး ပြော၍ မိခင်ကြီးဒေါ်ခင်လေးအတွက် ဆွမ်းကျွေးအမျှဝေ အလှူလုပ် မြို့ဈေးတွင် လိုအပ်သည်များကို လှေနှင့်လာဝယ်ရာ ကိုလှကွန့်နှင့် ောင်ချိုတို့ ပါလာသည်။ ချောင်းမကြီးထဲမှ လှေတချို့က အဒေါ်ကြီးတစ် ယောက်တည်း လှေနဲ့ ညဦးပိုင်းက တွေ့လိုက်သည်ဟု ပြောကြသည်။ ကိုလှ ကွန့်နှင့် မောင်ချိုတို့ တအံ့တသြဖြစ်ကြရသည်။ အောင်ထိုက်က စိတ် ကောင်းခြင်းနှင့် ထိုပြောကြသူများကို အမေမရှိတော့ကြောင်း ဆုံးသွားပြီ ရှင်းပြလိုက်သည်။

ဈေးဝယ်ပြီး ပြန်ရောက်လာသော အောင်ထိုက်တို့ကို ဒေါ်တင်နှင့် ဆိတို့သားအမိက ညဦးပိုင်း ဈေးလာဝယ်သူများက ဈေးဆိုင်တွင် လမ်း က်ကို ကျောခိုင်းထိုင်နေသည့် အဒေါ်ကြီးတစ်ယောက်ကို တွေ့သည်ဟု ကြကြောင်းကို ပြောပြသလို၊ မမြည့်နှံ့ကပါ မနေ့ညကပါ အဒေါ်ကြီး င်လေးကို အိပ်မက်မက်သည်ဟု ပြောပြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့နှင့် ခင်စောတို့ကလည်း အောင်ထိုက်၏လှေနှင့် ကွန်ပစ်... ငါးပုစွန်လည်း တစ်ကောင်မှမရသည့်အပြင် ဒေါ်ခင်လေးက လှေပေါ်မှတွ... ချလို့ ရေထဲကျရသည်ဟု ရွာထဲတွင် ပြောကြသည်။ ဒေါ်ခင်လေးနှင့်လှေ... လှေနှင့်ဒေါ်ခင်လေးက မကျွတ်ဘဲခြောက်သည်၊ ရှိနေကြောင်း ပြသည်ဟ... ပြောဆိုကြသည်။ အောင်ထိုက်က မိခင်ကြီးအတွက် မျက်ရည်ကျရသည်။

ဒေါ်အေးမြိုင် ဒေါ်တင်၊ ဒေါ်ခင်လေးတို့က ငယ်ပေါင်းကစားဖေ... ရွာတွင် မွေးဖက်များဖြစ်သည်။ ဒေါ်ခင်လေးသေဆုံးပြီးသည့် တစ်လအငြိ... အတွင်းတွင် ဖြစ်ပေါ်နေသော ပြောစကားသံစုံတို့က ဒေါ်ခင်လေးတစ်ယောက... ချောင်းမတွင်ရော အနီးအပါးရွာများနှင့် ဈေးရောင်းခဲ့သော ရွာများမှာပါ လှေနှင့် သွားလာနေသည်ဟု ပြောကြသည့်စကား။

“ဟယ် ... မဟုတ်က ဟုတ်ကနော်၊ ခင်လေးလောက် အကုသိုလ်... ကင်းတာ ဒီတစ်ရွာလုံးမှာ ရွာဦးကျောင်းဆရာတော်ကလွဲရင် ဘယ်သူမှမရှိ ဘူး။ မယ်တင်ကိုရော ငါ့ကိုပါ အိပ်မက်ပေးတာတောင် ဝတ်ကောင်းစား... လှနဲ့ပါတော်။ သူ့သား လူရိုးလူအေးကို စိတ်မချတာတစ်ခုပဲ။ အဲ့ဒီ... ခင်စောတို့ကို ငမူး၊ ငမူးတွေက ပေါက်ကရပြောကြတာ သူတို့ဟာ သူ... အရေသောက်ပြီး မဟာန်နိုင်လို့ ရေထဲကျတာ”

ဒေါ်အေးမြိုင်၏ ပြောစကားကို ဘယ်သူကမှ စောဒက မတက်ပြ...ပါ။ သူကြီးကတော်ဖြစ်ခြင်းကြောင့်ရော ငယ်သူချင်းဖြစ်၍ပါ ဒေါ်ခင်လေး... အတွက် ဆွမ်းကျွေးအလှူ မလုပ်ရသေးခင်၊ နှစ်ရက်အလိုတွင် သူကြီးသမီး မမြညွန့်နှင့် မအိတို့နှစ်ယောက် ဖယ်ခုံရွာ၏တစ်ဖက် ဇီးတောရွာ သူကြီး သမီးမလှရွှေ၏ မင်္ဂလာဆောင်ကို ဖခင်သူကြီး ဦးဖိုးစံ ရွာကိစ္စများမအား၍ မသွားမဖြစ်သော မင်္ဂလာဆောင်ဖြစ်သဖြင့် မင်္ဂလာဆောင်ကို အောင်ထိုက် ၏ လှေနှင့်ပင် ထွက်လာကြသည်။ သည်ခရီး သည်အရပ်တို့က နေ့ကြောင်း တောင်မဟုတ်။ ညသန်းခေါင်းသလွှဲ ဘယ်အချိန်သွားသွား မဟုတ်တာ မဖြစ်ခဲ့။ ဒါပေမဲ့ အားလုံးက နဂိုအတိုင်းကြီးပဲ ရှိနေသည်မဟုတ်ပါ။ အရာရာ သည် ပြောင်းလွဲနေ၏။

အဲ့နှင့်ခင်စောတို့ သပြေတန်းရွာမှ အသုဘအိမ်တစ်အိမ်တွင် ဖဲကစားရာ နိုင်၍မူးကြပြီး လှေအစုတ်နှင့် ချောင်းမကြီးအတိုင်း ကွေ့...





...ဘက် လူးလူးလည်လည်နှင့် လှော်လာကြသည်။ ဇီးတောချောင်းတတ်...လေးမှထွက်လာသော မင်္ဂလာဆောင်မှပြန်လာသည့် မမြညွန့်နှင့် မအိတို့ ...ကလေးတို့ ဆုံမိကြရာ ...

“ဟော့ ... ဟော့ ... ခင် ... ခင်စော ... ဟိုမှာ ... မအိ ... ...ကြီးသမီး မြညွန့်နဲ့ကွ။ အားပါး ... လှတပတလည်း ပြင်လို့ ဆင်လို့ကွ။ ...ဟော့ ... ငါ့မျက်လုံး မမူးဘူးဟ”

“ဟေ ... ငါ့ကိုများ အိမ်အပြန် လာကြိုတာလားကွာ ... ဟား ... ဟား”

သူတို့၏လှေကို မမြညွန့်တို့ မအိတို့ လှေနားရောက်အောင် လှော်...ပြီး ...

“ဟော့ ... မအိ၊ ဘယ်ကပြန်လာတာလဲ၊ တယ်လှပါလား”

“ဘယ်ကပြန်ပြန် ရှင်တို့ကို ပြောစရာလား”

“ဟ ... သူကြီးသမီးက တယ်မာပါလား။ နင့်ကိုမေးတာမဟုတ် ... ဟိုလေ ... သူ ... အိ ... အိ ... လေးကို”

ခင်စောက ပြောရင်းမှ မမြညွန့်တို့လှေနံကို လှမ်းကိုင်လိုက်သည်။ ...အောင်ခြင်းထိ၍ လှေနှစ်စီးက လူးသွားသည်။

“လှေ ... လှေမှောက်တော့မယ် ... လွှတ် ... ကိုစော ...”

“ခင်စော ... တို့လှေကို လွှတ်စမ်း ... လွှတ် ...”

“ငါပြောတာကို လက်ခံမှ လွှတ်မယ်၊ အိအိလေး ... အဟဲ”

ခင်စောက လှေနံကိုလွှတ်ပြီး မအိ၏လက်ကို ဖမ်းကိုင်လိုက်...၊ အဲ့က မမြညွန့်တို့လှေနံကို ကိုင်လိုက်သည်။ မအိက လက်ရုန်း...ဖြင့် လှေက အတော်လူးသွားသည်။ လက်ထဲမှကိုင်ထားသော လှော်...နှင့် အားပါပါရိုက်လိုက်ရာ ခင်စောမှာ ...

“ဒုတ်”

“အား ...”

“ဖွမ်း ...”

www.burmeseclassic.com



ဟူသောအသံများနှင့် ရေထဲကျသွားသည်။ လှေ၏ပဲ့ပိုင်းမှ

သည်လည်း . . .

''အား . . . အောင်မလေး''

ဟုအော်၍ ရေထဲကိုကျသွားရာ ဗွမ်းခနဲပင် မြည်သွားသည်။

စောနှင့်အုံးတို့ ရေထဲကျသွားပြီး ပြန်ပေါ်မလာခင် မမြညွန့်နှင့် မ

လှေကို သွက်သွက်လှော်၍ ထွက်လာကြသည်။

✿ ✿ ✿

| ၄ |

❑

ရွာကိုရောက်ရောက်ခြင်း မမြညွန့်က အဖေသူကြီးကိုရော၊ အ

လှကွန့်ကိုပါ အဖြစ်အပျက်အတိုင်း ပြောပြသည်။ မအိကလည်း အ

မောင်ဖြစ်သူကိုရော အောင်ထိုက်ကိုပါ ပြောပြသည်။

သူကြီးက အုံးနှင့် ခင်စောတို့ကို လိုက်ရှာဟု ဖိုးကျော်

ရွာသားတချို့ကို ခိုင်းလိုက်သည်။ လှကွန့်၊ မောင်ချိအောင်ထိုက်တို့ လို

မသွားနှင့် သူကြီးက ပြောလိုက်သည်။ ခင်စောနှင့် အုံးတို့ကို လိုက်

သော လှေနှစ်စီးက ပြန်ရောက်လာသည်။ အုံးတစ်ယောက်ပဲ ပါလာသ

မှောင်နေ၍ မီးခွက်မီးတိုင်များ ထွန်းလိုက်သဖြင့် သူကြီး၏အိမ်ဝိုင်းက

ထိန်သွားပြီး ရွာသူရွာသားများလည်း စုဝေးရောက်ရှိလာကြသည်။ ငုတ်တု

ထိုင်နေသာ အုံးက ပြူးပြူးကြောင်ကြောင်နှင့် ခြံဝကိုကြည့်ပြီး . . .





''သွား . . . သွား . . . အဘွားကြီး . . . မလာနဲ့ . . . မလာနဲ့''

''ဟေ့ကောင် . . . ဘာအခုမှ ရူးသလိုလို ကြောင်သလိုလိုနဲ့ အော်

တာလဲ။ ငါ့အဖေကြောင့် သက်သာတယ်မှတ်''

အုံး၏ အော်ဟစ်သံအဆုံးတွင် လှကွန့်၏ ဒေါသအပြော။ မောင်ချို

လည်း မကျေမနပ် ကြည့်နေသည်။ ကျန်ရွာသူရွာသားများလည်း လက်သီး

ပ် အံ့ကြိတ်၍ ကြည့်ကြသည်။ အောင်ထိုက်ကတော့ အုံးကို ကြည့်

ဘာမှမပြောပေ။ ရွာမှာ ဖဲရိုက်၊ အရက်မူးမူး၊ ကြက်တိုက်တိုက် ဘယ်

မှ ဘာမှမပြော။ အခုကိစ္စက ပြောစရာ မှန်းစရာ ခင်စောကိုရှာသည့်

က ပြန်ရောက်လာသည်။

''ဟေ့ . . . မောင်ကြည် . . . တွေ့လား''

''မတွေ့ပါဘူး . . . ကိုကွန့်ရယ်''

ခင်စောက အစအန ပျောက်နေသည်။ သူကြီးနှင့် ရပ်ရွာလူကြီး

က အုံးကို မေးစစ်ကြသည်။

''အုံး . . . ပြောစမ်း၊ ဘာလုပ်ကြလဲ ဘာဖြစ်လဲဆိုတာ''

''ဟို . . . ဟို . . . ခင်စောက . . . မ . . . မအိကို ကြိုက်တယ်

ခဏခဏပြောလို့ ချောင်းမထဲမှာ လှေနဲ့တွေ့လို့ပြလိုက်တာ။ ကျုပ် . .

ပ် ဘာမှမလုပ်ဘူး''

''အဲဒါနဲ့ ဆက်ပြော''

''အဲ . . . အဲ . . . ခင်စောက လှေချင်းကပ်ပြီး မအိလက်ကိုဆွဲပြီး

းပြောတာပါ။ သူကြီးသမီးက လှော်တက်နဲ့ လက်ကိုရိုက်တော့ နာပြီး

ထဲကျသွားတာ။ ကျုပ်ကိုလည်း အဘွားကြီးက ခင်စောကို တွန်းချပြီး

ထဲကို တွန်းချတာ''

မမြညွန့်နှင့်မအိတို့ မင်္ဂလာဆောင်သွားသည့် လှေက အောင်

က်၏လှေဖြစ်သည်။ ယခု အုံး၏အပြောက ဒေါ်ခင်လေးက မကျွတ်

တ် လှေတွင် ရှိနေဆိုခြင်းမှာ ပို၍ နိုင်လုံသွားသည်။

နောက် သုံးရက်မြောက်နေ့တွင် ဖီးတောရွာမှ တာရိုးချောင်းရွာ

လာကြသည်။ လှေမှာ ကမ်းနားမှ ခရာဆူးခြုံကြားတွင် မှောက်ခုံပေါ်



www.burmeseclassic.com

www.burmeseclassic.com



နေသော လူသေအလောင်းကို တွေ့၍ ကြည့်ကြရာ ခင်စောကို သိ သဖြင့် ဖိုးတောရွာမှ လှေသမားတို့က အလောင်းကိုဆွဲ၍ တာရိုးချောင်း လှေဆိပ်ကို ပို့ပေးပြီး သူကြီးကို အကြောင်းကြားလိုက်သည်။ လှေ တွင် လူပြည့်သွားသည်။ သက်ဆိုင်ရာကို အကြောင်းကြားပြီး ခင်စော များက အလောင်းကို သဂြိုဟ်လိုက်သည်။

သည်ကနေ့ အောင်ထိုက်အိမ်တွင် သံဃာတော်များကို ဆွမ်း ကျွေးမွေးလှူဒါန်းကြီး မိခင်ကြီးဒေါ်ခင်လေးကို ရည်စူးပြီး အမျှဝေခြင်း လုပ်သဖြင့် ချောင်းစပ်မှလှေကို မောင်ချိ၊ ဖိုးကျောက်နှင့် လူငယ်တစ် သယ်ယူလာပြီး အောင်ထိုက်၏အိမ်ရှေ့တွင် ချထားသည်။ တစ်နေ့က ခင် ၏အလောင်းကို သယ်ယူလာတော့ အဒေါ်က လှေပေါ်မှ ဒေါ်ခင်လေးက ထ ခြင်း၊ သူ့ကိုလည်း မျက်နှာကို ရိုက်လိုက်၍ ရေထဲကျခဲ့ရသည်။ ယခု ခင် က သေသွားသည်ဟု ပြောသည်။ ရွာထဲတွင်တော့ အဒေါ်၏ပြော ကြောင့် ဒေါ်ခင်လေးက မကျွတ်မလွတ်ဘဲ ရှိနေသည့်အပြင် လှေကို လှေမှာနေကြောင်း ပြောကြဆိုကြ၍ ဆွမ်းကပ်အလှူတွင် လှေကြီးကို အိမ်ရှေ့တွင် ချထားခြင်းဖြစ်သည်။

"အမေရေ ... ရောက်ရာရှိရာဘုံဘဝက အမေ့အတွက်ရည် တဲ့ ကုသိုလ်အလှူကို အမျှပေးဝေပါတယ်။ အမျှ ... အမျှ ... အမျှ အမေရေ ... သာဓုခေါ်ပါ ... အမေရယ်"

အောင်ထိုက်၏ တုန်လှိုက်သော ဝမ်းနည်းသံနှင့် အမျှဝေ သည်တွင် ဘုရားကျောင်းဆောင်တွင် ချိတ်ဆွဲထားသော ကြေးစည်က မှာ အလိုလိုပြုတ်ကျပြီး အိမ်ရှေ့မှလှေက မြေညီတွင် ချထားပါ တစ်ဖက်စောင်းသွားသည်မှာ လူနှစ်ယောက်သုံးယောက်က တွန်းလိုက် မျိုး ဖြစ်သွားသည်။ တစ်ဖက်ခြမ်းပိုင်းမှ ခွေးနှစ်ကောင်ကလည်း လိုက် လှဲလှဲ စွဲစွဲငင်ငင် အူလိုက်ကြသည်။

အောင်ထိုက်၏ အမေကိုရည်စူး၍ ပြုသောကုသိုလ်ဒါန အ ရေစက်ချအမျှဝေမှုကို ဒေါ်ခင်လေးတစ်ယောက် ရရှိပြီး သာဓုခေါ်နိုင် သဘောပင်ဖြစ်သည်ဟု လူကြီးများက ပြောကြသည်။ နောက်တစ်နေ့





ထဲတွင် ဒေါ်ခင်လေးတစ်ယောက် မကျွတ်မလွတ်ဘူး ဆိုသည်ကိုလည်း ကောင်း၊ အောင်ထိုက်မြို့ကို ဈေးသွားဈေးပြန် လှေနားသည့်ရွာများ မောင်များကပါ လှေကလေးနှင့် အဒေါ်ကြီးကိုတွေ့သည်ဟု မပြောကြ ပါ။

သူကြီးဦးဖိုးစံ၏ ကမ်းလှမ်းစေ့စပ်မှုကြောင့် ဒေါ်တင်က လက်ခံပြီး နှင့်မအိကို သဘောတူလိုက်သည်။ လူချစ်လူခင်ပေါသော ကိုလှကွန့် လာဆောင်က စည်းကားသည်။ လူပျိုရံက အောင်ထိုက်ပင်ဖြစ်ပြီး ရံက မမြညွန့်ဖြစ်သည်။

"မအိ ... နင်ကံကောင်းပါတယ်ဟာ"

အောင်ထိုက်၏ပြောစကားကို မအိက မျက်ရည်ကြည်ဝဲဝဲကလေး ခေါင်းငုံ့၍ ငြိမ်နေလိုက်သည်။ ကိုလှကွန့်၏ အပျော်တွေက ရွာကာလ များအတွက် စားပွဲသောက်ပွဲက ပြည့်စုံသွားသည်။

"ကိုထိုက် ... အစ်ကိုကွန့်ပေးတဲ့ ပွဲထဲ မဝင်နဲ့နော်"

"စိတ်ချပါ ... မြလေးရယ်၊ အမြည်းလည်း မစားဘူး။ ခွက် ဝင်မကိုင်ပါဘူး"

"ပြီးရော ဒါပဲနော်"

မမြညွန့်နှင့် အောင်ထိုက်တို့ တိုးတိုးတိတ်တိတ် ပြောနေကြသည် မြင်ဖြစ်အောင်မြင်လိုက်သော ကိုလှကွန့်က ရင်ထဲမှ ညီလေးလိုချစ်သော အောင်ထိုက်နှင့် ညီမဖြစ်သူ မမြညွန့်တို့ကိုကြည့်ပြီး အသံမထွက်ဘဲ ...

"မင်းတို့က နောက်ကျတော့ နောင်နှစ်ခွေစပါးသိမ်းပြီးမှပဲ ငါ့လို စည်ကားကား မင်္ဂလာပွဲမျိုးလုပ်ရအောင် ငါ အဖေနဲ့အမေကို ပြောပါ့ ကွာ"

ဟု မျက်လုံးနှင့် စကားပြောလိုက်သည်ကို မမြညွန့်က မြင်လိုက် ချော်ယောင်လှမ်းသည့် မျက်နှာနှင့် ခေါင်းလေးငုံ့သွားလေသည်။

စိုးယဉ်ထွန်း

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

❑

ဒီနယ်ဒီအရပ်တွင် အလွန်ထင်ရှားသော ကုန်းကလေးတစ်ခု ရှိ၏။

ကုန်းဆိုသော်လည်း ခပ်နိမ့်နိမ့်တော့မဟုတ်။ မြင့်လွန်းလှသည့် တောင်ကုန်းလို့လည်း မခေါ်သာ။ မနိမ့်မမြင့်ရှိသည်လို့သာ ဆိုရမည်ဖြစ် ၏။

ကုန်းဆိုသည့်အတိုင်း ကုန်းခေါင်ခေါင်ကြီး မဟုတ်ပါ။ ဒီကုန်း ကလေးပေါ်၌ စေတီတစ်ဆူ ရှိနေသည်။ ဉာဏ်တော်ဆယ့်ရှစ်တောင်ခန့် ရှိ ညီထင်သည်။

စေတီကလေးမှာ ပိုင်ရှင်မဲ့ဖြစ်နေသလားမဆိုနိုင်၊ ပြုပြင်မွမ်းမံသူ ဘွဲ့။ ထုံးသုတ်ပေးမည့်သူပင်မရှိ။ ညိုးနွမ်းချို့တဲ့နေသည်။ အချို့နေရာ၌မူ တ်များ အက်ကွဲလျက်ရှိသည်။ အချို့နေရာ၌မူ အင်္ဂတေကွာလျက် အတွင်း တ်သားများပင် ထီးတည်းကြီးပေါ်နေသည်။ အချို့နေရာမှ ညောင်ပင် လေးများ အမြစ်တွယ်လျက် ရှင်သန်နေသည်။ ကြာမောက်ကြာလန်၌ နွယ်ပင်များ တွဲရိတွဲလွဲဖြင့် စိုးမိုးနေသည်။

စေတီ၏ ထီးတော်မှာလည်း မြောက်ယွန်းယွန်းသို့ စောင်းလို့နေ သည်။ စိန်ဖူးတော်မှာ စတည်ကတည်းက တင်မှတင်ခဲ့ရဲ့လားလို့ ထင်မိ သည်။ မရှိသည်မှာ နှစ်နှင့် ကြာရှည်ခဲ့ချေပြီ။

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ရွှေမရှိတဲ့ဘုရား လှူမရှိသေဟူသော စကားရှိပါသည်။ ထို့ကြော သည်မှ ပျက်ယွင်းနေသော စေတီကလေးပေါ်သို့ သွားရောက်ဖူး တစ်ဦးတစ်ယောက်မှ မရှိပေ။ ခြောက်သွေ့ဆိတ်ငြိမ်ပြီး တောင်ကုန်း၌လည်း ဗျိုင်းချေးပင်၊ မြက်ရိုင်းပင်၊ နွယ်ပင်များက မင်းမူအုပ်ချုပ်နေ သည်။

✿ ✿ ✿

❑

ထိုကုန်းသည် ထိုမျှလောက်ဆိုလျှင် တော်သေးရဲ့။ ဘာမျှ ထူး ခြားခြားမရှိဘဲ သာမန်လောက် သဘောထားနိုင်ကြလိမ့်မည်ဖြစ်သည်။ သာမန်ထက်ထူးသည့် ကိစ္စများက ဒီတောင်ကုန်းကလေးတွင် ဖြစ်ခဲ့ဖူး များစွာ ရှိနေခဲ့ပေသည်။

ထူးခြားသည့်ကိစ္စများကို မပြော။ ဒီတောင်ကုန်းကလေး၏ အ နာမ အမျိုးမျိုးတွင်ခဲ့ရပုံကို အရင်ပြောချင်၏။ စိတ်ဝင်တစားရှိ မည်လို့ သည်။

အများကပင် ဒီတောင်ကုန်းနှင့် စေတီကို ကိုယ်သန်ရာကိုစွဲ၍ တတ်ကြသည်။ အချို့က ဒီတောင်ကုန်းကို နတ်ဆိုးကုန်းလို့ ပြော အချို့က ဒီတောင်ကုန်းကလေးမှာ နာနာဘာဝတွေရှိသည်လို့ အစွဲပြု အချို့က ဒီတောင်ကုန်းကလေးမှာ ဥစ္စာစောင့်သိုက်နန်းရှင် ရှိသည်လို့ အ တပ်သည်။ အချို့က ဒီတောင်ကုန်းကလေးမှာ သဘက်ကြီး ဝေတေနေ လို့ ယုံကြည်သည်။ အချို့က ဒီတောင်ကလေးမှာ မနှင်းဆီရှိသည်လို့ သည်။





ဘယ်သူတွေ ဘာပြောပြော ဒီတောင်ကုန်းကလေးကဖြင့် အဓိကထ ဖြစ်၏။ ထို့ကြောင့်လည်း ထိုတောင်ကုန်းကလေးကို ဒီအရပ် ဒီဒေသမှာ နေ ထိုင်ကြသူတိုင်း ခပ်ဝေးဝေးက ရှောင်ကြလေသည်။

အထူးသဖြင့် နေဝင်ဖျိုးဖျအချိန်တွင်လည်းကောင်း၊ ညပိုင်းအချိန် တွင်လည်းကောင်း၊ နေခင်းနေ့လယ်တွင်လည်းကောင်း မည်သူတစ်ဦးတစ် ယောက်မျှ ယောင်လို့ပင် မသွားရဲကြ။

ခေတ်အဆက်ဆက်ကပင် သတ်မှတ်ခဲ့ကြပုံရသည်။ ယခုဆို နှစ် ပေါင်းလေးဆယ်မကကျော်ခဲ့ပြီ။ ထိုအစွဲအလမ်းသည် ဖယ်ခွာသင့်ပြီ မဟုတ် ပါလော။

✿ ✿ ✿

[၂]

❑

ဖယ်ခွာဖို့နေနေသာသာ ထိုအစွဲသည် ခိုင်သည်ထက် ခိုင်မြဲနေ၏။ မနှင်းဆီဆိုသည့် အလွန်တရာ ရုပ်ရည်ချောမောသည့် မိန်းမပျိုကလေးအား တွေ့သူက တွေ့လိုက်ကြသေးသည်။

မနှင်းဆီသည် ပဒုမ္မာအင်္ကျီလက်ရှည်ကို ဝတ်လျက်၊ ထဘီမှာ ကြိုးကြိုးချိတ်ကို ခြေဖျားအထိဖုံး၊ ပုံတော်ကတ္တီပါဖိနပ်ကိုစီးလျက် တွေ့သည် ဟု ပြောပြန်သည်။ ဆံပင်မှာ ရှည်လျားလှသည်။ သနပ်ခါးတွေ မွှန်နေသည်။ မျက်နှာ မိန်းတွေဝေနေသည်။

သူမသည် စေတီအနားမှနေ၍ ဖြည်းညင်းသက်သာစွာ လှမ်း လာသည်။ ထို့နောက် တောင်ကုန်းကလေးအပေါ်မှ ဆင်းလာသည်။ ထို့

www.burmeseclassic.com



နောက် သူမသည် သူမနေထိုင်ခဲ့ဖူးသည့် နှစ်ဆောင်ပြိုင်အိမ်ကြီးဆီသို့ သွား လေသည်။

မှန်ပါ၏။ သူမသည် သူမပိုင်ဆိုင်ခဲ့သည့် နှစ်ဆောင်ပြိုင်အိမ်ကြီး မှာ ထိုတောင်ကုန်းကလေးနှင့်ဆို တစ်ခေါ်သာဝေးသောနေရာတွင် ရှိသည်။ တစ်ကေခန့်ကျယ်သော ခြံဝန်းကြီးအတွင်း၌ အကောင်းစား၊ ကျွန်းများဖြင့် ဆောက်လုပ်ထားခဲ့ခြင်းဖြစ်သည်။

တစ်ခေတ်တုန်းကဆိုလျှင် ထိုခြံထိုအိမ်ကြီးသည် အလွန်တရာ လှပခန့်ညားနေမည်မှာ အမှန်ဖြစ်ပါသည်။ ရေနံချေးဝလျက်ရှိမည့် အိမ်ကြီး ဖြစ်သည်။ အိမ်အတွင်း၌လည်း လှပတင့်တယ်သည့် အိမ်ထောင်ပရိဘော ဂများ အပြည့်ရှိသည်။ တံခါးပေါက်တိုင်းတွင်လည်း ခန်းဆီးလိုက်ကာများဖြင့် ဂုဏ်ဝင့်နေသည်။

ထို့ပြင် ခြံထဲ၌လည်း ပန်းမျိုးစုံလှ၏။ စံပယ်၊ နှင်းဆီ၊ တိုက်တော် ခတ္တာ၊ မုလေး၊ ရွှန်ပန်း စသည်တို့ဖြင့် မြိုင်လှ၏။ မနှင်းဆီ၏ ဖခင်ကြီး ဦးကျော်မြိုင်သည် ပန်းစိုက်ဝါသနာကြီးသည်။ ပန်းကောင်းပန်းမြတ်ဆို လျှင် ဈေးမဆစ်၊ ထိုက်ထိုက်တန်တန် ပေး၍ဝယ်သည်။

ဖနီးခင်လေးသွယ်ကလည်း ခင်ပွန်းသည်၏ အလိုအတိုင်း နေ သည်။ ကန့်ကွက်သည်မရှိ၊ နှမြောသည်မပြော၊ စိတ်တူကိုယ်တူ ကြည်ဖြူ စွမ်း ရှိပေသည်။

တစ်ဦးတည်း သမီးကလေးကိုပင်ကြည့်၊ မနှင်းဆီဟူသော အမည် ကို မှည့်သည်။ ပန်းလိုလှသည့် သမီးကလေးမို့ အမြတ်နိုးဆုံး နှင်းဆီပန်း နှင့်နှိုင်း၍ မနှင်းဆီဟု အမည်ပေးခဲ့ခြင်းဖြစ်ပါသည်။

သမီးကလေးတစ်ယောက်တည်းမို့ မိဘနှစ်ပါးမှာချစ်မဝ၊ အား လိုက်မဆုံး ရှိခဲ့ကြ၏။ သို့ပေမဲ့ မနှင်းဆီကိုချစ်သည်မှ မျက်စိအောက် အပျောက်မခံနိုင်အောင်ရှိသကဲ့သို့ အခြားတစ်ဖက်၌မူ အရာရာတိုင်းမှာ သူတို့၏ဆန္ဒနှင့် ကိုက်ညီအောင်တော့ စည်းကမ်းပေါင်ခတ်ထားသည်။

ထိုစည်းကမ်းပေါင်မှာ သမီး၏ အိမ်ထောင်ရေးနှင့် ပတ်သက်၍

❀ ❀ ❀

| ၃ |

❑

မနှင်းဆီကလည်း ဒီအချက်ကို နည်းနည်းမှ မကျေနပ်နိုင်။

အချစ်သည် မိဘများနှင့် မဆိုင်။ မိမိနှင့်သာဆိုင်သည်လို့ ခံယူ ထားသည်။ အချစ်အတွက် ဆုံးဖြတ်ချက်ချခွင့်မပေးသောအခါ၌ မနှင်းဆီ သည် မြင်းရိုင်းမကလေးပမာ ထင်ရာစိုင်းဖို့သာ ရှိတော့သည်ဟူ၍ စိတ်နှလုံး ခန်းဒုန်းချထားခဲ့သည်။

ဒီလိုချဖို့အတွက်လည်း ကံကြမ္မာက ဖန်တီးလာ၏။ မနှင်းဆီသည် အချစ်ကို ပေးပြီးသားဖြစ်သည်။ သူမ၏ချစ်သူမှာ မောင်လွှမ်းဝေဖြစ်သည်။ မောင်လွှမ်းဝေ၏ မိခင်နှင့် ဖခင်မှာ မနှင်းဆီရဲ့ သူရင်းငှားဖြစ်သည်။

ကာ အဆင့်အတန်းက ကွာသည်။ လယ်သူရင်းငှား၏သားနှင့် နယ်လိုနည်းနှင့်မျှ သဘောတူနိုင်ကြမည်မဟုတ်။ ထို့ကြောင့် မနှင်းဆီမှာ အထုပ်ပိုက်ပြီး ခိုးရာလိုက်ခဲ့တော့သည်။

❀ ❀ ❀

❑

စွန့်စွန့်စားစားကြီး ခိုးရာလိုက်ခဲ့သော မနှင်းဆီမှာမှာ ဒီတစ်ခါ ခြင်း ကျွတ်ပြီလွတ်ပြီလို့ ထင်ခဲ့ရှာသည်။

ချစ်သူရင်ခွင်ကြားမှာ နားနားနေနေမျှ အားရပါးရ မနေလိုက်ရ ၏ ဩဇာတိက္ကမရှိလှသော ဖခင်ကြီးသည် မြေလှန်၍ ရှာတော့၏။ မကြာ



www.burmeseclassic.com

www.burmeseclassic.com



ခင်ရက်အတွင်းမှာပင် သူတို့ပုန်းအောင်းနေရာအရပ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာတော့သည်။

ပထမတော့ အကြမ်းတိုက်သည်။ နောက်တော့ အပျော့ဆွဲ ဆွဲသည်ဟုတ်သည်ဟုထင်ကာ ပြန်လိုက်လာခဲ့ကြသည်။ မောင်လွမ်းဝေကိုလည်း အလုပ်ကြိုးစားပါ။ မကြာခင် လက်ထပ်ပေးစားပည်ဟု ပြောကာ သူ့မိဘထံ ပြန်စေသည်။

ထို့နောက် မနှင်းဆီကို အိမ်ထဲလှောင်ထားသည်။ အခန်းထဲက အခန်းအပြင်မထွက်ရဟု အမိန့်ချသည်။ မောင်လွမ်းဝေနှင့် လုံးဝ တွေ့ခွင့်မပေး။

ထို့ပြင် အိမ်ဖော်ကြီးမှတစ်ဆင့် သိလိုက်ရသည်က မောင်လွမ်းဝေတို့မိသားစုကို နှင်ထုတ်လိုက်ပြီဖြစ်ကြောင်း၊ တစ်နယ်တစ်ကျေးသို့ လွင့်သွားကြပြီဖြစ်ကြောင်း။ မနှင်းဆီ ဘာမျှ မတတ်နိုင်ပေတော့။ မျက်ရည်နှင့် အဖော်ပြုရန်မှတစ်ပါး အခြားမရှိတော့ပြီ။

မျက်ရည်နှင့် မျက်ခွက်ဖြစ်နေသော သမီးကလေးကိုကြည့်၍ မိဘနှစ်ပါးလည်း တစ်နေ့ထက်တစ်နေ့ စိတ်မချမ်းမသာ ဖြစ်နေရတော့သည်။

✿ ✿ ✿

[၄]

❏

မနှင်းဆီ၏ မိဘနှစ်ပါးဟုလည်း သမီးစိတ်နှင့်ပင် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြသည်။ ထိုသို့ မိဘများကွယ်လွန်သွားသောအခါ၌ မနှင်းဆီမှာ အကျယ်ချုပ်အခန်းထဲမှ လွတ်မြောက်လာသည်။





ထို့ထက်မက ချစ်သူဟောင်း မောင်လွမ်းဝေကို မတွေ့တွေ့အောင်ရှာသည်၊ ခွဲခွာနေသမျှ ကာလတွေကို အတိုးချချစ်မည်ဟူ၍ အားခဲထားသည်။ နယ်အနှံ့၊ ရွာအနှံ့ ချစ်သူကို စုံစမ်းစေသည်။

သို့သော် ချစ်သူကိုမတွေ့။ ချစ်သူ့သတင်းသာ ရသည်။ မောင်လွမ်းဝေသည် ယခုအခါ၌ အိမ်ထောင်ရှင်ကလေးတစ်ယောက်၏ဖခင် ဖြစ်နေပြီတဲ့။ သတင်းစကားသည် မနှင်းဆီ၏ရင်ကို မီးစကြီးနှင့် ထိုးမွှေလိုက်သလို ခံစားလိုက်ရသည်။

✿ ✿ ✿

❏

မနှင်းဆီသည် မောင်လွမ်းဝေအား အနာကြီး နာခဲ့၏။

ဒီမျှ ဒုက္ခတိုက်ကလေး၌ ခံစားနေရသည့်အချိန်ကိုမျှ ခေတ္တမစောင့်နိုင်အောင်းရဲ့လားလို့ မာန်ရှသည်။ မုန်းမိသည်၊ ယောကျ်ားများ သစ္စာမရှိကြတော့ဘူးတည်ဟူ၍ လုံးရိုက်မိသည်။

မိမိဘဝမှာ ဒီအနှောင်အဖွဲ့တွေကြောင့်သာ ဒီဒုက္ခတွေ ကြုံခဲ့ရသည်လို့ တွေးမိသည်။ ကျွတ်ချင်လွတ်ချင်လှသဖြင့် ကုသိုလ်ကောင်းမှု တစ်ခုခု ပြုတော်မည်။

ထို့အတွက် ဘုရားတစ်ဆူတည်ဖို့ စိတ်ကူးရလေသည်။ နတ်ဆိုးကုန်းကို အာရုံကျသည်။ များမကြာမီမှာပင် အကျွတ်အလွတ်ဟူသော ဘွဲ့အမည်နှင့် တည်ဖြစ်သွားတော့သည်။ စေတီတော်လည်းပြီး မနှင်းဆီလည်း အသက်သိမ်းခဲ့လေပြီတည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၅]

❑

အကျွတ်အလွတ်ဆိုသော်လည်း မနှင်းဆီမှာမှာ မကျွတ်မ
သေးပါ။ မနှင်းဆီ သေဆုံးသည်မှာ သွေးရိုးသားရိုးမဟုတ်။ မကြွေး
မစည်ကောင်းဖြင့် ဘဝကို စွန့်ခွာသွားခြင်းမျိုးဖြစ်ပါသည်။

မနှင်းဆီ မောင်လွမ်းဝေကို အသည်းနာနာဖြင့် မိမိဘဝကို အ
ငါးရာငါးကမ္ဘာနှင့် လဲသွားသော်လည်း ဒီမှုသာ အဆုံးသတ်သွားတာမ
ဒီစေတီ ဒီအိမ်အိုကြီးသည် မနှင်းဆီ၏ဝိညာဉ် ကူးချည်သန်းချည် သွား
ရာ နယ်နိမိတ်ဖြစ်နေတော့၏။

အပြုအပြင် အမွမ်းအမံမရှိသော နှစ်ဆောင်ပြိုင်အိမ်ကြီးမှာသည်
တစ်စတစ်စ ယိုယွင်းပျက်စီးခဲ့ပြီ။ ခြံဝန်းကြီးမှာလည်း တကယ့်တစ
သို့ ရှိခဲ့လေပြီ။ ညဘက်ရောက်လျှင် ခွေးများသည် ထိုအိမ်ရှိရာသို့ မျက်
လျက် ဆွဲဆွဲငင်ငင် အူနေသည်မှာလည်း လွန်စွာ ချောက်ချားဖွယ်ကော
နေတော့သည်။

လူအများက ဒီအိမ်၊ ဒီစေတီ၏ နယ်နိမိတ်ကို အလိုလိုနေ
ကြောက်နေရသည်အထိ ကိုအုန်းခိုင်၊ ကိုဇော်မိုးသန်းတို့က မီးလော
လေပင့်လိုက်သလိုရှိသည်။ သူတို့နှစ်ဦး ကာလသားအရွယ်ကဖြစ်သည်။

လူပျိုတို့၏ ဘာသာဘာဝအတိုင်း သမီးရည်းစားထားကြသည်
သူတို့သည် သူတို့၏ချစ်သူကို စေတီအနားရှိရာအနီးသို့ ချိန်းတွေ့ကြသည်





အစ်ကို မသိတသိအချိန်မှ လူကြီးမိဘတွေလစ်သည်။ ဒါ့အပြင် ဒီစေတီ
ကိုသို့ မည်သူမှ မသွားရဲ၊ မလာရဲမို့ သူတို့၏သမီးများ သွားလိမ့်မည်
တ်လို့ မိဘများက ယုံကြည်ကြသည်။ ကိုအုန်းခိုင်နှင့် ကိုဇော်မိုးသန်း
ာ ဒီအခွင့်အကောင်းကိုယူက ၎င်းတို့၏ချစ်သူကို ချိန်းခြင်းဖြစ်ပါသည်။

ချိန်းတွေ့သည့် ညနေပိုင်းတွင် ကိုအုန်းခိုင်အတွေ့အကြုံက ဤ
ဖြစ်သည်။

''ကျုပ်နဲ့ ကျုပ်ချစ်သူ မနှောင်းနဲ့ပေါ့ဗျာ။ ညနေစောင်း ဒီစေတီ
က်ကိုလာခဲ့ဖို့ ချိန်းလိုက်တာ။ အနှောင်းကလည်း လာရှာပါတယ်။ နှစ်
ာက်သား လက်ချင်းချိတ်ပြီး လမ်းလျှောက်နေတုန်းမှာ နောက်ကနေ
နဲ့ လက်ဝါးကြီးနဲ့ ရိုက်လိုက်တာ ကျုပ်ကျောကျော့သွားတာပဲ။ မနှောင်း
တော့ လက်ဖျားနဲ့တောင် မတို့ဘူး။ ယောကျာ်းတွေမုန်းနေတဲ့ မနှင်းဆီ
။ တော်တော်ဆိုးတယ်''

ကိုဇော်မိုးသန်းကလည်း တစ်မျိုးတစ်ဘာသာ ...

''ကျွန်တော်နဲ့ ကျွန်တော့်ချစ်သူ ခင်သီနဲ့ပေါ့။ ခင်သီ့မိဘတွေက
န်တော်နဲ့ သဘောမတူတော့ ခိုးတွေ့ကြရတာ။ ခင်သီက ကျွန်တော့်
ပေါ် အတော်ချစ်ရှာပါပေတယ်။ ညကြီးမင်းကြီးတောင် ကျွန်တော်ချိန်း
က်တဲ့နေရာကို စွန့်စွန့်စားစားလာတာ။ ဘာပြောကောင်းမလဲ၊ အိမ်ကြီး
စေတီကြားလမ်းလည်းရောက်ရော ကျွန်တော့်ကျောကို တီးတော့တာပဲ။
ချက်တောင်မှဗျာ။ မနှင်းဆီလက်ချက်လေ။ ကိုလွမ်းဝေကို စိတ်နာတာနဲ့
န်တော့်ကျောကို ရိုက်ရရောတဲ့လားဗျာ''

ဟူ၍ဖြစ်သည်။ သူတို့နှစ်ဦးသည် ယခုဆို အသက်လေးဆယ်ပင်
ော်ပြီ။ မယားနှင့်သားသမီးတွေပင် ရခဲ့ပြီ။ သို့ပေသည့် သူတို့ပြောခဲ့သော
နှင်းဆီပုံပြင်ကလေးမှာ ယနေ့တိုင် သက်သေတည်နေဆဲဖြစ်သည်။

နောင်တွင်လည်း ဤဂမ္ဘီရဆန်သော ပုံပြင်ကလေးမှာ နှစ်ပေါင်း
ည်ရှေ့မည်မျှကြာအောင် ရှည်ကြာဦးမည်ကား မည်သူမှ မခန့်မှန်းနိုင်ပါ
ကား။

မောင်မောင်ကြီး (ကျိုင်နယ်မြေ)

www.burmeseclassic.com

www.burmeseclassic.com



| ၁ |

❑

နိဗ္ဗာန်ဘူတာရုံလေးတွင် ဖြစ်လေ၏။

လူ (၃) ဦးက အရှေ့စူးစူးအရပ်ဆီသို့ မကြာခဏ လှမ်းမျှော်ကြည့်နေရင်းက သက်ပြင်းအမောများကို ချလိုက်၏။

''ဟူး ...''

''ရထားကလည်း ဒီနေ့ကျမှ နောက်ကျလိုက်တာကွာ''

လူကြီးတစ်ဦးက ဆိုသည်။

''မင်းကလည်းကွာ၊ စက်ပစ္စည်းဆိုတာ ပြောလို့ရတဲ့ကိစ္စမှ မဟုတ်ဘဲ။ စက်တွေဘာတွေပျက်ချင်လည်း ပျက်နေမှာပေါ့''

ထိုစကားကိုတော့ လူတစ်ဦးက မနှစ်မြို့သလို ကန့်ကွက်သည်။

''မင်းကလည်းကွာ၊ ပါးစပ်ပုပ်ကြီးနဲ့ မဦးမချွတ် ပြောရောမယ်။ ဟွှဲ ... လွဲပါစေ၊ ဖယ်ပါစေ''

လူ (၃) ဦး၏ စကားများအဆုံး။

''တူ ... တူ ... တူ ...''

ပုသိမ်အစုန်ရထားကြီးက မြို့ဝင်ဥသြသံရှည်ပေး၍ ဝင်လာနေသည်ကို တွေ့လိုက်ရတော့သည်။

''ဟာ ... ရထားလာပြီဟေ့''



www.burmeseclassic.com

www.burmeseclassic.com



ဟိုနားသည်နား စောင့်စားထိုင်လျက်ရှိကြသော လူများ လှုပ်လှုပ်ရှားရှား ဖြစ်၍သွားကြသည်။

မကြာမီ ....

ရထားကြီးက မီးမောင်းကြီးကို ထိုး၍ထားရင်း ကင်းခြေများကြီး တစ်ကောင်လို တရွေ့ရွေ့ ဝင်လာလေတော့သည်။

ထွန်းရ နာရီကိုကြည့်လိုက်၏။ ည (၈) နာရီပင် ထိုးလေပြီ။

နိဗ္ဗာန်ဘူတာရုံလေးရှေ့ကိုရောက်တော့ ဓာတ်မီးကြီးဖြင့် ထိုး၍ရပ်လိုက်၏။

"ကျွီ ...."

အသင့်စောင့်ကြိုနေသည့် လူ (၃) ဦး ပျာယာခတ်သွားသည်။ ရထားတွဲများကိုလည်း တတွဲပြီးတတွဲ အသည်းအသန် လိုက်လံရှာဖွေနေကြ၏။

"မောင်ကောင် ... သာဆောင်၊ တွေ့လား"

"မတွေ့ဘူးကွ။ မင်းရော ..."

"ငါလည်း ရှာတုန်းပဲ ... သူငယ်ချင်း"

ထွန်းရက ဆိုသည်။

ခဏကြာတော့ ရထားကြီးက တရွေ့ရွေ့လှုပ်ရှားရင်း ဟသ်ာတမြို့ဖက်ဆီသို့ ခရီးစတင်သည်။ နိဗ္ဗာန်ဘူတာထဲတွင် လူများ ဆူညံနေ၏။

ပုသိမ်မြို့မှပြန်လာကြသော ဈေးသည်အများအပြားက ဤနိဗ္ဗာန်ဘူတာတွင် အများဆုံးဆင်းကြသည်။ ရှေ့ဘူတာများတွင် မရပ်တော့ ဟသ်ာတမြို့ဆီသို့ရောက်မှသာလျှင် ခရီးက ဆုံးမည်ဖြစ်လေ၏။

လူများတဖြည်းဖြည်း ရှင်း၍သွားတော့၏။ လူ (၃) ဦးမှာမူ ဘူတာပလက်ဖောင်းတလျှောက် ခေါက်တုံ့လူးလာသွားလာရင်း တစ်စုံတစ်ဦးကို ရှာဖွေနေကြ၏။ ထိုစဉ် ဘူတာအစပ် ကုက္ကိုပင်ရိပ်လေးအောက်တွင် လူတစ်ယောက်မှာ ရပ်၍နေ၏။ သူတွင်တော့ ခပ်နွမ်းနွမ်း ခရီးဆောင်အိတ်လေးတစ်လုံးကို လွယ်၍ထားလေသည်။ ထိုသူကို သာဆောင်မြင်၍ သွားတော့သည်။

"ဟိုမှာ လူတစ်ယောက်ရပ်နေတယ်ကွ။ အဲဒီလူလား မသိဘူး လာ ... သွားမေးကြည့်ကြရအောင်ကွာ"





ထိုမှလူ (၃) ဦးက ထိုလူရပ်နေသော အမှောင်ရိပ်ဘက်သို့ လျှောက်၍သွားကြ၏။

"ခင်ဗျားနာမည် ကိုအောင်ဒင်လားဗျ"

"ဟုတ်ပါတယ် ခင်ဗျား။ ဒါနဲ့ ခင်ဗျားတို့ကရော ကိုသာဆောင်ရဲ့အဖွဲ့တွေလား"

"ဟုတ်ပါတယ်"

ထိုလူစကားဆုံးတော့ လူ (၃) ယောက်ရဲ့မျက်နှာက လတာစင်းသို့ ဝင်းပသွားတော့သည်။ ထိုလူသုံးယောက်နဲ့အတူ လူစိမ်းတစ်ဦးက ကြိတ်ဆုံကွင်းဟုခေါ်သော ရွာလေးဆီသို့ တရွေ့ရွေ့ ထွက်ခဲ့ကြတော့သည်။

✿ ✿ ✿

[ ၂ ]

❑

ညက ...

နိဗ္ဗာန်ဘူတာတွင်သွား၍ ကြိုလာသူမှာ မျိုးချစ်တော်လှန်ရေးရဲဘော်တစ်ဦးဖြစ်သူ ဗိုလ်အောင်ဒင်ဟု နာမည်ကျော်ကြားနေသော ကိုအောင်ဒင်ပင် ဖြစ်လေသည်။ ယနေ့ ကိုအောင်ဒင် ရောက်လာခြင်းသည် အင်္ဂလိပ်နယ်ချဲ့များကို တော်လှန်ရန် တော်လှန်ရေးကိစ္စများနှင့် ဖြစ်လေ၏။

ကြိတ်ဆုံကွင်းဟူသော ရွာလေးမှာ နိဗ္ဗာန်အပိုင် ရိုးတန်းရွာလေး၏ အရှေ့စူးစူး ခေါ်လွယ်ခုတ်တွင် ရှိလေသည်။ ရွာသူရွာသားတွေက လယ်သမား၊ ယာသမားများ ဖြစ်ကြ၏။ ထို့ကြောင့် လယ်လုပ်ငန်း၊ ယာလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြ၏။ ထိုအချိန်က အင်္ဂလိပ်နယ်ချဲ့များ မြန်မာပြည်ကို သိမ်းပိုက်ထားသောကာလလည်း ဖြစ်လေသည်။ ဤသည်ကို တော်လှန်ရန် ဗိုလ်အောင်ဒင်ဟူသော မျိုးချစ်လူငယ်တစ်ဦးက ဦးဆောင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တော်လှန်ရေးကိစ္စများဖြင့် ရောဝတီတိုင်းဘက်သို့ အသွင်အမျိုးမျိုးဖြင့် ရုပ်ဖျက်သွားရောက်ကာ စည်းရုံးရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။

ကြိတ်ဆုံကွင်းရွာတွင် ...

ထွန်းရှ၊ သာဆောင်၊ ထွေးမောင် ဟူသော ရွာခံမျိုးချစ်လူငယ် (၃) ဦးက အမာခံများအဖြစ် ဦးဆောင်ကြသည်။ ယခုလည်း အောင်ဒင်မှာ ဤကြိတ်ဆုံကွင်းရွာရှိ မျိုးချစ်လူငယ်များနှင့် တော်လှန်ရေးကိစ္စ ဆွေးနွေးရန် သတင်းပို့ထား၏။ ထို့ကြောင့် ဤနိမ့်ဗွာန်ဘူတာရုံလေးတွင် လာရောက်စောင့်နေကြခြင်းဖြစ်လေသည်။ ထိုကိစ္စများကိုတော့ ကြိတ်ဆုံကွင်းရွာရှိ ရွာသားများ မသိကြ။ လူငယ်လူရွယ်အချို့သာ သိထားကြလေသည်။

"ခုလောလောဆယ်တော့ ကိုအောင်ဒင်ကို မင်းအိမ်မှာပဲ ထားမယ်။ ဘယ့်နှယ်လဲ"

"ရပါတယ်ကွာ ငါတို့အိမ်မှာလည်း တို့မောင်နှမ နှစ်ယောက်ထဲရှိတာ"

"ဒါဆို ရွာကလူတွေကိုတော့ ဘယ်လိုပြောထားမလဲ"

"အိုကွာ ... သာဆောင်ရဲ့ ညီအစ်ကိုဝမ်းကွဲတစ်ယောက် အလည်အပတ်လာတယ်လို့ ပြောတာပေါ့"

"အင်း ... တို့တွေ သတိကြီးကြီးတော့ ထားရမယ် ... ထွန်းမောင်။ ဘာပြုလို့လဲဆိုရင် ဒီရွာမှာ သူကြီးဦးသာမြကလည်း နယ်ချဲ့ရဲ့ အလိုတော်ရိ။ ခုတစ်လော သူကြီးအိမ်ကို မျက်နှာဖြူတွေ အဝင်အထွက် ရှုပ်နေတယ်။ သူ့သား ဟိုကောင်သာအေးကလည်း သူကြီးသားဆိုပြီး သူ့အဖေအရှိန်နဲ့ နေရာတကာပါတာမို့ သူတို့သားအဖရန်ကို သတိထားမယ်"

"ဟုတ်တယ် ... ထွန်းရှပြောတာ ... ဟုတ်တယ်။ တို့တော်လှန်ရေးမစခင်မှာ အားလုံး ပိပိရိရိရှိမှဖြစ်မယ်"

ထိုသူများပြောဆိုနေကြသော စကားများကိုတော့ ရေနွေးကြမ်းသောက်ရင်းမှ ကိုအောင်ဒင်တစ်ယောက် နားထောင်နေသည်။ တစ်ဆက်တည်း မျိုးချစ်ရွာသားသုံးဦးကိုလည်း မှာကြားလိုက်၏။





"ဒီမယ် ... ကိုသာဆောင်၊ ရွာကလူငယ်တွေကိုတော့ အတတ်နိုင်ဆုံး ပိပိရိရိနဲ့ သေသေချာချာ စည်းရုံးဗျာ။ ဒီကိစ္စ ပေါက်ကြားလို့ မဖြစ်ဗျာ။ တော်ကြာ ကျုပ်တို့တော်လှန်ရေး မစခင်၊ သတင်းပေါက်ကြားသွားရင် တော်လှန်ရေး မအောင်မြင်မှာစိုးတယ်"

"စိတ်ချပါ ... ကိုအောင်ဒင်၊ အစစအရာရာ သတိဝိရိယရှိဖို့ ကိုလည်း ကျုပ် ထွန်းရှနဲ့ ထွေးမောင်ကို ပြောထားပြီးပါပြီ"

ကျုပ်တို့စည်းရုံးရေးကိစ္စတွေကို ရှေ့အပတ်အပြီးသတ်အောင် လုပ်မယ်။ စည်းရုံးရေးကိစ္စတွေပြီးရင်တော့ သွေးသောက်ရဲဘော်တွေ စုဝေးပြီး တော်လှန်ရေးအတွက် ဆွေးနွေးဖို့လုပ်ရမယ်"

စကားဆုံးတော့ ပန်းလှက ထမင်းစားရန်ခေါ်သည်။

"အစ်ကိုသာဆောင် ... ထမင်းစားဖို့ အဆင်သင့်ဖြစ်ပြီ၊ ဧည့်သည်ကိုလည်း ခေါ်ခဲ့နော်"

"ကောင်းပြီ ... ညီမလေး"

✿ ✿ ✿

## [ ၃ ]

❑

ဘာလိုလိုနဲ့ ....။

ကိုအောင်ဒင် ကြိတ်ဆုံကွင်းသို့ ရောက်ခဲ့သည်မှာ တစ်လရှိပြီဖြစ်လေ၏။ ဒီနေ့ ကိုသာဆောင် ကိုင်းတောသို့ ပဲကောက်ရန်သွားတော့ အိမ်မှာ ညီမဖြစ်သူ ပန်းလှတစ်ယောက်သာ ကျန်ခဲ့သည်။

ပန်းလှမှာ ဆန်များပြာနေ၏။ ပန်းလှဆန်ပြာနေသော နေရာသို့ ကိုအောင်ဒင်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မပန်းလှ ... ကျုပ် ပန်းလှကို စကားတစ်ခွန်းပြောပါရစေ"

"ဘာစကားပြောမှာမို့ စကားပလ္လင်ခံနေရတာလဲ ကိုအောင်ဒင် ရယ်။ ပြောစရာရှိတာ ပြောပါ"

"အင်း ... ခုလို စကားပလ္လင်ခံရတာက ကျုပ်ပြောမယ့်စကား မပန်းလှက လက်မခံရင် ကျုပ်အဖြစ်က အရိပ်နေနေ အခက်ချိုးချိုးဆိုတဲ့ စကားပုံလို ဖြစ်မှာစိုးလို့ပါ"

"ဒီလိုပါ ... မပန်းလှရယ်၊ ကျုပ်လေ မပန်းလှလေးကို မြင်မြင်ချင်းဆိုသလို ချစ်နေမိပြီ။ အဲဒါကြောင့် ကျုပ် ... ကျုပ်ရဲ့အချစ်ကို မပန်းလှ စဉ်းစားပေးပါနော်"

"အို ... ရှင်"

စကားဆုံးတော့ ပန်းလှမျက်နှာလေးက ရှက်သွေးဆမ်းရင်း နီမြန်းသွားတော့သည်။ ကိုအောင်ဒင် အားတုံ့အားနာ ဖြစ်၍သွားသည်။ ထိုအချိန် ပဲကောက်သွားသော အစ်ကိုဖြစ်သူ သာဆောင်ပြန်လာသည်။

"ပန်းလှရေ ... ပန်းလှ ... ဟေ့ ... ညီမလေး အစ်ကို ပြန်လာပြီဟေ့"

"လာပြီ ... အစ်ကိုသာဆောင်ရေ"

ပဲများတင်လာသောလှည်းကို ရပ်တော့ နွားတွေဖြုတ်ရန် ပန်းလှ အပြေးသွားမိသည်။

"ဟဲ့ ... ပန်းလှ၊ ဒါနဲ့ ကိုအောင်ဒင်ရော မတွေ့ပါလား"

"သြော် ... ကိုအောင်ဒင် နောက်ဖေးရေတွင်းမှာ ရေချပ်နေတယ် အစ်ကို"

ပန်းလှမျက်နှာ တစ်မျိုးဖြစ်နေ၏။

အပူဟပ်ထားသော အရာတစ်ခုနှယ်လည်း မဝံ့မရဲဖြစ်ကာနေသော ပန်းလှအဖြစ်ကိုကြည့်၍ သာဆောင် ပြုံးလိုက်သည်။

"ဟဲ့ ... ညီမလေး၊ နင့်ကြည့်ရတာ တစ်မျိုးပဲ။ ဘာတွေဖြစ်နေ တာလဲ"

"ဘာ ... ဘာမှမဖြစ်ပါဘူး ... အစ်ကိုရဲ့"

"သြော် ... ဒါနဲ့ ဘုရားဖူးရွာက ကိုလေးနောင်နဲ့ ကိုဘဆွေတို့ ရော လာကြသေးလား"





"ဘယ်သူမှလာတာတော့ မတွေ့ဘူး ... အစ်ကို၊ ညီမလေး လည်း မီးဖိုထဲမှာ ချက်ပြုတ်နေလို့ အတိအကျတော့ မသိဘူး။ သိချင်ရင် ကိုအောင်ဒင်ကို မေးကြည့်ပါလား"

ထိုအခိုက် ခြံနောက်ဖေးရေတွင်းဆီမှ ရေများကို ပုံး (၂)လုံးဖြင့် ထမ်းလာသော ကိုအောင်ဒင်ကို တွေ့ရသည်။

"သြော် ... ကိုသာဆောင်တောင် ပြန်လာပြီပဲ"

"အေး ... ပြန်လာပြီကွ။ ကိုအောင်ဒင် ... ဒါနဲ့ မနက်က ဘုရား ဖူးရွာကလူတွေ လာကြသေးလား"

"ဘယ်သူမှမလာကြဘူး ... ကိုသာဆောင်"

"အင်း ... ဒါဆိုရင် ဒီညတော့ ရောက်လာကြမယ်ထင်တယ်"

✿ ✿ ✿

( ၄ )

❑

တစ်နေ့ ...

ရွာထိပ်ရှိခြံသို့ ဘုရားပန်းဝယ်အသွား သူကြီးသား သာအေး က တွေ့၍လိုက်လာရင်း ပန်းလှကို ချစ်ရေးဆိုပြန်လေသည်။

"ဟဲ့ ... ပန်းလှ၊ ဘယ်ကိုသွားမလို့လဲဟ"

"ငါဟာငါ ဘယ်ကိုသွားသွား နင့်အပူပါလို့လား"

"သြော် ... ပန်းလှရယ် နင်ကလည်းဟာ ပြေပြေလည်လည် ပြောစမ်းပါ။ ငါကနင့်ကို စိတ်မချလို့ လိုက်ပို့မလို့ပါ"

"ငါ့မှာ စိတ်မချစရာမရှိဘူး။ နင်လည်း လိုက်ပို့ရာမလိုဘူး"



www.burmeseclassic.com

"ထားပါတော့လေ။ ဩော် . . . ဒါနဲ့ ငါလေ နင့်ကို တက ... ယ်"

ချစ်တယ် . . . ပန်းလှရယ်။ ငါ့အချစ်ကို နင်လက်ခံမယ်ဆိုရင် ငါ့အ ...

ပြောပြီး လာတောင်းမှာပါ"

"တော် . . . သာအေး။ ဒီစကား ဒီတစ်ခါပဲ နောက်ဆုံးဖြစ် ...

နောက်တစ်ခါ ဒီလိုပြောရင် ဒီမှာ ငါ့လက်က ပါးမရွေးဘူး။ သူကြီးသ ... ကိုသွားနေတာလဲ"

ဖြစ်လို့လည်း အလွတ်ပေးမှာမဟုတ်ဘူးနော် . . . ဟင်း"

"အေးပါ . . . နင် တော်တော်မာနကြီး။ တစ်နေ့ကျရင် နင့် ... င်ကို"

ဇွတ ငါ့ခြေဖဝါးအောက် ပြားပြားရောက်လာရမယ်ဆိုတာ နင် မှတ် ... ယ်လာတယ်ဆိုတာ

ပန်းလှ။ ဟား . . . ဟား . . . ဟား . . ." ... မင်းစားဖို့လုပ်တော့"

တကယ်တော့ ပန်းလှတစ်ယောက် မိန်းကလေးဖြစ်၍သာ ...

ဆောင်နေခဲ့ရသည်။ ကိုအောင်ဒင်ကိုတော့ မြင်မြင်ချင်း ရင်တွေခုန်ခဲ့ ... သည်။

အမှန်ပင်။ ဒါကိုပင် အချစ်ဟု ခေါ်လေမလား။ သို့သော် ကိုအောင်ဒင် ...

မျိုးချစ်တော်လှန်ရေးသမားတစ်ယောက်။ အချစ်နဲ့တော်လှန်ရေး ကြိုက် ...

ရွေးဆိုရင် တော်လှန်ရေးကိုသာ ရွေးမည့်သူ။ တစ်ရွာသားကို ရည်းစား ... သူယ်အချို့ လာကြလိမ့်မယ်"

ရင် လွမ်းရသတဲ့။ ပြောမဲ့သာ ပြောရသည်။ ကိုအောင်ဒင်ကို ချစ်ဖို့ရ ...

သည် မလွယ်ကူသောအလုပ်။ တစ်နေ့တွင် မိမိသည်သာ အလွမ်းကိုရင် ... တ်ချရရဲ့လား"

ပိုက်၍ ကျန်ခဲ့ရလေမည်သာ။ အို . . . စိတ်ရှုပ်ပါတယ်လေ။ ဒီအကြော ...

တွေ မေ့ထားတာပဲ ကောင်းပါတယ်။ အတွေးဖြင့် ခြံဝသို့ ရောက် ... တ်ချရပါတယ်"

သည်။

"ပန်းလှ . . . ပြန်လာပြီလား"

နောက်ပါးက ဆိုင်းမဆင့် ဗုံမဆင့် ခေါ်လိုက်သည့် ကိုအောင် ...

အသံကြောင့် ပန်းလှ လန့်၍သွားသည်။

"အမလေး . . . လန့်လိုက်တာရှင်"

"အို . . . တောင်းပန်ပါတယ် . . . ပန်းလှရယ်။ ခုနက ပန်းလှအ ...

ကတောင် ပန်းလှကို မမြင်လို့တဲ့၊ မေးနေတယ်"

"ကျွန်မ ရွာထိပ်က ပန်းခင်းကို ပန်းဝယ်ဖို့သွားတာပါရှင်"

"ဩော် . . . ဒါနဲ့ ဟိုတစ်လောက ပြောခဲ့တဲ့ ကိုအောင်ဒင် ...

စကား ပန်းလှ ဘယ်လိုသဘောထားလဲဟင်"





"အို . . . ပြောဖို့ အချိန်စောပါသေးတယ် . . . ကိုအောင်ဒင်

ထိုအခိုက် အပြင်ထွက်သွားသော ကိုသာဆောင်ပြန်လာသည်။

"ဩော် . . . ညီမလေး ပြန်ရောက်နေပြီလား။ နင် ခုနက ဘယ်

"ညီမလေး ရွာဖျားက ပန်းခြံကို ဘုရားပန်းသွားဝယ်တာပါ . . .

"ဩော် . . . ညီမလေးရယ် သွားရင်လာရင်လည်း ဘယ်သွား

ပြောသွားမှပေါ့။ ကဲ . . . ကဲ . . . ထမင်းဆာပြီ၊

စကားဆုံးတော့ ကိုသာဆောင် ကိုအောင်ဒင်နားသို့ တိုးကပ်သွား

"ကိုအောင်ဒင် . . . ဒီည ဘုရားဖြူနဲ့ သရက်အုပ်ရွာတွေက မျိုးချစ်

"ကောင်းပြီလေ . . . ကိုသာဆောင်၊ ကျုပ်တို့တွေ့မဲ့နေရာကတော့

"အို . . . ရိုးတန်းချောင်းစပ်က ခြံတစ်ခြံမှာ ကျုပ်စီစဉ်ထားတယ်။

✿ ✿ ✿

www.burmeseclassic.com

# [ ၅ ]

❑

ထိုနေ့ညက ....

ရိုးတန်းချောင်းဖျားရှိ ကွမ်းခြံထဲတွင် ကိုအောင်ဒင်နဲ့ မျိုးချစ်...ယ် (၁၀) ဦးခန့်တို့ တွေ့ဆုံရင်း တော်လှန်ရေးကိစ္စများကို ဆွေးနွေး...သည်။

ပန်းလှတစ်ယောက်မှာတော့ အိမ်ရှေ့တလင်းပြင်ထဲတွင် မျိုး... စပါးများကို ရွေးနေ၏။ ထိုအခိုက် သူကြီးသားသာအေး အဖော်တစ်ယော... နှင့် ရောက်လာသည်။ အိမ်တွင် ဘယ်သူရှိသလဲဟု မေး၏။

''ဟဲ့ ... ပန်းလှ၊ ကိုသာဆောင်ကြီး ဘယ်သွားသလဲဟ''

''ဘာကိစ္စရှိလို့လဲ''

''ဘာကိစ္စမှ မရှိပါဘူး။ ငါသာဆောင်ကြီးကိုမတွေ့လို့ မေးတာ... ဟ''

''အစ်ကိုကြီး ... ရွာထဲကို အကြွေးတောင်းသွားတယ်''

သာအေး စပါးရွေးနေသော ပန်းလှနားသို့ ဝင်ထိုင်လိုက်သည်။

''ဟဲ့ ... ပန်းလှ၊ နင် ငါ့ကို ဘယ်တော့ အဖြေပေးမှာလဲ''

''သာအေးနော် ... ဘယ်သူမှမရှိဘူးဆိုပြီး ငါ့ကိုတော့ ရိုတိ... သဲ့တဲ့တဲ့ လုပ်မယ်မကြံနဲ့။ ဟောဒီမှာကြည့် ... ဒီတံပိုးက လူမရွေးဘူး... မှတ်ထား''





''ပန်းလှရာ ... နင်ကလေ ဘယ်တော့မှ ငါ့ဆိုရင် သာသာကြည်...ကြည် မရှိဘူး။ ငါက နင့်ကို တကယ်မေတ္တာစစ်နဲ့ ချစ်တာပါဟ''

''နင် တော်နော် ... သာအေး၊ ငါ အစ်ကိုကြီးကို ပြန်တိုင်မှာ... ...င် ဘာကိစ္စရှိလို့ လာတာလဲ''

''ဘာကိစ္စမှ မရှိပါဘူးဟယ်''

''မရှိရင်လည်း ပြန်တော့။ မပြန်ရင် တော်ကြာ ငါ့အပြစ်မဆိုနဲ့... ...ဲ''

''အေးပါ ... ပြန်ဆို ပြန်ပါ့မယ်ဟာ''

✿ ✿ ✿

# [ ၆ ]

❑

''ဒေါင် ... ဒေါင် ... ဒေါင် ...''

''အောက် ... အီး ... အီး ... အွတ်''

အုန်းမောင်းခေါက်သံနဲ့အတူ ညဦးကြက်တွန်သံပင် ကြားရပေ...

ဆွေးနွေးပွဲသွားကြသော အစ်ကိုဖြစ်သူသာဆောင်နှင့် ကိုအောင်...ို့မှာ ခုထိ ပြန်မလာကြသေး။ လရောင်ရေးရေးက မိမိတို့အိမ်လေး...က်မြိတ်ကို မေးချိတ်လျက်ရှိနေ၏။ ပန်းလှတစ်ယောက် မှေးခနဲ အိပ်...သလိုဖြစ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ငယ်ကြာတော့ စကားသံသဲ့သဲ့ ပြောသံများ ကြား သည်။

''ပန်းလုရေ . . . ညီမလေးပန်းလု . . .''

''ရှင် . . . အစ်ကိုသာဆောင်တို့လား''

''ဟုတ်တယ် . . . ညီမလေး''

''အေး . . . အစ်ကိုတို့ ပြန်လာကြပြီ''

ပန်းလု စေ့ထားသောတံခါးကို ထ၍ ဖွင့်ပေးလိုက်၏။

''ညကတောင် (၈)နာရီလောက် သာအေး ရွာထဲကို ရောက် သေးတယ်။ ညီမတို့တလင်းတဲလည်း ဝင်လာတယ်။

''ဒီကောင် ဘာလာလုပ်တာလဲ . . . ညီမလေး၊ ဘာတွေပြော သေးလဲ''

''မသိဘူး၊ အစ်ကိုကြီးကိုလည်း မေးသွားတယ်။ ညီမလေး ရွာထဲကို ကြွေးသွားတောင်းတာလို့ ပြောလိုက်တယ်''

''ဒီကောင် မဟုတ်မှလွဲရော ဘာသတင်းရလို့များ လာတာလဲ ဘူး''

အစကနဦးတွင် မိမိအား ချစ်စကားပြောဆိုသွားသည့်အကြောင်း ပြောကြားမည်ဟု တွေးလိုက်မိသော်လည်း နမစိတ်နဲ့ ဒေါသဟူသည် မရ၊ မဖြစ်သင့်တာတွေ ဖြစ်ကုန်မှာ စိုးရလေသည်။ ထို့ကြောင့် နောက် မပြောတော့ဘဲ နှုတ်ဆိတ်နေရန်သာ ဆုံးဖြတ်လိုက်တော့၏။

''ကဲ . . . ကဲ . . . အိပ်ကြတော့ ညဉ့်နက်နေပြီ''

ပန်းလု အိပ်ရာထဲဝင်ခဲ့သော်လည်း ကိုအောင်ဒင်နဲ့ ကိုသာ မှာမူ ရေနွေးကြမ်းအိုးတစ်လုံးနဲ့ စကားများ ပြောလျက်ရှိကြ၏။ လ ကတော့ ရွှန်းရွှန်းမြမြ ထွန်းပလျက်ရှိလေသည်။

✿ ✿ ✿

[ ၇ ]

❑

လမိုက်ညတစ်ညဖြစ်လေ၏။

''ဒေါင် . . . ဒေါင် . . . . ဒေါင် . . .''

နာရီတုံးမောင်း (၈) ချက်ထိုးသံ ကြားလိုက်ရ၏။ မကြာမီ အသံ သံ ပေါ်လာသည်။

''ဗျို့ . . . ကိုသာဆောင် . . . ကိုသာဆောင် . . .''

ခေါ်သံကြောင့် ကိုသာဆောင် အိမ်ရှေ့သို့ ကြည့်လိုက်၏။ ခြံစည်း တွင် လူနှစ်ယောက်ရပ်နေသည်ကို တွေ့ရသည်။

''ဘယ်သူတွေလဲကွ၊ ညကြီးအချိန်မရွေး''

''ဩော် . . . ကျုပ်တို့ သရက်အုပ်ရွာက ဆက်သားမောင်လေးနဲ့ ခင်ဗျာ''

''ဩော် . . . ဖိုးနီတို့လား။ လာ . . . လာ . . . လာ . . . ဝင်ခဲ့ကြ ''

''ဆိုစမ်းပါဦး . . . ဘာသတင်းထူးလာလို့လဲကွ''

''သတင်းထူးတစ်ခုရလာလို့ပါ . . . ကိုသာဆောင်။ ဒီနေ့ ဖိုးနီ တမြို့ကို ကွမ်းချဖို့သွားပြီး ပြန်အလာမှာ သတင်းတစ်ခု ကြားခဲ့ ၊ ဟသာ်တနယ်ဖက်မှာ ဗိုလ်အောင်ဒင်ဆိုတဲ့ တော်လှန်ရေးခေါင်း တစ်ယောက် ရောက်နေတယ်ဆိုတဲ့သတင်း အင်္ဂလိပ်အစိုးရက ရထား



www.burmeseclassic.com

www.burmeseclassic.com



သတဲ့။ ဒါကြောင့် မကြာခင် ကျုပ်တို့နယ်တွေဘက်ကို ပိတ်ဆို့ရေးလုပ်ငန်း တွေ စစ်ကြောင်းတွေနဲ့ မြေလှန်ရှာမယ်ဆိုတဲ့ သတင်းပါ''

''ကောင်းပြီလေ''

ဒီလိုဆိုတော့လည်း သတိဝီရိယတော့ ထားရတော့မှာပေါ့။

''ကဲ . . . ဒါဆို ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦးနော်''

''အေး . . . အေး . . . ကောင်းပြီကွာ ကျေးဇူးတင်တယ်''

သရက်အုပ်ရွာမှ တော်လှန်ရေးရဲဘော်အချို့ ပြန်သွားကြ ကိုသာဆောင် နောက်ဖေးနွားတင်ကုပ်လေးထဲတွင် တိတ်တဆိတ် ထားသော ကိုအောင်ဒင်ဆီသို့ ဆင်းသွားကာ အကျိုးအကြောင်း ပြော လိုက်သည်။

''ဗျို့ . . . ကိုအောင်ဒင်၊ အိပ်ပြီလား''

''မအိပ်သေးပါဘူး၊ ဘုရားရှိခိုးနေတာပါ . . . ကိုသာဆောင်''

''ဘာထူးလို့လဲ''

''အင်း . . . ခုပဲ သရက်အုပ်ရွာက ဆက်သား (၂) ယောက် သတင်းပို့သွားကြတယ်။ သူတို့ကနေ့ ဟင်္သာတမြို့ကို ကွမ်းရောင်းသွား ဒီနယ်မှာ ကိုအောင်ဒင် ရောက်နေတယ်ဆိုတဲ့သတင်း အင်္ဂလိပ်အစိုး ရသွားပြီတဲ့။ ဒါကြောင့် မကြာခင် ပိတ်ဆို့ရေးတွေ စစ်ကြောင်းတွေနဲ့ ဒီနယ်တွေကို ရှာဖွေဖို့လုပ်နေသတဲ့''

''အင်း . . . ဒီလိုဆိုရင်တော့ သတိထားရတော့မှာပေါ့ဗျာ''

''ကျုပ်ဆန္ဒကတော့ ဒီရက်ပိုင်းပဲ ကိုအောင်ဒင် သရက်အုပ် တွေဖက် တိမ်းရှောင်နေစေချင်တယ်''

''အို . . . ဒီလောက်လည်း ကြောက်ဖို့မလိုသေးပါဘူး . . . ကို ဆောင်ရယ်၊ လိုအပ်လာရင် ကျုပ် ပြောင်းမှာပါ''

''ကဲ . . . ကဲ . . . ကိုအောင်ဒင် . . . အိပ် . . . အိပ်၊ လည်း အိပ်တော့မယ်''

ကိုသာဆောင်အိမ်လေးပေါ် ပြန်တက်သွားတော့ အတွေး ကာ တော်တော်နှင့် အိပ်မရနိုင်၊ မကြာခင် ဆင်နွှဲလေတော့မည့် လှန်ရေးကြီးအကြောင်း စဉ်းစားကာနေ၏။





ကိုသာဆောင်မှာတော့ နှမဖြစ်သူပန်းလှနှင့် ကိုအောင်ဒင်တို့ ချစ်ရေးချစ်ရာအကြောင်း တွေးနေ၏။ မိမိမှာ ငယ်ရာမှကြီးလာသည်မို့ ချစ်နေသော ပန်းလှကို အကဲခတ်မိ၏။ မိမိသည်လည်း ကိုအောင်ဒင်လို အမျိုးနှင့် သဘောတူလေသည်။ သို့သော် ကိုအောင်ဒင်ဘက က အတွေး ငယ်ချဲ့ရင်တော့ ခရီးတွေက ရှည်လျားလွန်းနေသည်။

နှမဖြစ်သူပန်းလှလေး စိတ်ချမ်းသာစေရန် မသိချင်ယောင်ဆောင် ဆင်းသာ နေလာခဲ့မိသည်။

✿ ✿ ✿

[ ၈ ]

❑

ဒီနေ့ ကိုသာဆောင်တို့အိမ်သို့ . . .

သူကြီးဦးသာမြ၊ သားဖြစ်သူ သာအေးနှင့် ရွာသားအချို့ ရောက် လာကြသည်။ ပန်းလှနှင့် တွေ့၏။

''ဟဲ့ . . . ပန်းလှ၊ သာဆောင်ရှိလား''

''မရှိဘူး . . . သူကြီးမင်း၊ ဘာကိစ္စ ရှိလို့ပါလဲရှင်။ အစ်ကိုကြီး ထွက်သွားတယ်''

''အင်း . . . ကိစ္စကတော့ နင်တို့အိမ်မှာ လူစိမ်းတွေ ဘာတွေများ ရှိသလား လို့ လာမေးတာ''

''ရှင် . . . လူစိမ်း . . . ဟုတ်လား၊ ဘယ်သူမှမရှိပါဘူး . . . သူကြီး မင်း ဒီအိမ်မှာ ကျမတို့မောင်နှမပဲ ရှိကြတာပါ''



www.burmeseclassic.com

www.burmeseclassic.com



''အေး . . . ကောင်းပြီလေ၊ သာဆောင်လာရင်သာ ပြောပြလိုက် ကြားလား''

''ဟုတ် . . . ဟုတ်ကဲ့ပါရှင်''

ညနေရောက်တော့ ပဲကောက်ရာမှ ကိုသာဆောင်နှင့် ကိုအောင်ဒင်တို့ ပြန်လာသည်။ လူစိမ်းရှိမရှိ သူကြီးလာ၍ စုံစမ်းသွားကြောင်း ပန်းလှ ပြောပြလိုက်သည်။

''ဟင် . . . ဟုတ်လား၊ ဒါဆိုရင်တော့ ကိုအောင်ဒင်ကို ထွက်နေရာ ရွှေ့ထားရမယ်''

ညဘက်တွင်လည်း ဘုရားဖြူရွာ လေးပျစ်ကုန်းရွာ၊ သာအုပ်ရွာ၊ ရိုးတန်းရွာများမှ မျိုးချစ်ရဲဘော်များရောက်လာ၍ ကိုအောင်ဒင် လုံခြုံရေးအတွက် မိမိတို့ရွာများသို့ တစ်လှည့်ပြောင်းကာထားဖို့ တိုင် ကြသည်။

''အေးပါကွာ . . . လိုအပ်လာရင် ပြောင်းထားရမှာပေါ့။ ခုလောလောဆယ်တော့ မျက်နှာပြူတွေ နယ်ဘက်မှာ ခြေရှုပ်လာတာ သေချာ တယ်။ သတိတော့ ပိုထားရမယ့်အချိန် ရောက်ပြီ''

မနက်ဖြန်သည် ရိုးတန်းကျေးရွာ ကြို့ကုန်းဘုရားပွဲတော် ဖြစ် ၏။ ကြိတ်ဆုံကွင်းရွာသည် ကြို့ကုန်းရွာနှင့် မျက်နှာချင်းဆိုင်တွင်ရှိ၍ ဘုရား ပွဲသို့လိုက်ပို့ရန် ပန်းလှ ပူဆာသည်။ ထို့ကြောင့် ကိုအောင်ဒင် ရုပ်ဖျက်၍ ထွက်ခဲ့သည်။ အိမ်မှအထွက်တွင် ကိုသာဆောင်က သတိထားရန် အတန်တန် မှာလိုက်သေးသည်။

''ကိုအောင်ဒင် . . . အစစအရာရာ သတိထားသွားနော်''

''စိတ်ချပါ . . . ကိုသာဆောင်၊ ဘုရားပွဲမှာ ကျုပ်တို့ရဲဘော်တွေ လည်း ရှိမှာမို့ သိပ်စိတ်မပူပါနဲ့''

ဘုရားပွဲရောက်၍ စေတီတော်ကြီးသို့ တက်ရောက်ဖူးမြော်ကြ သည်။ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူ၍ ဆုတောင်းကြ၏။

''ဘဝဆက်တိုင်း ချစ်ရသူကိုအောင်ဒင်နဲ့ သက်ဆုံးတိုင် မခွဲမခွာ ပေါင်းရပါစေဘုရား''





''ဘဝဆက်တိုင်း ချစ်ရသူပန်းလှနဲ့ မခွဲမခွာပေါင်းရပါစေဘုရား''

ဘုရားစောင်းတန်းမှ ဖဲ့ဆင်း၍ ပွဲဈေးတန်းဖက်သို့ ဝင်လိုက်သည်။ ဤတွင် ဘူးသီးကြော်ဆိုင်တစ်ဆိုင်တွင် သူငယ်ချင်းတစ်စုနှင့် ထိုင်၍ ရေနွေး ကြမ်းသောက်နေသော သာအေးက ပန်းလှကို တွေ့၍သွားသည်။

''ဟင် . . . ဟို . . . ဟိုမှာ . . . ဟော့ကောင် . . . လှထွန်း ကြည့်စမ်း ပန်းလှ မဟုတ်လားကွ။ သူ့ဘေးမှာလည်း ယောကျ်ားတစ်ယောက်နဲ့၊ အဲဒီ ကောင်က ဘယ်သူလဲ။ တို့နယ်မှာ ဒီကောင်ကို တစ်ခါမှ မတွေ့ဖူးပါဘူး သာကွာ . . . လိုက်ကြည့်ကြရအောင်''

သာအေးတို့လူသိုက် နောက်က လိုက်ကြ၏။

''ဟေ့ . . . ပန်း . . . ပန်းလှ . . . ပန်းလှရေ . . . ပန်းလှ . . .''

ပန်းလှခေါ်သံကြောင့် နောက်တစ်ချက်ငဲ့ကြည့်လိုက်သည်။

''ဟင် . . . သာအေးတို့ပဲ။ အဲတော့ . . . အဲဒါမှဒုက္ခပဲ။ အစ်ကို အောင်ဒင် . . . လာ . . . လာ . . . ပြေးကြမယ်။ အဲ . . . အဲဒါ သူကြီးသား သာအေးဆိုတဲ့ လူပဲ။ ကျွန်မတို့ကို တွေ့သွားပြီထင်တယ်''

ပန်းလှနဲ့ အောင်ဒင်တို့နှစ်ယောက် လူအုပ်များကြား တိုးဝင်ရင်း ခြေရာဖျောက်လိုက်ကြသည်။

''ဟာ . . . လိုက်ကြစမ်းကွာ''

''မတွေ့တော့ဘူး။ ဒီနားတင် ပျောက်သွားတာကွ''

''နာလိုက်တာကွာ၊ မိခါနီးမှ''

အောင်ဒင်နဲ့ ပန်းလှတို့နှစ်ယောက်မှာတော့ ဘုရားပွဲမှ အမြန်ပြန် ကာ လာခဲ့ကြရတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၉ ]

❑

မနက်လင်းလုလု ရှိသည့်တွင်တော့ ဗိုလ်အောင်ဒင်အား သာဆောင်က သရက်အုပ်ရွာရှိ မျိုးချစ်ရဲဘော်များဆီသို့ လှည်းဖြင့် လိုက်ပို့ပေးသည်။

''ကဲ ... ကိုအောင်ဒင်၊ သွားကြစို့။ မိုးမလင်းခင် ရွာရောက်ကြဖြစ်မယ်''

''ပန်းလှ ... ကိုအောင်ဒင် သွားတော့မယ်နော်''

''ဟုတ် ... ဟုတ်ကဲ့ ...''

''ပန်းလှ ... ကျန်းမာရေး ဂရုစိုက်နော်။ ကိုယ်မကြာခဏ ပန်းလှဆီကို ပြန်လာမှာပါ။ ပြီးတော့ တော်လှန်ရေးကြီး ပြီးဆုံးသွားတဲ့အချိန်ကျရင် ကိုယ်နဲ့ပန်းလှ သာယာချမ်းမြေ့တဲ့ဘဝတစ်ခု တည်ထောင်ကြမှာပါ။ ကျုပ်ကိုစိတ်ချပါ ... ပန်းလှရယ်''

''အစ်ကိုရဲ့ အမျိုးသာသနာအတွက် ဆင်နွှဲမယ့် တော်လှန်ရေးကြီး အောင်မြင်ပါစေ၊ အစ်ကိုဘေးမသီရန်မခပါစေနဲ့၊ အစ်ကိုပန်းလှဆီကို ပြန်လာမယ့်နေ့ကို ပန်းလှစောင့်နေမျှော်နေပါ့မယ် ... အစ်ကိုရယ်''





ပန်းလှပါးပြင်ပေါ်မှ လိမ့်ဆင်းကျလာသော မျက်ရည်များကိုတော့ ကိုအောင်ဒင်မသိအောင် ဖုံးကွယ်လိုက်ရင်း အပြုံးတစ်ချက်ဖြင့် နှုတ်ဆက်လိုက်သည်။

ထို့နောက် ကိုသာဆောင်နှင့် ကိုအောင်ဒင်တို့နှစ်ယောက် ကြံတော်ကုန်းကွင်းရွာလေးမှ ထွက်ခဲ့ကြသည်။ နံနက် (၉) နာရီလောက်မှ ပြန်ရောက်လာသည်။ နေ့လယ်သာသာတွင်တော့ သူကြီးနဲ့အတူ အင်္ဂလိပ်မျက်နှာဖြူ အချို့ သာဆောင်တို့အိမ်သို့ ရောက်လာကြသည်။ သူကြီးသား သာအေးလည်း ပါလေသည်။

''သာဆောင်ရှိလား ... ပန်းလှ''

''ရှိပါတယ် ... သူကြီးမင်း''

''ရှိပါတယ် ... သူကြီးမင်း၊ ကျွန်တော် ဒီမှာပါခင်ဗျား''

''ရှိရင် ခဏထွက်ခဲ့ကွာ၊ မေးစရာရှိလို့''

''မင်းတို့အိမ်မှာ လူစိမ်းတစ်ယောက် ရောက်နေတယ်လို့ ငါတို့သတင်းရထားတယ်။ အဲဒီလူ ဘယ်မှာလဲ။ အဲဒီလူကရော ဘယ်သူလဲ''

''ခင်ဗျာ ... ကျွန်တော်တို့အိမ်မှာ ဘယ်သူမှ မရှိပါဘူးခင်ဗျား''

သူကြီးစကားအဆုံး၊ သူကြီးသား သာအေးမှလည်း ...

''ဒါဆို ကြို့ကုန်းဘုရားပွဲတော်မှာ ပန်းလှနဲ့တွေ့လိုက်တဲ့ လူစိမ်းက ဘယ်သူလဲပြော''

''အဲဒါ ကိုသာအေးတို့ လူမှားတာဖြစ်မှာပါ။ ပန်းလှလည်း အဲဒီညက ဘုရားပွဲ မသွားပါဘူး။ နေမကောင်းလို့ အိမ်မှာရှိနေပါတယ်''

''ဟေ့ကောင် ... သာဆောင်၊ မင်း ကလိကမာတွေ လျှောက်ပြောမနေနဲ့။ ဟေ့ကောင်တွေ ... အိမ်ထဲ ဝင်ရှာကြကွာ''

စကားဆုံးတော့ အင်္ဂလိပ်မျက်နှာဖြူ အရာရှိများနှင့် သူကြီး၊ သာမြတို့လူများ ခြံထဲအိမ်ထဲအနှံ့ ရှာဖွေကြလေသည်။ စပါးကျီ၊ စပါးပုတ်များပင် အလွတ်မပေး။ သို့သော် ကိုအောင်ဒင်ကိုမူ ခြေရာပင်မတွေ့။ နောက်ဆုံး အားလုံး လက်လျှော့သွားကြသည်။

''တောက် ... မမိရင်တော့ နေဦးပေါ့ကွာ''



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စစ်ဗိုလ်က အင်္ဂလိပ်လို ရေရွတ်၍ပြောသည်။ ဘာသာပြန်တစ်ယောက်က မြန်မာလိုပြန်ကာ ပြောေ၏။

''ဗိုလ်အောင်ဒင်ဆိုတဲ့ လူတစ်ယောက် အင်္ဂလိပ်တွေကို တော်လှန်ဖို့ နယ်ဘက်မှာ လူတွေကိုလိုက်ပြီး စည်းရုံးနေတယ်လို့ သတင်းရထားတယ်။ မင်းတို့ရွာသားတွေ မညာနဲ့၊ မှန်မှန်ပြောနော်''

''ကျွန် ... ကျွန်တော်တို့ ဘာမှမသိပါဘူးဗျာ။ ကျွန်တော်တို့ရွာကိုလည်း ဘယ်သူမှမလာပါဘူး''

ရွာသားများကို မေးမြန်းမရလေတော့ မျက်နှာဖြူအင်္ဂလိပ်အရာရှိက သူကြီးအား ကြိမ်းမောင်းပြန်လေသည်။ သူကြီးမျက်နှာ နီရဲသွားလေသည်။ အင်္ဂလိပ်မျက်နှာဖြူ အရာရှိကြီးသည် တော်တော် ဒေါသထွက်နေပုံရ၏။ နောက်ဆုံး မေးမြန်းရှာဖွေမရသည်အဆုံး ပြန်သွားကြလေတော့သည်။

✿ ✿ ✿

| ၁၀ |

❑

ည (၉) နာရီခန့် အချိန်ဖြစ်လေသည်။

ဆောင်းကာလရက်တစ်ရက်မို့ နှင်းမှုန်နှင်းစတို့က ဟိုမှာသည်မှာ တွဲခိုရစ်ခဲ မှုန်မှုန်မည်းမည်း ရှိကြ၏။

''ဒေါင် ... ဒေါင် ... ဒေါင် ...''

ကြို့ကုန်းဘုန်းတော်ကြီးကျောင်းလေးဆီမှ ည(၉)နာရီ တုံးမောင်းခေါက်သံ ကြားရသည်။





''အောက် ... အီး ... အီး ... အွတ် ...''

ညဦး ကြက်ပင် တွန်စပြု၏။ ကြိတ်ဆုံကွင်းရွာလေးကား အေးစိမ့်မှိုင်းရီလာနေသော ဆောင်းညအောက်တွင် အိပ်ရာဝင်စပြု၏။

''ဂူး ... ဂူး ... ဂူး ...''

''ဝုတ် ... ဝုတ် ... ဝုတ် ...''

ရွာမြောက်ပိုင်းမှ ခွေးများ ဝါးလုံးထိုးထိုး၍ ဟောင်လိုက်သည်။ (၁၀) ယောက်ခန့်ရှိမည့် လူများက ရိုးတန်းရွာလယ်လမ်းကြောင်းအတိုင်းမှ ကြိတ်ဆုံကွင်းရွာဆီသို့ ချီတက်လာနေသော အသံများ ကြားနေရလေသည်။

''ဖျောင်း ... ဖျောင်း ...''

''ဒိုင်း ... ဒိုင်း ... ဒိုင်း ...''

သေနတ်သံ (၃) ချက်က ကြိတ်ဆုံကွင်းရွာလေးပေါ် ထိုးခွဲကျရောက်သွားတော့သည်။ အိပ်စက်နေသော ရွာသားများ နိုးလာကြ၏။ သူကြီးအမြဲနှင့် လက်နက်ကိုင်တပ်သားများက ကြိတ်ဆုံကွင်းရွာလေးကို ဝိုင်းထားကြသည်။

''ဟ ... ဘာဖြစ်တာလဲ''

''သေနတ်သံပါလား''

''ဟဲ့ ... မိခွေးတို့၊ ဘုမတို့ ထကြစမ်း။ ရွာကို ဓားပြတိုက်ပြီထင်တယ်''

ငြိမ်သက်တိတ်ဆိတ်နေသော ရွာလေးက အထိတ်တလန့်တစ်ခုအောက်တွင် ဆူပွက်နိုးထသွားတော့သည်။ ကိုယ်စီကိုယ်စီ မီးခွက်လေးများကိုလည်း ထွန်းကြ၏။ ထိုမှ သူကြီးဦးသာမြ၏ အသံဝါဩဩကြီးက ငှက်ဆိုးတစ်ကောင်၏ အ,မင်္ဂလာသံအလား ထင်ထင်ရှားရှားပေါ်လာသည်။

''ဟေ့ ... ကြိတ်ဆုံကွင်းရွာသားတွေ၊ တစ်ယောက်မှ မထွက်ကြနဲ့။ မင်းတို့ရွာမှာ အောင်ဒင်ဆိုတဲ့ သူပုန်တစ်ယောက် ရောက်နေတယ်ဆိုတဲ့ သတင်းရထားတယ်။ ဒါကြောင့် တစ်ရွာလုံးမကျန် ရှာမယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ . . . ကျွဲမ၊ ဖယောင်းတိုင်မီးမထွန်းနဲ့လေ။ မှုတ် . . . ရွာ
တော်ကြာ မီးရောင်မြင်လို့ လှန်းပစ်ရင်အခက်"

သူကြီးနဲ့အတူ အင်္ဂလိပ်စစ်သား (၁၀) ယောက်ခန့်က ရွာထဲ
လက်နှိပ်ဓာတ်မီးများဖြင့် ဝင်လာရင်း တစ်အိမ်တက်ဆင်း လိုက်လံကာ ရှာ
ဖွေနေ၏။ တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် ဆူညံနေသည်။

"ဟေ့ . . . နောက်ဖေးက စပါးကျီတွေ စပါးပုတ်တွေထဲပါ ရှာ
ကြ"

"ဟို သစ်ပင်ပေါ်နဲ့ ချုံတွေထဲရော ရှာပြီးပြီလား"

"ဟုတ်ကဲ့ . . . ရှာပြီးပါပြီ၊ ဘာမှမရှိဘူး"

"သေချာတယ်နော်"

"ဟုတ်ကဲ့ . . . သေချာပါတယ်၊ သူကြီး"

"ကဲ . . . ဒါဆို နောက်တစ်အိမ်ပြောင်းကွာ။ အောင်ဒင်ဆိုတဲ့
တရားခံကောင်ကိုတွေ့မှ၊ မတွေ့လို့ မဖြစ်ဘူး။ ငါလည်း တော်တော် ခေါင်း
ကြိမ်းလှပြီ။ မတွေ့ရင် အင်္ဂလိပ်စစ်ဗိုလ်က ငါ့ကိုအရေးယူမယ်တဲ့။ သေ
ချာချာ စေ့စေ့စပ်စပ် ရှာကြနော်"

"ဟုတ်ကဲ့ . . . သူကြီး"

လူသံခွေးသံများက တစ်ရွာလုံး ဆူညံနေသလို ကြက်၊ ဘဲ
ဘဲခြံများမှ တိရစ္ဆာန်များ၏ ခြိတိုးသံများမှာလည်း ဆောင်းညကို အကျ
တန်စေခဲ့လေသည်။ သူကြီးသာမြတ်တို့ တစ်ရွာလုံး တစ်အိမ်တက်ဆင်း လိုက်
လံရှာဖွေမှုက ည (၁) နာရီကျော်ခန့်ရှိမှ ပြီးဆုံးသွားတော့သည်။

သို့သော် အင်္ဂလိပ်အရာရှိ အလိုရှိနေသော အောင်ဒင်ဟူ
တော်လှန်ရေးရဲဘော်ကိုတော့ တွေ့မသွားခဲ့ကြ။ အင်္ဂလိပ်စစ်ဗိုလ်၏ ခေါ
တို့မှာ ပေါက်ကွဲလုလု မီးတောင်တစ်ခုအလား အရှိန်အဟုန်မြင့်မား
ရောက်၍ နေလေသည်။

✿ ✿ ✿

## ၂၀

❑

သည်နေ့ ကြိတ်ဆုံကွင်းရွာတစ်ဝိုက် လူစည်ကားသော ကားဂိတ်၊
ဈေး ဘုတ်ရုံ၊ သစ်ပင်ကြီးငယ်များတွင် ဗိုလ်အောင်ဒင်၏ ရုပ်ပုံပါသော
ရှိသည်။ သတင်းပေးသူအား ဆုတော်ငွေ ၁၀၀၀ိ/ ကျပ် ချီးမြှင့်မည်
သော ကြော်ငြာစာရွက်များကို ကပ်ထားသည်ကို တွေ့ရတော့သည်။

နံနက်ဝေလီဝေလင်းမှုပင်စ၍ ကြိတ်ဆုံကွင်းတစ်ရွာလုံးရှိ ရွာသူ
ရွာသားများကို ဖမ်းဆီးချုပ်နှောင်ခေါ်ယူကာ နိဗ္ဗာန်ရဲစခန်းလေးသို့ ပို့ဆောင်
ကြောင်း တွေ့ရသည်။

ရွာသားအချို့ ငိုသူငို ယိုသူယို၊ အကူညီတောင်းသူတောင်း ထွက်
သောသူများကိုလည်း လိုက်လံဖမ်းဆီး ရိုက်နှက်ခေါ်ငင်နေ၏။

"အဲဒါ ဘာဖြစ်တာလဲဟ"

"ကြိတ်ဆုံကွင်းရွာမှာ ဗိုလ်အောင်ဒင်ဆိုတဲ့ မျိုးချစ်တော်လှန်ရေး
ဘော် ရောက်နေတယ်ဆိုတဲ့ သတင်းရလို့ မြေလှန်ရှာတာတဲ့။ ရွာသား
တွေလည်း မေးမြန်းမရလို့ တစ်ရွာလုံးမကျန် ဖမ်းပြီး ခေါ်နေတယ်"

တစ်ရွာလုံးရှိလူများကို ဖမ်းဆီးသည်ဖြစ်၍ လက်ထိပ်ခတ်ဖို့
ယ်။ နောက်ဆုံး သုံးယောက်တစ်တွဲ ငါးယောက်တစ်တွဲ စသဖြင့်ယောက်

www.burmeseclassic.com



တစ်တွဲ အတွဲများပြု၍ နွယ်ကြိုးများဖြင့် တုပ်နှောင်ကာ ခေါ်ငင်လေတော့၏။ ထိုအထဲတွင် ဗိုလ်အောင်ဒင်အား လက်ခံထားသည်ဟူသော စွပ်စွဲချက်ဖြင့် ဖမ်းဆီးခံရသော သာဆောင်တို့မောင်နှမသည်ကား ရှေ့ဆုံးမှဖြစ်လေသည်။

ဖမ်းဆီးထားသော ကြိုတ်ဆုံကွင်းရွာသားများကိုတော့ နိဗ္ဗာန်ရွာရဲ့စခန်းဝင်းရှေ့ ကွင်းပြင်နေပူကျဲကျဲတွင် တစ်နေ့တာလုံးထားကာ နေလှန်းအပြစ်ပေးတော့၏။ နောက်ဆုံး မေးမြန်း၍လည်းမရ၊ မိမိတို့အလိုရှိသော ဗိုလ်အောင်ဒင်ကိုလည်း မမိလေတော့သည့်အဆုံးတွင် သူပုန်ခိုအောင်းရာ သူပုန်လက်ခံသော ကြိုတ်ဆုံကွင်းရွာလေးအား မီးရှို့ကာ ဖျက်ဆီးလိုက်တော့၏။

"အမလေး . . . သင်းအုံရေ ငါတို့တော့ ခွေးလုံးလုံး ဖြစ်ကုန်ကြပြီ တော်။ ဘယ်မှာနေလို့ ဘယ်မှာစားကြရတော့မလဲ။ ဟီး . . . ဟီး . . . ဟီး . . ."

"အဖေ . . . အမေတို့ရေ ကျွန်တော်တို့ရဲ့အဖြစ်တွေကို လာကြည့်ကြပါဦး။ ကျွန်တော်တို့ဘဝတွေ ပျက်ကုန်ကြပြီဗျ"

ကြိုတ်ဆုံကွင်းရွာသားများ ငိုကြွေးကြ၏။

အချုပ်မှ ပြန်လွှတ်ပေးသည့်အခါ အခြားရွာများသို့ ပြောင်းရွှေ့နေကြသလို ဆွေမျိုးသားချင်းရှိသည့် ရွာများသို့လည်း ပြောင်းရွှေ့ကာ နေကြရတော့သည်။ သာဆောင်နဲ့ ပန်းလုတို့မောင်နှမကတော့ နိဗ္ဗာန်ရွာရှိ အစ်မဝမ်းကွဲတော်လေသူ မစုတို့အိမ်တွင် သွား၍ နေရတော့သည်။

✿ ✿ ✿

[ ၁၁ ]

❑

နွေမှ မိုး။

မိုးမှ နွေ။

ဆောင်းဆိုသည့် ရာသီတွေပင် အလီလီ ချင်းနင်းသွားကြသည်။ ကာလရာသီတွေကို ရေတွက်မည်ဆိုပါက ဆယ်စုနှစ်တစ်ခုသို့တိုင် ချင်းနင်းသွားသည်။

ရာသီတွေ ဘယ်လိုပြောင်းပြောင်း ရင်ထဲက အချစ်အကြောင်းတွေ မမေ့နိုင်လေသည်ကတော့ ပန်းလုရယ်သာဖြစ်လေသည်။

"ဩော် . . . ကိုအောင်ဒင် . . . ကိုအောင်ဒင် . . . ဘယ်မြေ ဘယ်ရေတွေကိုရောက်လို့ ဘယ်လိုအခြေအနေတွေနဲ့များ နေထိုင်လည်း မသိ၊ ငါ့ကိုလည်း သတိမှ ရပါဦးမလားမသိဘူးလေ။ ပန်းလုကတော့ နေတိုင်း သတိရနေပါတယ် . . . ကိုအောင်ဒင်ရယ်"

တစ်နေ့ ရွာထဲမှာ ရွာသားတစ်ဦးဖြစ်သူ ကိုကျစ်ဆိုသူ လူတစ်ယောက်က သတင်းလာပေးတော့သည်။ ကိုကျစ်မှာ နိဗ္ဗာန်ဘူတာလေးနှင့် မနီးမဝေး ဆန်စက်တစ်ခုတွင် မီးထိုးရသော အလုပ်သမားတစ်ဦးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... လူတွေ ဘူတာဘက်ကို အုပ်လိုက်အုပ်လိုက် သွားနေပါလား။ ဘာတွေဖြစ်နေတာလဲ၊ ဘာတွေထူးခြားလို့လဲ"

"ဗိုလ်အောင်ဒင်ဆိုတဲ့ မျိုးချစ်တော်လှန်ရေးရဲဘော်ကြီးကို မျက်နှာဖြူတွေက မိသွားပြီတဲ့။ ခု ပုသိမ်ဖက်ကနေ ဖမ်းလာတာတဲ့။ ဟသာတမြို့ကို ခေါ်သွားတော့မှာတဲ့"

"သနားပါတယ်ဟာ။ ကြိုးမိန့်ပေးမှာတော့ သေချာတယ်"

"ဗိုလ်အောင်ဒင်ဆိုတာ တစ်ခါမှ မမြင်ဖူးလိုက်ဘူး"

"အသားညိုညို၊ အရပ်မြင့်မြင့်နဲ့ ယောက်ျားပီသတဲ့ ရုပ်ရည်မျိုးဆို"

"လာ ... ဘူတာမှာ ရထားဆိုက်တော့မယ်၊ သွားကြည့်ကြရအောင်"

ထိုသတင်းစကားများက ပန်းလှဆီသို့ ရောက်လာသည်။

"ဟင် ... အစ်ကိုအောင်ဒင်ကို အင်္ဂလိပ်တွေက မိသွားပြီတဲ့၊ ဘုရား ... ဘုရား ... ဖြစ်မှဖြစ်ရလေ ... အစ်ကိုရယ်"

ရထားကြီးမှာ နိဗ္ဗာန်ဘူတာတွင်ရပ်၍ ထား၏။ အင်္ဂလိပ်စစ်သားများကလည်း အပြည့်ချ၍ ထားသည်။ ပန်းလှတစ်ယောက် မနေသာတော့ထို့ကြောင့် ဘူတာဆီသို့ ရထားအမီ အပြေးသွားမိသည်။ ဘူတာရောက်လေတော့ တွဲတတွဲတွင် ဝိုင်းအုံကြည့်နေကြသော လူအုပ်ကြားသို့ အတင်းတိုးဝှေ့ကာ ကြည့်မိ၏။

"ဘယ်မှာလဲ ... ဗိုလ်အောင်ဒင်ဆိုတာ မြင်လည်း မမြင်ရဘူး"

"ဟိုမှာ မတွေ့ဘူးလား။ အင်္ဂလိပ်စစ်သားနှစ်ယောက် ညှပ်ပြီး အလယ်မှာ ခေါင်းပေါင်းနဲ့ထိုင်နေတဲ့ ခပ်ချောချော၊ ခပ်ဖြောင့်ဖြောင့်လူဟာ ဗိုလ်အောင်ဒင်ဆိုတာပေါ့ဟဲ့"

"ဩော် ... အဲဒီလူဟာ ဗိုလ်အောင်ဒင်ဆိုတဲ့လူ ဟုတ်လား"

"အေး ... ဟုတ်တယ်"

"ဟဲ့ ... လူချောပဲနော်"

"သနားပါတယ်ဟယ်"





"အမျိုးဘာသာ သာသနာအတွက် ဆောင်ရွက်တဲ့လူ ဘုရားမ,စေတော်"

ပန်းလှ ရထားဘေး ရောက်လာ၏။

ထိုအခိုက် ...

"ကျွီ ..."

ဟူသော အသံတစ်ခုနှင့်အတူ ...

"တူ ... တူ ... တူ ..."

ဟူသော ရထားကြီးက ဥဩသံပေးလိုက်၏။ ဘီးပင်လိမ့်စပြုပေပြီ။

"ဟင် ... ရထားထွက်ပြီ"

"ကို ... ကို ... အောင်ဒင် ... ကိုအောင်ဒင် ..."

မိန်းမတစ်ယောက်၏ ခေါ်သံကြောင့် ကိုအောင်ဒင် ရထားတွဲဘေးသို့ ခေါင်းကို တစ်ချက်စောင်းငဲ့ကာ ကြည့်လိုက်၏။

"ဟင် ... သူ ... သူ ... ဘယ်သူလဲ ..."

"ဟင် ... ပန်း ... ပန်းလှ ..."

"ကို ... ကို ... ကိုအောင်ဒင် ... ကိုအောင်ဒင် ..."

ထိုအသံများကိုတော့ အရှိန်ရလာနေသော ရထားကြီးက ချက်ချင်း ဖုံးလွှမ်းပစ်လိုက်၏။ တရွေ့ရွေ့ ရထားကြီးက ထွက်ခွာသွားသည်၊ လက်ပြ၍ ပန်းလှ လက်ကလေးကို မြှောက်လိုက်၏။ သို့သော် ကိုအောင်ဒင် မြင်ခွင့်ရမသွား။

ပန်းလှပါးပြင်ပေါ်မှ မျက်ရည်စတွေက ပေါက်ခနဲလွင့်ကာ ကျသွား၏။

"ဩော် ... အစ်ကို ... အစ်ကိုအောင်ဒင်ရယ်၊ ကျွန်မတို့အဖြစ်က ဒီဘဝမှာ ဒီမျှသာပဲ ရေစက်ရှိခဲ့ကြတာလားနော်"

ချစ်သူနှစ်ဦးတို့၏ ချစ်ခြင်းတရားများကိုတော့ ကြမ်းကြုတ်ရက်စက်စွာ ကျယ်လောင်သော ခုတ်မောင်းသံကြီးနဲ့ ခွဲထားချန်ရစ်လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



လူများ တဖြည်းဖြည်း ရှင်းစပြုခဲ့၏။

ရထားကြီးဆုံးသည်အထိ ကြည့်နေခဲ့သော ပန်းလှတစ်ယောက် အကြည့်ကို ခွာလိုက်သည်။ သောကအထွေထွေသည် နေဆယ်စင်းသို့ ပူလောင်ပြင်းပြစွာ လောင်ကျွမ်းလျက်။

''အမျိုးဘာသာ သာသနာအတွက် တိုက်ပွဲဝင်ခဲ့တဲ့ အစ်ကိုတစ်ယောက် ဘဝဆက်တိုင်း ဒီလိုအဖြစ်ဆိုးဘဝတွေက ကင်းလွတ်စေနိုင်ပါစေ''

မင်းအောင်ကျော်

www.burmeseclassic.com